http://www.cherrythitsar.org



http://www.cherrythitsar.org

စာအုပ်အမှတ် ( ၁၇၅)

**Quality Publishing House**

**အမှတ် ၁၅၄၊ ၅(က) လွှာ၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း — ၃၀၆၇၀၇၊ ၃၂၀၀၆၃၊ ၂၈၂၆၀၇။**

http://www.cherrythitsar.org

## ဗိုလ်တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.cherrythitsar.org

## စာရေးဆရာတို့၏

# ပထမဆုံးလက်ရာမွန်များ

ရွှေဥဒေါင်း
ဒဂုန်ရွှေမျှား
ပီမိုးနင်း
လယ်တီပဏ္ဍိတဦးမောင်ကြီး
ဇေယျ
ဒဂုန်ခင်ခင်လေး

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် - ၄၉၈/၂၀၀၂ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၉၇/၂၀၀၂ (၁၀)

❖

ပုံနှိပ်ခြင်း

ပထမအကြိမ် - (၂၀၀၄၊ မတ်လ)

အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံး - ဇော်မောင်

အတွင်းပုံ - ခင်မြင့်အောင်

ကွန်ပျူတာစာစီ - **Quality**

အတွင်းဖလင် - **Quality**

❖

ပုံနှိပ်သူ

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)

အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

ထုတ်ဝေသူ

ဦးမြင့်ထွန်း (မြဲ) (၀၃၉၀၆)၊

၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၆၀၀ ကျပ်

http://www.cherrythitsar.org

# မာတိကာ


| | | | |
|---|---|---|---|
| | အမှာစာ | | က |
| ၁။ | ရွှေဥဒေါင်း | မောင်သိန်းတင် မသိန်းရှင် | ၁ |
| ၂။ | ဒဂုန်ရွှေမျှား | ချင်းမိုလ်မောင်တက်တူ | ၂၅ |
| ၃။ | ပီမိုးနင်း | ဆိုးပေ | ၃၅ |
| ၄။ | လယ်တီပဏ္ဍိတ ဦးမောင်ကြီး | အလင်းနှင့်အမှောင် | ၅၇ |
| ၅။ | ဇေယျ | မိုလ်ရန်အောင် | ၈၁ |
| ၆။ | ဒဂုန်ခင်ခင်လေး | နွဲ့နွဲ့ဝတ္ထု | ၁၀၇ |

http://www.cherrythitsar.org

# ထုတ်ဝေသူစကား

စာရေးဆရာတို့၏ ပထမဆုံးလက်ရာမွန်များ စာမူအား အမှန်တကယ် အားထုတ်သူမှာ ဆရာလေးကိုတင်သာ ဖြစ်ပါသည်။ ကျွန်တော့်မှာ လိုအပ်သည်များကို ကူညီ၍ စာအုပ်ဖြစ်အောင် စီစဉ်သူသာ ဖြစ်ပါသည်။ ကျွန်တော်တို့နှစ်ဦးလုံးမှာ သုတေသနပညာရှင်များ မဟုတ်ကြသော်လည်း မြန်မာစာပေအတွက် တနိုင်ပံ့ပိုးလိုစိတ်ဖြင့်သာ ဤစာအုပ်ကို စီစဉ်ကြခြင်း ဖြစ်ပါသည်။ ဆက်လက်၍လည်း အမှတ် ၂၊ ၃၊ ၄၊ ၅ စသည်ဖြင့် ထုတ်ဝေရန် ဆန္ဒရှိပါသည်။ သို့သော် ကျွန်တော်တို့စီစဉ်သောစာမူမှာ ဆရာတို့၏ ပထမဆုံးဝတ္ထုလက်ရာ ဟုတ်မဟုတ် အငြင်းပွားဖွယ်များလည်း ရှိလာနိုင်ပါသည်။ ဤသို့ရှိလာပါက သုတေသနအတွက် လိုလားအပ်သော အငြင်းပွားမှုများ ဖြစ်နိုင်ဖွယ်ရှိသဖြင့် ဝမ်းမြောက်စွာ ကြိုဆိုပါသည်။ ထို့အပြင် စာအုပ်ထုတ်ဝေသူတို့ထုံးစံအတိုင်း ကွယ်လွန်သော ဆရာတို့၏ မိသားစု အဆက်အနွယ်များထံ စာမူခွင့်ပြုချက်တောင်းရန်နှင့် စာမူခပေးရန်ရှာရသော ပြဿနာအပြင် အခြားသဘောမတူသော ပြဿနာများလည်း ရှိလာနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ စာရေးဆရာတို့၏ မိသားစုများ၊ စာပေပညာရှင်များ၊ စာဖတ်ပရိသတ်များအားလုံး ကျွန်တော်တို့အပေါ် စာပေစိတ်ဖြင့် နားလည်ခွင့်လွှတ်မည်ဟု ယူဆမိပါသဖြင့် ရဲရဲတင်းတင်း တင်ပြစီစဉ်ထားခြင်းဖြစ်ပါသည်။ အမှားအယွင်းရှိပါက အပြုသဘောဖြင့် ထောက်ပြပြင်ဆင်ပေးစေချင်ပါသည်။

ဤစာအုပ် စီစဉ်ဖြစ်မြောက်ရေးအတွက် ဆရာ လေးကိုတင်အားလည်းကောင်း၊ အမှာစာ ရေးသားချီးမြှင့်သော ဆရာဦးအေးချို (မဟာဝိဇ္ဇာ) အားလည်းကောင်း၊ မန္တလေးလူထုတိုက်မှ ဘိုဘိုလန်းစင်အား လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် အမျိုးသားစာကြည့်တိုက်မှ ဝန်ထမ်းများအားလည်းကောင်း၊ အတွင်းပုံများကို မေတ္တာဖြင့် ရေးဆွဲပေးသော ဆရာဦးခင်မြင့်အောင်အားလည်းကောင်း၊ ကူညီကြသော စာပေမိတ်ဆွေများအားလည်းကောင်း Quality Publishing House စာအုပ်တိုက်မှ အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ကိုမြင့်ထွန်း**

# ဩရသာဝတ္ထုတိုများ

ကျွန်တော်တို့ ဝိဇ္ဇာဘွဲ့ယူရန် နောက်ဆုံးနှစ်သင်တန်းတက်နေစဉ်က ဘွဲ့ယူစာတမ်း တစ်စောင်ရေးရသည်။ စာတမ်းခေါင်းစဉ်ကို တညီတည်း ဌာနက ချပေးသည်။ စာတမ်းအမည်မှာ 'နှစ်ဆယ်ရာစုသက်ရှိထင်ရှား စာဆို၏ ဘဝနှင့်စာပေ' ဖြစ်သည်။ ထိုခေါင်းစဉ်အောက်တွင် မိမိနှစ်သက်ရာ စာဆိုတစ်ဦး၏အမည်ကို ရွေးချယ်ပြီး၊ သူ၏ဘဝနှင့်စာပေကို လေ့လာတင်ပြရသည့် စာတမ်းဖြစ်သည်။ စာတမ်းခေါင်း စဉ်ပေးသည့်နေ့က လုပ်သားများကောလိပ် မြန်မာစာဌာနမှူးဆရာဦးတင်မြင့်က စာတမ်း၏ရည်ရွယ်ချက်နှင့်ပြုစုရမည့် အကြောင်းအရာကို ရှင်းပြသည်။ သက်ရှိထင်ရှား စာရေးဆရာတစ်ဦး၏ ဘဝနှင့်စာပေကို လေ့လာတင်ပြခိုင်းရခြင်းသည် အကြောင်းအရာများ တိကျမှန်ကန်စေလိုသောကြောင့် ဖြစ်သည်။ စာရေးဆရာ၏ဘဝဖြစ်စဉ်ကို စာတမ်းပြုစုချိန်အထိ တိတိကျကျမှန်မှန်ကန်ကန် ဖြစ်စေချင်သည်။ မွေးနေ့မွေးရက်ကို တိတိကျကျပါစေချင်သည်။ သူ၏စာပေများကို လေ့လာရာတွင်လည်း သူ၏ ကလောင်စတင်ထူထောင်ခဲ့ပုံမှ အဆင့်ဆင့်တိုးတက်လာပုံတို့ကို ပေါ်လွင်စေချင်သည်။ အချို့စာရေးဆရာများသည် စာများ အများကြီးရေးခဲ့သဖြင့် စာတမ်းပြုစုရမည့် အချိန်ကိုလိုက်၍ ပြည့်ပြည့်စုံစုံပါဝင်နိုင်မည် မဟုတ်သည်ကို သိသည်။ သို့သော် မိမိတင်ပြသည့် စာများနှင့် ပတ်သက်၍မူ အချက်အလက် မှန်ကန်စေချင်သည်။ အချက်အလက်မှန်စေချင်၍လည်း သက်ရှိထင်ရှား စာရေးဆရာကို ရွေးပေးခြင်းဖြစ်သည်ဟု ဆရာက ပြောသည်။

ကျွန်တော်တို့သည် မိမိတို့နှစ်သက်ရာစာရေးဆရာ၏ အမည်စာရင်းကို ဌာနသို့ပေးပြီးနောက် မိမိတို့ပြုစုမည့် စာရေးဆရာများထံ ချဉ်းကပ်ရသည်။

ဘဝအတ္ထုပ္ပတ္တိနှင့် ပတ်သက်၍မူ မေးမြန်းရေးသားရသဖြင့် ပြဿနာသိပ်မရှိလှ။ သို့သော် အချို့သော ဆရာများ၌ အခက်အခဲတွေ့ရသေးသည်။ ဆရာတစ်ဦး မွေးသည့် ရက်လခုနှစ်တို့သည် တစ်ခုနှင့်တစ်ခုမတူညီဘဲ ကွဲပြားစွာ ရေးသား ထားသော စာပေမှတ်တမ်းများတွေ့သည့်အခါ ကာယကံရှင်ဆရာများ ထံ မေးမြန်းပြီး အမှန်ကို မှတ်သားရသည်။

ကာယကံရှင်ဆရာများထံ၌ မွေးသက္ကရာဇ် ခုနှစ်လရက်တို့ကို မေး မြန်းသည်ဆိုသော်လည်း ဆရာဉာဏတို့ကဲ့သို့ ဆရာများနှင့်တွေ့သော် ခက်ခဲ့ရ ပြန်သေးသည်။ ဆရာဉာဏက သူ၏ ပင်ကိုယ်ရေးအတ္ထုပ္ပတ္တိ၌ သူ့မွေး သက္ကရာဇ်ကို ဤသို့ရေးသားဖူးသောကြောင့်ဖြစ်သည်။

> "တစ်ခုသော နတ်တော်လကွယ် တနင်္ဂနွေ နံနက် (၁၀)နာရီ ၃၈ မိနစ် စက္ကန့် ၄၀ တွင် ကျွန်ုပ်ကို မွေးဖွားသည်။ (ဝါ) လူ့လောက သို့ ရောက်လာသည်ဟု တိတိကျကျ မှတ်သားထားသော 'အဖေ'ကို ချီးကျူးရပေမည်"

ထိုထက် ပို၍ခက်သည်မှာ စာရေးဆရာ၏ ပထမဆုံးစာပေလက်ရာ ဖြစ်သည်။ အချို့ဆရာများက ကဗျာနှင့်စသလား၊ စာညွှန့်နှင့်စသလား၊ ဝတ္ထု နှင့်စသလား တိတိကျကျမှတ်မိသည်။ သို့သော်မည်သည့်စာစောင်၊ မဂ္ဂဇင်း၌ ပါသည်ဟူ၍ မသိတော့။ အချို့ဆရာများက စာပေလက်ရာရော ပါဝင်သည့် မဂ္ဂဇင်းပါမှတ်မိသည်။ သို့သော် သူ့၌ထိုမဂ္ဂဇင်းမရှိ။

ဤသို့သော အခက်အခဲများနှင့် ကျွန်တော်တို့ ဘွဲ့ယူစာတမ်းပြုစုခဲ့ ရသည်။ ဘွဲ့ယူစာတမ်းရေးကြရင်း တစ်ယောက်အခက်အခဲ တစ်ယောက် ပြဿနာကို ရင်ဖွင့်နှီးနှောကြရင်း ကူညီကြရင်း၊ ရေးသားကြရင်းက ကြုံခဲ့ ကြားခဲ့သိခဲ့ရသော အခက်အခဲများဖြစ်သည်။

စာရေးဆရာတစ်ဦး၏ ပထမဆုံးစာပေလက်ရာသည် ထိုစာရေး ဆရာ၏ စာပေတိုးတက်မှုဖြစ်စဉ်ကိုသုတေသနပြုလေ့လာရာ၌အရေးပါ ကြောင်း ထိုစဉ်ကပင် သိရှိခဲ့ရသည်။ ဆရာသိန်းဖေမြင့်က သူ၏ စာပေါင်းစု (စာပေဝေဖန်ရေး) စာအုပ်နိဒါန်းတွင် ဤသို့ရေးဖူးသည်။

> စာရေးဆရာတစ်ဦးတည်း၏ စကားပြေကိုလည်း နှိုင်းယှဉ်လေ့လာ သင့်သည်။ ကျွန်တော်၏စကားပြေသည်ပင် ပြောင်းလဲနေသည်။ ၁၉၃၆ ခုနှစ်က ကျွန်တော်ရေးခဲ့သော စကားပြေနှင့်ပင် ခုကျွန်တော် ရေးနေသော စကားပြေမတူလှပါ။ ကျွန်တော့စကားပြေရေးခြင်း

အတတ်ကို အရေးတကြီးဆည်းပူးနေရသော ကျောင်းသူကျောင်း
သားများသည် အကျိုးထူးခံစားရလိမ့်မည်ဟု ကျွန်တော်ထင်သည်။

* * *

လေးကိုတင်နှင့် ကိုမြင့်ထွန်း(Quaility Publishing House) တို့သည် စာအုပ်ထုတ်ဝေရန် စီစဉ်ရာ၌ အလွန်ဝီရိယရှိကြသည်။ ပုံနှိပ်ထုတ်ဝေပြီး စာအုပ်များအနက် ကောင်းနိုးရာရာများကို ပြန်လည်ပုံနှိပ်သကဲ့သို့ မဂ္ဂဇင်းများ၌မြုပ်နေသော စာမူများကို ပြန်လည်ရှာဖွေပုံနှိပ်ခြင်းလည်း ရှိသည်။ ဥပမာအားဖြင့် ဒဂုန်ရွှေမျှား၏ 'မနှင်းဆီနှင့်ထူးဆန်းသော အချစ်ဝတ္ထုများ' 'ဝိညာဉ်လောကဝတ္ထုတိုများ' စသည်တို့ဖြစ်သည်။ ထို့ပြင် ဒဂုန်ရွှေမျှား၏ 'စောရသက်ပြင်းနှင့် အခြားဝတ္ထုတိုများ' ကိုပြန်လည်ထုတ်ဝေလိုက်ခြင်းအားဖြင့် စောရသက်ပြင်း ဝတ္ထုများကိစ္စကို ရှင်းလင်းစွာ သိခွင့်ရခြင်းသည်လည်း သူတို့၏ ဝီရိယပင်ဖြစ်သည်။

ယခုလည်း ပထမလက်ရာမွန် မြန်မာဝတ္ထုတိုများကို စုစည်းထုတ်ဝေလိုက်ကြပြန်သည်။ ဤစာအုပ်သည် စာအုပ်ထုတ်ဝေချင်သော စေတနာတစ်ခုတည်းဖြင့် ထုတ်ဝေ၍မရ။ သုတေသနလုပ်ငန်းများ များစွာပါရသည်။ အကူအညီများ များစွာရယူရသည်။ ထိုဝတ္ထုတိုများပါဝင်သည့် မဂ္ဂဇင်းစာစောင်များသည် အလွန်ရှားပါးနေပြီဖြစ်၍ ယင်းမဂ္ဂဇင်းရှိနိုင်မည် ရနိုင်မည်ဟု သတင်းကြားရာ ဒေသကို အပင်ပန်းခံ၍ သွားကြရမည်။ အပုဒ်ပေါင်းများစွာ အတွက်နေရာပေါင်းများစွာသို့ သွားရမည်ဟု ခန့်မှန်းကြည့်မိသည်။ ရင်မောစရာကောင်းလိုက်လေစွ။

ယခုစာအုပ်ထုတ်ဝေရန် စီစဉ်ချိန်၊ စတင်စုစည်းနေချိန်က 'စာရေးဆရာတို့၏ပထမဆုံးလက်ရာမွန်များ' ကိုထုတ်ဝေရန် စီစဉ်စုဆောင်းနေသည်ဟု ဆိုသည်။ စာရေးဆရာတို့ စာပေနယ်တွင် ပထမဆုံး ကလောင်ချခဲ့သော လက်ရာများဟု နားလည်ထားသည်။ ယခုစာမူများကို တွေ့ရသောအခါ ထိုစာရေးဆရာတို့ ပထမဆုံးရေးသော စာပေလက်ရာမဟုတ်ဘဲ ပထမဆုံးရေးသော ဝတ္ထုလက်ရာများဖြစ်နေသည်ကို တွေ့ရသည်။ ဒါလည်း တစ်ခုတော့ကောင်းသည်။ ထိုဆရာများ၏ ပထမဆုံးဝတ္ထုတို လက်ရာကို လေ့လာနိုင်ခွင့်ရခြင်းပင်ဖြစ်သည်။

သူတို့ထုတ်ဝေမည့် အစီအစဉ်တွင် ဆရာသိန်းဖေမြင့်၏ 'ခင်မျိုးချစ်' ကိုပါ ထည့်သွင်းထားသည်။ ဆရာသိန်းဖေမြင့်က 'ကျွန်တော်၏အချစ်ဦး' တွင်လည်း ခင်မျိုးချစ်ကို ထည့်သွင်းဖော်ပြထားသည်။ ဆရာသိန်းဖေမြင့်က သူ့ကိုယ်သူဝတ္ထုရေး ဆရာအဖြစ်သာ ခံယူပြီး ဝတ္ထုမရေးနိုင်သေးသမျှ သူ့ကိုယ်သူ စာရေးဆရာ ဖြစ်ပြီဟု မခံယူ။ ထို့ကြောင့် 'ခင်မျိုးချစ်' ဝတ္ထုပုံနှိပ်စာလုံးဖြင့် စာစောင်ထဲ၌ ပါဝင်လာသည့်အခါမှ သူ့ကိုယ်သူလည်း စာရေးဆရာဖြစ်ပြီဟု ခံယူသည်။ ထို့ကြောင့် ခင်မျိုးချစ်ကို သူ၏ပထမဆုံးဝတ္ထုတိုလက်ရာဖြစ်သောကြောင့် သူ၏အချစ်ဦးဟု ကင်ပွန်းတပ်ခြင်းဖြစ်သည်။ အမှန်အားဖြင့် ဆရာသိန်းဖေမြင့်၏ ပုံနှိပ်စာလုံးဖြင့် ပထမဆုံးဖော်ပြခံရသည့် စာပေလက် ရာမှာ 'မန္တလေး အင်တာမီဒီယိတ်ခေါ် ဥပစာကျောင်း၌ အပိုမြန်မာစာသင်ကြား ပို့ချခြင်း' ဆောင်းပါးဖြစ်ပြီး ၂. ၁. ၁၉၃၃ နေ့ထုတ် သူရိယသတင်းစာတွင် ပါဝင်ခဲ့သည်။ ထိုဆောင်းပါးပါပြီးနောက် ဆောင်းပါးများ အဆက်မပြတ် ရေးသည်။ သူ၏ 'ခင်မျိုးချစ်' မှာ ၁၉၃၃ ခု စက်တင်ဘာလထုတ် ဒဂုန်မဂ္ဂဇင်း တွင်မှ ပါဝင်ခဲ့ခြင်းဖြစ်သည်။

ဆရာဇေယျ၏ ပထမဆုံးဝတ္ထုအဖြစ် ယခုစာအုပ်၌ 'ဗိုလ်ရန်အောင်' ဝတ္ထုကိုထည့်သွင်းထားသည်။ ဆရာဇေယျ၏ ပထမဆုံးဝတ္ထုမှာ သူရိယမဂ္ဂဇင်း၏ ဝတ္ထုတိုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်၍ ပုံနှိပ်ဖော်ပြခံရသော 'ဝတစ်လုံး' ဝတ္ထုဖြစ်သည် ဟုသိရသည်။ ဗိုလ်ရန်အောင်သည် ဒဂုန်မဂ္ဂဇင်းတွင် ဖော်ပြခံရသော ဝတ္ထုတိုဖြစ်သည်။ ထိုဝတ္ထုသည် ဆရာကြီးကို 'ဇေယျ' ဖြစ်လာစေသည့် ဝတ္ထုဖြစ်သည်။

မြန်မာဝတ္ထုတိုသမိုင်းကို ပြောကြရေးကြရာ၌ သူရိယမဂ္ဂဇင်းအမှတ် (၂) (၁၉၁၇ ခုနှစ်) တွင် ဆရာကြီးရွှေဥဒေါင်းရေးသော 'ကြိုးကြာကန်ရှာလူသတ်မှု၌ မောင်စံရှားစုံထောက်ပုံ' ဝတ္ထုဟု ဝတ္ထုတိုစာပေစာတမ်းဖတ်ပွဲ၌ ဆရာဦးကြီးမောင် (ငွေဥဒေါင်း) ၏စာတမ်းကို မှီး၍လည်း ရေးကြပြောကြသည်။ ထိုစာတမ်းဖတ်ပွဲ၌ပင် ဆရာမင်းကျော်က ဝတ္ထုတိုအတတ်ပညာစာတမ်းတွင် ၁၉၁၇ ခုနှစ် မတ်လထုတ် သူရိယမဂ္ဂဇင်းပါ 'မောင်သိန်းတင်မသိန်းရှင်ဝတ္ထု' ရေးသူအမည် ဖော်ထားခြင်းမရှိဟုဆိုသည်။ ဆရာကြီးရွှေဥဒေါင်းက သူ၏ 'တစ်သက်တာမှတ်တမ်းနှင့်အတွေးအခေါ်များ' ပထမတွဲတွင်

> "၁၉၁၇ ခုနှစ် မတ်လထုတ် ပထမဦးဆုံး သူရိယမဂ္ဂဇင်းတွင် ကျွန်ုပ်၏ 'မောင်သိန်းတင်မသိန်းရှင်' ဝတ္ထုတိုတစ်ပုဒ်ထည့်သွင်းပြီးနောက်

တိုက်အုပ်ဦးလှဖေက ရှားလော့ဟုမ်း (Sherlock Holmes) ၏ စုံထောက်ဝတ္ထုများကို မှီးပြီး မြန်မာဝတ္ထုရေးရန် အကြံပေးသည့် အလျောက် ဧပြီလထုတ်သူရိယ မဂ္ဂဇင်းတွင် 'စုံထောက်မောင်စံရှား' ဝတ္ထုရှေးဦးစွာထွက်ပေါ်လာသည်"

ဟူ၍ရေးသားထားရာ ပထမမြန်မာဝတ္ထုတိုနှင့် စုံထောက်မောင်စံရှား ဝတ္ထုများ၏ ပြဿနာပြေလည်သွားပြီဟု ဆိုနိုင်သည်။ ယခု လေးကိုတင်နှင့် ကိုမြင့်ထွန်းတို့စီစဉ်သော စာအုပ်တွင်လည်း ထိုပြဿနာကို ရှင်းလင်းစွာ လေ့လာခွင့်ရနိုင်သည့်အပြင် မောင်သိန်းတင်နှင့် မသိန်းရှင်ဝတ္ထုမူရင်းကိုပါ ဖတ်ခွင့်ရသည်။ ထိုအချက်တစ်ရပ်တည်းနှင့်ပင် မြန်မာဝတ္ထုတိုသမိုင်းကို ပြောရာ၌ သူတို့စီစဉ်သည့် စာအုပ်သည် များစွာအားကိုးရမည့် သမိုင်းတန်ဖိုးဝင် စာအုပ်ဖြစ်ပေသည်။

* * *

မိဘနှစ်ပါးမှ မွေးဖွားလာသော သားသမီးများအနက် ဦးစွာမွေးဖွားသော သားသမီးကို ဩရသသားသမီးဟူ၍ လွန်စွာအရေးပေးသည်။ သားဦး အရူးဟူသော စကားအတိုင်း သားဦးဖြစ်၍ အရူးအမူးချစ်ကြသည်။ ဓလေ့ထုံးတမ်း ဥပဒေဓမ္မသတ်များကလည်း နေရာပေးထားသည်။ အဖကွယ်လွန်သည့်အခါ ဩရသသားအရာရသော သားသည် ကျန်ရစ်သူမိခင်ထံမှ ဩရသ အမွေ ဝေစုတောင်းခွင့်ရှိသည်။ ထိုနည်းတူ မိခင်ကွယ်လွန်သည့်အခါ ဩရသ သမီးအရာရသော သမီးသည် ကျန်ရစ်သူဖခင်ထံမှ အမွေဝေစုတောင်းခွင့်ရှိသည်။ အခြားသားသမီးများမှာမူ မိခင်ဖခင်တစ်ဦးဦး ကွယ်လွန်သည့်အခါ ကျန်ရစ်သော မိခင်ဖခင်ထံမှ အမွေဝေစုတောင်းခံ ပိုင်ခွင့်မရှိချေ။

စာရေးဆရာများ၊ စာဆိုများသည်လည်း မိမိတို့၏ပထမဆုံး စာပေလက်ရာကို အလွန်မြတ်နိုးကြကြောင်း သိရသည်။ ဆရာသော်တာဆွေဆိုလျှင် သူ၏ 'ဘရန်ဒီတစ်ပုလင်း' အကြောင်းကို မကြာမကြာ ထည့်ရေးသည်ကို သူ့စာများ၌ ဖတ်ရသည်။ စာရေးဆရာများ၊ စာဆိုများ၏ ပထမဆုံး စာပေလက်ရာများ၌ ပြောစရာတစ်ခုတော့ရှိသည်။

ဦးယာက သူ၏အဲချင်းတစ်ပုဒ်တွင်

"မောင်လည်း ဖုံသည်၊ ဖုံသင်စမို့လက်မလည်
မယ်လည်း အဲသည်၊ အဲသင်စမို့ နှုတ်မလည်"

ဟုပါသည်။ ထိုကဲ့သို့ပင် စာရေးဆရာများ၏ ပထမဆုံးလက်ရာ

များတွင် လက်မလည်မှု၊ နှုတ်မလည်မှုများပါသည်ကို တွေ့ရသည်။ ဤသည်မှာလည်း သဘာဝကျသည်။ ပထမဦးဆုံးလက်ရာများဖြစ်၍ အားနည်းချက်များရှိခြင်းဖြစ်ပေသည်။

လက်မလည်မှု၊ နှုတ်မလည်မှုရှိသည်များကို အသာထား၊ မြန်မာဝတ္ထုတို ဖြစ်ပေါ်တိုးတက်လာမှုကို လေ့လာရာ၌ များစွာအသုံးဝင်သော စာအုပ်ဖြစ်သည်။ ထိုနည်းတူ စာရေးဆရာတစ်ဦး၊ စာဆိုတစ်ဦး၏ ပထမဆုံး ဝတ္ထုတိုကို ဖတ်ခွင့်ရသဖြင့် ထိုဆရာများ၏ ဝတ္ထုတိုရေးနည်း အတတ်ပညာကို လေ့လာအကဲခတ်ခွင့်ရသည်။ ယခုစာအုပ်တွင် ပါဝင်သော ပထမဆုံးဝတ္ထုတိုများအနက် မည်သည့်ဆရာ၏ ပထမဆုံးဝတ္ထုတိုသည် ထိုဝတ္ထုတိုမဟုတ်ပါ၊ မည်သည့်ဝတ္ထုတို ဖြစ်ပါသည်ဟူသော ဖော်ထုတ်ချက်များ ရှိချင်ရှိလာနိုင် သည်။ သုတေသနတို့မည်သည် ပြီးပြည့်စုံသည်ဟူ၍မရှိ။ အသစ်အသစ်ရှာဖွေ နိုင်လေ တွေ့ရှိလေဖြစ်ရာထိုသို့ ရှာဖွေတင်ပြလာမှုများ ရှိလျှင်လည်း ပြင်ဆင်မှတ်သားရမည်ပင်။ သို့သော် အသေအချာပြောနိုင်သော အချက်တစ်ချက်တော့ရှိသည်။ ဖော်ပြငြင်းဆိုလိုက်သော ဝတ္ထုတိုသည် ထိုဆရာ၏ ပထမဆုံးဝတ္ထုတို မဟုတ်စေကာမူ ထိုဆရာ၏ ရှေးဦးဝတ္ထုတိုများတွင် ပါဝင်သည့် ရှေးဦးလက်ရာဆိုသော အချက်ဖြစ်သည်။

ဝတ္ထုတိုရေးနည်းကို လေ့လာခွင့်ရသည်ဟု ဆိုထားသဖြင့် အလွယ်တကူပြနိုင်သော အချက်တစ်ရပ်ကို ဖော်ပြလိုပါသည်။ ဆရာကြီး လယ်တီပဏ္ဍိတဦးမောင်ကြီး၏ 'အလင်းနှင့်အမှောင်' ဝတ္ထုကိုကြည့်ပါ။ နိဂုံးတွင် ပါဠိဇာတ်နိပါတ်တော်မှ ဂါထာတစ်ပိုဒ်ကို ဥပဒေသဟု ကိုးကား၍ နိဿယပြန်ထားသည်။ ဤသည်မှာ ဇာတကဝတ္ထုများ၏ နိဂုံးများ၌ ဂါထာပါတတ်သည့် ရေးဖွဲ့ပုံ ရေးဖွဲ့နည်းမျိုးဖြစ်သည်။ ၁၉၁၁ ခုနှစ် အောက်တိုဘာလထုတ် ပညာအလင်းမဂ္ဂဇင်း၊ ဒုတိယတွဲ၊ အမှတ် (၁၀) တွင် ပါသည့် "ရေလယ်နှင့် ဆိပ်ကမ်း" ဝတ္ထုတွင်မူ ထိုသို့ဥပဒေသမပါတော့ပေ။ စက်တင်ဘာလထုတ် ပညာအလင်းမဂ္ဂဇင်း အမှတ်(၉)ပါ 'အမျိုးနှင့်မေတ္တာ' ဝတ္ထုအထိ ဥပဒေသပါဝင်နေသေးသည်။ ဆရာတစ်ဦးချင်း၏ သြရသဝတ္ထုတိုများကို အသေးစိတ်လေ့လာ၍ မြန်မာဝတ္ထုတိုသမိုင်းကို ပုံဖော်ကြည့်ရအောင်ဟု အဖော်ညှိလိုပါသည်။

**ဦးအေးချို (မဟာဝိဇ္ဇာ)**
**၅–၆–၂၀၀၂**

http://www.cherrythitsar.org



## ရွှေဥဒေါင်း (၁၈၈၉–၁၉၇၃)

ရွှေဥဒေါင်း အမည်ရင်းသည် ဦးဖေသိန်းဖြစ်၍ ၁၈၈၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့၌ မန္တလေးမြို့ ဝါးတန်းဈေးချိုင့်အရပ်၌ မွေးဖွားခဲ့ပါသည်။ အဖ ဦးဇရာသည် လွှတ်ရုံးစာရေးဖြစ်၍၊ အမိ ဒေါ်ရွှေသည် စာတော်ဖက်ဖြစ်သည်။ (၄) နှစ်သားအရွယ်တွင် သီလရှင်ကျောင်း၌ စတင်သင်ကြားပေးပြီး (၇) နှစ်သားအရွယ်တွင် မန္တလေးမြို့၊ ‘ဘိတ်’ ကျောင်း၊ ထို့နောက် အေဘီအမ် ကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် ကာလကတ္တား တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ခဲ့သည်။ ဗုဒ္ဓဘာသာကျောင်းနှင့် အေဘီအမ် ကျောင်းတို့၌ ကျောင်းဆရာဝင်လုပ်ခဲ့သည်။ ရွှေဘိုအရေးပိုင်ရုံး၌ အကူစာရေး အလုပ်လည်း ဝင်ရောက်လုပ်ခဲ့သည်။ နောင် အလုပ်အမျိုးမျိုးဝင်လုပ်ရင်း ပြည်တွင်းအနှံ့ သွားလာခဲ့ရပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေနေသော စာအုပ်အမျိုးမျိုးကို ဖတ်ရှုခဲ့ရပါသည်။ ၁၉၁၅ ခုနှစ်တွင် မိဘများနှင့်အတူ ဝက်လက်မြို့တွင် ပြန်နေရင်း၊ နိုဝင်ဘာလ (၈) ရက်နေ့မှစ၍ ရန်ကြီးအောင် ဝတ္ထုရှည်ကို ပထမဆုံး စမ်းသပ်ရေးသားခဲ့သည်။ ၁၉၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရေးသားပြီးစီးခဲ့ရာ၊ ရန်ကုန်သူရိယ သတင်းစာတိုက်မှ ကျပ်ငွေ

http://www.cherrythitsar.org



(၁၀၀) ဖြင့် ဝယ်ယူလိုက်ပါသည်။ ရွှေဥဒေါင်း၏ ပထမဆုံး ပင်ကိုယ်ရေး လုံးချင်းဝတ္ထုလက်ရာပင်။

ထို့နောက် ရွှေဥဒေါင်းသည် ရန်ကုန်ဆင်းပြီး သူရိယအကြီးအကဲ တစ်ဦးဖြစ်သော ဦးဘဖေ (ဘကြီးဘဖေ) နှင့်လည်းကောင်း၊ အယ်ဒီတာ ဦးလွန်း (မစ္စတာမောင်မှိုင်း) နှင့်လည်းကောင်း၊ စာရေးဆရာပီမိုးနင်းနှင့် လည်း ကောင်း တွေ့ဆုံခဲ့သည်။ ၁၉၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ ရက်နေ့တွင် သူရိယ သတင်းစာတိုက် အယ်ဒီတာအဖြစ် စတင်လုပ်ကိုင်ခဲ့ရသည်။ ထိုစဉ်က အသက် (၃၀) အရွယ်မျှ ရှိပါသည်။ ၁၉၁၇ ခုနှစ် မတ်လတွင် သူရိယမဂ္ဂဇင်း စတင် ထုတ်ဝေလာရာ မဂ္ဂဇင်းတွင် အနောက်တိုင်းမဂ္ဂဇင်း ပုံစံအတိုင်း၊ တစ်ထိုင် တည်းဖြင့် အစအဆုံးဖတ်နိုင်သော ဝတ္ထုတို နှစ်ပုဒ်ကျ ထည့်သွင်းရန် စီစဉ်ကြ သည်။ တစ်ပိုဒ်ကို ပြင်ပမှ ဖိတ်ခေါ်ထည့်သွင်းရန်၊ ကျန်တစ်ပုဒ်အား အယ်ဒီ တာကိုယ်တိုင် ရေးသားရန် ဖြစ်ပါသည်။

'သူရိယမဂ္ဂဇင်းတွင် လစဉ်ထည့်သွင်းပုံနှိပ်ရန် ဝတ္ထုများ အလိုရှိ သဖြင့် ဝတ္ထုရေးသားပေးပို့သူတို့သည် ဖူးစကတ်ခေါ် စက္ကူနှင့် ၁၆ မျက်နှာ ရှိ ဝတ္ထုကို အင်္ဂလိပ်လဆန်း (၁၅) ရက် မတိုင်မီ၊ တိုက်သို့အရောက် ပေးပို့ နိုင်ကြောင်း။ ဝတ္ထုမှာ ဆက်ရန်ရှိသေးသည့် ဝတ္ထုမျိုး မဟုတ်စေရ၊ တစ်ကြိမ် တည်းတွင် စလယ်ဆုံး စုံလင်အောင် ပါစေရမည်။'

သို့ရာတွင် မဂ္ဂဇင်းအမှတ် (၁) တွင် ထည့်သွင်းဖော်ပြရန် ပြင်ပမှ ဖိတ်ခေါ်သော ဝတ္ထုရောက်မလာသဖြင့် အယ်ဒီတာကိုယ်တိုင်ပင် ဝတ္ထုတစ်ပုဒ် ရေးရတော့သည်။ ရေးသူအမည်မပါ အယ်ဒီတာ ဦးဖေသိန်း၏ ပင်ကိုယ်ရေး ဝတ္ထုတစ်ပုဒ်ကို ထည့်သွင်းဖော်ပြရခြင်း ဖြစ်သည်။ 'မောင်သိန်းတင် မသိန်းရှင်' ဝတ္ထု ဖြစ်ပါသည်။ (၁၉၁၇ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ၊ ယင်းဝတ္ထုကို မည်သူ ရေးသားကြောင်း စာတမ်းများတင်၍ အတိအကျ အမည်ဖော်မပြဘဲ၊ အရိပ် အမြွက်ခန့်မှန်းမျှသာ ရေးသားခဲ့ကြရသည်။ နောက် ၂၀၀၀ ခုနှစ်၊ မတ်လ ထုတ် နဝဒေးမဂ္ဂဇင်းတွင် ဆရာကြီး ရွှေဥဒေါင်း၏ 'တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' အမည်ရှိ စာအုပ် (၁၉၆၁ ခုနှစ်၊ စာပေဗိမာန်၊ သုတပဒေသာ ဆုရ) တွင် ပါသော ဆရာကြီး၏ ပြောကြားချက်အရ၊ ရေးသူအမည်ကို တိကျ စွာ စတင်ဖော်ပြခဲ့ပါသည်။)

စင်စစ် ရွှေဥဒေါင်းသည် သူရိယမဂ္ဂဇင်း၊ အတွဲ (၁) အမှတ် (၂)၊ ၁၉၁၇ ခုနှစ်၊ ဧပြီလထုတ်မှာပင် 'စုံထောက်မောင်စံရှား – ကြိုးကြာကန်

http://www.cherrythitsar.org



လူသတ်မှု' အမည်ရှိသော ဝတ္ထုဖြင့် (ရေးသူအမည်မပါ) အနောက်တိုင်းထုတ် 'စထရင်းမဂ္ဂဇင်း' (STRAND MAGAZINE) တွင် ၁၈၈၇ ခုနှစ်၌ လစဉ်ပါနေကျ ရှားလော့ဟုမ်းဝတ္ထုတိုများ အတွဲများထဲမှ . . . ဝတ္ထုတိုအား မှီး၍မြန်မာမှုပြုထားခြင်းဖြစ်ပါသည်။ မူရင်းဝတ္ထုရေးသူမှာ 'ဆာအာသာကိုနင်ဒွိုင်း' (SIR ARTHUR CONAN DOYLE) ဖြစ်သည်။ ရှားလော့ဟုမ်းဝတ္ထုတို 'ခရမ်းပြာကိုလေ့လာခြင်း' (A Study In Scrcet) ဖြင့် ၁၈၈၇ ခုနှစ်တွင် စတင်ရေးသားခဲ့သော ကမ္ဘာကျော် စုံထောက်စာရေးဆရာကြီးဖြစ်သည်။

နောက် သူရိယမဂ္ဂဇင်း၌ပင် စုံထောက်မောင်စံရှားဝတ္ထု အတွဲများ ဆက်တိုက်ရေးသားလာရာ၊ မြန်မာစာဖတ်ပရိသတ်နှင့် ရင်းနှီးကျွမ်းဝင်လာပါတော့သည်။ 'ရွှေဥဒေါင်း' ကလောင်အမည်အား၊ 'ရူပနန္ဒီ' ဝတ္ထုမှစ၍ အသုံးပြုခဲ့သည်။ ယင်းဝတ္ထုသည်လည်း 'ဆာရိုက်ဒါဟက်ဂတ်' (SIR RIDER HAGGARD) ၏ 'ရှီ' (SHE) ဝတ္ထုလုံးချင်း ဖြစ်ပါသည်။ နောင် ရွှေဥဒေါင်းသည် ဝတ္ထုတို၊ ဝတ္ထုရှည် (ဘာသာပြန်ဝတ္ထုရှည်များအပါအဝင်) နှင့် ဘာသာရေး၊ ပညာပေးဆောင်းပါး အထွေထွေများစွာကို ရေးသားပြုစုလာပါတော့သည်။ [၁၉၅၂ ခုနှစ်၊ စာပေဗိမာန်ဆု (ဘာသာပြန်ဆု) ကို ချားလ်ဒစ်ကင် (Charles Dicken) ၏ 'မြော်တလင့်လင့်' (Great Expectation) ဝတ္ထုလုံးချင်းစာအုပ်ဖြင့်လည်းကောင်း၊ ၁၉၅၅ ခုနှစ်၊ စာပေဗိမာန်ဆု (ဘာသာပြန်ဆု) ကို အပ္ပတန်ဆင်ကလဲယားလူးဝစ် (Upton Sinclair Lous) ၏ 'သွေးစုပ်မြေ' (The Jangle) ဝတ္ထုလုံးချင်းစာအုပ်ဖြင့်လည်းကောင်း ] နောက်ဆုံး ၁၉၆၁ ခုနှစ်၊ စာပေဗိမာန်ဆု (သုတပဒေသာဆု) ကို 'တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' စာအုပ်ဖြင့်လည်းကောင်း၊ သုံးကြိမ်သုံးခါ ရရှိခဲ့ပါလေ သည်။

ဆရာကြီးသည် သူရိယမဂ္ဂဇင်းအယ်ဒီတာအပြင်၊ မြန်မာ့ဗျူဟာဂျာနယ်တွဲဖက် ထုတ်ဝေသူ၊ နယူးဘားမားသတင်းစာတိုက်၊ အတွင်းရေးမှူး၊ ပဲခူးမြို့ ခရစ်ယာန်စာပေအသင်း၊ ဘာသာပြန်ဆရာ (ဟန်မောင်ဝတ္ထု၊ ခရစ်တော်အတု၊ ယဉ်ကျေးခြင်း၏ မှတ်တိုင်များ . . . စသဖြင့်) စာအုပ်များ ပြန်ဆိုရေးသားခဲ့ပါသည်။ နောက် လူထုသတင်းစာ အယ်ဒီတာချုပ်၊ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ရင်း ကမ္ဘာငြိမ်းချမ်းရေး ကွန်ကရက် (မြန်မာနိုင်ငံ) ကိုယ်စားလှယ်အဖြစ် တရုတ်၊ ဆိုဗီယက်၊ ရုရှားနိုင်ငံများသို့ သွားရောက်ခဲ့လေသည်။

http://www.cherrythitsar.org



ဆရာကြီး ထင်ရှားသော စာပေလက်ရာများမှာ ရန်ကြီးအောင် (၁၉၁၇)၊ ရတနာပုံ (၁၉၁၆–၁၇)၊ ရူပနန္ဒီ (၁၉၁၇)၊ ဝဏ်ဏ္ဏ (၁၉၁၈)၊ စုံထောက်မောင်စံရှား ဝတ္ထုများ၊ (၁၉၁၇–)၊ ခင်ဆက်မေ (၁၉၂၁)၊ ဓားပြဗိုလ်မိုးသီး (၁၉၃၀)၊ ဂျမဒါကိုကိုကြီး (၁၉၃၀)၊ ဟန်မောင် (၁၉၃၀)၊ သောင်းထိုက် (၁၉၃၅)၊ လမ်းနှစ်သွယ် (၁၉၃၅)၊ ပထမံဆရာသိန်း (၁၉၃၉–၄၀)၊ ဂမုန်းနက် (၁၉၄၆)၊ ဘာစကာဗီးလ်ခွေးကြီး (၁၉၄၇)၊ သူရဲကောင်းသုံးယောက် (၁၉၄၈)၊ ဇော်ဟိတ် (၁၉၄၈–၅၃)၊ သူတော်စိန် (၁၉၄၈)၊ အန္တာဂရီနီး (၁၉၅၀)၊ ရတနာသိုက် (၁၉ –)၊ ရှိတ်စပီးယား၏ ပြဇာတ်ဝတ္ထုများ (၁၉၆၁) တို့အပြင်၊ အခြားထင်ရှားသော ဒိဋ္ဌေဒိဋ္ဌမတ္တံ လက်တွေ့ကျင့်စဉ်ကျမ်း၊ လောကုတ္တရာဆွေးနွေးခန်းများ၊ အကြံဉာဏ်ဖြင့် ကြီးပွားရေး၊ ကိုယ်တွေ့တရုတ်ပြည်၊ ဦးဖေသိန်း၏ ရွှေဥဒေါင်းစာအုပ်များ ဖြစ်ပါသည်။

သူရိယသတင်းစာ၊ မဂ္ဂဇင်းအယ်ဒီတာ၊ လူထုသတင်းစာ အယ်ဒီတာနှင့် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ (အယ်ဒီတာချုပ်) အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၇၃ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် မန္တလေးမြို့၊ ၈၃ လမ်း၊ ဂုဏ္ဍန်ရပ် နေအိမ်၌ ကွယ်လွန်ခဲ့ပါသည်။ ဆရာကြီး၏ဇနီး ဒေါ်ကြီးစိုးသာ ကျန်ရစ်ခဲ့ပါသည်။ ၁၉၇၈ ခုနှစ် တွင် ဆရာကြီးရွှေဥဒေါင်း ၉၀ ပြည့်ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ။

http://www.cherrythitsar.org

# မောင်သိန်းတင် မသိန်းရှင်

ကျောင်းဒကာ ဦးဖေ့၊ ကျောင်းအစ်မ ဒေါ်သော့၊ သမီးခင်ပွန်းတို့သည် မိမိတို့၏ အိမ်နီးချင်းပွဲစားကြီး ဦးဘမောင်၊ ပွဲကတော်ကြီး ဒေါ်သာယာတို့နှင့် ငယ်စဉ်ကပင် ရပ်ဆွေရပ်မျိုး ဖြစ်ကြသည့်အလျောက် ဘုရားသွားဖော် ကျောင်းတက်ဖက်၊ ရေစက်အတူ ကြည်ဖြူလေးမြတ်စွာနှင့် တစ်ဦးကိစ္စကို တစ်ဦး အထူးဆောင်ရွက်လျက် အရာရာတိုင်း၌ပင် တိုင်ပင်နှီးနှောလေ့ရှိကြလေသည်။

ကျောင်းဒကာကြီး ဦးဖေ့၌ မောင်သိန်းတင်အမည်ရှိသော သားတစ်ယောက်ရှိလေရာ ပွဲစားကြီး လင်မယား၌လည်း မသိန်းခင်၊ မသိန်းရှင်ဟု သမီးနှစ်ယောက်ရှိလေ၏။ သမီးအကြီးမှာ မသိန်းခင်မှာ ဘီအေအောင်ပြီး၍ အင်္ဂလိပ်ကျောင်းဆရာလုပ်နေသူ မောင်ဘလှိုင်နှင့် အကြောင်းပါခဲ့ရာ သမီးငယ် မသိန်းရှင်မှာမူ အပျိုပေါက်ကလေးပင် ရှိသေးလေ၏။ မောင်သိန်းတင်နှင့် သမီးငယ် မသိန်းရှင်တို့မှာ ငယ်စဉ်ကပင် ကစားဖော် ကစားဖက် ဖြစ်ကြ၍ တစ်ဦးနှင့်တစ်ဦး မောင်နှမအရင်းအချာကဲ့သို့ ချစ်ခင်စုံမက်လျက်ရှိခဲ့ကြရာ မောင်သိန်းတင်မှာ လူပျိုအရွယ်သို့ ရောက်၍ မသိန်းရှင်မှာလည်း ရှက်တတ်ကြောက်တတ်သည့် အရွယ်သို့ပင် ရောက်သော်လည်း ၎င်းတို့နှစ်ဦးလုံးမှာ ငယ်စဉ်ကကဲ့သို့ပင် ခေါ်ခေါ်ပြောပြော အရောတဝင် နေထိုင်ကြလေသည်။ အမိအဖတို့လည်း နှစ်သက်ကြဟန် လက္ခဏာနှင့် တားမြစ်ပိတ်ပင်ခြင်း မရှိဘဲ အမှတ်မဲ့သာလျှင် နေကြလေ၏။

မောင်သိန်းတင်မှာ အင်္ဂလိပ်စာ ကိုးတန်းတွင် သင်ကြားလျက်ရှိရာ အဖကျောင်းဒကာကြီးသည် ၎င်းအား ပညာတိုးပွားစေခြင်းငှာ မောင်ဘလှိုင်

http://www.cherrythitsar.org



ရှိရာ ပွဲစားကြီး၏ အိမ်သို့ နားမလည်သော အရာရှိလျှင်ပင် အလွယ်တကူ မေးမြန်းရန် ညတိုင်းသွား၍ စာကျက်စေလေ၏။

တစ်နေ့သ၌ မောင်သိန်းတင်သည် စာအုပ်များကို ပိုက်လျက် ပွဲစားကြီး၏ အိမ်သို့သွားလေရာ မောင်ဘလှိုင်နှင့် မသိန်းခင်တို့သည် အရိပ်ပြပွဲသို့ သွားရန်ပြင်ဆင်နေကြသဖြင့် မောင်သိန်းတင်အားလည်း မိမိတို့နှင့် အတူလိုက်ရန် တိုက်တွန်းကြသော်လည်း မောင်သိန်းတင်မှာ စာမေးပွဲနီးပြီဖြစ်၍ မလိုက်လိုကြောင်းနှင့် တောင်းပန်ပြီးလျှင် မိမိဖတ်နေကျဖြစ်သော စားပွဲတွင် စာဖတ်နေလေသည်။ ပွဲစားကြီးလင်မယားသည် မှန်အိမ်များကို လက်ဆွဲလျက် ကျောင်းဒကာကြီးတို့နှင့်အတူ ဘုရားဝတ်တက်ရန် သွားကြလေသည်။ မောင်သိန်းတင်လည်း စားပွဲတွင် တစ်ယောက်တည်း စာဖတ်လျက်နေရာမှ ခြေသံကြားသဖြင့် လှည့်၍ကြည့်လိုက်ရာ မသိန်းရှင်သည် လက်ဖက်ရည်တစ်ခွက်ကို ကိုင်လျက် လာသည်ကို မြင်လျှင် . . .

"အလို မသိန်းရှင်၊ ရုပ်ရှင်ပွဲကို မလိုက်ဘူးလား"

"ခေါင်းနည်းနည်းကိုက်နေလို့မလိုက်ဘူးမောင်သိန်းတင်ရေ့၊ ကဲ စာဖတ်လို့ တော်တော်ကြီးမောပြီထင်တယ်၊ လက်ဖက်ရည်တစ်ခွက်သောက်ပါဦး"

ဟု ပြော၍ လက်ဖက်ရည်ခွက်ကို မောင်သိန်းတင်၏ ရှေ့တွင် ချပြီးလျှင် အနီးရှိ ကုလားထိုင်တစ်ချပ်ပေါ်တွင် ထိုင်လျက်နေလေ၏။ မောင်သိန်းတင်လည်း လက်ဖက်ရည်ခွက်ကို ယူသောက်၍ ကျေးဇူးတင်စကားပြောပြီးလျှင် စာဖတ်မည်ပြုပြန်ရာ မသိန်းရှင်သည် ထိုင်ရာမှ မထသေးဘဲ . . .

"အင်္ဂလိပ်စာများ အင်မတန် ခက်သလား"

ဟု မေးလျှင် . . .

"လူမျိုးကွဲစာ သင်ရတယ်ဆိုတာ နည်းနည်းတော့ ခက်တာပေါ့ မသိန်းရှင်၊ မြန်မာစာလောက်တော့ ဘယ်လွယ်မလဲ"

"နည်းနည်းဖတ်ချင်ပါတယ် သင်ပေးပါလား၊ ကိုကိုက သင်မယ်ဆိုပြီး သင်လည်း မပေးဘူး"

"ကိုကိုက သင်မပေးချင်ရင် ဒီက သင်ပေးပါမယ်။ စာမေးပွဲပြီးတော့ သင်လည်း သင်အားပါလိမ့်မယ်"

"တစ်နေ့က ဈေးကပြန်လာတော့ ကောင်လေးတစ်ယောက်က မိုင်ဆွီးတားဆိုလား ဘာဆိုလား ပြောတာကြားလိုက်တယ်။ ဒါ ဘာဆိုသလဲ ပြောစမ်းပါ"

http://www.cherrythitsar.org



မောင်သိန်းတင်လည်း စာဖတ်လိုလှသဖြင့် စကားမရှည်လိုသောကြောင့်

"နောက်တော့ သင်ပေးမှာပါမယ်၊ အခု ခဏဆိုင်းလိုက်ပါဦး"

ဟု ပြောသဖြင့် မသိန်းရှင်သည် ထိုင်နေရာမှထ၍ ပြတင်းပေါက်မှ မျှော်ကြည့်လိုက်လျှင် အပျိုကလေးတချို့တို့နှင့် ကလေးတို့သည် ရွှေလသာလှသည်နှင့် တုပ်ဆီးတိုးတမ်းကစားလျက်နေကြသည်ကို မြင်သဖြင့်

"ဒီမှာ ကြည့်လှည့်စမ်း၊ မောင်သိန်းတင်၊ ပျော်စရာကောင်းလိုက်တာ တုပ်ဆီးတမ်းများ မကစားရတာဖြင့် ကြာလှပြီ။ ခဏလောက် ဆင်းပြီး ကစားရရင် မကောင်းဘူးလား"

ဟု ခေါ်၍ ပြောလျှင် မောင်သိန်းတင်လည်း ထိုင်ရာမှထလာ၍

"ခေါင်းကိုက်တဲ့လူကလည်း တုပ်ဆီးတမ်းတော့ ကစားနိုင်သေးရောလား၊ မလုပ်ပါနဲ့ မသိန်းရှင်ရယ်၊ စာမေးပွဲနီးလှပြီ၊ စာကျက်စရာတွေကလည်း များသေးတယ်"

ဟု ပြော၍ ပြတင်းပေါက်မှ နှစ်ယောက်သား ခါးထောက်လျက် ကြည့်နေကြလေ၏။ မောင်သိန်းတင်က . . .

"ခေါင်ကြောင်းဆီးတဲ့ဟာက ဘယ်သူလဲ မသိန်းရှင်"

"ဟိုဘက်အိမ်က မမြမေကလေးလေ"

"ဩော် သူ့အသားလေးက လရောင်မှာတော့ တယ်ပြီး လှပါကလား၊ ချစ်စရာကလေးပဲနော်၊ ဒါကြောင့် မော်လမြိုင်သူများ လှတယ်ပြောကြတယ် ထင်ပါရဲ့"

ဟု ပြောလျှင် မသိန်းရှင်လည်း အနည်းငယ် မျက်နှာမသာဘဲ

"မော်လမြိုင်သူ ဘယ်လိုပဲ လှပေမယ့် တစ်နေ့က ဦးကျော်ဒွန်းသမီး နားထွင်းမင်္ဂလာတုန်းက နားရုံဖိတ်လို့ သွားကြတာ မောင်သိန်းတင် မြင်လိုက်တယ်မဟုတ်လား"

"ဩော် မြင်လိုက်တယ်၊ သည်အရပ်က လေးယောက်ဖိတ်တယ်။ ထင်ပါရဲ့၊ မိန်းမချောလေးတွေ ချည်းပါပေဗျာ။ တယ်ချော တယ်လှ"

ဟု ပြောလျှင် မသိန်းရှင်သည် မောင်သိန်းတင်၏ မျက်နှာကို စေ့စေ့ကြည့်လျက် . . .

"သည်လေးယောက်ထဲက ဘယ်သူက အချောဆုံးထင်လဲ၊ မောင်သိန်းတင်"

http://www.cherrythitsar.org



"နေပါဦး ဘယ်သူများပါလိမ့်၊ မမြကလေးရယ်၊ မလှယဉ်ရယ်၊ မလှတင်ရယ်၊ ပြီးတော့ကော"

"ပြီးတော့ ဒီကရယ်"

"ဩော် မသိန်းရှင်ရယ်လား၊ အင်း လေးယောက်စလုံး ကြည့်လို့ကောင်းကြပါပေတယ်။ တစ်မျိုးစီပါပဲ"

"တစ်မျိုးစီတော့ ဟုတ်ပါပြီ မောင်သိန်းတင်ရဲ့၊ သေသေချာချာ ပြန်စဉ်းစားကြည့်ပါဦး၊ ဘယ်သူကသာပြီး ကြည့်ကောင်းသလဲ"

"အင်း မလှယဉ်ကတော့ နည်းနည်းကလေး ညိုတယ်၊ မလှတင်ကတော့လည်း အရပ်က နည်းနည်းရှည်တယ်"

"မမြမေကကော"

"မမြမေကတော့ မဆိုသလောက်ပုတယ်"

ဟု ပြောပြီးလျှင် မသိန်းရှင်အား ခြေဆုံးခေါင်းဆုံး ကြည့်လျက်နေရာမှ . . .

"မသိန်းရှင်ကတော့ အပြစ်ရှာစရာ ကြည့်လို့ မမြင်ပေဘူးဗျာ"

ဟု ပြုံး၍ ပြောလိုက်ရာ . . .

"ခုတင်ကတော့ မမြမေကလေးက လှတယ်ဆို"

"လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံးတဲ့။ မော်လမြိုင်သူ ဘယ်လိုပဲလှပေမယ့် သည်က ရွှေမန်းသူတော့ ဘယ်မီနိုင်မလဲ"

ဟု ပြောင်သလိုလို မျက်နှာထားနှင့် ပြောလိုက်သောအခါ မသိန်းရှင်က မိမိမေးမိသည်ကို အရှက်ရ၍ မျက်နှာပူပူနှင့် ဦးခေါင်းကို အောက်ချလျက်နေလေ၏။

မောင်သိန်းတင်သည် မိမိပြောမိသည့် စကားအဓိပ္ပာယ်ကို စေ့စေ့ပြန်၍ စဉ်းစားမိလျှင် အနည်းငယ် မျက်နှာပူသည်နှင့် ပြတင်းပေါက်မှ အိမ်သို့ လှမ်း၍ ကြည့်လိုက်ရာ . . .

"မုန့်ဖက်ထုပ် မုန့်ဖက်ထုပ်"

ဟု ဟစ်၍ ရောင်းနေသော မုန့်သည်ကြီးကို မြင်လျှင် . . .

"မုန့်ဖက်ထုပ်က ကောင်းပုံပေါ်သည်"

ဟု အရှက်ပြေပြောပြီးလျှင် မုန့်သည်ကြီးကို အိမ်ပေါ်ခေါ်၍ မုန့်အနည်းငယ် ဝယ်ယူစားသောက်ကြလျှင် မုန့်သည်အဒေါ်ကြီးလည်း ၎င်းတို့နှစ်ဦးအား သေချာစွာကြည့်လျက် . . .

http://www.cherrythitsar.org



"တယ်ပြီး ရှေ့သွားနောက်လိုက် ညီပါပေတယ်တော်၊ ကြည့်လို့မငြီး ပါဘူး။ ယခု မုန့်ဖက်ထုပ် ဝယ်စားရတဲ့ အကျိုး၊ တစ်ယောက်အပေါ်၌ တစ် ယောက် မုန့်ကဲ့သို့ ချိုပြီးလျှင် အိုအောင်မင်းအောင် ပေါင်းရပါစေ"

ဟု ဆုတောင်းပြီးလျှင် မုန့်ဗန်းကိုပင့်၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။ မသိန်းရှင်လည်း မုန့်သည် အဒေါ်ကြီးက အထင်လွဲ၍ ပြောသွားသည်ကို ကြား သဖြင့် များစွာ မျက်နှာထားခက်လျက် ရှိရသည်အတွင်း မောင်သိန်းတင်က

"အဒေါ်ကြီး ဘယ့်နှယ်များ အောက်မေ့သွားပါလိမ့်။ ကြားလိုက် တယ် မဟုတ်လား မသိန်းရှင်၊ အဒေါ်ကြီးပြောတာ ဘယ်နှယ့်သဘောရလဲ"

ဟု ခပ်ပြုံးပြုံး မျက်နှာထားဖြင့် မေးလိုက်လျှင် မသိန်းရှင်သည် မောင်သိန်းတင်၏ မျက်နှာကို မော်ကြည့်ပြီးလျှင် လက်ဖက်ရည်ပန်းကန်ကို ယူ၍ ထသွားလေ၏။

မောင်သိန်းတင် မသိန်းရှင်တို့သည် ငယ်စဉ်မှစ၍ တစ်မိဝမ်းတွင်း အတူဆင်းကြသည့် မောင်နှမသဘော အရောတဝင် ခေါ်ငင်ပေါင်းသင်းလျက် လာခဲ့ကြရာ ထိုနေ့မှသည် တစ်ဦးကိုတစ်ဦး မခေါ်ဝံ့၊ မပြောဝံ့၊ တစ်ဦးရှိရာ တစ်ဦး မလာဝံ့ကြဘဲ အမူကွဲပြားလျက် ရှိကြကုန်၏။ ထိုသို့ပင် ရှိကြသည် လည်း တစ်ဦးကိုတစ်ဦး ရှေးကထက် နှစ်ဆထမ်းပိုး မြတ်နိုးချစ်ခင် မမြင်လျှင် မနေနိုင်ခမန်း ရှိကြသည့်အဖြစ်ကို နှစ်ဦးစလုံးပင် သိရှိကြလေ၏။

ဤသို့ နှစ်လကျော် သုံးလ ရှိခဲ့လေရာ မောင်သိန်းတင်မှာ ၉ တန်း စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုပြီး ဖြစ်သဖြင့် မောင်သိန်းတင်၏ အမိအဘတို့ မှာ နာမည်ပင်ကြီးသော်လည်း ပစ္စည်းဥစ္စာများစွာ မခိုင်လုံသည်ဖြစ်၍ မိမိ တို့၏ သားအား ပညာဆက်လက်သင်ကြားရန် မတတ်နိုင်မူ၍ ရွှေဘိုမြို့ အရေး ပိုင်မင်း ရုံးတွင် စာရေးအလုပ်တစ်ခု လစ်လပ်သည်နှင့် မောင်သိန်းတင်အား လျှောက်ထားစေရာ မောင်သိန်းတင်လည်း ၎င်းအလုပ်ကို ရရှိလေ၏။ ၎င်း အကြောင်းကို မသိန်းရှင်တို့၏အဘ ပွဲစားကြီး ကြားသိလျှင် များစွာပြစ်တင် ပြောဆို၍ မောင်သိန်းတင်ကို ရန်ကုန်ကောလိပ်ကျောင်းတွင် ပညာသင်ကြား နိုင်စေရန် မိမိကပင် စရိတ်ကြေးငွေ စိုက်ထုတ်ချေးငှားပါမည်ဟု ကျောင်းဒကာ ကြီးအား အတန်တန်ပြောဆိုပါသော်လည်း ကျောင်းဒကာမှာ သားတစ်ယောက် တည်းရှိသည့်အပြင် မိမိ၌လည်း အိုမင်းမစွန်း ရှိသည်ဖြစ်၍ ကျောထောက် နောက်ခံ ဆိုဘိသကဲ့သို့ ရစေခြင်းငှာ မိမိတို့မသေမီအတွင်း သားနှင့် ကြာရှည် စွာ ခွဲခွာ၍ မနေလိုကြောင်းနှင့် ပြောဆို၍ ပွဲစားကြီးအားလည်း မိတ်ဆွေတို့

http://www.cherrythitsar.org



ဝတ္တရားရှိသည်အတိုင်း စောင်မကြည့်ရှုပေသည်ကို များစွာကျေးဇူးတင်စကား ပြောပြီးလျှင် သားအမိ သားအဖ သုံးယောက်တို့သည် ရွှေဘိုသို့ သွားရန် ပြင်ကြလေ၏။

မောင်သိန်းတင်လည်း ညှိုးငယ်သောမျက်နှာဖြင့် ပွဲစားကြီးအိမ်သို့ သွားရောက်၍ အသီးသီးတို့အား ထိုက်သည့်အားလျော်စွာ ဝမ်းနည်းကြောင်း ပြောဆိုပြီးလျှင် မသိန်းရှင်ကို မမြင်ရသေးသည်နှင့် ခပ်ဆိုင်းဆိုင်းလုပ်၍နေရာ မသိန်းခင်လည်း မောင်သိန်းတင်၏ မျက်နှာထားကို ရိပ်မိသဖြင့် ညီမငယ်ရှိရာ သို့ တက်သွားပြီး တအောင့်ကြာလျှင် ပြန်ဆင်းလာ၍ နှမ မသိန်းရှင်မှာ ခေါင်း ကိုက်၍နေသဖြင့် ဆင်းမလာနိုင်ကြောင်းကို ပြောလေလျှင် မောင်သိန်းတင် လည်း မသာယာသောမျက်နှာဖြင့် ပြန်ခဲ့ရလေ၏။ အိမ်ပြင်သို့ရောက်လျှင် မသိန်းရှင်အား မမြင်ရလျှင် မနေနိုင်မှု၍ အိမ်ဘက်သို့လှည့်ပြီးလျှင် ပြတင်း ပေါက်သို့ ကြည့်လိုက်ရာ မသိန်းရှင်လည်း တံခါးကြားမှ ချောင်း၍ကြည့်နေ သည်ဖြစ်သောကြောင့် မျက်နှာကို မမြင်ရဘဲ အင်္ကျီစကလေးကိုသာ မြင်လိုက် ရသဖြင့် မောင်သိန်းတင်လည်း သက်ပြင်းချပြီးလျှင် အမိအဖတို့နှင့်အတူ မီးရထားဘူတာရုံသို့ သွားရလေ၏။

ရွှေဘိုသို့ရောက်ကြလျှင် ကျောင်းဒကာကြီး လင်မယားတို့သည် မောင်သိန်းတင်ကို မိတ်ဆွေတစ်ယောက်အိမ်တွင် အပ်နှံ၍ မိမိတို့မှာ မန္တလေး ၌ ကိစ္စအနည်းငယ်ရှက်ဆောင်ရန် ရှိသေးသည်နှင့် ရုတ်တရက် မရွှေ့ပြောင်း နိုင်သေးသဖြင့် မန္တလေးသို့ ပြန်ကြလေ၏။

မောင်သိန်းတင်လည်း ရွှေဘိုသို့ရောက်၍ အလုပ်အကိုင် ဝင်ရောက် လုပ်ကိုင်ရသော်လည်း အလုပ်၌ များစွာစိတ်မပါသည်နှင့် အမှားမှားအယွင်း ယွင်း အချွတ်ချွတ်အချော်ချော် ဖြစ်ပြီးလျှင် အထက်လူကြီးတို့၏ ငြိုငြင်ခြင်း ကို ခံရလေ၏။ တစ်နေ့သ၌ မောင်သိန်းတင်သည် မိမိနှင့် ကျောင်းနေဘက် သူငယ်ချင်းတစ်ယောက်နှင့် တွေ့ဆုံမိရာ ကျောင်းသားတို့ဘာဝ မိမိတို့ကျောင်း နေစဉ်အခါက အဖြစ်အပျက်များကို ပြန်လှန်ပြောဆိုကြပြီးနောက် ၎င်းသူငယ် ချင်းသည် မောင်သိန်းတင်အား မိမိတို့အိမ်ကို အလည်လိုက်ရန် တိုက်တွန်းပြီး လျှင် မိမိနှင့်အတူ ခေါ်၍သွားလေ၏။ ၎င်းသူငယ်ချင်းမှာ ရွှေဘိုသားဇာတိဖြစ် သဖြင့် မိမိ၏ အမိအဖတို့နှင့်အတူ နေထိုင်လျက်ရှိရာ ထိုအခါ၌ အထက်အရပ် များ၌ အင်္ဂလိပ်ပညာတတ်များလည်း ရှားသေးသည်ဖြစ်သောကြောင့် ၎င်း၏ အမိအဖတို့သည် မောင်သိန်းတင်အား ယခုအခါ ဘီအေများကို ဧည့်ခံဘိသကဲ့

http://www.cherrythitsar.org



သို့ အရေးတယူ ပျူပျူငှာငှာ ဧည့်ခံ၍ စကားပြောပြီးလျှင် အမိအဖတို့နှင့် ဝေးကွာ၍နေရသည်အတွင်း ၎င်းတို့ အမိအဖကဲ့သို့ အားကိုးပြီးလျှင် တိုင်ပင်ရန်ရှိကလည်း တိုင်ပင်၍ အားမငယ်ရန်အကြောင်း ပြောလေ၏။ မောင်သိန်းတင်လည်း ဝတ္တရားရှိသည့်အတိုင်း မိမိအားလည်း သားကလေး၊ တူကလေးကဲ့သို့ အောက်မေ့ပြီးလျှင် ရုံးကိစ္စမှစ၍ လူငယ်နှင့်လျော်သော အခြားကိစ္စတို့၌လည်း ကြည့်ရှုခိုင်းစေပါက ဝမ်းမြောက်စွာ ရွက်ဆောင်ပါမည်အကြောင်းကို ပြောလျှင် မောင်ဘစိန်၏ အမိအဖတို့လည်း မိမိတို့၏အိမ်သို့ မောင်ဘစိန်မရှိသော်လည်း ဝင်ထွက်လည်ပတ်ရန် ပြောဆိုကြလေ၏။

မောင်သိန်းတင်လည်း ရောက်ခါစဖြစ်သည်နှင့် အသိအကျွမ်းနည်းပါးသည့်အခိုက် မောင်ဘစိန်တို့၏ အမိအဖတို့က ဤကဲ့သို့ လိုလားကြပေသည်ကို ကျေးဇူးတင်ဖွယ်ရှိပေသဖြင့် ညနေရုံးမှအပြန် ထမင်းစားပြီးလျှင် မောင်ဘစိန်၏အိမ်သို့ သွားရောက်၍ စကားစမြည်ပြောဆိုနေကြပြီးလျှင် အိပ်ချိန်သို့ရောက်မှ ပြန်ခဲ့လေ၏။ ဤသို့ ညစဉ် သွားရောက်၍ စကားအကျွမ်းတဝင် တိုင်ပင်နှီးနှောနေကြသည်မှာ ၁၅ ရက်ခန့်ရှိလေလျှင် ပထမတွေ့စဉ်ခါ၌ လောကဝတ်စကားဖြင့်သာလျှင် ချစ်ခင်အားကိုးပါဟု ပြောဆိုလိုက်သည်မှာ ယခုအခါမူကား အကယ်ပင် လူကြီးကလည်း လူကြီးအလျောက် လူငယ်ကလည်း လူငယ်အလျောက် များးစွာ ချစ်ခင်ကြင်ကြင်နာနာ ရှိကြကုန်၏။ မောင်ဘစိန်၌ အရုပ်အရည်ပြည့်စုံ၍ ရွှေဘိုမြို့ပေါ်တွင် ထိပ်ကျသည်ဟု ခေါ်လောက်ပေသော ၁၈ နှစ်အရွယ် အစ်မတစ်ယောက် ရှိလေ၏။ မောင်သိန်းတင်သည် အိမ်သို့ အလည်လာရောက်သည့်အခါ မသင်းကြည်လည်း အမိအဖတို့နှင့်အတူ ထိုင်၍ စကားစမြည် ရောနှောပြောဆိုလေ့ရှိကုန်၏။ မောင်သိန်းတင်လည်း မိမိကျောင်း၌ သင်ကြားခဲ့ဖူးသော ကမ္ဘာမြေကြီး၏ အခြေအနေမှစ၍ ပထဝီဝင်တွင် ပါရှိသော လူအမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုးနှင့်တကွ အင်္ဂလိပ်ရာဇဝင်၊ အိန္ဒိယရာဇဝင်တို့ကို နားထောင်၍ မငြီးရအောင် ကူးပြောင်းလဲလှယ်ပြောဆိုလေလျှင် မောင်ဘစိန်၏ အမိအဖတို့နှင့်တကွ မသင်းကြည်တို့လည်း လွန်စွာ နှစ်ခြိုက်အရေးစိုက်ပြီးလျှင် သဘောကြိုက်တွေ့၍ နေကြကုန်၏။ မောင်သိန်းတင်လည်း မိမိပြောဟောသည့် အရာတို့ကို မှတ်သားလိုသော လက္ခဏာနှင့် နားစိုက်လျက်နေကြသည်ကိုသိလျှင် မန္တလေးသားဇာတိ လူကြီးလူကောင်း၏ သားသမီးဖြစ်သည့်အလျောက် စကားအရာ၌ လိမ္မာချောင်ရှိသည်နှင့် လူကြီးကြိုက်တစ်သွယ်၊ လူငယ်ကြိုက်ကလည်း တစ်မျိုး၊ အကျိုးနှင့်

http://www.cherrythitsar.org



အကြောင်း၊ အဆိုးနှင့်အကောင်းတို့ကို ကွဲကွဲပြားပြား ခြားခြားနားနား ကြည်လင်ပြတ်သားသော အသံဖြင့် မရပ်မနားဘဲ ပြောဆိုလေလျှင် မသင်းကြည်သည် ဤမျှလောက် ဗဟုသုတပညာနှင့်ပြည့်စုံ၍ စကားချိုသာ ပီယဝါစာဖြစ်အောင် ပြောဆိုတတ်သူကို တစ်ကြိမ်တစ်ခါမျှ မတွေ့စဖူးဟု အောက်မေ့သည်နှင့် မောင်သိန်းတင်၏မျက်နှာကို စေ့စေ့ကြည့်လျက် မှတ်သားနာယူလေ့ရှိကုန်၏။ တစ်ခါတစ်ရံ မောင်သိန်းတင်သည် ရုံးဆင်းမိုးချုပ်သဖြင့် အိမ်သို့မလာရောက်နိုင်သည့်အခါ မသင်းကြည်သည် မသာမယာသော မျက်နှာဖြင့်မိမိ၏အခန်းတွင်းသို့ စောစောစီးစီးဝင်၍ အိပ်လေ၏။

ဤသို့ တစ်လကိုးသီတင်း ကုန်လွန်၍ သွားလေလျှင် တစ်နေ့သ၌ မောင်သိန်းတင်၏ အမိအဖတို့သည် ရွှေဘိုသို့ လာရောက်ကြလေ၏။ မောင်သိန်းတင်လည်း အမိအဖတို့ ရှိစဉ်အခါ အိမ်မှ ထွက်ခွာ အခြားအရပ်သို့ လည်ပတ်သည်ကို အမိအဖတို့ မသိစေလိုသဖြင့် မသင်းကြည်တို့၏ အိမ်သို့ မသွားမရောက်ဘဲ နေခဲ့ရာ ၇ ရက် တစ်ပတ်ခန့် ရှိလေလျှင် မသင်းကြည်မှာ တစ်နေ့တခြား မျက်နှာညှိုးနွမ်းလျက် အစားအသောက် ဆုတ်ယုတ်၍ တွေဝေမှိုင်းသော အမူအရာနှင့်သာ နေလေ၏။ အမေဖြစ်သူလည်း သမီး၏ အမူအရာကိုသင်္ကာမကင်းရှိသည်နှင့် သမီးအခန်းသို့ ဝင်၍ ယုယချစ်ခင်သော မိခင်ဖြစ်သည်အလျောက် သမီးအား ချော့မော့မေးမြန်းလေလျှင် မသင်းကြည်သည် မျက်ရည်ဝိုင်းလျက် ဘာမျှမဖြစ်ကြောင်း ပြောဆိုသော်လည်း မိခင်သည် ပျိုရာမှ အိုခဲ့သည်ဖြစ်သောကြောင့် အနည်းငယ်ရိပ်မိလေသဖြင့် ဖွင့်၍ မေးလိုက်လေ၏။ မသင်းကြည်လည်း မိခင်ပင်ဖြစ်သော်လည်း လွန်စွာ ရှက်ဖွယ်ကောင်းသည့် အရာမျိုးဖြစ်သဖြင့် မိခင်ထင်သည့်အတိုင်း မှန်ကြောင်းကို ဖွင့်၍မပြောဘဲ မိခင်၏လည်ပင်းကို ဖက်လျက် ဦးခေါင်းကို အောက်ချ၍ ရှိုက်ကြီးငင်ကြီးငိုလေ၏။ မိခင်လည်း သမီးအား ပြစ်တင်စကား များစွာမပြောဆိုဘဲ သမီးအကြိုက်ကို အလိုက်သင့် ချော့မော့၍ ပျော့ပျောင်းသိမ်မွေ့သော အမူအရာဖြင့်မိခင်ပီပီ ပြောဆိုပြီးလျှင် သမီးအခန်းမှ ထွက်ပြီးနောက် ခင်ပွန်းဖြစ်သူနှင့်တစ်နာရီခန့်မျှ တီးတိုးတိုင်ပင်ကြလေ၏။

နောက်တစ်နေ့ညနေ၌ မောင်သိန်းတင်သည် ရုံးမှပြန်လာ၍ အမိအဖတို့နှင့် စကားစမြည် ပြောဆိုနေကြစဉ် မသင်းကြည်တို့၏ အိမ်မှ အစေခံတစ်ယောက်သည် အိမ်ပေါ်သို့ တက်လာ၍ မောင်သိန်းတင်အား အိမ်သို့အလည်ကြွရန် ပင့်ဖိတ်၍ ပြန်သွားလေ၏။ မောင်သိန်းတင်လည်း မရောက်

http://www.cherrythitsar.org



သည်မှာ ကြာပြီဖြစ်၍ မည်သည့်အကြောင်းရှိလသေနည်းဟု အမိအဖထံ ခွင့်ပန်ပြီးလျှင် သွားလေ၏။ အိမ်သို့ရောက်လျှင် မသင်းကြည်၏ အမိအဖတို့သည် ရေးကထက်ပင် ခရီးဦးကြိုပြုကြပြီးလျှင် နေရာထိုင်ခင်းပေး၍ ၁၅ မိနစ်ခန့် စကားပြောဆိုနေကြရာမှ မသင်းကြည်တစ်ယောက် နေမကောင်းသဖြင့် အိပ်ရာသို့ စောစောဝင်၍ အိပ်နေကြောင်း ပြောလေ၏။ မောင်သိန်းတင်လည်း အိမ်ရှင်တို့၏ မျက်နှာထားသည်လည်း ခါတိုင်းနှင့်မတူ၊ အမူကွဲပြားခြားနားရလေခြင်းမှာ မည်သည့်အတွက် ဖြစ်လေသနည်းဟု ဆင်ခြင်တွေးတောလျက် စကားမပြောဘဲ ရှိလေလျှင် ယောက်ျားဖြစ်သူသည် မိမိဇနီး၏ မျက်နှာကို ကြည့်ပြီးလျှင် ထိုင်ရာမှ ထသွားလေ၏။ မသင်းကြည်၏ မိခင်လည်း ကွမ်းအစ်ကို တွန်း၍ တည်သည်အဟန်နှင့် အနီးသို့ ချဉ်းကပ်၍ ထိုင်ပြီးလျှင် မောင်သိန်းတင်၏ မိဘအခြေအနေတို့ကို တီးခေါက်၍ ကြည့်လေ၏။ မောင်သိန်းတင်လည်း မိမိ၏ အဖမှာ အရွယ်ကောင်းစဉ်အခါက အလုပ်ကြီးအကိုင်ကြီး လုပ်ခဲ့သော်လည်း ယခုမှာ အရွယ်ကြီးရင့် နားချိန်သင့်ပြီဖြစ်၍ ဘုရားသွားကျောင်းတက် ဝတ်မပျက် နေထိုင်ကြောင်း ပြောလေ၏။ ၎င်းနောက် မောင်သိန်းတင်၏ အသက်နှင့်တကွ နေ့နံတို့ကို မေးမြန်းပြီးလျှင် မိမိတို့၏ အခြေအနေ အမျိုးအဆွေမှစ၍၊ ကြေးငွေအင်အား၊ ရွှေသားက မည်ရွေ့မည်မျှ ရှိကြောင်းတို့ကို ပြောဆိုပြီးလျှင် ကာလ၌ ယောက်ျားကောင်းဟူ၍ အလွန်နည်းပါး၊ မိန်းမကောင်းဟူ၍လည်း အလွန်ရှားကြောင်းနှင့် သမီးမသင်းကြည်လည်း မိဘ၏ ဝတ္တရားကို များစွာ ကျေပွန်လွန်းစွာ သိတတ်သော မိန်းမတစ်ယောက် ဖြစ်ကြောင်းကို ပြောဆိုလေ၏။

မောင်သိန်းတင်လည်း ပထမ၌ မည်သည့်အဓိပ္ပာယ်နှင့် စုံစမ်းမေးမြန်းသည်ကို မရိပ်မိဘဲ ရှိရာမှ သမီးဖြစ်သူသည် လိမ္မာရေးခြားအကင်းပါး၍ စကားချောင်ခြင်း စသော ဂုဏ်ဒြပ်တို့နှင့် ပြည့်စုံကြောင်း ချီးမွမ်းပြောဆိုသည်ကို ကြားရလျှင် ဆိုလိုသည့် အဓိပ္ပာယ်ကို ရိပ်မိလေသဖြင့် အလွန်တရာ ကရုဏာရှိသော မျက်နှာထားဖြင့် မပြောတန်သည့် စကားကို မိန်းကလေး၏ မိခင်အား မပြောစေလိုမှု၍ ယောက်ျားကောင်း ရှားသည့်အနက် မိမိသည် တစ်ယောက်အဝင်အပါဖြစ်သည်ဟု သဘောပိုက်ပေသည်ကို အထူးပင် ဝမ်းမြောက်ပါကြောင်း၊ မသင်းကြည်သည်လည်း တည်ကြည်သော ဣန္ဒြေနှင့် အသရေရှိသော အမိအဖတို့၏ သမီးတစ်ယောက်ဖြစ်ကြောင်းကို ပြောမပြမီကပင် အကဲခတ်မိပါကြောင်း။ ယခုကဲ့သို့ အရုပ်အရည်နှင့်တကွ မိကောင်းဖခင် သမီးပီပီ

http://www.cherrythitsar.org



တည်တည်တံ့တံ့ အမျိုးလည်းသန့်သော မိန်းကလေးဆို၍ နှစ်ဦးသာတွေ့ဖူးကြောင်း တစ်ဦးမှာ မိမိ မန္တလေး၌ နေစဉ်အခါ မောင်နှမအရင်းအချာကဲ့သို့ တစ်ဦးနှင့်တစ်ဦး အထူးကြင်နာမေတ္တာသက်ဝင် ချစ်ခင်စုံမက်ခဲ့ကြသည်မှာ နှစ်လကြာရှည်ပြီဖြစ်၍ နှစ်ဦးစလုံး၏ အမိအဖတို့ကလည်း မိမိတို့နှစ်ဦးအား သဘောတူမျှ၍ စိတ်က ကြံရွယ်နေကြဟန် လက္ခဏာရှိကြောင်းများကို ကြားဝါ လိုသော ဆန္ဒရှိသည့် မျက်နှာထားမပါစေဘဲ မိမိ၏ အဒေါ်ရင်းအား အကြောင်း မျိုးစုံ ပြန်ကြားဘိသကဲ့သို့ တိုင်ပင်အလို ပြောဆိုလေ၏။

မသင်းကြည်၏မိခင်သည် သမီးအတွက် များစွာ စိတ်နှလုံးမသာမယာ ဖြစ်ရာသော်လည်း မိမိမှာ မိန်းကလေးရှင်ဖြစ်လျက် စကားခင်း၍ ပေးရသည်ကို မောင်သိန်းတင်သည် လူလိမ္မာကလေးတို့၏ သဘောပီပီ ထူယောင်အယောင်လည်း မဆောင်၊ ဘေးတိုက်လည်း မကျစေအောင် စကားဖြင့်နောက်သို့ ဆုတ်မှန်းမသိ ဆုတ်၍ သွားတတ်ပေသည်ကို ဝမ်းတွင်း၌ များစွာ ကျေးဇူးတင်မိလေသည်။ ဖခင်လုပ်သူ ထွက်၍လာလျှင် မောင်သိန်းတင်သည် ယခင်က စကားကို ရပ်၍ အခြားစကားကိုသာ ရယ်မောပြောဆိုပြီးလျှင် ဦးနှင့်အဒေါ်အား အခွင့်ပန်၍ အိမ်သို့ ပြန်လာခဲ့လေ၏။

မောင်သိန်းတင်၏ မိဘတို့သည် နောက်တစ်နေ့မနက်၌ မန္တလေးသို့ ပြန်သွားကြသော်လည်း မောင်သိန်းတင်သည် မသင်းကြည်၏ အိမ်သို့ ရှေးကကဲ့သို့ ဝင်ထွက်သွားလာရန် မသင့်တော်ဟု အောက်မေ့ပြီးလျှင် ရုံးမှ ပြန်သော်လည်း အိမ်၌သာလျှင် စာဖတ်၍နေလေ၏။

မောင်သိန်းတင်သည် မသင်းကြည်တို့၏ အိမ်မှ ပြန်လာ၍ ၁၀ ရက်ခန့်ရှိရာ တစ်ညနေ၌ မောင်သိန်းတင်သည် စားပွဲတွင် ထိုင်၍ မသိန်းရှင်တို့ထံ ပေးရန် စာတစ်စောင်ကို စီကုံးရေးသားလျက်နေစဉ် ယခင်က တစ်ကြိမ်လာဖူးသော မသင်းကြည်တို့၏ အိမ်မှ အစေခံသည် အိမ်ပေါ်သို့ တက်လာ၍ အိမ်သို့ ခေတ္တလာရောက်ရန် အကြောင်းနှင့် စေခိုင်းလိုက်ကြောင်း ပြောလေလျှင် မည်သည့်အကြောင်း ရှိလေသနည်းဟု မေးမြန်းရာ မသင်းကြည်သည် အသည်းအသန်ဖြစ်၍နေကြောင်းနှင့် ပြောလေ၏။ မောင်သိန်းတင်လည်း မိန်းကလေးအား များစွာ ကရုဏာရှိလှသည်နှင့် ရေးနေသော စာကို ပိတ်ပြီးလျှင် ပျာယီးပျာယာနှင့် လိုက်လာရာ အိမ်ဦးခန်းတွင် အဘဖြစ်သူနှင့် တွေ့လေ၏။ အဘ၏ မချမ်းသာသော မျက်နှာကို မြင်လျှင် မောင်သိန်းတင်သည် စောစောက ကြိုတင်၍ မသိနှင့်ရကြောင်း ဝမ်းနည်းပါကြောင်း၊ အစေခံပြော

http://www.cherrythitsar.org



သလောက်လည်း ဟုတ်မည်မထင်။ နေမကောင်း ထိုင်မကောင်းဖြစ်သည်ဟု သာလျှင် မျှော်လင့်ပါကြောင်းနှင့် ပြောလျှင် ဖခင်ဖြစ်သူသည် ဦးခေါင်းကို ယမ်းလျက် စကားတစ်ခွန်းမျှ မပြောဘဲ အပူဓာတ်ရိုက်ပြီးလျှင် ငြိမ်ဝပ်စွာနေလေ၏။ ဤသို့ ငါးမိနစ်ကြာလတ်သော် ဖခင်ဖြစ်သူသည် မျက်ရည်များကို တစ်ဖန် သိမ်းဆည်းပြန်၍ မောင်သိန်းတင်အားလည်း အနီးသို့ တိုး၍ ထိုင်စေပြီးလျှင် . . .

"ဦးတော့ ဘယ်လိုအပူကြီး ပူလိုက်တယ်ဆိုတာပြောလို့ ပြနိုင်စရာမရှိပါဘူး မောင်ရယ်။ သည်သမီးဟာ အစစအရာရာ အင်မတန် လိမ္မာရေးခြားရှိလွန်းလို့ ငယ်ငယ်ကတည်းက သူ့အလုံးစုံ ယုံကြည်ပြီး ငွေခန်းကြေးခန်းမှစ၍ အစစအရာရာ မျက်နှာလွှဲခဲ့ရတဲ့ သမီးကလေးပါ၊ လိမ္မာလိုက်တာ များကလည်းလေ၊ ငေါက်လို့တောင် ဆုံးမရတယ်မရှိဘူး၊ မျက်နှာပြလိုက်နဲ့ တစ်ခါတည်း သိပြီးဖြစ်နေပြီ။ မိဘ မျက်နှာကဲများလည်း ဘယ်လောက်ထိ သိတတ်တယ်ပြောစရာမရှိဘူး၊ သြော် မသင်းကြည်ရေ။ ငါ့သမီး မနေရဘူးနော်။ ငွေနဲ့များအသက်ဝယ်လို့ရရင် ရှိတဲ့စည်းစိမ် အကုန်ပေးပြီး၊ အဖေရော အမေရော ကျွန်ခံ လိုက်ပါသေးရဲ့ သမီးရယ်။ ဆရာဝန်များကလည်း ဒီရောဂါလောက်မှ မတတ်နိုင်ကြဘူးနော်။ ဒီအရပ်ထဲမှာ သူများတကာလည်း ဒီရောဂါလောက်မှ မတတ်နိုင်ကြဘူးနော်။ ဒီအရပ်ထဲမှာ သူများတကာလည်း ကျောက်ပေါက်ကြပါရဲ့။ ကျုပ်သမီးမတော့ စိတ်ရောဂါနဲ့ယှဉ်ပြီး ဖြစ်လို့မို့ ဆရာဝန်ကလည်း ကျောက်ရောဂါက သည်လောက်အတွက်မရှိ။ စိတ်မကောင်းတဲ့ ရောဂါယှဉ်တဲ့အတွက် သာပြီးဆိုးတယ်လို့ ပြောကြတယ် မောင်ရယ်၊ သည့်ပြင်မြို့မှာ အလုပ်ရှားလို့လား"

ဟု ပြောဆဲတွင် ၇ နှစ်ခန့်အရွယ် မိန်းကလေးတစ်ယောက်သည် ဖခင်အနီးသို့ လာ၍ . . .

"ဖေဖေ မမ ဘာပြုလို့တုန်း၊ ကျွန်မ မကြည့်ရဘူးလား"

ဟု မေးလျှင် ဖခင်သည် အကလေးကို ကောက်ချီ၍ နမ်းရှုပ်ပြီးမှ မျက်နှာကို စေ့စေ့ကြည့်ပြီးလျှင် . . .

"သင်းကလေးကတော့ ရှိသေးရဲ့၊ မျက်နှာပုံချင်းလည်း ခပ်ဆင်ဆင်ပဲ။ သို့သော် အကင်းပါးပုံ၊ မိဘစကားနားထောင်ပုံများတော့ မတူနိုင်ဘူး ထင်တယ် သမီးရယ်။ တကယ်လို့ တူဦးတော့၊ သင်းတို့ကတော့ ကောင်းစားမှ ပေါ်လာကြတဲ့ဟာတွေ။ ဟိုဟာကလေးကတော့ ကောင်းအတူ ဆိုးအတူ ဆင်းရဲ

http://www.cherrythitsar.org



ဖော် ကောင်းစားဘက်။ ကံတူအကျိုးပေးလဲ ဖြစ်တယ်။ ဩော် ဟိုတုန်းက အမိအဖများ နွမ်းပါးလို့ တောင်သူလုပ်တုန်းကလည်း ထမင်းထုပ်ကလေး မနိုင့်တနိုင်နဲ့ လယ်တောလာပြီး ထမင်းပို့။ အဘက လယ်ထွန်ရာက မောမောပန်းပန်း သစ်ပင်ရိပ်အောက်မှာ ထမင်းထုပ်ဖြေပြီး ခေါင်းဖုကလေးနဲ့ ကျောက ချွေးများသုတ်ပေးရင်း သည်ဟင်းရွက်ကလေးက ကျွန်မခူးတာ အဖေရဲ့၊ သည်ငရုတ်သီးကလေးက ကျွန်မထောင်းခဲ့တာအဖေရဲ့။ တွတ်တီးတွတ်တာ ပြောဖော်ရလိုက်တာ။ အဘက ငါ့သမီး ငရုတ်သီးထောင်းနဲ့ ဟင်းရွက်ပြုတ်ကလေးက ကောင်းလွန်းလို့ အဖေတယ် ထမင်းစားမြိန်တယ်လို့ ပြောလိုက်ရင်ပဲ ဝမ်းသာရှာလွန်းလို့လေ၊ မနက်ဖြန်ကျ သည်ထက်များများ ခူးခဲ့ဦးမယ် အဖေရဲ့တဲ့။ အဖေလုပ်တဲ့ လူကတော့ ဟင်းရွက်ပြုတ်နဲ့ပေမယ့် သမီးဟင်းရွက်ပြုတ်မို့ တကယ့်ကို စားလို့မြိန်သဗျ။ သမီးအကြောင်းများက ပြောလို့မဆုံးပါဘူး မောင်ရယ်”

ဟု ပြောရင်း မျက်ရည်များကို တစ်ဖန် သုတ်ပြီးလျှင် အကလေးကို အောက်သို့ ချလိုက်ပြီးမှ . . .

“ကျုပ်သမီး တယ်ကံဆိုးတယ် မောင်ရယ်။ လိမ္မာတဲ့သမီးမို့ ထင်ပါရဲ့ အသက်မရှည်ရှာဘူး။ ကဲ ဒါနဲ့ မောင့်ပြောရဦးမယ်။ ဆရာဝန်ကြီးက ခုတင်က ပြောသွားတယ်။ နက်ဖြန် မိုးမလင်းမီဘဲ အသက်ပျောက်လိမ့်မတဲ့ ပြောသွားလို့ ဦးက သမီး ဘာများပြောချင်သလဲမေးတော့ ဖေဖေတော့ မပြောဝံ့ဘူး။ မေမေမှ ပြောချင်သတဲ့။ ဒါနဲ့ သူ့အမေခေါ်ပေးတော့ သူ့ကိုယ်သူ မနေရဘူးဆိုတာ သိပါတယ်တဲ့။ ဒါကြောင့် မသေခင် မောင်နဲ့ တစ်ခါလောက် တွေ့ပါရစေတဲ့။ ကဲ လာ၊ ဟိုအခန်းပါပဲ၊ ဝင်သာသွားပေတော့”

ဟု လက်ညှိုးညွှန်ပြလိုက်လျှင် မောင်သိန်းတင်လည်း အိပ်မက်မက်ရာမှ နိုး၍ လွတ်လိုက်ဘိသကဲ့သို့ ကယောင်ကတမ်းနှင့် ထသွားလေ၏။

အခန်းတွင်းသို့ရောက်လျှင် နေလည်း ဝင်ပြီးဖြစ်၍ အခန်းတွင်း၌လည်း မီးမရှိသဖြင့် မှောင်လျက်နေသည်ကို မြင်လျှင် မောင်သိန်းတင်သည် ခြေသံမကြားအောင် ဖြည်းညင်းစွာနင်း၍ လက်ဖြင့် စမ်းလျက်တွားရာ ခုတင်တစ်ခုကို ကိုင်မိလေ၏။ ၎င်းနောက် ရှိုက်၍ ငိုနေသည့်အသံကို ကြားလေလျှင်

“မငိုပါနဲ့ မေမေရယ်၊ ကျွန်မအတွက်တော့ မပူကြပါနဲ့။ ကျွန်မ မွေးကတည်းက စပြီး အမိအဖစကားကိုလည်း ဘယ်အခါမဆို နားထောင်ခဲ့ပါတယ်။ မကောင်းမှုဒုစရိုက်ဆိုလည်း မှုသားတောင်မှ မပြောဖူးဘူး။ ဥပုသ်

http://www.cherrythitsar.org



သီတင်းလည်း ဆောက်တည်ခဲ့တယ်။ သည်တော့ ကျွန်မ အမှန် ကောင်းရာ ရောက်မှာပဲ။ မေမေတို့ ဖေဖေတို့ ကျွန်မအတွက် ဘာမျှ စိတ်မပူကြပါနဲ့”

ဟု အသံသဲ့သဲ့ဖြင့် ပြောသည်ကို ကြားလျှင် မောင်သိန်းတင်လည်း အမိအဖ မဆိုထားနှင့် ငါပင်လျှင် နှမြောလိုက်ပါဘိ၏ဟု အောက်မေ့လေ၏။ မိခင်ဖြစ်သူလည်း မောင်သိန်းတင် ဝင်လာသည် သိ၍ ခုတင်နံဘေးတွင် ရပ်လျက်နေလေ၏။ မောင်သိန်းတင်လည်း အမိထသွားသော နေရာတွင် ဝင်၍ ထိုင်ရာ မသင်းကြည်သည် လက်ဖြင့်စမ်းသပ်၍ . . .

“ဘယ်သူလဲ၊ မေမေလည်း မဟုတ်ပါဘူး၊ ဖေဖေလား”

ဟု မေးရာ . . .

“မောင်သိန်းတင်”

ဟု ပြန်ပြောလိုက်လေ၏။

“ဪ ကိုသိန်းတင်လား”

ဟု ပြော၍ အတန်ကြာ စကားမပြောဘဲ ဆိုင်းနေပြီးလျှင် . . .

“ကျွန်မဘဝ တယ်ပြီး သီလနည်းခဲ့တယ် ကိုသိန်းတင်ရယ်။ အခုတော့ဖြင့် သီလနည်းတာလည်း ခပ်ကောင်းကောင်းပဲ ထင်ပါရဲ့လေ။ နေတယ်လို့လည်း အကျိုးမရှိပါဘူး။ ဒါနဲ့ ရှင့်မန္တလေးက မိန်းကလေးနာမည်က ဘယ်သူတဲ့”

“မသိန်းရှင်တဲ့”

“ဪ မောင်သိန်းတင်၊ မသိန်းရှင်။ နာမည်ချင်းကဖြင့် တယ်လိုက်ပါပေတယ်ရှင်။ လူချင်းဖြင့် မဆိုနိုင်ပေဘူး။ မသိန်းရှင်က ချောရင်ဖြင့် လိုက်မှာပေါ့၊ ချောရဲ့မဟုတ်လား”

“သနားကမားရှိတယ်လို့ အများကဖြင့် ပြောကြပါတယ်”

“ကျွန်မ ကြည့်စမ်းချင်တယ်။ ဒီမိန်းကလေး အင်မတန် လှမှာပဲနော်။ သူများတကာတော့ မနာလိုဝန်တို ဖြစ်တတ်တယ်မဟုတ်လား။ ကျွန်မမှာတော့ မနာလိုလို့လည်း အလကားပါပဲရှင်။ တကယ်လို့ နေရတိုင်အောင် ဝန်တိုတဲ့ စိတ် မရှိတတ်ပါဘူးရှင့်။ နာမည်ကလေးကြားရတာနဲ့ပဲ အင်မတန်ချစ်ပြီး ကိုသိန်းတင်မေတ္တာရှိတဲ့ မိန်းကလေးဆိုတာနဲ့ ကျွန်မကလည်း မေတ္တာရှိပါတယ်ရှင့်။ တစ်ခေါက်လောက် မြင်ချင်လိုက်တာနော်”

“တစ်နေ့တော့ မြင်ရပါလိမ့်မယ် မသင်းကြည်ရယ်။ ဟိုကလည်း မသင်းကြည်မြင်ရင် ချစ်ခင်မှာပါပဲ။ ကျွန်တော် သိပါတယ်”

http://www.cherrythitsar.org



ဟု ပြောလျှင် မသင်းကြည်သည် ပြန်၍မပြောဘဲ နေရာမှ ရှိုက်၍ လာသည်ကို မောင်သိန်းတင်ကြားလျှင် . . .

"ဘာဖြစ်သလဲ မသင်းကြည်၊ မနေသာလို့လား"

"ကျွန်မအကြောင်း ရှင်က မသိရှာသေးဘူးနော်၊ ကျွန်မသေရတော့ မယ် ကိုသိန်းတင်ရဲ့၊ မနေရဘူး။ နေရသည့်တိုင်အောင်လည်း ကျွန်မ မသိန်း ရှင်ကို မမြင်နိုင်တော့ဘူးရှင့်။ လက်ပေးစမ်း ကိုသိန်းတင်၊ သည်မှာ ကဲ သိပြီ လား"

ဟု ပြောလျှင် မောင်သိန်းတင်သည် တစ်ကိုယ်လုံးတုန်လှုပ်၍ သွား လေ၏။ (တုန်လှုပ်ခြင်းအကြောင်းမှာ မသင်းကြည်သည် မောင်သိန်းတင်၏ လက်ကို ယူ၍ မိမိ၏ မျက်လုံးကို စမ်း၍ကြည့်စေလျှင် တစ်မျက်နှာလုံး အမာ ရွတ်ပြီးလျက်ရှိသည်ကို စမ်းမိရသည့်ပြင် မျက်လုံးရှိရာသို့ စမ်းမိသောအခါ ၌လည်း မျက်ခွံတို့သည် မျက်စိအိမ်ဆန် မရှိသဖြင့် ပျော့လျက်ဝင်သွားသည် ကို စမ်းမိခြင်းကြောင့် ဖြစ်လေသည်။)

မောင်သိန်းတင် တုန်လှုပ်သည်ကို မသင်းကြည်သိလျှင် . . .

"ကြောက်သလားရှင်၊ ကြောက်စရာမရှိပါဘူး၊ ဆရာဝန်ကြီးက ပြော သွားပါတယ်။ သည်အနေရောက်မှတော့ မကူးတတ်ဘူးဆိုလို့ ကျွန်မ ကိုသိန်း တင်ကို အခေါ်ခိုင်းလိုက်ပါတယ်။ အခု ကိုသိန်းတင်ရောက်လာတော့လည်း ကြည့်ချင်လို့မှ မမြင်နိုင်တော့ဘူး ကိုသိန်းတင်ရေ"

ဟု ပြန်ပြောလျှင် မောင်သိန်းတင်လည်း ကူးမည်ကြောက်ရွံ့၍ တုန် လှုပ်သည် မဟုတ်ကြောင်း၊ အကယ်၍ပင် ကူးတတ်စေကာမူ မသင်းကြည်က တွေ့လို၍ အခေါ်ခိုင်းသည်ကို တစ်သက်မျှမက ၁၀ သက်ပင် ဆက်၍ သေ သော်လည်း ရဲဝံ့စွာ လာမည်ဖြစ်ကြောင်းတို့ကို ငိုသံပါနှင့် ပြောလေလျှင်

"ကိုသိန်းတင်က သေဝံ့ပေမယ့် ကျွန်မကလည်း အသေမခံနိုင်ဘူး။ မသိန်းရှင်ကလည်း အသေမခံနိုင်ပေဘူးရှင့်။ နောက် မသိန်းရှင်နဲ့ တွေ့တဲ့အခါ သည်က ကံဆိုးမ မသင်းကြည်ကလေးက လင်နဲ့မယား ချစ်ချစ်ခင်ခင်နဲ့ အို အောင်မင်းအောင် ပေါင်းရပါစေလို့ မသေခင် ဆုတောင်းသွားတဲ့အကြောင်း များလည်း ပြောလိုက်ပါရှင့် နော်"

ဟု ပြောလျှင် မောင်သိန်းတင်သည် တစ်သက်တွင် ဤမျှလောက် အောင် ဝမ်းမနည်းဖူးသလောက် ချုပ်တည်းဖြေဆည်၍ မရနိုင်လောက်အောင် ဝမ်းနည်းပြီးလျှင် ရှိုက်ကြီးငင်ကြီးနှင့် ငိုမိလေသည်။

"မငိုပါနဲ့ ကိုသိန်းတင်ရယ်၊ ကျွန်မအကြောင်းနှင့် ကျွန်မ သူ့ကုသိုလ်နှင့်သူ ဖြစ်ရတာမဟုတ်လား။ ကျွန်မဖြင့် ဒီလိုဖြေလို့ တယ်ပြီး ဝမ်းမနည်းလှပေဘူးရှင့်။ ဖြေမရတာ တစ်ခုတည်းရှိတယ်။ အခု ဒီအခန်းဟာ မှောင်ပြီးနေတယ် မဟုတ်လား။ ဒါ ဘာပြုလို့ တမင်မှောင်အောင် လုပ်ထားသလဲ သိလား။ ကျွန်မမျက်နှာကို ရှင်စမ်းကြည့်တယ် မဟုတ်လား။ ခုတင်က ဘယ်နှယ့်နေသလဲ တွေးမိရဲ့ မဟုတ်လား။ မျက်နှာကလည်း ကျောက်ပေါက်နာတွေနဲ့၊ မျက်လုံးကလည်း ဟောက်တောက်ကန်း။ ဆံပင်တွေကလည်း မရှိ။ အင်မတန် ရုပ်ပျက်ဆင်းပျက်ဖြစ်ရတယ်ရှင်။ သည်တော့ သည်ကဲ့သို့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတာကို ကိုသိန်းတင်မြင်မှာ ကျွန်မရှက်လို့ အခန်းကို တမင်မှောင်ချပြီးထားတယ်။ သည်ဟာ ဘယ်နှယ့်စိတ်လဲ၊ ကျွန်မ မပြောနိုင်ဘူးရှင်။ တော်တော်ကြာ သေရတော့မယ်။ သေရမယ့်ဆဲဆဲမှာတောင် ကိုသိန်းတင်မြင်မှာ ရှက်ရသေးတယ်။ သည်ဟာတစ်ခုတည်း ကျွန်မစိတ်ကို ကျွန်မ မနိုင်တယ်။ ကဲကဲ မေမေတို့ ဖေဖေတို့ကိုလည်း နှုတ်ဆက်ရဦးမယ်။ ပြန်ပေဦးတော့ရှင်။ အခုတင်က ကျွန်မမှာတာ မမေ့နဲ့နော်။ ပြောဖြစ်အောင် ပြောလိုက်ပါရှင်"

ဟု ပြောလျက် မောင်သိန်းတင်လည်း ခုတင်ဘေးတွင် ရပ်လျက်ရတ်တရက် ထွက်၍ မသွားနိုင်သေးဘဲ သနားလွန်းမက သနားပြီးလျှင် မည်သည့်စိတ်ရသည်မသိ၊ မျက်ရည်စက်လက်ဖြင့် မသင်းကြည်နဖူးလေးကို နမ်းရှုံ့ပြီး အခန်းပြင်သို့ ထွက်သွားလေ၏။

နက်ဖြန်နံနက် ရုံးတက်ချိန်ရောက်လျှင် မောင်သိန်းတင်သည် ရုံးသို့တစ်ခါတည်း မသွားနိုင်သေးဘဲ မသင်းကြည်တို့၏ အိမ်အနီးမှ ရပ်လျက်အကဲခတ်နေရာ တစ်အိမ်လုံး ကျွက်ကျွက်ဆူ ငိုကြွေးမြည်တမ်းနေကြသည်ကို ကြားသဖြင့် သက်ပြင်းချပြီးလျှင် ရုံးသို့ သွားလေ၏။ ရုံးသို့ရောက်လျှင် အလုပ်လုပ်ရန် များစွာ စိတ်မပါဘဲ စာရွက်တို့ကိုသာ လှန်လျက်နေစဉ်၊ ကြေးနန်းစာပို့ကုလားသည် သံကြိုးတစ်စောင်ကို ကိုင်လာပြီးလျှင် 'မောင်သိန်းတင်ဆပ်' ဟု မေး၍ မောင်သိန်းတင်အား ပေးလေ၏။ မောင်သိန်းတင်လည်း မည်သူ့ထံမှ ကြေးနန်းဖြစ်လေသနည်းဟု တွေးတောလျက် ဖွင့်၍ကြည့်လိုက်ရာ

'အမြန်လာပါ၊ ယနေ့မရောက်လျှင် မြင်ရတော့မည်မဟုတ်'

ဟု ပါရှိသော မသိန်းရှင်၏ထံမှ ကြေးနန်းဖြစ်သည်ကို တွေ့ရလေ၏။ မောင်သိန်းတင်သည် ကြေးနန်းစာကို အိတ်ထဲသို့ ထည့်ပြီးလျှင် စာရေးကြီးလုပ်သူလည်း ရုံးသို့ မရောက်သေးသည်နှင့် ဝရန်တာတွင် လမ်းလျှောက်

http://www.cherrythitsar.org



လျက်စောင့်နေရာ ရထားချိန် နီးလုပြီဖြစ်၍ ရထားတစ်စီးကို ခေါ်ပြီးလျှင် စာရေးကြီးအိမ်သို့ သွားလေ၏။ အိမ်သို့ရောက်လျှင် စာရေးကြီးက အလုပ်ဝင်စ အခါဖြစ်သဖြင့် အခွင့်မပေးနိုင်ကြောင်း ပြောလျှင် မောင်သိန်းတင်လည်း

"အခွင့်မပေးနိုင်ရင် ခင်ဗျားအလုပ်နဲ့ ခင်ဗျား နေရစ်တော့"

ဟု ပြော၍ ရထားပေါ်သို့ တက်သွား၏။ ၎င်းနောက်

"စတေရှင်ကိုကျောင်း"

ဟု ကုလားကို ပြောပြီးလျှင် ရထားပေါ်တွင် အနည်းနည်းအဖုံဖုံ ဆင်ခြင်တွေးတောလျက် မည်သည့်အကြောင်းကြောင့် ဤမျှလောက် အရေးတကြီး ရိုက်ကြားရလေသည်ကို စဉ်းစားလာရင်း ရထားလည်း ရပ်လေ၏။ မောင်သိန်းတင်သည် ရထားမှ ခုန်ဆင်းပြီးလျှင် လက်မှတ်ယူမည်ဟု ကြည့်လိုက်ရာ ဘူတာရုံမဟုတ် ဆေးရုံသို့ ရောက်လာကြောင်း သိရလေ၏။ ဘူတာရုံသို့မောင်းရန် ပြောသည်ကို အဘယ်ကြောင့် ဆေးရုံသို့ မောင်းလေသနည်းဟု ကုလားအား ဆဲရေးကြိမ်းမောင်း၍ ဘူတာရုံသို့ အမြန်မောင်းရန် ပြောပြီးလျှင် နာရီကို ကြည့်လိုက်ရာ ၁၁ နာရီထိုးရန် ၁၀ မိနစ်သာ လိုကြောင်း တွေ့ရလေ၏။ ရွှေဘိုမှ မန္တလေးသို့ သွားသော နောက်ဆုံးရထားသည် ၁၁ နာရီတိတိ ထွက်မည်ဖြစ်၍ မီမှ မီပါဦးမလားဟု အောက်မေ့လျက် ကုလားကိုလည်း ဆဲရေးတိုင်းထွာပြီးလျှင် မြင်းကို ကဆုန်မောင်းစေ၏။

ဘူတာရုံသို့ရောက်လျှင် မောင်သိန်းတင်သည် မြင်းရထားပေါ်မှ ဆင်းပြေး၍ တဖြည်းဖြည်းထွက်လျက်နေသော ရထားပေါ်သို့ မီးရာတွဲသို့ ဖမ်း၍တက်မည်ပြုရာ မြင်းရထားကုလားက အခမရသေးသည်နှင့် ဆွဲ၍ထားသောကြောင့် မတတ်နိုင်ဘဲ မီးရထားလည်း ထွက်သွားလေ၏။ မောင်သိန်းတင်လည်း ရထားကုလားအပေါ်၌ များစွာ အမျက်ထွက်သဖြင့် လည်ကိုအစ်ပြီးလျှင် ထိုးမည်ပြုရာ ပုလိပ်တို့က တောင်းပန်သဖြင့် မထိုးလိုက်ရဘဲ ဆွေ့ဆွေ့ခုန်လျက် ကျန်ရစ်လေ၏။

နောက်တစ်နေ့၌ မောင်သိန်းတင်သည် နံနက်အစောရထားကို မီစေရန် သန်းခေါင်ကျော်ကပင် ဘူတာရုံသို့သွား၍ စောင့်ပြီးလျှင် လေးနာရီ ရထားနှင့် လိုက်ပါသွားလေ၏။ (မီးရထားသည် ပေါက္ကံဘူတာနှင့် ဝက်လက်ဘူတာ အကြားသို့ ရောက်လျှင် လမ်းချော်၍ကျသဖြင့် ရထားတစ်စင်းလုံး မှောက်ပြီး များစွာ ခရီးကြန့်ကြာသည့်အကြောင်းများကို ၎င်းနှစ်သတင်းစာတို့တွင် ပါရှိလေသည်။)

http://www.cherrythitsar.org



မောင်သိန်းတင်မှာ ဒဏ်ရာအနာတရ ထိခိုက်ခြင်းမရှိသော်လည်း ရောက်လိုလှသည့် အရပ်ကို မရောက်နိုင်ဘဲ နှောင့်နှေးခြင်းဖြစ်ရလေသည့် အတွက် လွန်စွာ စိတ်နှလုံး မချမ်းသာဘဲ အခြားခရီးသည်တို့နှင့်အတူ စောင့် ဆိုင်း၍ စစ်ကိုင်းသို့ရောက်အောင် ခြေလျင်လျှောက်မည်ဟု အကြံနှင့် ထွက် လာခဲ့လေ၏။ ပေါက္ကံဘူတာအလွန်တွင် စစ်ကိုင်းမှ သံကြိုးရရှိသဖြင့် ခရီးသည် တို့ကို တင်ယူရန် အမြန်လာသော ရထားနှင့်တွေ့လျှင် မောင်သိန်းတင်မှာ ပေါက္ကံဘူတာနှင့် အတန်ကွာနေပြီဖြစ်၍ ပြန်၍လည်း မသွားနိုင်ဘဲ ခက်ခ ဘူတာတွင် တွေ့ဆုံကောင်းပါ၏ဟု အမြန်လျှောက်၍ လာခဲ့လေ၏။ ခက်ခ ဘူတာနှင့် တစ်မိုင်ခန့်အကွာတွင် မိမိတွေ့လိုက်သော ရထားသည် မိမိနှင့် အတူ လာသူခရီးသည်တို့ကို တင်ဆောင်၍ ပြန်လာသည်ကို တွေ့ပြန်လျှင် ကဆုန်ချ၍ အမီလိုက်ပါသော်လည်း ခရီးကလည်းပန်း၊ စိတ်ကလည်း မချမ်း သာသည်ဖြစ်၍ အနည်းငယ်ပြေးမိလျှင် မောပန်းသည်နှင့် တဖြည်းဖြည်းသာ လျှင် လာခဲ့ရလေ၏။ ခက်ခဘူတာအလံတိုင်သို့ရောက်လျှင် မီးရထားလည်း ထွက်ရန် အလံပြနေပြီဖြစ်၍ ရထားကို ရပ်ဆိုင်းရန် ဟစ်အော်ပြေးသွားပါ သော်လည်း မိမိနှင့်ပေးငါးဆယ်ကွာလောက်တွင် ရထားလည်း ထွက်သွား လေ၏။

ငင်းတစ်ကြိမ် မီးရထားနှင့် လွဲပြန်လျှင် မောင်သိန်းတင်မှာ မိမိ ကိုယ်ကို မြေပေါ်သို့သာ ပစ်လှဲ၍ ငိုလိုက်ချင်သော်လည်း မတင့်တယ်သဖြင့် သာ စိတ်ကိုချုပ်တည်း၍ ဘူတာရုံဝရန်တာကို မှီလျက် ထိုင်ရပြန်လေ၏။ မောင်သိန်းတင်၏ စိတ်၌ ငါသည် ဤမျှလောက် ဒုက္ခခံပါလျက်နှင့် တစ်ကြိမ် မှ နှစ်ကြိမ် အလွဲလွဲအချော်ချော် ဖြစ်ရခြင်းအကြောင်းမှာ မသိန်းရှင်နှင့် လွဲစေ ရန် အတိတ်နိမိတ်ပေတည်းဟု အောက်မေ့လျက် အားကို လျှော့မည်ဟု ကြံဆ ၍ ယောကျ်ားတို့မည်သည် လုံ့လဝီရိယကို မလျှော့ကောင်းဟု အားတင်းပြီး လျှင် သွားရင်းပင် ခြေတို၍သွားသော်လည်း မန္တလေးသို့ ယနေ့မရောက်လျှင် မနေဟု ဆက်လက်သွားပြန်လေ၏။

မီးရထားပျက်သောနေရာနှင့် စစ်ကိုင်းမြို့မှာ မိုင်ပေါင်း ၂၀ ကျော် ခန့် ဝေးကွာလေ၏။ မောင်သိန်းတင်မှာ နားချည်တစ်လှည့်၊ သွားချည်တစ်ဖုံ၊ ကဆုန်ပြေး၍လည်းတစ်မျိုးနှင့် လာခဲ့ရာ ညနေ ၆ နာရီအချိန်တွင် စစ်ကိုင်း ဘူတာရုံသို့ ရောက်လေ၏။ ရွှေကြက်ယက်ဘက်သို့ ကူးတို့ဖြင့် ကူးသော် လည်း ရထားမရှိသဖြင့် မန္တလေးဆိပ်ကမ်းသို့အရောက် သမ္ဗာန်ငှားပြီးလျှင်

http://www.cherrythitsar.org



သမ္မာန်သမားကိုလည်း ကြေးငွေအပိုပေး၍ မရပ်မနားဘဲ ခတ်စေရာ ၈ နာရီခွဲ အချိန်တွင် ဂေါဝိန်ဆိပ်သို့ ဆိုက်လေ၏။ ဓာတ်ရထားပေါ်သို့ တက်မိလျှင် လူ ၄ – ၅ တို့ ပြောနေကြသည်မှာ . . . တစ်ဦးသောသူက

"ကျွန်တော်တို့ အရပ်နားက မိန်းကလေးတစ်ယောက်အကြောင်း ကြားပြီးပြီလား"

တခြားတစ်ဦးက

"မကြားရသေးဘူး၊ ဘာဖြစ်လို့လဲ"

ပထမလူက

"ပွဲစားဦးဘမောင် သမီးကလေးပေါ့ဗျာ"

ဟု ပြောလျှင် မောင်သိန်းတင်သည် လုံနှင့် ထိုးလိုက်ဘိသကဲ့သို့ ရွှေ့ထိုင်လိုက်ပြီးလျှင် . . .

"ပြောစမ်းပါဦးခင်ဗျာ၊ ဘယ်သူလဲ၊ ဘယ်ပွဲစားလဲ၊ သမီးနာမည် ဘယ်သူလဲ"

ဟု မေးလျှင် ပထမပြောနေသူက . . .

"အလို . . . ကိုသိန်းတင်လား၊ ခင်ဗျားတို့ အိမ်နီးချင်းပေါ့ဗျာ။ ခင်ဗျား မသိသေးဘူး။ သြော် ခင်ဗျားက ရွှေဘိုသွားနေတာကိုး။ ဘယ်တော့က ရောက်သလဲ"

"ကဲပါဗျာ ခုတင်ကအကြောင်း ပြောစမ်းပါဦး"

"သြော် မသိန်းရှင်ကလေးလား၊ သည်လိုဗျ။ ပွဲကတော် ဒေါ်သာယာ ရဲ့ မောင်တစ်ဝမ်းကွဲ တစ်ယောက်က ပျဉ်းမနားကလာလည်ပြီး ပွဲစားကြီး အိမ်မှာပဲ တည်းတာကိုးဗျ။ ဒါနဲ့ ၄–၅ ရက်လောက်ရှိတော့ မောင်နှမနှစ် ယောက် တိုင်ပင်ကြတာပေါ့လေ။ ဆွေချင်းခြံတော့ လုံ၊ မျိုးချင်းထပ်တော့ မြတ်တယ်လို့ သဘောရပြီး မောင်နှမချင်း လက်ဆက်မယ်လို့ ကြံကြတာပေါ့။ ခင်ဗျားတို့ ကတော်ကြီးများတောင် တိုင်ပင်ကြသေးတယ်ဆိုပဲ။ ကောင်ကလေး မိဘများက ငွေ ၃၀၀၀ တင်ရမတဲ့။ စီမံနေကြတဲ့ အတောအတွင်း အမေလုပ် တဲ့ဟာကတော့ သမီးဆိုတာ သူပြီးရင် ပြီးတယ်လို့ လုံးလုံးတောင် မတိုင်ပင် ဘူးဆိုထင်ပါရဲ့။ ဒါနဲ့ သားက ရိပ်မိလို့ သဘောမကျတဲ့အကြောင်း ပြောတော့ ကောင်ကလေးက ဘာမျှ ဆိုစရာမရှိတဲ့အပြင် ဆွေမျိုးချင်းလည်းဖြစ်တဲ့အတွက် ငြင်းပယ်ဖို့ မရှိတဲ့အကြောင်း ပြောပြီး ဖိတ်စာတွေ ဘာတွေရိုက်၊ ခန်းဝင်ပစ္စည်း တွေ ဘာတွေဝယ်၊ သည်ကနေ့ညတောင်းဖို့ ရမ်းဖို့ပေါ့။ မိန်းကလေးက သည်

http://www.cherrythitsar.org



ကနေ့ ညနေ ၆ နာရီလောက်မှာပဲ ဆေးတွေ အလွန်သောက်လိုက်တယ်တဲ့။ တစ်ရပ်လုံး ကျွက်ကျွက်ဆူလို့”

ဟု ပြောလျှင် . . .

“သေရှာပြီလားဗျာ”

ဟု မောင်သိန်းတင်က မေးရာ . . .

“ကျွန်တော်ကြားတုန်းကတော့ မသေရှာသေးဘူး။ ဆရာဝန်တွေ ဘာ တွေဝိုင်းနေတာပဲ။ သို့သော် ရမယ်လို့ မထင်ပါဘူးဗျာ။ တယ်ခက်တာပဲ”

ဟု ပြောသည်ကို မောင်သိန်းတင်ကြားလျှင် ဓာတ်ရထားကိုပင်လျှင် နှေးသည်ဟု အောက်မေ့လျက် ခရီးပန်းလာသည်ကိုမှ သတိမရဘဲ ဆင်း၍ သာလျှင် ပြေးလိုက်ချင်၏။

ဓာတ်ရထားမှဆင်းလျှင် မောင်သိန်းတင်သည် မသိန်းရှင်၏ အိမ်သို့ တစ်ဟုန်ထိုး ပြေးသွားပြီးလျှင် အိမ်ရှေ့မှ အကဲခတ်လျက်နေရာ တစ်အိမ်လုံး ဆိတ်ငြိမ်စွာ ရှိသဖြင့် အနည်းငယ်အားတက်၍ အနီးသို့ ချဉ်းကပ်ပြီးလျှင် အိမ်ပေါ်မှဆင်းလာသူ အဒေါ်ကြီးတစ်ယောက်အား မေးမြန်းစုံစမ်းရာ အဒေါ်ကြီးက . . .

“အလို . . . မောင်သိန်းတင်လား”

ဟု ပြော၍ လက်ပြပြီးလျှင် အိမ်ပေါ်သို့ တက်သွားပြန်လေ၏။ အတန်ငယ်ကြာလျှင် မသိန်းခင်လည်း အိမ်ပေါ်မှဆင်းလာ၍ မောင်သိန်းတင်၏ လက်ကို ဆွဲပြီးလျှင် . . .

“မောင့်ကို ခဏခဏ မေးနေသည်”

ဟု ပြော၍ အိမ်ပေါ်သို့ တွန်းတင်လိုက်လေ၏။ မောင်သိန်းတင်လည်း လှေကားကို နင်းရသည်မထင်ဘဲ အိမ်ပေါ်သို့ တက်သွားလျှင် အမိအဖတို့သည် တစ်ထောင့်၌ မျက်နှာချင်းဆိုင် မှိုင်နေကြလျက် မိမိ၏ အမိနှင့် ဆရာဝန်ကြီးတို့လည်း ခုတင်အနီးတွင် တီးတိုးတိုင်ပင်ကြလျက် မသိန်းရှင်ကလေးသည် ခုတင်ပေါ်တွင် ပက်လက်ကလေး မှောလျက်နေသည်ကို မြင်လျှင် ဝမ်းတွင်း၌ရှိသော အသည်းနှလုံးတို့သည် လည်ချောင်းသို့ အကုန်လာ၍ ဆို့ဘိသကဲ့သို့ အသက်ရှူမှားလျက် ခုတင်အနီးသို့ သွား၍ ဒူးထောက်ပြီးလျှင် မသိန်းရှင်၏ မျက်နှာကို စေ့စေ့ကြည့်နေလေ၏။ မသိန်းရှင်လည်း မျက်စိကိုမှိတ်နေရာမှ ရုတ်တရက် ဖွင့်ကြည့်ပြီးလျှင် အလွန်တရာ ဝမ်းသာအားရ ရှိသော မျက်နှာထားဖြင့် . . .

"ခုမှလာသလား ကိုသိန်းတင်"

ဟု သဲ့သဲ့ကလေး ပြောပြီးလျှင် ရင်ကို လက်ဖြင့်ဖိ၍ မျက်စိကို ပြန်မှိတ်သွားလေ၏။ ဆရာဝန်ကြီးလည်း သတိရလာသည်ကို မြင်သဖြင့် အနီးသို့ လာပြီးလျှင် အတန်ကြာစိုက်ကြည့်နေရာ မသိန်းရှင်လည်း မလှုပ်ရှားဘဲ နေလေလျှင် ဦးခေါင်းကိုခါ၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။ မောင်သိန်းတင်လည်း အဘယ်ကြောင့် ကြာရှည်စွာ မလှုပ်ရှားဘဲ နေဘိသနည်းဟု လက်ကလေးကို ကိုင်လိုက်ရာ အေး၍နေသည်ကို စမ်းမိလျှင် ဝမ်းထဲမှာ အစာလည်းမရှိ၊ ခရီးကလည်း ပန်းနေသည့်အတွင်း ချစ်လှစွာသော ရည်းစားသည် မျက်စိအောက်တွင် အသက်ပျောက်၍သွားချေပြီတကားဟု သတိလစ်၍ လဲသွားလေ၏။

သတိရ၍ မျက်စိကို ဖွင့်ကြည့်သည့်အခါ အမိအဖတို့သည် အိပ်ရာတစ်ဖက်တစ်ချက်တွင် ထိုင်လျက် . . .

"လူကလေး . . . လူကလေး"

ဟု ခေါ်နေကြသည်ကို ကြားသဖြင့် ရုတ်တရက် အိပ်ရာမှ လူး၍ထပြီးလျှင် . . .

"ဖေဖေတို့ မေမေတို့ ကျွန်တော် အိပ်မက် မက်လိုက်တာ မေမေရယ်၊ သြော် . . . လက်စသတ်တော့ အကုန်လုံး အိပ်မက်ပါကလား။ ဟီ ဟီ ဟီ ဟော ပြတင်းပေါက်က လက်ယက်ခေါ်တာ ဘယ်သူလဲ၊ မသိန်းရှင် မဟုတ်လား။ အဟုတ်သားပဲ၊ လာမယ်ဟေ့။ မသိန်းရှင်ရေ၊ မောင်လာပြီ"

ဟု ပြော၍ အိမ်ပေါ်မှ ခုန်ချလိုက်လေ၏။

(မောင်သိန်းတင်မှာ ယခုအခါ အနောက်ဘက် စစ်ကိုင်းတောင်ရိုး ဣစ္ဆာသယချောင်တွင် ပဉ္စင်းအဖြစ်ဖြင့် သီတင်းသုံးနေရာ စကားစပ်မိကြသဖြင့် ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လှန်ပြောဆိုသည်နှင့် ကြားသိခဲ့ရသည့်အတွက် ၎င်းထံ အခွင့်လျှောက်တောင်းပြီးလျှင် ဤသတင်းစာတွင် ရေးသားထည့်သွင်းခြင်း ဖြစ်ပါကြောင်း။)

**သူရိယမဂ္ဂဇင်း ၊ အမှတ် (၁) ၊ ၁၉၁၇ ခု၊ မတ်လ။**



## ဒဂုန်ရွှေမျှား (၁၈၉၅–၁၉၈၂)

ဒဂုန်ရွှေမျှား အမည်ရင်းသည် ဦးတင်ဖြစ်၍ ၁၈၉၅ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ပြည်မြို့၌ မွေးဖွားခဲ့ပါသည်။ အဖ ဦးချစ်ထွန်း၊ အမိ ဒေါ်စောကလေးတို့ ဖြစ်သည်။ ငယ်စဉ်က အိမ်တွင် အင်္ဂလိပ်–မြန်မာ ဆရာများဖြင့် ပညာသင်ကြားခဲ့ရသည်။ တတိယတန်းမှစ၍ ကျောင်းနေရသည်။ အသက် ၁၈ နှစ်အရွယ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော်လည်း ရန်ကုန်တက္ကသိုလ်တွင် ခေတ္တမျှ တက်ရောက်သင်ကြားခဲ့ပါသည်။ နောက် ကုန်သည်၊ ရှေ့နေ (၁၉၂၇ ခုနှစ်တွင် ရှေ့နေစာမေးပွဲ အောင်မြင်ခဲ့သည်။)၊ သတင်းစာကိုယ်စားလှယ်၊ သတင်းထောက်၊ အယ်ဒီတာ (၁၉၂၀ ပြည့်နှစ်တွင် ပြည်မြို့မှ 'ကြည်တော်မူ' မဂ္ဂဇင်း၊ ဝတ္ထုတိုမဂ္ဂဇင်း)၊ စစ်ကြိုခေတ်တစ်လျှောက်လုံး ဘဝအမျိုးမျိုး တွေ့ကြုံလုပ်ကိုင်လာခဲ့ရင်း တစ်ဖက်တွင် ရှေးဦးစွာ အခြေချလာသည့် မြန်မာစာရေးဆရာတစ်ယောက်ပင်။

၁၉၁၇ ခုနှစ်၊ မတ်လတွင် စတင်ထုတ်ဝေသော သူရိယမဂ္ဂဇင်းပေါ်လာသောအခါ 'ဝီလီယမ်ရှိတ်စပီးယား' (WILLIAM SHAKESPEARE) ၏ 'အော်သယ်လို' (OTHELLO) ပြဇာတ်ပုံဝတ္ထုကို မှီး၍ 'ချင်းဗိုလ်မောင်

http://www.cherrythitsar.org



တက်တူ' အမည်ဖြင့် ရေးသားပို့ရာ မေလထုတ် သူရိယမဂ္ဂဇင်း၌ (ရေးသူ ဆုရသည်) အမည်ဖြင့် ထည့်သွင်းဖော်ပြခံရပါသည်။ ဒဂုန်ရွှေမျှား၏ ပထမ ဦးဆုံး ဝတ္ထုတိုဖြစ်သွားခဲ့ပြီး သူရိယတိုက်မှ ဆုငွေ ၁၅ ကျပ် ရရှိခဲ့လေသည်။ နောက် ပြည်မောင်တင် အမည်များဖြင့် လက်ရာများ ရေးသားခဲ့သည်။ သူရိယ၊ ဒဂုန်၊ မြန်မာ့အလင်း အစရှိသော မဂ္ဂဇင်း စာမျက်နှာများတွင် ဝတ္ထုစာပေများ အများအပြားရေးခဲ့သော ဝတ္ထုရေးဆရာဖြစ်လာခဲ့ပြီး ထင်ရှားလာခဲ့သည်။

ဂျပန်ခေတ်တွင် ကုန်သည်အဖြစ် လုပ်ကိုင်ရင်း ဂျပန်ခေတ်၊ ပြန် ကြားရေးဌာနတွင် လက်ထောက်အယ်ဒီတာ၊ စစ်ပြီးခေတ်တွင် ယနေ့အမျိုး သမီးမဂ္ဂဇင်း၊ သတင်းစုံ (TIT BIT) ဂျာနယ်၊ ဗမာ့ခေတ်နှင့် ရွှေ့ဆောင် သတင်းစာ၊ သတင်းအယ်ဒီတာ၊ စာပေဗိမာန်တွင် စာပြု၊ လက်ထောက်စာ တည်းအဖြစ် လုပ်ကိုင်ခဲ့သည်။ နောင် အငြိမ်းစားဘဝတွင် စာပေဗိမာန်စာပေ အတိုင်ပင်ခံ ခန့်အပ်ခံရပါသည်။

စာရေးသက် (၅၁) နှစ်အတွင်း လုံးချင်းဝတ္ထုပေါင်း (၄၀) ကျော်၊ (စုံထောက်ဦးထင်ကျော်၊ အမ်ကြာရိုး၊ ထောင်မင်းသားဦးဖိုးထော်၊ စောရမောင် မောင်) ဝတ္ထုတို (၄၀၀) ကျော် (ဖရောင်းဆရာဝန်၊ ထူးတတွေ၊ ကြောင်နက် ကြီးတစ္ဆေ၊ ခြောက်သောပန်းတဂေါင်း၊ သူယောင်ရုပ်၊ စိတ္တဇခရီးသည်၊ ဘိန်း မင်းသမီး၊ ကိုးပွင့်ဖူးစာ၊ မနှင်းဆီ၊ သက်ပြောင်းကိုယ်ခွာဆေး၊ မနုဿမက္ကဠ၊ မြစိမ်းရောင်ကလပ်၊ လူတစ္ဆေ၊ ရှစ်သောင်းအမွေ)၊ ဘာသာပြန်ဝတ္ထုရှည်များ တွင် (မြေအောက်နိုင်ငံ၊ ရှီဘာဘုရင်မ၊ ကျောက်စိမ်းနက်လက်စွပ်၊ ပန်းမြတ် မာလာ) တို့ ထင်ရှားခဲ့ကြပါသည်။

ဆရာကြီး ဒဂုန်ရွှေမျှားသည် ၁၉၅၉ ခုနှစ်တွင် 'ရော်ဘင်ဆင်ခရူး ဆိုး' ဝတ္ထုဖြင့် ဘာသာပြန်ဆု ရခဲ့သူဖြစ်ပါသည်။ အင်္ဂလိပ်စာရေးဆရာ 'ဒယ် နီယယ်ဒီဖိုး' (DANIEL DEFOE) ၏ (Robinson Crusoe) ဝတ္ထုလုံးချင်း ဖြစ်သည်။ ၁၉၆၃ ခုနှစ်တွင်လည်း ' မြို့ဝန်မင်း၏ ဘဝခရီး' ဝတ္ထုဖြင့် အနုပညာ စာပေဆု၊ ဘာသာပြန်ဒုတိယဆု ထပ်မံရရှိခဲ့သည်။ မူရင်းဝတ္ထုမှာ အင်္ဂလိပ်စာ ရေးဆရာ 'သောမတ်ဟာဒီ' (THOMAS HARDY) ၏ (The Mayor of Casterbridge) ဝတ္ထုဖြစ်သည်။

မြန်မာစာပေလောကတွင် ပင်ကိုယ်ရေးဝတ္ထုများကိုလည်းကောင်း၊ အမှီအငြမ်းပြု ဝတ္ထုများကိုလည်းကောင်း၊ တိုက်ရိုက်ဘာသာပြန်ဝတ္ထုများကို လည်းကောင်း အဆက်မပြတ်ရေးသားနိုင်ဆုံးသော စာရေးဆရာကြီးဟု အသိ

http://www.cherrythitsar.org



အမှတ်ပြုခံရပါသည်။ ထို့ပြင် နိုင်ငံရပ်ခြားမဂ္ဂဇင်း၊ စာစောင်များမှလည်း ကောင်းနိုးရာရာ တီထွင်စွန့်စား အံ့မခန်းစရာ အကြောင်းများကို ဆောင်းပါး များဖြင့် တင်ပြခဲ့ပါသည်။ ခရီးသွားစာပေ၊ စာပေသမိုင်းစာပေ၊ (မြန်မာနိုင်ငံ စာပေဆုများ ပထမတွဲ) နှင့် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာပေ၊ (ဒဂုန်ရွှေမျှား၏ ဘဝနှင့်စာပေ)၊ အတ္ထုပ္ပတ္တိဆိုင်ရာ ဆောင်းပါးများ (ဂျာနယ်ကျော် ဦးချစ်မောင်၊ မင်းဆွေ) စသဖြင့် ရေးသားပြုစုခဲ့ရာတွင် ထင်ရှားကျော်ကြားခဲ့ပါသည်။

ဆရာကြီးဒဂုန်ရွှေမျှား၏ 'ပထမဦးဆုံး ဝတ္ထုတိုအစ ချင်းမိုလ်မောင် တက်တူက' ဆိုသော ဝတ္ထုနှင့်ပတ်သက်၍ စာရေးဆရာ မင်းကျော်၏ ဝတ္ထုတို အတတ်ပညာစာတမ်းတွင် (အော်သယ်လိုပုံဝတ္ထုကို ဖတ်ဖူးထားသူများမှ အပ၊ ထိုဝတ္ထုသည် နိုင်ငံခြားဇာတ်လမ်းကို မှီးထားသောဝတ္ထုဟု ယူဆကြလိမ့်မည် မထင်ပါ။ ဤဝတ္ထုတွင်လည်း စာရေးဆရာ၏ ထူးခြားသော ကိုယ်ပိုင်တီထွင်မှု ကို တွေ့ရပါသည်) ဟု တင်ပြဖတ်ကြားသွားခဲ့လေသည်။

ဆရာကြီး ဒဂုန်ရွှေမျှားသည် ၂၈.၅.၁၉၈၂ တွင်၊ ရန်ကုန်မြို့၌ ကွယ် လွန်သွားခဲ့ပါသည်။ ရုပ်ရှင်ဒါရိုက်တာ စိန်ဖေတင် (ကွယ်လွန်) အပါအဝင် သားသမီး ( ၅ ) ယောက် ကျန်ရစ်ခဲ့ပါသည်။

# ချင်းမိုလ် မောင်တက်တူ

အချိန်မှာ လွန်ခဲ့သော နှစ်ပေါင်း ၆၅ နှစ်ခန့်ကဖြစ်၍ ပြည်မြို့တွင် ရာဇဝတ်ဝန်ကြီး 'မစ္စတာ ရောဘတ်' ဆိုသူ အုပ်ချုပ်သည့်အချိန်ဖြစ်၏။ ထို အချိန်က ပြည်မြို့အရှေ့ဘက် ပေါက်ခေါင်းမြို့နယ်တွင် ပစ္စည်းဥစ္စာ အတော် အတန် ကြွယ်ဝချမ်းသာသော ရွာသူကြီး ဦးရွှေသီးဆိုသူ ရှိ၏။

၎င်းမှာ မြန်မာဘုရင်လက်ထက်မှစ၍ မျိုးရိုးစဉ်ဆက် သူကြီးဖြစ် သည့်အတိုင်း ရွာသားများအပေါ်တွင် သြဇာညောင်းသူဖြစ်၏။ သူကြီးကတော် မှာ လွန်ခဲ့သော ၅ နှစ်ခန့် ကပင် ကွယ်လွန်ခဲ့၍ သမီးလေးတစ်ယောက် ကျန်ရစ် ခဲ့ရာ ထိုအချိန်က သမီး ဖြစ်သူက ခင်မြမေမှာ အသက် ၁၇ နှစ်အရွယ်သို့ ရောက်ရှိခဲ့လေပြီ။

တောသူဟုပင် ဆိုရသော်လည်း ခင်မြမေမှာ တောနှင့်မတန် လှပသူ တစ်ယောက်ဖြစ်၍ အစိုးရအရာရှိ မြို့အုပ် ဝန်ထောက်များပင် လာရောက်စပ် ဆိုသော်လည်း ခင်မြမေမှာ မည်သူ့ကိုမျှ ချစ်ခင်စုံမက်ခြင်းမရှိဘဲ ငြင်းပယ်ခဲ့ သည်သာဖြစ်၏။

ထိုအချိန်က ရာဇဝတ်ဝန်ကြီး မစ္စတာ ရောဘတ် လက်အောက်တွင် အမှုထမ်းသူ အင်စပိတ်တော် 'မောင်တက်တူ' ဆိုသူမှာ ရွာသူကြီး ဦးရွှေသီး အိမ်သို့ ညဥ့်အချိန်များတွင် မကြာခဏလာရောက်ကာ သူကိုယ်တိုင် မှော်ဇာ၊ ဆင်မြီးဆွဲနှင့် သဲကုန်းမြို့နယ်များတွင် လူဆိုးဓားပြများအား မည်ကဲ့သို့ နှိမ် နင်းခဲ့ပုံများကို ပြောကြားလေ့ရှိရာ မကြာမီပင် ခင်မြမေနှင့် ရင်းနှီးကာ သမီး ရည်းစားအဖြစ်သို့ ရောက်ခဲ့ကြတော့၏။ သို့သော် ဦးရွှေသီးသည် ထိုအချိန် က ၎င်းတို့အကြောင်းကို ကောင်းစွာ မရိပ်မိခဲ့ချေ။

http://www.cherrythitsar.org



'မပုပ်ဘဲ မပေါ်၊ မဟုတ်ဘဲ မကျော်' ဆိုသည့်အတိုင်း မကြာမီပင် ဦးရွှေသီးသည် ထိုအကြောင်းများကို သိရှိသွားသဖြင့် အသက်မစေ့သေးသူ သမီးဖြစ်သူအား ဤကဲ့သို့ စော်ကားရမည်လောဟု ဒေါသမျက်ထောင်းထောင်း ထွက်ကာ ရဲဌာနသို့ တိုင်ကြားရာ မောင်တက်တူအား သက်ဆိုင်ရာ အာဏာ ပိုင်တို့က ဖမ်းဆီးပြီးနောက် ပြည်မြို့သို့ ယူဆောင်လာခဲ့လေသည်။

(ထိုအချိန်က ကျားကြီးဆိုသူသည် ဓားပြဂိုဏ်းတစ်ဂိုဏ်းကို ခေါင်း ဆောင်ကာ ပုလိပ်များအား ဒုက္ခပေးလျက်ရှိ၏။)

သို့သော် မောင်တက်တူမှာ ရာဇဝတ်ဝန်ကြီး မစ္စတာရောဘတ်၏ တပည့်ရင်းဖြစ်သည့်အတိုင်း ၎င်းအား မှော်ဇာမြို့နယ်တွင် ထကြွနေသည့် ခိုးသားဓားပြများအား သွားရောက်နှိမ်နင်းရန် အဆောတလျင် လိုအပ်သည် ဆိုကာ ချက်ချင်းပင် အာမခံပေး၍ လွှတ်လိုက်တော့၏။

သို့နှင့် တရားသူကြီးက ခင်မြမေအား ယခု အမှုပြီးဆုံးသောအခါ ဖခင်ဦးရွှေသီးထံ ပြန်မည်လော၊ သို့မဟုတ် ခင်ပွန်းဖြစ်သူ မောင်တက်တူ နောက်သို့ လိုက်မည်လောဟု မေးမြန်းရာ ခင်မြမေက မိမိသည် ဖခင်ဦးရွှေ သီးထံသို့ မပြန်တော့ဘဲ ငယ်ချစ်လင်မောင်တက်တူ နောက်သို့သာ လိုက်ပါ တော့မည်ဟု ပွင့်လင်းရဲဝံ့စွာ လျှောက်ထားလေတော့၏။

အင်စပိတ်တော် မောင်တက်တူမှာ ခင်မြမေကို ပိုးပန်းစဉ်အခါက တပည့်ဖြစ်သူ မောင်ဘတင်အား ကိုယ်စားလှယ်အဖြစ်ဖြင့် စေလွှတ်ခဲ့၏။ မောင်ဘတင်မှာ ရာဇဝတ်ကြပ်ကလေးမျှသာ ဖြစ်ပြီးလျှင် အသက်အရွယ်အား ဖြင့်လည်း ၂၅ နှစ်ခန့်သာ ရှိသေး၏။ ဖြူဖြူသေးသေးနှင့် ရုပ်ရည်လှပသော သူငယ်တစ်ယောက်ဖြစ်၏။ မိမိ၏ဆရာ အင်စပိတ်တော် မောင်တက်တူမှာ ချင်းလူမျိုးပင်ဖြစ်သော်လည်း တိုက်ရည်ခိုက်ရည်ရှိသူ ဖြစ်ပြီးလျှင် သဘော ထားကြီးသူတစ်ယောက်ဖြစ်ကြောင်းဖြင့် ခင်မြမေအား အမွှမ်းတင်၍ ပြောလေ့ ရှိ၏။

ထိုအချိန်တွင် လင်နှင့်မယားစပ်ကြား၌ ကတုံးကတိုက် လုပ်တတ် သူ မောင်ဘချစ်ဆိုသူတစ်ယောက်ရှိရာ အခွင့်သာသည့်နေ့တစ်နေ့တွင်

"အင်း မိန်းမဆိုတာအခက်သားကလားဆရာ၊ ဣတ္ထိဝဏ်္ဏ နဒီဝင်္ကလို့ ဆိုတယ်မဟုတ်လား၊ သူတို့အချစ်ကို ဘယ်တော့မှ လုံးဝယုံလို့မဖြစ်ဘူး၊ ဒီ အကြောင်းတွေ ကျွန်တော်လည်း သိပ်မပြောချင်ပါဘူး ဆရာ၊ ကျွန်တော်ပြော လို့ ဆရာတို့တစ်ခုခုဖြစ်သွားရင် ကျွန်တော် ဘယ်စိတ်ကောင်းနိုင်ပါတော့မလဲ"

ဟု မပြောချင် ပြောချင် ပြောရသကဲ့သို့ မောင်တက်တူအား ပြောလေသည်။ ထိုအချိန်မှစ၍ မောင်တက်တူမှာ မိမိ၏အသည်းကို အပ်ဖြင့် ဆွသကဲ့သို့ နာကျင်သော ဝေဒနကို ခံစား၍ နေရရှာတော့၏။

ခင်မြမေ၏ စိတ်တွင်လည်း မိမိလင်ယောကျ်ား၏ မျက်နှာထားမှာ ယခင်အခါများကနှင့်မတူဘဲ စကားမပြော တုံဏှိဘောလုပ်၍နေသည့် အချိန်က များကြောင်း၊ မိမိဘက်မှလည်း လင်ယောကျ်ားမကြိုက်သည့် အရာမှန်သမျှကို မည်သည့်အခါကမျှ မလုပ်ခဲ့ကြောင်းဖြင့် မောင်တက်တူ၏ သဘောထားကို နားမလည်နိုင်အောင်ပင် ရှိတော့၏။

နောက်တစ်နေ့ တနင်္ဂနွေနေ့နံနက်တွင် ခင်မြမေသည် လက်ဆွဲခြင်းကလေးတစ်ခုကို ကိုင်ကာ ဈေးဝယ်ရန် ထွက်ခဲ့၏။ အကြံသမား မောင်ဘချစ်မှာ ခင်မြမေဈေးဝယ်ချိန်ကို သိပြီးဖြစ်သည့်အတိုင်း မောင်တက်တူ၏အိမ်သို့ ရောက်လာပြီးနောက် –

"အင်း ဆရာ့ကို ပြောချင်တာလေးတစ်ခုရှိလို့ ရောက်လာတာပဲလေ"

ဟု ပြောကာ အနီးရှိ ကုလားထိုင်တစ်လုံးတွင် ခပ်ယို့ယို့ဝင်၍ထိုင်ကာ –

"ခင်မြမေမှာ ပိုးလက်ကိုင်ပုဝါ ဇာပေါက်ကလေးတစ်ထည် ရှိတယ်မဟုတ်လား၊ အရောင်က ပန်းနုရောင်ကလေးလေ။ အဲဒီလက်ကိုင်ပုဝါကလေးကို ဒီကနေ့မနက်ဘဲ ကျွန်တော် လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း မောင်ဘတင်လက်ထဲမှာ မြင်ခဲ့ရတယ်၊ ဒါပါပဲဆရာ။ နို့ပေမယ့် ဒေါသတော့ ရှေ့မထားပါနဲ့ ဆရာ၊ ဒေါသရှေ့ထားရင် မှားတတ်ပါတယ်"

ဟု မပြောချင်ပြောချင်ဖြင့် ပြောပြီးနောက် ပြန်သွားလေသည်။ သို့နှင့် နဝင်းရဲဌာန အနီးတွင် ဖိုးကျော်ကို တွေ့သည်နှင့် –

"ဟေ့ကောင် ဘယ့်နှယ့်လဲ၊ တို့အကြံတော့ အောင်လုပါပြီကွယ်၊ မင်းစဉ်းစားကြည့်စမ်း၊ ခံနိုင်စရာရှိရဲ့လားလို့၊ ငါ ပုလိပ်ဘက်ဝင်တာ ၇ နှစ်ရှိပြီ၊ ဘာမဟုတ်တဲ့ ဘတင်ကိုတောင် ရာဇဝတ်ကြပ်ဖြစ်အောင် လုပ်ပေးတယ်၊ ပေးချင်းပေးရင် ငါ့ကိုသာ ပေးဖို့သင့်တယ် မဟုတ်လား၊ ငါ့လောက် အမှုထမ်းကောင်းတဲ့လူ ဒီဂတ်မှာ ရှိသေးလို့လား၊ ရာဇဝတ်ဝန်ကြီးကလည်း ကိုတက်တူကိုတော့ အင်မတန်ချစ်တာကလား၊ မိခင်မြနှင့် မရခင်က သူတို့နှစ်ယောက်ကြား ဒီအကောင်က အောင်သွယ်လုပ်ပေးတာကိုး၊ အင်း ဘချစ်အကြောင်း သိရစေမပေါ့ကွာ"

http://www.cherrythitsar.org



ဟု ပြောကာ ထိုနေရာတွင် လူချင်းခွဲလိုက်ကြ၏။

ထိုည၌ မောင်တက်တူသည် ခေါင်းကိုက်ဟန်ဆောင်၍ အိမ်ရှေ့ဆောင် လသာခန်းတွင်း သွေးဆေးနှင့် ဘမ်းပရုပ်ဆီကို ရှူလျက်ရှိရာမှ အိမ်ထဲသို့ လှမ်း၍ . . .

"မြရေ . . . လာပါဦးကွယ်၊ ခေါင်းကိုက်လိုက်တာကွာ၊ ခေါင်းစည်းရအောင် လက်ကိုင်ပုဝါကလေးတစ်ထည် ယူခဲ့စမ်းပါ"

ဟု ပြောရာ ခင်မြမေသည် လက်ကိုင်ပုဝါဖြူကလေးတစ်ထည်ကို ဘီရိုအတွင်းမှ ထုတ်ယူခဲ့၏။

"ဒီလက်ကိုင်ပုဝါမဟုတ်ဘူး"

"ဘာဖြစ်လို့လဲရှင်"

"ဘာပြုပြုကွာ မလိုချင်ဘူး၊ ငါတစ်နေ့က တိုက်က ဝယ်လာတဲ့ ပိုးဇာလက်ကိုင်ပုဝါ ပန်းနုရောင်ကလေး ယူခဲ့"

ခင်မြမေမှာ ထိုလက်ကိုင်ပုဝါလေးကို အိမ်တွင်းအိမ်ပြင် အနှံ့ရှာသော်လည်း မတွေ့ရတော့ချေ။ (ဤကဲ့သို့ ရှာမတွေ့ခြင်းမှာ ဘချစ်သည် မိမိ၏ ဇနီးအား ထိုလက်ကိုင်ပုဝါကလေးကို ခင်မြမေထံသို့ အလည်အပတ်သွားစဉ် တိတ်တဆိတ် အခိုးခိုင်းသဖြင့် ဘချစ်လက်သို့ ရောက်သွားခြင်းဖြစ်၏။)

ထိုည၌ မောင်တက်တူမှာ အဘယ့်ကြောင့် ဤမျှလောက် စိတ်ကောက်နေရသည်ကို ခင်မြမေမှာ နားမလည်နိုင်ရှာချေ။ သို့နှင့် ခင်မြမေမှာ အိပ်ရာသို့ ခပ်စောစောဝင်ကာ ပုတီးစိပ်ရင်း . . .

"အို မနေ့ညက အိပ်မက် ယာမက်တွေလည်း မကောင်းလိုက်တာ၊ မျက်ခုံးတွေကလည်း လှုပ်နဲ့၊ ငါ ဘာများဖြစ်ချင်လို့ပါလိမ့်"

ဟု စဉ်းစားပြီးနောက် စိပ်ပုတီး ၃ ပတ်မျှ ရသောအခါ မေ့ခနဲ အိပ်ပျော်သွားလေတော့၏။

အိမ်ရှေ့ခန်းတွင် ခေါင်းကိုက်ဟန်ဆောင်နေသော မောင်တက်တူသည် ခင်မြမေအကြောင်းကို စဉ်းစားရင်း

"အင်း . . . သနားတော့ သနားစရာပဲ၊ ဆွေမျိုးမိဘတွေရဲ့ အမွေအနှစ်ကို စွန့်ပြီး ချစ်သူနောက်ကို လိုက်လာရှာတာ၊ တကယ်စဉ်းစားကြည့်ရင် သနားစရာပဲ၊ ငါပြုသမျှ နုရမယ့် မိန်းကလေး၊ အင်း ဟိုအကောင်ပြောတဲ့ အတိုင်း ဟုတ်ရင် တော်ပါရဲ့၊ စိတ်လိုက်မာန်ပါ ငါလုပ်လိုက်လို့ မှားသွားရင်တော့ ကိုယ်ကျိုးကြီးနည်းတော့မယ်၊ ဟယ် မတတ်နိုင်ဘူး၊ ဒီလိုကောင်မ

http://www.cherrythitsar.org



မျိုး လူ့ပြည်ထားလို့ ဆန်ကုန်မြေလေးပေါ့၊ ဘာသနားစရာ ရှိသလဲ။ လုပ်ဆို ခပ်မြန်မြန်လုပ်မှ၊ အင်း . . .”

(မောင်တက်တူသည် တောက်တစ်ချက်ခေါက်ကာ သက်ပြင်းချလျက်) ခြေကို ဖော့၍နင်းကာ ခင်မြမေအိပ်ခန်းတွင်းသို့ တိတ်တဆိတ် ဝင်ခဲ့လေသည်။ တစ်စုံတစ်ရာ မသိရှာသော ခင်မြမေမှာ အိပ်ရာပေါ်တွင် တစ်ဖက်သို့ ခပ်စောင်းစောင်းလှည့်ကာ အိပ်နေရှာ၏။

“အင်း ပစ်ရမှာကလည်း အဆီနဲ့ရွှဲရွှဲ၊ စားရမှာကလည်း သလဲနဲ့ရှပ်ရှပ် ဖြစ်နေတာပဲ၊ ဟယ် . . . မတတ်နိုင်ဘူး၊ သန္နိဋ္ဌာန်ချပြီးတဲ့အလုပ် ငါဘာဖြစ်လို့ နောက်ဆုတ်ရမှာလဲ”

ဟု ပြောပြီးနောက် မောင်တက်တူသည် တစ်စုံတစ်ရာ မသိရှာဘဲ တစ်ဖက်သို့ စောင်း၍ အိပ်နေသော ဇနီးသည်၏ ပါးပြင်မို့မို့ကလေးကို ခပ်ယို့ယို့ လှမ်း၍ နောက်ဆုံးနမ်းရှုံ့လိုက်လေသည်။

ခင်မြမေသည် အိပ်ပျော်ရာမှ လန့်၍နိုးလာရာ –

“အလိုလေး . . . ဘုရား . . . ဘုရား၊ လက်ထဲမလည်း ဓားကြီးနဲ့ပါလား”

ဟု အလန့်တကြား ပြောလိုက်၏။

ထိုအခါ မောင်တက်တူသည် အဖြစ်အပျက်အလုံးစုံကို အကုန်အစင် ပြန်ပြောကာ အပြီးသတ်၌ နာမည်ကိုပင် ဖော်ထုတ်ကာ . . .

“ဒီဘတင်နဲ့ ဖြစ်တာ မောင်ကြီးရဲ့အသည်းကို အပ်နဲ့ဆွသလို ခံနေရတာပဲ မြရေ . . . ခံနေရတာပဲ”

ဟု ငိုသံပါကြီးနှင့် ပြောလိုက်လေသည်။

“အလို ဘုရား . . . ဘုရား၊ ကျွန်မ ရှင်နဲ့ရတဲ့ နေ့ကတည်းကစပြီး တခြားယောကျ်ားများအပေါ် စိတ်ထဲက ဆံချည်ဆယ်စိတ်စိတ် တစ်စိတ်တောင်မှ မပြစ်မှားဖူးပါဘူးရှင်”

“မြလည်း မောင်ကြီးအကြောင်း အသိသားနဲ့၊ မောင်ကြီးပြောမိတဲ့ စကား ဘယ်တော့မှ ဖျက်ရိုးထုံးစံ မရှိဘူး။ ဒါပေမယ့် မင်းမျက်နှာ အသားဝင်းကလေး ခပ်တင်းတင်းကြည့်ပြီး မောင်ကြီး မသတ်ရက်ဘူး၊ ဒီတော့ ဟောဒီ ပိုးစောင်ကလေး ခေါင်းမြီးခြုံပြီး မင်းကိုယ်မင်း သရဏဂုံတင်လိုက်ပေတော့”

“ကျွန်မ သေရမှာတော့ မကြောက်ပါဘူး မောင်ကြီးရယ်၊ နို့ပေမယ့် မသေခင် ကျွန်မပြောတဲ့ စကားတွေ မှန်ကြောင်း သစ္စာပြုပြီး ကိုတက်တူကို

http://www.cherrythitsar.org



နောက်ဆုံး ကန်တော့ခဲ့ပါရစေ၊ ကျွန်မပြောတဲ့စကားတိုင်း မှန်ပါက ကျွန်မ အသက်ကို ရန်ရှာသူဟာ ကိုယ့်အပြစ်ကို ဝန်ခံပြီး ထုတ်ဖော်ပြောပါစေသား၊ ရှင်သိကြားနဲ့ နတ်များဒေဝါ ကူညီဝိုင်းလို့ မှိုင်းမတော်မူပါ"

ဟု ပုဆစ်တုပ်ကာ မောင်တက်တူအား ကန်တော့ရှာ၏။ ထို့နောက် ဆက်လက်၍

"သြော် . . . ခင်မြ . . . ခင်မြ၊ အရင်ဘဝက ဘယ်လိုအကုသိုလ် မျိုးများ ပြုခဲ့မိပါလိမ့်မလဲ၊ မိဘစကား နားမထောင်လို့ အခုလို ဖြစ်ရတာပဲ၊ အင်း ဒီလိုမိုက်တဲ့ကောင်မ သေတာပဲ ကောင်းတယ်၊ မောင်ကြီးကို ကျွန်မ နောက်ဆုံး ဝအောင်ခေါ်လိုက်ပါရစေဦး၊ မောင်ကြီးတော့ မှားခြင်းကြီးမှားပြီ။ ဟိုအရင်က မောင်ကြီး တိုက်ပုံခိုက်ပုံပြောတာတွေ၊ ပေါက်ခေါင်းလာတုန်းက လှည်းပေါ်မှာ မျက်နှာချင်းဆိုင်ပြီး တို့လင်မယား နောက်ကို ဘယ်တော့မှ မခွဲဘူးလို့ ပြောခဲ့တာတွေ မောင်ကြီး မေ့ကုန်ပြီထင်တယ်"

(ထိုအချိန်က အထူးသဖြင့် နယ်များတွင် မော်တော်ကားများ အလွန် ရှားပါးသေးသော ခေတ်ဖြစ်၍ မှော်ဇာ၊ ဆင်မြီးဆွဲ၊ သဲကုန်း စသည့်မြို့နယ် များမှ ပြည်မြို့သို့လာလျှင် လှည်းများဖြင့်သာ လာရ၏ . . . စာရေးသူ)

ခင်မြမေသည် မောင်တက်တူအား နောက်ဆုံးကန်တော့ခြင်းဖြင့် ကန်တော့ပြီးနောက် ဘုရား တရား သံဃာ ရတနာသုံးပါးကို အာရုံပြုလျက် ရှိနေရှာ၏။

ထိုခဏ၌ပင် မောင်တက်တူသည် ထက်လှစွာသော ဓားမြောင်ဖြင့် လည်မျိုကို တစ်ချက်တည်း ထိုးလိုက်ရာ ခင်မြမေမှာ တစ်ချက်မျှပင် မအော် နိုင်ရှာဘဲ မောင်တက်တူ၏ ဓားဖျားတွင် အသက်ပါ၍ သွားရှာလေတော့၏။

ခင်မြမေကို သတ်ပြီးနောက် မောင်တက်တူသည် အိမ်အောက်သို့ ဆင်းသွားရာ အိမ်ထဲသို့ လူနှစ်ယောက် အူယားဖားယား ပြေးဝင်လာပြီးနောက်

"ကိုတက်တူကို ဝန်ထောက်ကြီးက ခဏလိုက်ခဲ့ပါဦးတဲ့၊ လူသတ်မှု တစ်ခု ဖြစ်နေလို့တဲ့"

ဟု ပြော၏။ သို့နှင့် မောင်တက်တူမှာ အဝတ်အစားများကိုပင် မလဲ နိုင်ဘဲ ထိုသူနှင့်အတူ လိုက်ပါသွားလေသည်။

လူသတ်မှုဖြစ်ပွားပုံမှာ မောင်ဘတင်သည် အိမ်မှအထွက် မှောင်ရိပ် မှနေ၍ ဖိုးကျော်သည် ဓားရှည်နှင့် ပိုင်းလိုက်၏။ သို့သော် ကံကောင်းထောက်မ သဖြင့် မောင်ဘတင်ကို မထိဘဲ မန်ကျည်းပင်တွင် စိုက်၍နေ၏။ ထိုအခါ

http://www.cherrythitsar.org



မောင်ဘတင်သည် နံဘေးရှိ ဝါးရင်းတုတ်ဖြင့် တအားရိုက်လိုက်ရာ ဖိုးကျော်၏ ဦးဆက်ကို အခန့်သင့်ရိုက်မိသဖြင့် တစ်ခါတည်း လဲကျသွားလေသည်။

ထိုအချိန်တွင် ရိုက်သံပုတ်သံ ဆူညံသံများကြောင့် အိမ်နီးပါးချင်းများ ရောက်ရှိလာရာ အံ့အားသင့်လျက် ရပ်နေသော မောင်ဘတင်နှင့် မြေပေါ်တွင် လဲကျနေသည့် ဖိုးကျော်၏ အလောင်းကို တွေ့ကြရလေသည်။

၁၅ မိနစ်ခန့်ကြာသော် ရာဇဝတ်ဝန်ကြီးကိုယ်တိုင် မြင်းနှင့်လာရောက်၍ အကျိုးအကြောင်း မေးမြန်းပြီးလျှင် ဖိုးကျော်၏ အင်္ကျီအိတ်ထဲသို့ ရှာဖွေရာ စာတစ်စောင်ကို တွေ့ရှိရ၏။ ထိုစာမှာ ဘချစ်က အရိုက်ခိုင်းကြောင်း၊ မောင်တက်တူကိုလည်း မည်ကဲ့သို့ ဂုံးတိုက်ခဲ့ကြောင်း၊ ခင်မြမေ၏ လက်ကိုင်ပုဝါအကြောင်း စသည်ဖြင့် အကြောင်းမျိုးစုံ ပါရှိလေသည်။

ထိုအချိန်၌ မောင်တက်တူသည် လူအုပ်ထဲမှ အမှတ်မထင် ပြန်သွားပြီးလျှင် မိမိမှားကြောင်းကို နောင်တကြီးစွာ ရရှိသည့်အတိုင်း မည်သည့်အရာကိုမျှ သတိမရနိုင်တော့ဘဲ

"အင်း . . . ဒီဘဝမှာ ငါနေလို့ကော ဘာထူးဦးမလဲ"

ဟု အောက်မေ့ကာ ပူနွေးလျက်ပင် ရှိသေးသော ခင်မြမေ၏ လည်တိုင်ကျော့ကလေးကို ဘယ်ဘက်လက်ဖြင့် အသာဖက်ကာ ထိုခဏ၌ပင် အသက်ပျောက်၍ သွားလေတော့သတည်း။

မောင်ဘတင်မှာ မိမိ၏အသက်ကို ကာကွယ်နိုင်ခွင့်ရှိသော ဥပဒေအရ ရာဇဝတ်အပြစ်ဒဏ်မှ ချမ်းသာရာရလေတော့၏။ မောင်ဘချစ်ကိုမူကား ချက်ချင်းဖမ်းဆီးပြီးလျှင် ရုံးတင်စစ်ဆေးတရားစွဲဆိုရာ ထောင်ဒဏ် ၁၀ နှစ် ကျခံရန် အမိန့်ချမှတ်ခြင်း ခံရလေသည်။



## ပီမိုးနင်း (၁၈၈၃–၁၉၃၂)

ပီမိုးနင်းကို ၁၈၈၃ ခုနှစ်တွင် သုံးဆယ်မြို့၌ မွေးဖွားသည်။ မိုးနှင်းများ ကျနေစဉ် မွေးလာသဖြင့် 'မိုးနှင်း' ဟု အမည်ရခဲ့သည်။ နောင် ခရစ်ယာန်အမည် 'ဖီလစ်' (Phillip) အမည်ဖြင့် ပီမိုးနင်းဖြစ်လာသည်။ စင်စစ် ငယ်နာမည် မောင်ကျော်ညွန့်ဖြစ်သည်။ ဖခင်ကား သားမယားကိုစွန့်ကာ အရပ်လေးမျက်နှာ သွားလာနေသဖြင့် မိခင်မှာ ဈေးရောင်းလျက် ပီမိုးနင်းမောင်နှမနှစ်ယောက်ကို လုပ်ကိုင်ကျွေးမွေးရသည်။ ဆင်းရဲစွာ နေရပြီး ပညာတတ်လို၍ အိမ်မှ ထွက်ပြေးသည်။ သုံးဆယ်မြို့၊ ဗရင်ဂျီသာသနာပြုကျောင်း ရောက်သွားသည်။ ခရစ်ယာန်ဘာသာသို့ ဝင်သည်။ အင်္ဂလိပ်–မြန်မာ (၄) တန်းအောင်သောအခါ မော်လမြိုင်ရှိ ဘုန်းတော်ကြီးသင်တန်းကျောင်း တက်သည်။ (၃) နှစ်ပညာသင်ပြီး ပီနန်–ဂျင်နရယ်ကောလိပ်သို့ ပညာသင်သွားရသည်။ တက္ကဗေဒ ဒဿနပညာရပ်များ သင်ကြားရသည်။ လက်တင်ဘာသာဖြင့်ပင် ကဗျာစပ်ဆိုနိုင်ခဲ့သည်။ အသက် (၂၀) အရွယ်တွင် မြန်မာပြည်သို့ ပြန်လာခဲ့သည်။ သုံးဆယ်၊ ကြို့ပင်ကောက် သာသနာပြုကျောင်းတွင် ဆရာလုပ်ခဲ့သည်။

http://www.cherrythitsar.org



ကျောင်းအုပ်နှင့် မသင့်မြတ်၍ ကျောင်းဆရာအလုပ်မှ နုတ်ထွက်ကာ မိခင်နှင့်အတူနေရာ ပထွေးဖြစ်သူနှင့် မြန်မာစာပေကို ကောင်းစွာ လိုက်စားခဲ့သည်။ ဖခင်ကဲ့သို့ပင် အရပ်လေးမျက်နှာ လျှောက်သွားသည်။ စာအုပ်သေတ္တာတစ်လုံးကား အမြဲပါသည်။ ဗုဒ္ဓဘာသာအဖြစ် ခံယူသည်။ ပီဒဗလျူဒီ စာရေးလုပ်သည်။ ပြည်မြို့၊ ဆေးရုံကြီးတွင်လည်း စာရေးကြီးဝင်လုပ်သည်။ အိမ်ထောင်ကျသည်။ ထိုစဉ် လယ်တီဆရာတော်နှင့် တွေ့သည်၊ ပဥ္စင်းခံသည်။ ရဟန်းဘဝ၌ရှိစဉ် ဇနီးသည် ကွယ်လွန်ခဲ့သည်။ လယ်တီဆရာတော်နှင့်အတူ ရန်ကုန်ရောက်လာပြန်သည်၊ နောက် လယ်သမားကြီး၏ မွေးစားသားအဖြစ် လယ်ထဲနေရင်း ကဗျာရေးသည်၊ တက္ကဗေဒကျမ်းကို ဘာသာပြန်သည်၊ ပြီးတော့ ရန်ကုန်ပြန်လာသည်၊ စာအုပ်ထုတ်ရန်ဖြစ်သော်လည်း ဘာသာပြန်ဆရာဖြစ်လာသည်။ ထိုအလုပ်မှထွက်ကာ သုံးဆယ်တွင် ကျောင်းဆရာပြန်လုပ်ရင်း ဟသ်ာတခရိုင်၊ ဓမ္မိမြို့သို့ ရောက်လာသည်။ ဒေါ်စိန်တင့်နှင့် အိမ်ထောင်ကျသည်။ သားများမွေးဖွားသည်။ ပထမကမ္ဘာစစ်ပြီးသောအခါ ပုံနှိပ်တိုက်ထောင်၍ မြန်မာ့မိတ်ဆွေမဂ္ဂဇင်း ထုတ်ဝေသည်။ နောက် သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာတိုက်များတွင် အလုပ်ဝင်သည်။ ပညာ့အလင်း၊ သစ္စာဝါဒီသတင်းစာနှင့် ဗန္ဓုလဂျာနယ်များတွင်လည်း အလုပ်ဝင်လိုက်သည်။ ထိုစဉ် ဆောင်းပါးများနှင့် ဝတ္ထုရှည်များ ဒလစပ်ရေးသားခဲ့ပါသည်။ ပိုက်ဆံကြီး၊ မောင်ကျော်၊ ဦးလေပွေ၊ ပီမိုးနင်းအမည်များဖြင့် စာပေလောကတွင် ထင်ရှားလာခဲ့သည်။ တက်ကျမ်း၊ ဘာသာပြန်၊ လမ်းညွှန်စာအုပ်များ ထုတ်ဝေရင်း စရကဆေးတိုက်မှ 'ပီမိုးနင်း' အမည်ဖြင့် ၁ ကျပ် လေးပဲတန် လုံးချင်းဝတ္ထုများ ရေးသားထုတ်ဝေခဲ့ရသည်။ 'နေညိုညို'၊ 'ဟေမဝန်ဘွေ'၊ 'ဗိုလ်ခင်ဂျမ်း' ဝတ္ထုစာအုပ်များ စသဖြင့်။ ပီမိုးနင်း၏ ကလောင်ခွဲ 'ပိုက်ဆံကြီး' အမည်ဖြင့် 'နေရီရီ'၊ 'ပွဲစားကြီးသားအဖနှင့် မြမြ'၊ 'ဘားမားဒေး' ဝတ္ထုစာအုပ်များမှာ မြန်မာစာပေလောကတွင် ထင်ရှားအောင်မြင်ခဲ့သည်။

'မောင်ကျော်' အမည်ဖြင့်လည်း 'ခင်ထား'၊ 'ဘီအေမောင်တင့်'၊ 'ပင်လယ်ကူးခတ်ပုံ' ဝတ္ထုများမှာ ထင်ရှားခဲ့ပါသည်။

*ဆရာပီမိုးနင်း၏ ရေးဖွဲ့သော အတွေးအခေါ်များ၊ ရေးခဲ့သော အရေးအသားများမှာ သူ့ခေတ်နှင့် နှိုင်းစာသော် ရှေ့သို့ ရောက်၍နေသည် ဟုပင် ဆိုချင်ပါသည်၊ ကျွန်တော်တို့အနေဖြင့် ဆရာပီမိုးနင်း၏ ဝတ္ထုတိုများကို ဒဂုန်မဂ္ဂဇင်း အမှတ် (၃) 'မွေလေရောင်' မှ စတင် သတိပြုမိပါသည်။* ဟု

http://www.cherrythitsar.org



ဦးကြီးမောင် (ငွေဥဒေါင်း) ကလည်းကောင်း၊ (P.Monin has many imitators but most of them fail to reproduce the essential novelty that is peculiar to P.Monin. It is, I think, this distinctiveness which the novelist has to develope) ဟူ၍ ဂန္ထလောကမဂ္ဂဇင်း (၁၉၃၂ ဇွန်လ) တွင် Maung Thant Literary Talks အခန်း၌လည်းကောင်း ရေးသားသုံးသပ်ခဲ့သည်။

စင်စစ် အဖွဲ့အနွဲ့များ လွန်ကဲနေသောခေတ်တွင် 'နေထွက်လာပြီ' ဟူသော တိုတိုနှင့် လိုရင်း အဖွဲ့အနွဲ့များဖြင့် ခေတ်သစ်စကားပြေခေတ်ကို အုတ်မြစ်ချခဲ့သူပင်။ နောက် ရုပ်ရှင်လောက ရောက်သည်၊ ဇာတ်ညွှန်းရေးသူဖြစ်သည်။ နောက် သားဖြစ်သူ 'ကျော်စိုး' ကို မင်းသားလုပ်စေ၍ ဒါရိုက်တာဖြစ်လာသည်။ စာရေးဆရာဘဝတွင် များစွာ ဆင်းရဲပင်ပန်းခဲ့ရသည်။ သို့သော် စာရေးခြင်းကို မစွန့်လွှတ်ခဲ့ပေ။ သူ၏ ထင်ရှားသော 'ပီမိုးနင်း၏ ပီမိုးနင်း' ဆိုသည့် ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်ဖြင့်ပင် သိရပါသည်။

၁၉၃၉ ခုနှစ် ဒီဇင်ဘာလ တွင် စက်ဘီးတိုက်ခံရ၍ ပေါင်ကျိုးကာ ဆေးရုံတက်ရသည်။ ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီလ ဖ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။

၁၉၂၀ ပြည့်၊ မြန်မာဝတ္ထုတို တစ်ခေတ်ဆန်းချိန်တွင် ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ မောင်အုံးမြိုင်၊ မောင်သစ္စာ၊ ဇေယျ၊ ဒဂုန်ခင်ခင်လေး အစရှိသော ဝတ္ထုတိုဆရာများနှင့်အတူ ပီမိုးနင်းသည်လည်း ဝတ္ထုတိုဆရာ ဖြစ်လာခဲ့လေသည်။ ၁၉၂၀ ပြည့်၊ ဒီဇင်ဘာလထုတ် ဒဂုန်မဂ္ဂဇင်း၌ ပီမိုးနင်း၏ ဝတ္ထုများ စတင်ဖော်ပြလာသည်။ 'ဆိုးပေ' ဝတ္ထုတိုသည် ဒီဇင်ဘာလထုတ် မဂ္ဂဇင်းမှာပင် စတင်ပါလာခဲ့သည်။ နောက် 'ငွေလရောင်' (Under The Silvery Moon) (ဒဂုန်မဂ္ဂဇင်း၊ ၁၉၂၁ ခုနှစ်၊ ဇန်နဝါရီလ)၊ 'မရဏာ' (Angel of Dealth) (ဒဂုန်မဂ္ဂဇင်း၊ ၁၉၂၁၊ ဖေဖော်ဝါရီလ)၊ 'ညီလေးမေတ္တာ' (The Love of Younger Brother) (ဒဂုန်မဂ္ဂဇင်း၊ ၁၉၂၁ ခုနှစ်၊ မေလ) စသဖြင့်။ (**စကားချပ်။** ။ သူရိယ၊ ပညာအလင်း၊ ဒဂုန်မဂ္ဂဇင်းများတွင် ဝတ္ထုအမည်များတွင် အင်္ဂလိပ်ဘာသာကို မြန်မာဘာသာနှင့်အတူ ဖော်ပြလေ့ရှိပါသည်။)

# ဆိုးပေ

ဒေါက်တာဘရောင်းဆိုသူသည် စစ်အတွင်းတွင် သေနတ်အမြောက် ဗုံးသံတို့ကြောင့် ဆွံ့အနားပင်း စိတ်ကို ညှို့ခြင်းအား နိုင်လေသည်။ သေနတ် အသံတို့ကြောင့် မိမိအဖြစ်အပျက်မေ့သော သူများကိုဖြင့် ရေးသားလေသည်။

စစ်မြေပြင်တွင် ထိုအမြောက်အမြား ကုသခဲ့ရသော ကာလအတွင်း (အ) နေသူကို ဤနည်းဖြင့် ကုသလေသည်မှာ ဆေးရုံသို့ ရောက်လာခြင်းသူ၏ လက်ကို ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် နိုင်ကြလေသည်။ ဆွံ့အနားပင်း သွားသူသည် မိမိ၏အဖြစ်အပျက် သတိမေ့လျော့သွားရာ ဤနည်းတူ ကုသ ခြင်းဖြင့် လာသည်။ အခြားရောဂါတစ်ယောက်သည် မိမိမြင်သမျှတို့မှာ လိန် တွန့်ကွေးလမ်းချိုးများသာ မြင်နေရာ။ ဤရောဂါ ကင်းကွာသွား၏။

"ပညတ်မှာ ဓာတ်သက်ပါတယ်ဆိုတာ အင်မတန်မှန်တဲ့စကားပဲ နော်"

ဟု မဥသည် အိမ်နောက်ဘေး ခြံစောင့်ရင်း၌ ယောကျ်ားပျိုတစ်ယောက်နှင့် စကားပြောစဉ်၊ ထုတ်ဖော်၍ ပြောလိုက်လေ၏။ ထိုအခါ ညဆယ်နာရီကျော်ခန့် အချိန်ဖြစ်၍ မိုးဦးကျအခါမို့ ပထဝီမြေကြီးကို ရင်ဆိုင်ပြုကာ ကြီးလှစွာသော မျက်မှန်နှင့် ရန်စတို့ ကြံစည်၍နေပဟန်ရှိသော ကောင်းကင်မှာ ဒေါသနှင့် ညှို့ပြီး တအိုအိုနေသောကြောင့် ဆန်းတက်စ လကလေးမှာ တိမ်လိုင်းများအထဲတွင် ငုတ်ချည်ပေါ်ချည်ဖြစ်၍နေသဖြင့် ကောင်းစွာမှ မသာနိုင်ဘဲ တစ်ချက်တစ်ချက်မျှသာ။ မီးယပ်သယ်၏ မျက်နှာလို ဖြူရော်ရော်ဖြစ်ခါ ပေါ်လာပြီးလျှင် တွန့်တိုငြိုငြင်။ မကြည်မရွှင်သော အရောင်ကို လွှတ်ရာလေ၏။

http://www.cherrythitsar.org



အနောက်တောင်ထောင့်ဘက်မှ ရက်ရက်ရောရော မမြင်နိုင်သော ဒီရေကြောပမာ စီးတက်၍လာသော လေသည်ကား။ မဥနှင့် ယောကျ်ားပျို ကလေး မှီ၍နေသော ခရေပင်ကို ဝင်ရောက်တိုးဝှေ့လျက်။ မမြင်နိုင်သော ကက်မောင်းများနှင့် ဘက်ခါ ရမ်းလိုက်လေရာ၊ အကိုင်းများ သွက်သွက်ခါ ပြီးလျှင် ရေမှုန်များသည် ခရေပန်းပွင့်များနှင့် အတူရောယှက်ခါ လွင့်စင်ကျ လေ၏။

၎င်းခရေပန်းတို့သည်ကား နှစ်ယောက်သော မိန်းမပျိုနှင့် ယောကျ်ား ပျို၏ အပေါ်၌ ငြိမ်သက်စွာ နားကြပြီးလျှင် အချစ်၏ စကားများကို ငြိမ်သက် စွာ နားထောင်၍ နေကြဟန်ရှိလေ၏။

"မဥရဲ့ နက်နက်နဲနဲ ခက်ခဲတဲ့ အဘိဓမ္မာတွေကို မသုံးပါနဲ့ ကျုပ် နားမလည်လို့ပါ။ ကျုပ်နားလည်တဲ့ မွန်မြန်မာစကားကို အသားပါပါပြောစမ်း ပါ၊ ပညတ်မှာ ဓာတ်သက်ပါတယ်ဆိုတာ။ ဓာတ်စာကို ပြောတာလား၊ ဓာတ်စာ ဖြစ်ရင် မီးယပ်အတွက်လား၊ ဒူလာအတွက်လား"

ဟု ဆိုးပေက ပြန်၍ပြောရင်း ခရေပင်ကို ဓားမြှောင်ဦးနှင့် ထိုးစိုက် ခါ ကလိ၍နေလေ၏။

"ယောကျ်ားများကို ဘယ်သူက ရာရာဖွေဖွေ သည်မြေကြီးပေါ်ကို ပို့လိုက်ပါလိမ့်မလဲ။ လက်မနေနိုင် ခြေမနေနိုင်နဲ့။ ဘယ်တော့မှ၊ ဂနာမငြိမ် ဘူး။ သည်သစ်ပင်က ရှင့်ကို ဘယ်လိုများ နာနာကြည်းကြည်းလုပ်လို့ ဓား မြှောင်နဲ့ ကလိနေရတာလဲ၊ ကျွန်မပြောတာကို သေသေချာချာ ရှင်မစဉ်းစား လို့ နားမလည်တာပေါ့။ ရှင့်နာမည်နဲ့ ရှင့်အကျင့်နဲ့ မလိုက်ဘူးလား"

"အော်အော်တာလိုလား နားလည်ပါပြီခင်ဗျာ . . . နားလည်ပါပြီ၊ ကျုပ် ဘာဆိုးလို့လဲ"

"ဘာဆိုးသလဲ၊ ဆိုးတာ ကျွန်မဘာပြောတတ်မလဲ။ မကြာခဏ အမှု ဖြစ်တယ်၊ ရိုက်သမျှ နှက်သမျှ ပွဲထဲမှာ ဆူသမျှတွေဟာ ရှင့်လက်ချက်တွေ ဆိုတာ တစ်ရပ်လုံးသိတာပဲ"

"သည်လောက်တောင်လည်း မဟုတ်ပါဦး မဥရယ်၊ ကျုပ်ဟာ နာ မည်ကြီးသလောက် ဆိုးတာလည်း မဟုတ်ပါ၊ ပုဇွန်ဆိတ်ခေါင်းလို ဖြစ်နေ တာပါ၊ သည်သတင်းကို မဥယုံသလား၊ မြင်ရတာနဲ့ ကြားရတာ၊ ဘယ်ဟာ ကို သာပြီးယုံသလဲ"

"မြင်ရတာကို သာပြီးယုံရတာပေါ့"

http://www.cherrythitsar.org



"သည်လိုဖြင့် ကျုပ်ဟာ တကယ်လူဆိုးတဲ့ တူသလား"

"မတူပါဘူးရှင့်၊ သူတော်ကောင်းကလေးပါ၊ အင်မတန် သိမ်မွေ့တဲ့ ယောကျ်ားလေးပါပဲ"

ဆိုးပေသည် ဓားမြောင်ကို ခါးထဲသို့ ပြန်စိုက်ပြီးလျှင်၊ မဥ၏ လက်နှစ်ဖက်ကို ကိုင်ဆွဲကာ။

"ကိုင်း မဥ၊ တောင်တောင်မြောက်မြောက်နဲ့ စကားတွေ များမနေနဲ့တော့။ မကြာမီ မိုးများတောင် ရွာတော့မယ်။ ကျုပ်ခေါ်ရာကို တကယ်လိုက်မယ် မဟုတ်လား"

"ဘယ်တော့လဲ"

"မြန်မြန်လိုက်ရင် မြန်မြန်ပေါင်းရတာပေါ့။ နှေးနှေးမှလိုက်ရင် နှေးနှေးပေါင်းရတာပေါ့။ အခုညလိုက်ရင် အခုညပေါင်းရမှာပဲ။ မင်းနဲ့ ကျုပ်နဲ့ နှစ်ယောက်။ သာဘိုးတို့တဲကိုရောက်ရင် ဘယ်လောက်ပင် မိုးတွေသည်းပေမယ့် ကိစ္စမရှိပါ။ ဘယ်လောက်ပင် လေတွေ တိုက်ပေမယ့် မကြောက်ပါ။ မိုး မမြင် လေမမြင်ဆိုတာ၊ မင်းနဲ့ကျုပ် ညားကြပြီး အားရမယ့်နိမိတ်ကို ဆောင်တဲ့စကားပေါ့ မဥရဲ့၊ မင်း ယခုည မလိုက်လျှင် ကျုပ်ဟာ မိုးတွေ လေတွေထဲမှာ တစ်ယောက်ထဲ ပြန်သွားရတော့မယ်။ မင်းအတွက် ဘယ်လောက်ကြိုးစားပြီး လာရသလဲဆိုတာ စဉ်းစားပါ။ မင်းမပါဘဲ မိုးစိုစိုနဲ့ ပြန်ရမှာဖြစ်ရင် အိမ်ကို ရောက်ရင် တစ်ယောက်ထဲ စိတ်ရော ကိုယ်ရော ခိုက်ခိုက်တုန်အောင် ချမ်း ပြီး နေတော့မှာပဲ မဥရဲ့။ သည်အတွက် မင်းကိုဖြင့် ယနေ့ည၊ အမိအရကြံတော့မယ်လို့ စိတ်ကိုတင်းပြီး လာခဲ့တာပါ။ ကျုပ်စောင့်ရတာလည်း ကြာလှပါပြီ။ အခုတော့ မင်းမိဘများက ကျုပ်ကို လူဆိုးရယ်လို့ မပေးစားချင်ကြောင်း အတိအလင်းဖွင့်ပြောမှုဖြင့်၊ ကျုပ်လည်း မင်းကိုရအောင် အတိအလင်း အတင်းကြံရတော့မှာပဲ၊ လိုက်မယ် မလိုက်ဘူးဆိုတာကိုသာ ပြောပါတော့ မဥ"

ဟု ပြောကာ သိမ်းပွေ့ယူပိုက်၊ အသဲကိုခိုက်အောင် ကတိုက်ကရိုက် ဖျစ်ညှစ်၍ ထားလေ၏။

"အမယ်လေးတော် တကတဲ နာလိုက်တာ၊ ကျွန်မနံရိုးတွေ ကျိုးကုန်ပါပြီ၊ အားသန်တိုင်း ဒီလိုဖျစ်ညှစ်ရသလား။ သေရောပေါ့ ကိုဆိုးပေရဲ့၊ လွှတ်ပါဦး"

"လိုက်မယ် မလိုက်ဘူးဆိုတာကိုသာ ပြောပါ။ မလိုက်ဘူးလား"

http://www.cherrythitsar.org



"ကျွန်မ စဉ်းစားပါရစေဦး ကိုဆိုးပေရဲ့။ သည်လောက်တောင် မြန်လို့ မတော်ပါဘူး"

"လင်မယားယူတဲ့နေရာမှာ နေးသည်မြန်သည် မရှိပါဘူး၊ အရွယ်ရောက်လာသာမူလပါ၊ မင်း ကျုပ်ကို အမှန်ချစ်တယ်ဆိုတာ မငြင်းနိုင်ပါဘူး။ မင်းနဲ့ကျုပ် ချစ်တာသာ မူလပါ။ ကြာကြာဆိုင်းရင် ကြာရုံပဲ ရှိပါလိမ့်မယ်။ ပဒုမ္မာကြာငုံဟာ အသည်းနဲ့တစ်ပြိုင်တည်း ရနံ့ကို လေမှာလွှဲပြီး အချိန်ကို မဆွဲဘဲ ပန်းဝတ်ရည်ကို ကြဲပါတယ်။ ဟောသည့် မင်းရင်ခွင်မှာရှိတဲ့ အချစ်လို့ ခေါ်ရတဲ့။ ပန်းတကာ့ထိပ်တင်ဟာ ရနံ့တွေ ဖြာတာလို၊ ကျုပ်အမှန်သိပါရက်နဲ့ တမင်သက်သက် အပျက်အပျက်နဲ့ ရက်ကြာအောင် နေရာမှာဖြစ်ရင်။ ပန်းပွင့်ကြက်သရေကို ထိန်ဝှက်ရာ ရောက်ပါလိမ့်မယ်။ ပွင့်ချိန်တန်လို့ မပွင့်ရတဲ့ နှင်းပန်းငုံစွင့်စွင့်ဟာ အတွင်းမှာ ပိုးစားပြီး ပန်းဆီပန်းဝတ်တွေဟာ ခမ်းခြောက်ယိုယွင်းပျက်စီးခြင်းကို ရောက်တတ်ပါတယ်။ ဟောသည် ကျုပ်ရင်ခွင်မှာရှိတဲ့ ရတနာနှင့် နှင်းပွင့်ကလေးဟာ ခု ပွင့်ချိန်တန်ပါပြီ။ ဘယ်အတွက် တမင်ငုံပြီး လုံးလုံးကြီးဖူးရန်နေပါသလဲ မဥရဲ့"

ဟု ပြောကာ သိမ်မွေ့သောလက်ဖြင့် ယုယရှာလေရာ မဥသည် စကားပြန်မပြောနိုင်ဘဲ ပျော့ပျောင်းသော လည်တိုင်သည် ခွေယိုင်ကာ အသာစောင်းလျက် ဆိုးပေ၏ ပခုံးထက်တွင် ငြိမ်သက်စွာ တင်၍နေလေ၏။

ထိုအခါ နှစ်ယောက်စလုံး ဆိတ်ငြိမ်စွာ စကားကို မပြောကြဘဲ အတန်ကြာစွာ နေကြလေ၏။ ထို့နောက် မဥက

"မတော်ပါဘူး ကိုဆိုးပေ။ အခုည ရှင်နဲ့လိုက်ပြီး ပြေးမှဖြင့် မနက်ကျရင် တစ်ရပ်လုံး မေးငေါ့ကာ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ပြောကြတော့မှာ တွေး၍ ကျွန်မ ကြောက်လှပါတယ်၊ ကျွန်မဟာ သည်ရွာမှာ ထင်ရှားတဲ့ သူကြီးသမီးပါ။ အမျိုးဂုဏ် အဆွေဂုဏ်ကို မငဲ့ရာ ရောက်ပါလိမ့်မယ်။ သည့်အတွက် သည်းခံပြီး တဖြည်းဖြည်းမှ နေရာကျအောင် ကြံစေချင်တာပါပဲ"

"တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ အေးတယ်လို့မရှိဘဲ မျက်နှာမွဲနှင့်စောင့်ဆိုင်းရတာ ရက်လတွေ ကြာလှပြီ။ မဥ အခုညလိုက်ရင် လိုက်ပါ။ မလိုက်ရင် မင်းကို သည်ဘဝမှာ မခေါ်ဘဲ ဟိုဘဝရောက်အောင် ခေါ်ရပါလိမ့်မယ်"

ဟု ပြောကာ ခါးမှ ဓားမြောင်ကို ပြန်၍ နှုတ်ခါ မဥကိုသာ၍ တင်းစွာပွေ့ယူပြီး လက်တစ်ဖက်နှင့် ဓားမြောင်ကို မဥ၏ မျက်နှာအနီးတွင် ကပ်ခါ

http://www.cherrythitsar.org



ကိုင်ထောင်၍ ပြလေ၏။ ထိုအခါ မဥသည် ကြောက်အားနှင့် ရှန်းလေရာ အားခြင်းမမျှ ရှန်းပြန်၍ မရဘဲ နေလေ၏။ ထိုအခါ ဆိုးပေက

"မရှန်းနဲ့ မဥ။ ရှန်းပေမယ့် အလကားပဲ၊ မင်းမလိုက်ဘူး လိုက်မယ် ကိုသာ ပြောပါ၊ ဟောသည် ဓားမြှောင်ဟာ မင်းမိဘများ မလိုက်နိုင်တဲ့ ဘဝ ကို မြန်မြန်ကြီးရောက်အောင် ပို့နိုင်တဲ့ ဓားစက်ကြာဖြစ်ပါတယ်"

ဟု မဥ၏ မျက်နှာကို သေချာစွာ ကပ်၍ကြည့်ပြီး မီးရောင်တောက် သော မျက်လုံးများမှာ မျက်တောင်မခတ်ဘဲ နေလေရာ မဥသည် ဆိုးပေ တကယ်ပြောကြောင်းကို ကောင်းစွာသိလျက်

'သေခြင်းသည် ကွေကင်းခြင်းဖြစ်၏ ရှင်ခြင်းသည် ပေါင်းသင်းခြင်း ဖြစ်၏။ သေပြီးနောက် မြေအောက်သို့ ရောက်ရမည်။ မသေလျှင် လင်အောက် သာ ရောက်ဖို့ရှိသည်။ တုံးအောက်ကိုဝင်လျှင် တုံးပိလို့ သေမည်။ လင်သား အောက်ကို ကြို့လျှင် လင်သားပိ၍မသေ၊ ချီးမွမ်းရင် ၇ ရက် ကဲ့ရဲ့ရင် ၇ ရက် မသေမီပေါင်းကြရတာ။ မပေါင်းဘဲနေသောကြောင့် သေမင်းက ရက်ပို ပေးမည်မဟုတ် ရက်တွက်လိုလည်း ဖြေမည်မဟုတ်။ ဘယ်လိုပဲဖြစ်ဖြစ် လိုက် ပါတော့မည်'

ဟု သဘောပိုက်ကာ မောင်ဆိုးပေ၏ မျက်နှာကို စိုက်ခါကြည့်ပြီး၊ ခေါင်းညိတ်ပြလိုက်လေ၏။

*

နက်ဖြန်မိုးသောက်သောအခါ ရွာတစ်ရွာလုံး၌ တီးတိုးစကားပြော ကြလေ၏။ မုဆိုးမ တစ်ခုလပ်တို့သည် အမယ်ကြီးများနှင့် ဝိုင်းဖွဲ့ကာ မဥနှင့် ဆိုးပေအကြောင်းကို ပြောကြလေ၏။ အပျိုကလေးများသည် တစ်အိမ်တက် တစ်အိမ်ဆင်း ကိုဆိုးပေကြီးနှင့် မဥ ထွက်ပြေးသည့်အကြောင်းကိုပင် ပြော ကြလေ၏။ မဥ၏မိခင်သည်ကား ဆန့်ငင်ဆန့်ငင်နှင့် တက်၍နေလေ၏။ အိမ်နီးပါးချင်းတို့သည် ကွမ်းရွက်များနှင့် နှာနှပ်ကြလေရာ သတိရလတ်သော် ကြမ်းခင်း၍ထားသည့်ပမာ၊ ရင်ဘတ်၌ ကျိုးတိုးကျဲတဲရှိသော နံရုံများကို ပိန် ကြုံသောလက်ချောင်းများနှင့် တဖြောင်းဖြောင်း တီးခတ်လေ၏။ ထိုအကြောင်း ကို ဆိုးပေ၏ မိဘ စားကုန်သည် လင်မယားတို့ ကြားကြသောအခါ မိခင်က

"သယ် ငါ့သားကို သူတို့က မရာမတန် ထင်ရတန်သလား"

http://www.cherrythitsar.org



ဟု ဒေါသအမျက် ချောင်းချောင်းထွက်ပြီးလျှင် သားဂုဏ်ရောက်ခါ ထမီကို စွန်တောင်ဆွဲပြီး ဝဲပျံ၍ သွားလေ၏။ သူကြီးအိမ်ရှေ့သို့ ရောက်သော အခါ ဂုဏ်ကိုဖော်ကာ ရန်တွေ့လေရာ နှစ်ဖက်စလုံးဆူပွက်၍ ထကြလေ၏။ ရွာတစ်လုံးမှာလည်း ဆပ်ကပ်ပွဲရောက်သည်ထက် ပျော်စရာကောင်းသော ရန်ပွဲ ကို ကြည့်ကြရသောကြောင့် စိုစိုပြည်ပြည်ဖြစ်ကာ တပျော်တစ်ပါးကြီး ဖြစ်နေ လေ၏။

၎င်းနောက် ကလေးနှစ်ယောက်ကို လိုက်လံရှာဖွေ၍ စုံစမ်းမေးမြန်း ကြလေရာ တနင်္ဂနွေတစ်ပတ်လောက်ကြာသောအခါ သာကိုး၏တဲ၌ တွေ့ကြ လေ၏။ ထိုအခါ တစ်ဖန် မိန်းကလေးမှာ ဆံပင်ဖားရားချလျက် ကပိုကရို လိုက်ပါ၍ လာရလေ၏။ ယောကျ်ားကလေးမှာ ရောင်ကို တစောင်းထုံးလျက် လူစုထဲတွင် ရော၍ လိုက်ပါလေ၏။ အကြောင်းမူကား လိုက်လံရှာဖွေသူတို့ သည် အတော်ပင် များကြလေ၏။ ဆံပင်ဖားရားနှင့် မိန်းကလေးမှာ သန်း ခေါင်ထက် ညဥ့်မနက်ဟု သဘောပိုက်ခါ ရဲတင်းသောမျက်နှာနှင့် ခပ်စူစူ ခပ်ဆောင့်ဆောင့် လူစုရှေ့တွင် မည်သူနှင့်မျှ စကားမပြောဘဲ လိုက်ပါ၍ လာ လေရာ ယောကျ်ားပျို မောင်ဆိုးပေမှာမူ ပြုံးကာရယ်ကာ ပြောဆိုကာနှင့် ဆေး ပေါ့လိပ်ကို တခါခါ ဖွာလျက်ပါလာလေ၏။

ရွာသို့ ရောက်ကြပြီးနောက် လူကြီးချင်း နှီးနှောစေ့စပ်ကြရာ သဘော ချင်းမမျှကြသဖြင့် ယောကျ်ားကလေးနှင့် မိန်းမကလေးသည် အသီးသီး မိမိတို့ ၏ အိမ်သို့ ပြန်၍နေကြလေ၏။

မောင်ဆိုးပေသည်ကား အတင်းပြန်၍ခိုးမည်၊ သူကြီးအိမ်ကို အန ကြမ်းစီးမည်။ အိမ်နောက်ဘေးက ကောက်ရိုးပုံကို မီးနဲ့ရှို့မည်။ သူကြီးမွေး ထားသော မြင်းကို ပြန်ပေးလုပ်မည်။ မဥကို အတင်းဆွဲ၍ခေါ်ပြီး လှည်းပေါ် မှာတင်၍ မောင်းမည် စသည်ဖြင့် ကြိမ်းမောင်းကာ ဓားမြောင်တစ်လက်နှင့် ရွာရိုးကို နေ့ရောညရော လျှောက်လျက် ကာလသားအပေါင်းအဖော်တို့နှင့် ညအခါများတွင် တေးသံကလေး ပစ်ခါနေလေ၏။ နေ့အခါများ၌ သူကြီးအိမ် နှင့် မျက်စောင်းထိုး အိမ်တစ်အိမ်၌ထိုင်ကာ မဥကိုသာ စောင့်မျှော်ကြည့်၍ နေသောကြောင့် မဥ၏ မိဘများသည် များစွာစိတ်မချနိုင်ဘဲ တထိတ်ထိတ် နှင့် နေကြရလေ၏။ သို့သော်လည်း သူကြီးသည် စိတ်အားမငယ်ဘဲ သည် အကောင်ကို ငါ အဘယ်ပုံကြံပြီး ထောင်ကို ချရပါ့မလဲဟူသော အကြံကိုသာ ကြံစည်ကာ နေလေ၏။

http://www.cherrythitsar.org



ညတစ်ည၌ ဆိုးပေသည် အဖော်များနှင့် လည်ပတ်ပြီးနောက် အဖော် အသီးသီးတို့ မိမိတို့အိမ်များကို ဝင်ကြသောအခါ မိမိမှာ တစ်ကိုယ်တည်း အိမ်ကို ပြန်ရလေ၏။ ထိုကဲ့သို့ ပြန်ရာလမ်းသည် အတော်မှောင်သောကြောင့် အချိန်လည်း ညဉ့်နက်သည်နှင့် မဥ၏ အိမ်ရှေ့သို့ ရောက်သောအခါ ဖော် ကွာဝေးသီချင်းကို စ၍ဆိုလေ။ တေးအဆုံး၌ နောက်က ခြေသံလိုလိုကြားရ သောကြောင့် ထိတ်ခနဲဖြစ်ပြီးလျှင် ဓားမြောင်ကို ခါးမှထုတ်ကာ တွေဝေ၍ ရပ်ပြီးလျှင် နောက်သို့ လှည့်၍ကြည့်နေလေ၏။ ယင်းကဲ့သို့ ကြည့်လေရာ တစ်စုံတစ်ရာကိုမျှ မမြင်ရသောကြောင့် အကာလ ညအခါ နာနာဘာဝတစ္ဆေ များ ချောက်လှန့်ကစားလေသလားဟု တွေးထင်လျက် လေထဲသို့ ဓားနှင့် တစ်ချက် နှစ်ချက် ဝင့်ပြီးလျှင် ဣတိပိသော စသည်တို့ကို ရွတ်ဆိုလျက် လျှောက်သွားလေ၏။

သို့လျှောက်သွားရာ၌ပင် ကြက်သီးတွေ ဖြန်းခနဲထပြီး မိမိနောက် နား၌ အသံလိုလို ကြားရပြန်သောကြောင့်၊ တဖန် ထိတ်လန့်ကာ ဓားကို ကိုင် လျက် နေရာသို့ ချာခနဲ လှည့်ကြည့်နေလေ၏။ ထိုကဲ့သို့ ကြည့်နေခိုက်တွင် မနီးမဝေးအိမ်တစ်အိမ်မှ ‘ဖျုံးဖျုံးဒိုင်းဒိုင်း’ လှုပ်ရှားသော အသံနှင့် ‘သူခိုး သူခိုး’ ဟူသော အသံကြားရလေရာ ဆိုးပေသည် တွေဝေငေးမောကာ သူခိုးပြေးလွှား သည်ကို မြင်လေမလားဟု ကြည့်ရှုနေလေ၏။ ထိုခဏခြင်းတွင် မှောင်ရိပ်ထဲ မှ တုတ်များကိုကိုင်၍ ထွက်လာသော လူတစ်စုသည် ‘ဖမ်းဟဲ့ ဖမ်းဟဲ့။ မပြေး နဲ့ သူခိုး အသေပစ်လိုက်မယ်၊ နှစ်ဖက်ချွန်နဲ့ ပေါက်လိုက်မယ်’ စသည်ဖြင့် ပြောရင်း ဆိုးပေရှိရာသို့ အတင်းပြေးလာကြပြီးလျှင် ဆိုးပေ၏ ခေါင်းကို တုတ် နှင့်ရိုက်လေရာ ဆိုးပေသည် မြေပေါ်သို့ ထိုး၍ လဲသွားလေ၏။ သတိရသော အခါ ခိုးရာပါပစ္စည်းများနှင့်တကွ ဆိုးပေသည် တစ်ခုသောအိမ်သို့ ရောက်၍ နေလေ၏။ ဆိုးပေသည် ဤခိုးဟုက်မှုနှင့် မိမိ တစ်စုံတစ်ရာ မပတ်သက်သော် လည်း မိမိမှာ တစ်ယောက်တည်းဖြစ်၍ သူခိုး သူခိုးဟု အော်သံကြားပြီးနောက် ပစ္စည်းနှင့်တကွ လမ်းမှာမိသည်ဟု ထွက်ဆိုသော သက်သေတွေ အတော်များ သဖြင့် ငြင်းဆန်ခုခံခြင်းငှာ မစွမ်းနိုင်ဖြစ်လေသတည်း။ သို့သော်လည်း အကြံ သည် သူကြီးနှင့်တကွ မိမိကို မုန်းထားသော သူတို့၏ အကြံဖြစ်ကြောင်းကို ကောင်းစွာသိလေ၏။

ထို့နောက် လက်ပြန်ကြိုးတုပ်ခါ ကြိုးများနှင့် သူကြီးအိမ်သို့ ပို့ ဆောင်ကြလေရာ သူကြီးအိမ်သို့ ရောက်သောအခါ အိမ်ရှေ့၌ ထုတ်ထားသော

http://www.cherrythitsar.org



လက်နက်၊ မီးတုတ်မီးတိုင် လေးလုံပေါက်တူးတို့ကို ကိုင်ကာ ဓားပြကို လက်ရဖမ်းခဲ့ရကြသော ဟန်ပန်မျိုးနှင့်။ စုရုံးဆူညံ၍နေကြသော သူတို့၏ရှေ့တွင် မြေပေါ်၌ ထိုင်၍ နေရလေ၏။ မဥသည် သူခိုးတစ်ကောင် မိလာသည်ဟု ကြားရသောအခါ အိပ်ရာမှ ပျာယိပျာယာထ၍ ကြည့်လေရာ မီးရောင်အောက်၌ အထင်းသားပေါ်၍နေသူ ရှေ့ကြိုးနောက်ကြိုးများနှင့် တရားခံကို မြင်ရသဖြင့် မူးမိုက်ခါ မတ်တပ်က လဲတော့မလို ဖြစ်သွားပြီးနောက်

"အမယ်လေး ကိုဆိုးပေရဲ့"

ဟု အော်ကာ အိမ်အောက်ဆင့်မှ ခုန်၍ချပြီး အတင်းပြေးကာ ဆိုးပေကို ဝင်၍ ဖက်လေ၏။

"ကိုဆိုးပေ ရှင်သူခိုးမဟုတ်ဘူးဆိုတာကို ကျွန်မသိပါတယ်။ ရှင့်ကို မတရားကြံကြတာပါပဲ"

ဟု ငိုရှိုက်ခါ ပြောလေ၏။ ဆိုးပေသည်ကား တစ်စုံတစ်ရာကိုမျှ ပြန်၍မပြောဘဲ လက်ပြန်ကြိုးများတုပ်ထားသောကြောင့် ပွေ့ဖက်ခြင်းကိုလည်း မပြုနိုင်သဖြင့် ခံ့ညားရဲရင့်သော မျက်လုံးများနှင့် မဥကို ကြည့်ကာ

"မဥ တစ်ကမ္ဘာလုံးက ကျုပ်ကို အဘယ်လိုပင် စွပ်စွဲစေကာမူ ကိစ္စမရှိပါ။ မင်းစွပ်စွဲမှာကိုသာ စိုးပါတယ်။ ကျုပ်ကို မတရား ကြံစည်ကြကြောင်းကို မဥသိရင် တော်ပါပြီ။ မဥ တကယ် ကျုပ်သူခိုးမဟုတ်ဘူး ဆိုတာကို ယုံကြည်ရဲ့လား"

ဟု မေးလေ၏။

"ယုံကြည်ပါတယ် ကိုဆိုးပေရဲ့၊ ရှင်ဆိုးတဲ့နေရာမှာ ဆိုးပေမယ့် သူခိုး မဟုတ်ကြောင်းကို ကျွန်မ ကောင်းကောင်းယုံကြည်ပါတယ်"

ဟု ပြောခိုက်၊ သူကြီးကတော်သည် ထမီကို စွန်တောင်ဆွဲကာ ရွှေလင်းတမင်း ပျံဝဲသည့်ပမာ။ အိမ်အောက်ထပ်မှ မြေပေါ်သို့ လွှားခုန်ကာ ချပြီး မဥ၏ ဆံပင်ကိုကိုင်ကာ မြေ၌ တရွတ်တိုက်၍ ဆွဲခေါ်လေ၏။ ထို့နောက် ဆိုးပေးကို ချက်ခြင်း ဂါတ်သို့ပို့ရန် သူကြီးက အမိန့်ပေးလေရာ ဂါတ်သို့ ယူဆောင်ကြလေရာ မဥသည် အိမ်ပေါ်က ခုန်၍ဆင်းမည်ဟု တကဲကဲ ရုန်းရင်းဆန်ခတ်ပြု၍ နေသောကြောင့် အိမ်နီးချင် မိန်းမများနှင့်အတူ မိခင်သည် အတင်းဆွဲကိုင်၍ ထားရလေ၏။ မဥမှာမူ ၃၇ မင်း နတ်ဝင်ပူးသလို တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍ နေလေ၏။ မောင်ဆိုးပေသည်ကား အဖြစ်အပျက်ကို လှည့်ပြန်ကာကြည့်ရင်း ဝေး၍သွားပြီးလျှင် ကွင်းထဲ၌ ပျောက်သွားလေရာ

http://www.cherrythitsar.org



မီးရောင်များနှင့် မထင်မရှားသော အခြားလူတို့၏ သင်္ချာန်များကိုသာ တွေ့ရလေ၏။ ဂါတ်မှတစ်ဆင့် ရုံးသို့ ရောက်သောအခါ ရက်ပေါင်းမကြာမီ ထောင်ဒဏ်သုံးနှစ် အပြစ်ပေးခြင်းကို ခံရလေ၏။

*

"မေမေ့သားကြီး မသောက်မစားနဲ့နော်။ မင်းနားခစား ကမ်းနားသစ်ပင်တဲ့။ ရာဇဝတ်ဘက်မှာ အမှုထမ်းရတဲ့ လူများဟာ အင်မတန်ကြီး ရှောင်ကြဉ်နိုင်မှ တော်တယ် မေမေ့သားရဲ့။ မင်းမှာ ဖခင်လည်း အားကိုးစရာမရှိ။ ဘိုးဘွားလည်းမရှိ။ သေဆုံးကုန်ကြပြီ။ အခု ကိုယ်ဒူးကိုယ်ချွန်ဆိုသလို ကြိုးစားလာလိုက်တာ မေမေ့သား အသက်နှစ်ဆယ်မျှရှိသော်လည်း ဆပ်အင်စပိတ်တော်ဖြစ်နေပြီ။ နောင် ကြီးမြင့်ဖို့ လမ်းအခွင့်တွေ အင်မတန်ရှိပါသေးတယ်။ လူပေါင်းသူပေါင်းကို သတိထားပါ။ သည်ပုသိမ်မြို့ဟာ သူတစ်ပါးမြို့လည်းဖြစ်တယ်၊ မေမေဟာ သားလုပ်စာကို စားချင်လို့ မင့်နောက်လိုက်နေတာ မဟုတ်ပါဘူး။ မေမေ စိတ်မချနိုင်လွန်းလို့ လိုက်နေရတာပါ။ မေမေ့မှာ သားမှတစ်ပါး ဘယ်သူ့ကိုမှ အားကိုးဖို့မရှိပါဘူး"

ဟု ယူနီဖောင်း၊ ခေါင်းပေါင်းနီ၊ ရဲစင်းပုဆိုးကို ဝတ်ဆင်ကာ ထိုင်၍နေသော ယောကျ်ားပျိုကလေး၏ ဦးခေါင်းကိုင်ကာ ဒေါ်ဥသည် ပြောရင်းဆိုရင်းနှင့် ယောကျ်ားပျို၏ မျက်နှာကို ကြည့်ရင်း ကွေကင်းသူ လင်သားဦးဆိုးပေကို သတိရပြီး ဦးဆိုးပေနှင့် နဖူးရေ ဒူးရေ လွန်စွာတူသော သားကို ကြည့်ရှု၍ မဝနိုင်အောင် ရှိလေ၏။

၎င်းသားအမိတို့သည် တစ်ရပ်တစ်ရွာမှ ပုသိမ်မြို့သို့ ပြောင်းရွှေ့၍ လာသူများဖြစ်ကြသည်။ ဆပ်အင်စပိတ်တော်မောင်ကွန်း –

"စိတ်သာချပါ မေမေရယ်၊ ကျွန်တော် သည်လောက် မမိုက်ပါဘူး၊ ကျွန်တော့်အစွမ်းနဲ့ကျွန်တော် အခုလိုဖြစ်လာနိုင်ရင် နောင် သည်ထက်ကြီးမြင့်ဖို့ရာ ရှိပါတယ်၊ အခုတလော ပုသိမ်နယ်ထဲမှာ မကြာခဏတိုက်နေတဲ့ ဓားပြများကို မိမယ်ဆိုရင် ကျွန်တော်ငယ်ပေမယ့် အင်စပိတ်တော်ကြီးတစ်ယောက်ဖြစ်နိုင်ပါတယ်မေမေရဲ့။ ကျွန်တော့်အတွက် မပူပါနဲ့။ နက်ဖြန်ကာ ကျွန်တော် ပတ်တရောင်တပ် တစ်တပ်နဲ့ လိုက်ရပါလိမ့်မယ်"

ဟု ပြောလေ၏။

http://www.cherrythitsar.org



"လိုက်မှာပေါ့ သားရဲ့။ သူ့ဆန်စား ရဲမှတဲ့။ ကြောက်ရင်လွဲ ရဲရင်မင်းဖြစ်သတဲ့။ မေမေ သူများမိခင်လို စိတ်ပျော့တဲ့မိန်းမ မဟုတ်ပါဘူး။ သို့သော်လည်း သတိတမန် ဉာဏ်မြေကတုပ်တဲ့ သားရဲ့။ မောင်လည်း အလိမ္မာသားကပဲ။ မေမေ အထူးပြောစရာမရှိပါဘူး"

ဟု ပူပန်သောစိတ်ကို အရိပ်အမြွက်မျှ မပေါ်ရအောင် ချုပ်တည်းကာ ပြောရှာလေ၏။

ထို့နောက် ခဏကလေး ဆက်လက်စကားပြောကြပြီးလျှင် မောင်ကွန်းသည် မိမိ၏ အလုပ်တာဝန်ရှိရာသို့ သွားလေ၏။ နောက်တစ်နေ့၌ မောင်ကွန်းသည် မိခင်ကိုနှုတ်ဆက်ပြီးလျှင် ပုသိမ်မြို့နှင့် အတန်ကလေးဝေးသော ချောင်းကြို မြောင်ကြား ကျေးရွာတစ်ရွာသို့ ဓားပြများ လာရောက်တိုက်ခိုက်မည် သတင်းရသောကြောင့် နောက်ပါ ပန်ချာပီပုလိပ်များနှင့် ထွက်သွားလေ၏။

ထိုအခါသည် နတ်တော်ပြာသိုလအခါဖြစ်၍ ဓားပြများထ၍ ကောင်းသောအခါဖြစ်လေ၏။ ဆပ်အင်စပိတ်တော် မောင်ကွန်းသည် မိမိတို့မှန်းထား၍လာသော ရွာအနီးသို့ မွန်းလွဲအချိန် ဆိုက်ရောက်၍လာသောအခါ ရွာအဝင်၌ တစ်ဦးတည်း လွတ်လပ်စွာ တည်ရှိသော အိမ်တစ်အိမ်ကို မြင်ကြရသဖြင့် ရွာထဲသို့မဝင်ဘဲ စစ်ဘာရီကုလားများကို တောတစ်ခု၌ ပုန်းအောင်း၍ နေစေပြီးနောက် မိမိနှင့်အတူ ပုလိပ်သားများမှာ ခရီးသွားဧည့်သည်ဟန်ဆောင်၍ ထိုအိမ်သို့ ဝင်ရောက်ကြလေ၏။

အိမ်သို့ ဝင်ရောက်သောအခါ အသက် ၁၈ နှစ်ခန့်ရှိသော အလွန်တရာလှသော မိန်းမပျိုကလေးတစ်ယောက်ကို တွေ့ရလေ၏။ ၎င်းမိန်းမပျိုကလေးသည် ဧည့်သည်များကို မြင်ရသောအခါ ရှက်ကြောက်သောအမူအရာနှင့် –

"ဘာအလိုရှိပါသလဲရှင်"

ဟု သာယာသောအသံနှင့် မေးလေ၏။ မောင်ကွန်းသည် အလွန်တရာမြို့ဆန်၍ ယဉ်ကျေးသိမ်မွေ့ လှပဖြူစင် ရှုတိုင်းယဉ်သော အိမ်သူမကလေး၏မျက်နှာကို စိုက်ခါကြည့်ရင်း ရုတ်တရက် စကားပြန်၍ မပြောနိုင်အောင် ရှိနေပြီးမှ –

"ကျုပ်တို့ ပုသိမ်မြို့ကပါ၊ စပါးပွဲစားများ ဖြစ်ပါတယ်၊ ယနေ့တော့ လုပ်ငန်းကိစ္စလည်း ပြီးတာနဲ့ တခြားအဖော်တစ်ယောက် နှစ်ယောက်တို့ကို

http://www.cherrythitsar.org



စောင့်ရင်းဆိုတာလို၊ ခေတ္တတည်းခိုဖို့ ဝင်လာတာပဲ၊ မင်း သည်အိမ်ရှင် သမီးပဲလား"

"မှန်ပါတယ်၊ ကျွန်မအရီးကို ခေါ်လိုက်ပါရစေဦး"

ဟု ပြောပြီးနောက် ဘေးသို့ ထွက်သွားလေ၏။ ၎င်းထွက်သွားသည် အခိုက်တွင် အိမ်၏ အခြေအနေကို ကြည့်လိုက်သောအခါ ကြက်သံ၊ ဘဲသံတွေကို ကြားရသဖြင့် သည်အိမ်မှာ ထားပုံသိုပုံကတော့ မြန်မာအိမ်နဲ့ တူပါရဲ့။ သည်ကြက်တွေဘဲတွေကတော့ ကရင်အိမ်၊ တရုတ်အိမ်လို့ မှတ်ထင်လောက်အောင် ဖြစ်၍နေတာပဲ"

ဟု စိတ်ထဲ၌ တွေးတောကာ မောင်ကွန်းနှင့်အဖော်များ တစ်ယောက်နှင့်တစ်ယောက် စကားပြောနေကြရာ တစ်ယောက်သောပုလိပ်သားက

"ဝမ်းဘဲမွေးတွေ ကြက်မွေးတွေ အနံ့အပြား၊ ငှက်ပျောဖူးပုလင်းကြီးတွေကလည်း တောင်ပစ်ထား မြောက်ပစ်ထားနဲ့။ သည်အိမ်ရှင်ဟာ မြန်မာဖြစ်ပေမယ့် တော်တော်တေပေပြီး သောက်သောက်စားစားနေတဲ့ လူနဲ့တူတယ်၊ သူငယ်မလေးမျက်နှာကတော့ အင်မတန် ဝမ်းနည်းပုံရတာပဲ၊ ဘယ်လိုလူလဲဆိုတာကို တွေ့ရရင် သိရမှာပဲ"

ဟု ပြောလေ၏။

ထိုအခိုက်တွင် အသက်ငါးဆယ်ကျော်ကျော်ခန့်ရှိသော မိန်းမကြီးတစ်ယောက်နှင့် မိန်းမပျိုကလေးသည် ၎င်းတို့ထံသို့ ရောက်လာပြီးလျှင် နှစ်ယောက်စလုံး ဝမ်းမြောက်ဝမ်းသာ ဧည့်ခံစကားပြောဆိုရာ မိန်းမကြီးနှင့် မိန်းမပျိုမှာ အထူးစိတ်လက်ရွှင်လန်းကြသကဲ့သို့ မှတ်ထင်ရလေ၏။ မောင်ကွန်းသည် ဟောင်းနွမ်းသောအိမ်၊ သွေ့ခြောက်သောနေရာ၊ မသာမယာသောအခြေအနေတို့ကို ကြည့်ရှုကာ ဤလှပသော မိန်းမပျိုကလေးသည် ဤနေရာနှင့် အနီးငယ်မျှ မအပ်စပ်ပါတကား။ အလွန်တရာမှ စိတ်လက်ဆင်းရဲရှာမှာ တကား။ အဘယ်ပုံ နေရှာပါလိမ့်မလဲ စသည်ဖြင့် တွေးတောကာ သနားလေ၏။ သနားရာက ချစ်စရာပြုလေရာ မျက်လုံးချင်း မကြာခဏ ဆိုင်မိကြလျက် အပျက်ပျက်နှင့် အချစ်သွေးတက်ပြီးလျှင် နှစ်ယောက်စလုံးတို့၏ ရင်ဝမှာ လှိုင်းဂယက်ဖြာ၍ လာလေ၏။ ထို့နောက် ဆက်လက်၍ စကားပြောကြရာ သူငယ်မကလေး၏ အမည်မှာ မချစ်ဖြစ်ကြောင်း၊ ၎င်း၏ အရီးမှာ မချစ်မိခင်၏ အစ်မဖြစ်ကြောင်း၊ မချစ်မှာ ဖခင်အရင်းမရှိ ပထွေးသာရှိ၍ ယခု ပထွေးနှင့် အတူနေရကြောင်း၊ သည်အတွက် စိတ်ချရအောင် အရီးက လာ၍ စောင့်ရှောက်

http://www.cherrythitsar.org



နေရကြောင်း၊ ပထွေးမှာမူ အလွန်တရာ ခရီးလမ်းများ၍ အိမ်ကို တစ်ခါတစ်ခါသာ လာကြောင်း စသည့်အကြောင်းများကို သိရသောအခါ မချစ်၏ အခြေအနေသည် မိမိထင်မြင်သည်ထက် ပို၍ပင် သနားစရာဖြစ်ကြောင်း သိရသောအခါ ဤသူငယ်မကလေးကို မူလသနားသည်ထက် ပိုမိုသနားရှာလာလေ၏။

ထို့နောက် စကားလက်ဆုံကျသောကြောင့် အဖော်ပုလိပ်သားနောက်ပါတို့သည် မိမိတို့ဆရာ၏ အကဲကိုသိကြလျက် တစ်ယောက်ကို တစ်ယောက်လက်ကုပ်ပြီး တော်ရာသို့ ရှောင်ရှား၍ အနီးအပါးရှိ ချောင်းကမ်းပါးသို့ လျှောက်သွားကြလေ၏။ မောင်ကွန်းမှာမူ စကားပြောရန် အတန်ကြာသောအခါ ဤပျင်းရိဖွယ်သောနေရာကို မိမိ၏ စိတ်၌ နတ်ဘုံနတ်နန်းကဲ့သို့ မှတ်ထင်မိလေ၏။ မချစ်၏ ရူပါရုံသည် မြင်ရသမျှသော အရာဟူသမျှတို့ကို ထူးခြားသောအဆင်းဖြင့် ချက်သကဲ့သို့ မှတ်ထင်ရလေရာ အချိန်သည် လွန်မှန်းမသိ လွန်သွားလေလျှင် မနည်းကြီး နေစောင်း၍ သွားလေ၏။

ထိုအခါ ပုလိပ်သားများလည်း ပြန်၍ရောက်ကြလေရာ နေချိုသဖြင့် 'အေးအေးလျှောက်ကြစို့ရဲ့' ဟု ပြောကြသောကြောင့် မောင်ကွန်းသည် စကားပြော၍မှ မဝသေးမီ နှုတ်ဆက်၍ ထွက်ခဲ့ရလေ၏။ သို့ထွက်ခဲ့ရာ၌ နောက်သို့ တစ်ချက်နှစ်ချက် လှည့်ပြန်ကာ ကြည့်မိလေရာ မိမိကို မျှော်ကာကြည့်ရင်းတိုင်ကိုမှီ၍ နေရစ်ရှာသော မချစ်ကိုမြင်ရသောကြောင့် ပြုံးလျက် 'သွားတော့မည်' ဟု လက်ပြရာ မချစ်က ဝမ်းနည်းသောမျက်နှာနှင့် ခေါင်းညိတ်လိုက်၏။

မောင်ကွန်းသည် ထိုအိမ်မှ ထွက်လာပြီးနောက် တောထဲ၌ ချောင်း၍နေပြီးလျှင် ရွာသို့ တိုက်ရန်လာမည်ဟု သတင်းရရှိသောနေရာမှ စောင့်၍နေရာ ညဥ့်ဆယ်နာရီအချိန်ခန့် ကျသောအခါ တီးတိုးစကားပြောကြသော လူသံခြေသံများကို ကြားရလေ၏။ တစ်ခါတည်းဆီး၍ ပစ်ခတ်လေလျှင် ဓားပြအနက် နှစ်ယောက်သုံးယောက်သာ ကျန်ရစ်၍ ကြွင်းသောဓားပြတို့သည် ပြေးကြလေရာ လိုက်လံပစ်ခတ်ကြလေ၏။ ထို့နောက် လဲ၍နေသော ဓားပြများကို ကြည့်ကြလေရာ အချို့မှာ ခြေလက်ကို ထိမှန်၍ နေကြလေ၏။ အချို့မှာ ပခုံးကို ထိမှန်သည်ကို သိရှိလေ၏။ မောင်ကွန်းသည် ၎င်းတို့ကို ဖမ်းဆီးပြီး လျှင်တောစခန်းတစ်ခုသောနေရာ၌ ၎င်းတို့ကို သေချာစွာ ကြည့်ရှုစစ်ဆေးမေးမြန်းလေရာ ရွှေဆိုးဟု ခေါ်သော ဓားပြကြီးကို မြင်ရလေလျှင် အခြားသောဓားပြများထက် ပိုမိုသနားသကဲ့သို့ ဖြစ်သော မိမိ၏ ရှေ့၌ ပတ်ခါ ရှိခိုးနေသည်ကိုပင် မကြည့်နိုင်ဘဲ

http://www.cherrythitsar.org



"ဆရာကြီး ရှိမခိုးပါနဲ့ ခင်ဗျား ချမ်းသာသလိုနေထိုင်ပါ"

ဟု ပြောလေ၏။

ထို့နောက် ၎င်းတို့ကို ယူဆောင်ပြီးလျှင် ညတွင်းချင်း ပုသိမ်သို့ သွားလေရာ ဂါတ်တဲသို့ မရောက်မီ မောင်ကွန်းသည် မိမိ ချမ်းချမ်းသာသာ ဓားပြများကို မိ၍လာကြောင်း မိခင်အား ပြောပြလိုသဖြင့် ဂါတ်တဲသို့သွားရာ လမ်းနှင့် ကပ်လျက်ရှိနေသော မိခင်၏အိမ်ကို ခေတ္တဝင်ပြီး တံခါးကို တီးခေါက်ခါ နှိုးလေ၏။ မိခင်သည် တံခါးကိုဖွင့်၍ကြည့်လေရာ မိမိ၏ သားဖြစ်သူကို တွေ့ ရှိရသဖြင့်

"ဩော် မေမေ့သား ချမ်းချမ်းသာသာပြန်လာမှကို"

ဟု ပြောကာ သား၏မျက်နှာကို ဝမ်းမြောက်ဝမ်းသာ ကြည့်လေ၏။ မောင်ကွန်းက –

"ဓားပြများလည်း ပါလာတယ်"

ဟု ပြောကာ အိမ်ရှေ့၌ စု၍ရပ်နေသူ ပုလိပ်သားများရှိရာသို့ ဆင်း၍သွားလေ၏။ မောင်ကွန်းသည်ကား လက်နှိပ်ဓာတ်မီးနှင့် ဓားပြများ၏ မျက်နှာကို ဒေါ်ဥသည် သေချာစွာကြည့်လျက်

"ဓားပြရုပ်ရေကတော့ သူလိုငါလိုပါပဲကလားကွယ်"

ဟု ပြောလေ၏။ နောက်ဆုံး ဓားပြကြီးတစ်ယောက်၏ မျက်နှာကို ဓာတ်မီးနှင့် ထိုး၍ကြည့်လေရာ မဥသည် တွေဝေငေးမော၍ နေလေ၏။ ဓားပြကြီးရွှေဆိုးသည်ကား ပေါင်၌ထိသော ဒဏ်ရာမှ သွေးတွေလွန်စွာကျသဖြင့် ရှုံ့မဲ့ကာနေသော်လည်း ဒေါ်ဥသည် ငယ်ငယ်က သိဖူးသော သဏ္ဌာန်ကို မမေ့နိုင်ဘဲ မြင်လျှင်မြင်ချင်း သိရှိရိပ်မိလေ၏။ ရွှေဆိုးသည်ကား မဥ၏ မျက်နှာကို မကြည့်ဘဲ နေလေ၏။ မောင်ကွန်းသည် ဓာတ်မီးကို ရုပ်သိမ်းကာ တခြားတစ်ယောက်၏ မျက်နှာကို ထိုးကြည့်မည်ပြုလေရာ ဒေါ်ဥက မောင်ကွန်း၏ လက်မောင်းနှစ်ဖက်ကို ကိုင်ကာ

"အမယ်လေး သားရဲ့၊ မင်း ဘာကိုလုပ်ခဲ့သလဲ"

ဟု များစွာလှုပ်ရှားသော အသံနှင့်ပြောလေရာ မောင်ကွန်းသည် ထိတ်လန့်ခြင်းဖြစ်ခါ မိခင်၏မျက်နှာကို ဓာတ်မီးနှင့် ထိုး၍ကြည့်လေ၏။ ထိုအခါ ရွှေဆိုးသည် မဥ၏ မျက်နှာကို စိုက်၍ကြည့်ပြီး မျက်လုံးများ ပြူးကာ ဝေဒနာကို မေ့ပြီ။

"အမယ်လေး မဥရဲ့၊ မဥရဲ့ ကျူပ်ဖြစ်ပုံကို မြင်ဝံ့သေးရဲ့လားကွယ့်"

ဟု ပြောကာ လက်နှစ်ဖက်ကို ဆန့်ပြီး မတ်တပ်မှလဲ၍ သွားတော့ မလိုဖြစ်လေရာ မဥသည် ပြေး၍ပွေ့ဖက်ခါ

"ကိုဆိုးပေ ကိုဆိုးပေ"

ဟု နှစ်ခွန်းမျှသာ ခေါ်နိုင်ရှာလေ၏။ မဥသည် မြေပေါ်၌ ပုဆစ်ဒူးတုပ်ရက် ကျလေ၏။ ပေါင်ပေါ်၌ အခွေသား မှီ၍နေလေ၏။ ထိုအခါ မောင်ကွန်းသည် အံ့အားသင့်လျက် ဓာတ်မီးနှင့် ထိုးကာ ငုံ့၍ကြည့်လေရာ ဓားပြခွေဆိုး၏ မျက်နှာကို သိမ်မွေ့သောလက်ဖြင့် ကိုင်ကာ ပွတ်သပ်ယုယလျက် မျက်ရည်စက်လက်နှင့်နေသော မိခင်ကိုလည်းကောင်း၊ စကားမပြောနိုင်ဘဲ ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အသက်ရှူကာ မဥ၏မျက်နှာကို ကြည့်၍နေသော ဖခင်ကိုလည်းကောင်း မြင်ရလျက် ဓာတ်မီးကို ကိုင်၍ထားသော လက်များသည် လျော့ပြီးလျှင် ဓာတ်မီးသည် အောက်သို့ ကျသွားလေ၏။ ထို့နောက်

"အမယ်လေး မေမေရဲ့၊ ကျွန်တော် မှားပါပေကော"

ဟု ပြောကာ ဖခင်နှင့်မိခင်ကို သိမ်း၍ ဖက်လေ၏။

အနီးရှိ ဓားပြများနှင့် ပုလိပ်သားများလည်း အံ့အားသင့်လျက် ဝိုင်းအုံ၍သာ ကြည့်၍နေကြရလေ၏။ အတန်ကြာသောအခါ မောင်ကွန်းက

"ကိုင်း မေမေ လွန်ကုန်ကြပြီ၊ ဘယ်နည်းနဲ့မှ တတ်နိုင်တဲ့ နည်းလမ်းရှိတော့မှာမဟုတ်ဘူး။ ကျွန်တော် တာဝန်ကုန်အောင် ဆောင်ရွက်ရတော့မယ်။ မေမေ အိမ်ကိုသာ ပြန်ပါတော့"

ဟု ပြောကာ မိခင်က တွဲထူလေ၏။ ဓားပြဆိုးပေလည်း အားယူကာ မြေပေါ်မှ ထလေ၏။ မောင်ကွန်းသည် မိခင်ကို အိမ်သို့ တွဲ၍ပို့ရင်း ထပ်မံတွေ့ရဖို့ရန် ကျွန်တော်စီမံအားထုတ်ပါမည်ဟု ကတိထားလေ၏။ မိခင်သည်ကား မလိုက်ချင်လိုက်ချင်နှင့် မိမိ၏ ယောကျ်ားကို ပြန်ကာကြည့်ရင်း

"ကိုဆိုးပေ သွားပေဦးတော့ ကံဆိုးမသားကြီးရဲ့၊ ကျွန်မ တွေ့အောင် ကြံပါ့မယ်၊ ဘာကိုမှ အားမငယ်ပါနဲ့၊ ကျွန်မတို့ ကြံနိုင်သမျှ ကြံစည်ပါ့မယ်။ အခု ရှင့်ကို သေနတ်နဲ့ပစ်ပြီး ဖမ်းလာတာဟာ ရှင့်သားအရင်းပါပဲ"

ဟု ပြောပြီး အိမ်သို့ ပြန်လာခဲ့လေ၏။ မောင်ကွန်းသည် ဓားပြများ ထံပြန်ပြီးလျှင် ခိုင်လုံသည် မခိုင်လုံသည်ကို စစ်ဆေးလေ၏။ ဖခင်၏ရှေ့သို့ ရောက်သောအခါ ကြည့်လျက်၊ မတ်မတ်ရပ်၍နေကာ ရှိသေသော်လည်း ချည်နှောင်ထားသော လက်ထိပ်များကို မခတ်ဘဲ မနေမူ၍ သေချာစွာ စစ်ဆေးလေ၏။ ဖခင်သည် သားစစ်ဆေးခြင်းကိုခံလိုက် မျက်ရည်ပြည့်သော မျက်လုံးများ

မှာ သားၡ်မျက်နှာပေါ်၌သာ စိုက်ခါ ကြည့်နေလေ၏။ ၎င်းနောက် ဂါတ်သို့ သွားကြလေ၏။

နောက်နှစ်ရက်ကြာသောအခါ နံနက်ခင်းအချိန် မောင်ကွန်းသည် မိခင်ထံသို့ ပြေး၍လာပြီးလျှင်

"ဖေဖေကို ဝင်ပြီးကြည့်ရတော့မယ် မေမေ၊ အခွင့်ရပြီ။ သို့သော်လည်း ဖေဖေ ဒဏ်ရာမသက်သာဘူးလို့ ကြားရတယ်၊ ဘယ်လိုနေသလဲ မသိဘူး"

ဟု ညှိုးငယ်စွာ ပြောလာပြီးနောက် သားအမိနှစ်ယောက် ထောင်ထဲသို့ ရောက်သောအခါ ဆေးရုံသို့ သွားရောက်လေ၏။ ဆေးရုံ၌ တစ်ခုသော ခုတင်ပေါ်တွင် သွေးမရှိသောမျက်နှာနှင့် ပက်လက်အိပ်၍နေသော သူကို မြင်ရသောအခါ မဥမှာ ရင်ထဲကို မီးစကြီးထိုး၍ သွင်းလိုက်သလို ဖြစ်သွားလေ၏။ မကြာမီ အပါးသို့ ရောက်သွားသောအခါ မဥသည် ခုတင်ကိုမှီ၍ ထိုင်လေ၏။ လူမမာအကျဉ်းသမားသည်ကား မဥနှင့်မောင်ကွန်းကို တစ်လှည့်စီကြည့်ကာ နှုတ်ခမ်းများကို လှုပ်လေရာ နားကပ်၍ထောင်လေ၏။ ထိုအခါ

"မဥ၊ ကျုပ်အဖေကွဲ့နော်၊ သို့သော်လည်း မသေမီ ကျုပ်သားကို တွေ့ရတာ အားရပါပြီ၊ သားနှင့် မယားကို ကြည့်ပြီး သေရတာဟာ သေခြင်း၏ဒုက္ခကို များများကြီး သက်သာရာ ရစေဖို့ ဖြစ်တာပါပဲ။ ကျုပ်အပြစ်တွေကို အခွင့်လွှတ်ပါ။ ကျုပ်ဖြင့် မင်းနဲ့ သည်လောက်ပဲ ရေစက်ဆုံခဲ့တာကိုး။ ကျုပ်သွားရတော့မယ်၊ ကျုပ်ကိုယ်ထဲမှာ သွေးမရှိဘူး၊ ခြေလက်တွေ လေးကုန်ပြီ။ မဥ . . . မဥ . . ."

ဟု ညည်းပြီး အပါး၌ ရပ်နေသော မောင်ကွန်းကို စိုက်ခါကြည့်လေရာ မောင်ကွန်းသည် အနီး၌ မှီ၍ထိုင်ပြီး နားအနားကို ကပ်ခါ

"ဖေဖေ ကျွန်တော်မသိလို့ ယခုလိုဖြစ်ရတာပါပဲ"

ဟု ပြောလေသည်။ ထိုအခါ အရောင်အဆင်းမရှိသော မျက်လုံးမှာ ခိုးမှင်တွေ ဆင်၍လာသလို သာ၍မှေးမှိန်လျက်။ ပါးစပ်ကို လှုပ်လေ၏။ မောင်ကွန်းသည် နားကပ်၍ ထောင်လေရာ

"ကိစ္စမရှိဘူး သားကြီးရဲ့၊ ဖေက မကောင်းပဲကိုး။ မင်းအမေကိုသာ ဖေ့ဖေ့အစား ပြုစုရစ်ခါနေတော့"

ဟု ပြောခိုက်တွင် လက်တစ်ဖက်ကို မောင်ကွန်းသည် အုပ်ကိုင်လေ၏။ လက်တစ်ဖက်ကို မဥအုပ်ကိုင်လေ၏။ ထို့နောက် လူနာ၏မျက်လုံးများ

http://www.cherrythitsar.org



သည် လည်ပြီးလျှင် တစ်ချက်နှစ်ချက်မျှ မေးပြီးနောက် ကိုယ်လက်များ ပြေပြီး ငြိမ်သက်ခြင်းအဖြစ်သို့ ရောက်သွားလေ၏။ သားအမိနှစ်ယောက်တို့လည်း အလောင်းကိုဖက်ခါ မနားနိုင်အောင် ရှိနေကြလေ၏။

❋

နောက်တစ်လလောက်ကြာသောအခါ မောင်ကွန်းသည် ရွာတစ်ရွာမှအပြန် မချစ်၏အိမ်သို့ ဝင်လေ၏။ သွေ့ခြောက်ငြီးငွေ့ဖွယ်သော အိမ်ကိုအဝေးမှ မြင်ရုံမျှနှင့် အားတက်ခါ သာယာလှစွာသော ဘုံဗိမာန်သို့ ချဉ်းကပ်၍ လာသကဲ့သို့ ဘယ်အခါမျှ မပျောက်ပျက်သော ဝမ်းနည်းသူ မချစ်၏မျက်နှာကလေးကို မြင်ရတော့မှာပဲဟု စိတ်ထဲတွင် မျှော်လင့်ကာ အိမ်အပါးသို့ရောက်လေရာ အိမ်၌ တစ်စုံတစ်ရာမျှသော အသံကိုမျှ မကြားရသဖြင့် အားငယ်၍ သွားလေ၏။ အိမ်ရှေ့သို့ ရောက်သောအခါ သွေ့ခြောက်သော အိမ်မှာ သုသာန်ဇရပ်ကဲ့သို့ ဖြစ်နေသည်ကို တွေ့မြင်ရလေ၏။ အကြောင်းမူကားမည်သူတစ်ယောက်မျှ မရှိ။ ဟောင်းလောင်းကြီးဖြစ်နေ၍ နေလေသည်။ ထိုအခါ မောင်ကွန်းမှာ အားရှိသမျှ ဆုတ်ယုတ်ပြီး မောပန်း၍လာသောကြောင့် အိမ်ရှေ့၌ထိုင်ကာ မချစ် ဘယ်ကိုများ ရောက်ရှာပါလိမ့်မလဲ။ ဘယ်ကိုများပြောင်းရွှေ့သွားပါလိမ့်မလဲ စသည်ဖြင့် တွေးတော၍ နေလေရာ အိမ်ပေါ်၌လျှောက်၍နေသော ဆက်ရက်နှစ်ကောင်တို့သည် အချင်းချင်း မာဂဓဘာသာဖြင့် ပြောဆိုနေသော စကားများကို ရပ်ကြပြီးလျှင် မိမိကို ငေးကြည့်ကာ

"သည်ဧည့်သည် ဘာလုပ်လာပါလိမ့်မလဲ"

ဟု တွေးသကဲ့သို့ ကြည့်၍နေကြလေ၏။ မောင်ကွန်းသည် အိမ်ပေါ်သို့ တက်၍ကြည့်လေရာ တစ်ခုသော ထရံအကြား၌ ညှပ်၍ထားသော သိုးမွေးစကလေးနှင့် ဖော့ပန်းကလေးတစ်ခု၊ ဆံညှပ်ကလေးတစ်ချောင်း၊ ဇာလက်ကိုင်ပုဝါ တစ်ပိုင်းစုတ်ကလေးကို တွေ့မြင်ရလေရာ ၎င်းတို့ကို ယူရန်ကြည့်လေ၏။ ပန်းနှင့်ပုဝါ ၎င်းပြင် သိုးမွေးကို နမ်း၍ကြည့်လိုက်သောအခါ သင်းပျံ့မွှေးကြိုင်သော ကညာတို့၏ ရနံ့ကို ရရှိသဖြင့် သည်ဟာ ချစ်ချစ်၏အနံ့အသက်ပဲဟု စိတ်ထဲမှ စွဲပိုက်ခါ လှိုက်ဖို၍ သွားလေ၏။ 'အရင်တစ်ခေါက်ရောက်လာတုန်းက ငါသည်နေရာမှာ ထိုင်တာကပဲ တကတည်းဗျာ။ ဘယ်ကိုများ ရောက်သွားရှာပါလိမ့်မလဲ' ဟု တွေးရင်း ဝမ်းနည်းကာ အိမ်ပေါ်မှ

http://www.cherrythitsar.org



တဖြည်းဖြည်း ဆင်း၍ အချိန်မရှိသောကြောင့် နောက်တစ်ခါမှလာပြီး သေသေချာချာ စုံစမ်းမေးမြန်း ရှာဖွေမည်ဟု စိတ်အကြံပြုကာ ပြန်၍လာခဲ့လေ၏။

နောက်တစ်နေ့၌ ရန်ကုန်ကို သွားမည်ဟူသော အမိန့်ကို ရရှိလေရာ မောင်ကွန်းသည် ချစ်ချစ်ကို ထပ်မံ၍ ရှာခွင့်မရဘဲ မိခင်ကို ပုသိမ်မှာ ထားခဲ့၍ ရန်ကုန်သို့ ထွက်လာခဲ့လေ၏။ ရန်ကုန်မြို့သို့ ရောက်ပြီးနောက် မိမိလုပ်ကိုင်ရန် တာဝန်များ ပြီးစီးသောအခါ ညနေချမ်းအချိန် ဘုရားကြီးသို့ တောင်ဘက်စောင်းတန်းမှ တက်သွားပြီးလျှင် ပန်းဖယောင်းတိုင်များကို ဝယ်ပြီးနောက်၊ အရှေ့ဘက်သို့ လှည့်သွားလေရာ မြောက်ဘက်လှည့်၍ လာသူ၊ မိန်းမပျိုတစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိလေလျှင် နှစ်ယောက်စလုံး အံ့အားသင့်၍ နေကြလေ၏။ မိနစ်အနည်းငယ်ကြာသောအခါ မိန်းမပျို၏ မျက်နှာသည် ညိုလျက် မောင်ကွန်း၏ မျက်နှာကို ကြည့်ရာမှ လွှဲဖယ်ပြီး အရှေ့စောင်းတန်းဘက်သို့ ကွေ့၍ ဆင်းလာရာ မောင်ကွန်းက 'ချစ်ချစ်၊ ချစ်ချစ်' ဟု လိုက်၍ခေါ်သော်လည်း ပြန်၍မျှမကြည့်ဘဲ အောက်သို့သာ ဆင်း၍ သွားလေ၏။ ထိုအခါ မောင်ကွန်းသည် လွန်စွာအံ့အားသင့်လျက် ဘယ်အတွက် သင်း ငါ့ကို နှုတ်မဆက်ပါသလဲ၊ ငါ့ကိုမှ စကားမှ မပြောပါတကားဟု ငါ စကားပြောခွင့်ရအောင် လိုက်မည်။ ဘယ်နည်းဘယ်ပုံ သင်းရောက်၍ လာပါသလဲ စသည်ဖြင့် တွေးပြီး အတင်းလိုက်လေရာ ဘုရားခြေရင်းသို့ ရောက်သောအခါ ချစ်ချစ်သည် နောက်သို့ လှည့်ပြီး –

"ရှင် ဘာပြုလို့ ကျွန်မနောက်ကို လိုက်ရသလဲ"

ဟု မျက်နှာထား၍ ပြောလေ၏။

"အရင်က တစ်ခါတွေ့ဖူးပြီး စကားပြောလို့မှ မဝသေးမီ၊ ကိစ္စရှိလို့ ထွက်ပြီးလာခဲ့ပါတယ်။ သည်ကတည်းက မင်းမျက်နှာကိုချည်း အမြဲမြင်ပြီး နေလွန်းလို့ တစ်နေ့ကတင် မင်းတို့ရွာကို သွားပါသေးတယ်။ မင်းကို မတွေ့ရတာနဲ့ အင်မတန် စိတ်မကောင်းဖြစ်ပြီး လာရာမှာ အခု သူတော်ကောင်း နတ်များမလို့ မင်းကို ကြံကြံစည်စည် လာတွေ့ရတာပါပဲ။ မင်း ဘာပြုလို့ အသိမလုပ် နှုတ်မှမဆက်ဘဲ အခုလို မျက်နှာလွှဲရတာလဲ ချစ်ချစ်ရဲ့"

ချစ်ချစ်သည် ကြွေကြီးလှစွာသော မျက်နှာနှင့် သစ်ပင်တစ်ပင်အနီးသို့ ကပ်မီကာ နီမြန်းသော နှုတ်ခမ်းကလေးများကိုစူလျက် ပျော့ပျောင်းသော မိမိ၏ လက်ချောင်းကလေးများကို ချိုးဖွဲ့ရန် ကြံစည်သကဲ့သို့ လက်များသည် မငြိမ်မသက်ဘဲ နေပြီးမှ

http://www.cherrythitsar.org



"ကျွန်မသွားတော့မယ် ရှင့်ကို ကျွန်မ မသိဘူး"

ဟု ပြောလေ၏။

"ချစ်ချစ်ရဲ့ မင်းက မသိဟန် အခုမှ မဆောင်ပါနဲ့၊ မင်းနဲ့ကျုပ်နဲ့ဟာ အမှတ်တရ သိခဲ့ပါတယ်။ ကျုပ်နှလုံးမှာ ထင်ပြီးနေတဲ့ မင်းဓာတ်ပုံဟာ ဘယ်တော့မှ မပျောက်နိုင်ပါဘူး၊ ကျုပ်မှာ ဘာများ အပြစ်ရှိလို့ သိပြီးမှ မုန်းရတာလဲ"

ချစ်ချစ်သည် စကားမပြောချင်သော အမူအရာနှင့် တစ်ချက်တစ်ချက် မောင်ကွန်းကို မျက်စောင်းထိုးကြည့်ပြီး နောက်ဆုံး၌ မတ်စွာရပ်လျက် မောင်ကွန်းမျက်နှာကို မောက်မာစွာ မော်၍ကြည့်ပြီး

"ရှင် ကျွန်မပထွေးကို သတ်တဲ့လူ၊ ရှင့်ကို ကျွန်မ ဘယ့်နှယ်လုပ်ပြီး စကားပြောရမလဲ၊ ကျွန်မပထွေးဟာ ကျွန်မကို သမီးအရင်းလို ကြည့်ရှုထားပါတယ်။ ကျွန်မပထွေးကို ရှင်သတ်ပြီးကတည်းက ကျွန်မတို့ တူအရီးမှာ အားကိုးရာမရဘဲ ရန်ကုန်ကိုလာပြီး ဆင်းဆင်းရဲရဲ ဆေးလိပ်လိပ်ပြီး စားနေရတယ်။ ရှင် ကျွန်မပထွေးကိုလည်း သတ်တယ်။ ကျွန်မတို့ကိုလည်း ဆင်းရဲကြောင်းကြံတယ်။ ကျွန်မအိမ်မှာ လာတည်းပြီး အရိပ်ခိုခို အခက်ချိုးချိုး လုပ်သွားတာကို ကျွန်မ မေ့နိုင်ပါ့မလား။ သည့်အတွက် ရှင့်ကို ကျွန်မ စကားမပြောချင်ဘူး"

ဟု ပြောကာ သွားတော့မည်ပြုလေရာ မောင်ကွန်းက ၎င်း၏ ရှေ့၌ တည့်မတ်စွာ သွား၍ ရပ်ပြီး

"ချစ်ချစ် မင်း ဘာကို ပြောနေတာလဲ၊ ကျုပ် နားမလည်ပါလား"

ဟု ပြောလေ၍ ချစ်ချစ်သည် သာ၍သေချာစွာ ပြောလေရာ ကိုဆိုးပေသည် ချစ်ချစ်ပထွေးဖြစ်ကြောင်းကို သိရလျက် မောင်ကွန်းသည် လွန်စွာ အံ့အားသင့်ပြီးလျှင်

"မိုးကြိုးကို ပစ်ရပါစေရဲ့ ချစ်ချစ်ရယ်၊ ကျုပ် ဘာမှမသိပါဘူး။ တာဝန်အတိုင်း လုပ်တာပါ၊ မင်းပထွေးမှန်းကိုလည်း ကျုပ်မသိပါဘူး။ ကျုပ်အတွက် ယခုလို ဆင်းရဲဒုက္ခဖြစ်ရတယ်ဆိုတာ အတိုင်းထက်အလွန် ဝမ်းနည်းတာပါပဲ"

ဟု ပြောပြီး ချစ်ချစ်၏အပါးသို့ တိုး၍ကပ်ခါ

"ချစ်ချစ် ကျုပ်ပြောမယ့်စကားကို သေချာစွာ နားထောင်စမ်းပါ၊ အင်မတန် ထူးဆန်းတဲ့အကြောင်းတစ်ခု ရှိတယ်"

ဟု ပြောလေရာ ချစ်ချစ်သည် မျက်တောင်မခတ်ဘဲ မောင်ကွန်း၏ မျက်နှာ ကြည့်၍နေလေ၏။ ထိုအခါ မောင်ကွန်းက –

http://www.cherrythitsar.org



"မင်းမှာ ပထွေးမျှသာ ဆုံးပါတယ်၊ ကျုပ်မှာ ဖအေအရင်း ဆုံးပါတယ်"

ဟု ပြောလေ၏။

"ရှင့်ဖအေ သူ့ဘာသာသေတာ ကျွန်မနဲ့ ဘာဆိုင်သလဲ ကျွန်မပထွေးမှာ ရှင်သတ်လို့ သေတာပါ"

"မဟုတ်သေးပါဘူး ချစ်ချစ်ရဲ့၊ မင်းပထွေးဟာ ကျုပ်အဖေအရင်းပါပဲ"

ဟု ပြောလေရာ ချစ်ချစ်မှာ မျက်လုံးပြူးလျက် ပါးစပ်ဟ၍ နေလေ၏။ ထိုအခါ မောင်ကွန်းက အကျိုးအကြောင်းကို အကုန်အစင် ပြောပြလေရာ ချစ်ချစ်သည် အံ့သြ၍ မကုန်နိုင်ဘဲ စိတ်ပြေရုံမျှမက မောင်ကွန်းနှင့် တွေ့ရခြင်း၌ သဘောကျပြီး မောင်ကွန်းက သွားတော့မည်ပြုလေရာ ချစ်ချစ်သည် လက်ညှိုးကို ကိုက်ခါ မောင်ကွန်းကို မျက်စောင်းထိုးကြည့်ပြီး

"ရှင် ကျွန်မတို့အိမ်ကို မလိုက်တော့ဘူးပေါ့လေ"

ဟု ငေါ့၍ ပြောလေ၏။

"မင်းကမှ မခေါ်ဘဲကိုးကွယ့်"

"တယ်ပြီး စည်းကမ်းကြီးနေတာပေါ့လေ . . . အခေါ်ကို စောင့်နေတာလား။ ကောင်းပါပြီ အင်စပိတ်တော်မင်းရဲ့ အိမ်ကိုကြွပါဦး"

"အမိန့်ကို အမြဲ နာခံရမယ့်လူပါ။ ချစ်ချစ်ရဲ့"

ဟု ပြောပြီး နှစ်ယောက်သား ဗဟန်းသို့ သွားကြလေ၏။

နောက်တစ်လောက်ကြာသောအခါ မောင်ကွန်းသည် အလုပ်မှ ခွင့်ခံပြီးလျှင် မိခင်နှင့်အတူ ရန်ကုန်သို့လာရောက်ပြီး ချစ်ချစ်ကို တောင်းရမ်းကာ ခမ်းနားသော မင်္ဂလာပွဲကို ကျင်းပရလေ၏။

**ဒဂုန်မဂ္ဂဇင်း ၊ ၁၉၂၀ ပြည့်နှစ် ၊ ဒီဇင်ဘာလ။**



## လယ်တီပဏ္ဍိတ ဦးမောင်ကြီး

လယ်တီပဏ္ဍိတ ဦးမောင်ကြီးကို မုံရွာမြို့၊ ညောင်ပင်ဖြူရွာကြီး၌ ၁၂၄၀ ပြည့်၊ တပို့တွဲလဆန်း (၉) ရက်နေ့တွင် အဖ ဦးရောက်၊ အမိ ဒေါ်ထပ်တို့မှ မွေးဖွားခဲ့သည်။ တစ်ဦးတည်းသော သားဖြစ်ပြီး ငယ်နာမည် မောင်သန့်စင်ဖြစ်ပါသည်။ အသက် (၇) နှစ်အရွယ်တွင် ညောင်ဖြူရွာ၊ မရမ်းပင် ဘုန်းတော်ကြီးကျောင်း၌ ပညာသင်ကြားရင်း အသက် (၉) နှစ်သားတွင် ရှင်သာမဏေခံယူခဲ့သည်။ ငယ်စဉ်ကပင် မိဘနှစ်ပါး ကွယ်လွန်သွားကြသဖြင့် အသက် ၁၃ နှစ်သားတွင် လူထွက်ရသည်။ နောက် အသက် (၁၇) နှစ်သားတွင် သာမဏေပြန်ဝတ်သည်။ မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီးထံရောက်သွားခဲ့သည်။ ပိဋကတ်အခြေခံကျမ်းများ သင်ကြားခဲ့ရာ အသက် (၂၀) တွင် စာချပုဂ္ဂိုလ်ဖြစ်ခဲ့သည်။

ငယ်စဉ်ကပင် လယ်တီဆရာတော်ကြီးကဗျာများကို လေ့လာဆည်းပူးခွင့် ရခဲ့သည်။ ပါဠိစာပေဘက်တွင် သဒ္ဒါအရာ၌ ကျော်စောသကဲ့သို့ ကဗျာအရာ၌လည်း ကဗျာပဏ္ဍိတဟူ၍ ကျော်စောခဲ့သည်။ အသက် (၃၀) အရွယ်တွင် လူထွက်၍ ပျဉ်းမနားမြို့မှ မမကြီးနှင့် လက်ထပ်ခဲ့သည်။ ဦးမောင်ကြီး

http://www.cherrythitsar.org



ဟူ၍ အမည်ယူခဲ့သည်။ ပျဉ်းမနား၊ မန္တလေးတို့တွင် နေထိုင်ပြီး ၁၉၁၁ ခုနှစ်တွင် မြန်မာ့အလင်း ဦးရွှေကြူးခေါ်လာသဖြင့် ပထမဆုံး မြန်မာ့အလင်းမဂ္ဂဇင်းတွင် အယ်ဒီတာလုပ်သည်။ ပထမဦးဆုံး ဝတ္ထုစာပေမှာ မြန်မာ့အလင်းမဂ္ဂဇင်း၌ ပါဝင်သော 'မောင်သောက' ဝတ္ထုဟု ဆိုကြပါသည်။ ထိုမဂ္ဂဇင်းမှာပင် 'သကုဏ္ဍလ'၊ 'ခင်မြင့်ကြီး' ဝတ္ထုစာပေများ ဆက်လက်ရေးသားခဲ့ပါသည်။

နောက် ပညာ့အလင်းမဂ္ဂဇင်းသို့ ရောက်လာသည်။ ဝတ္ထုတို စတင်ရေးသားလာသည်။ ပညာ့အလင်းမဂ္ဂဇင်း၊ အတွဲ (၁) အမှတ် (၁) မှာပင် 'အလင်းနှင့်အမှောင်' ဝတ္ထုတိုကို စတင်ရေးသားသည်။ ဒါရိုက်တာ တုတ်ကြီးက 'စိတ်အာရုံ' အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးခဲ့ရသည်။ ပညာ့အလင်းမဂ္ဂဇင်းတွင် ဝတ္ထုတိုများ ဆက်လက်ရေးသားရာ 'အမျိုးသားနှင့် ဘွိုင်ကောက်' အခန်းဆက်ဝတ္ထုရှည်များလည်း ရေးသားခဲ့သည်။ သန်းသန်းဝတ္ထု၊ ခင်မြင့်ကြီးဝတ္ထု၊ (ဒုတိယတွဲမှစ၍) တင်တင်မြ၊ ရွှေပြည်ကြီး စသော လောကီထုပ္ပတ်လူတို့ဇာတ်ထဲမှ ရသမြောက်ဝတ္ထုစာပေများ၊ နတ်သျှင်နောင်၊ ဗညားနွဲ့၊ တပင်ရွှေထီး စသော ရာဇဝင်ဝတ္ထုစာပေများ၊ ကဗျာလင်္ကာများ၊ ထို့ပြင် တဝ ပါဠိမြန်မာကျမ်းပေါင်းများစွာ (နီတိမာလာ၊ ကုသဂ်တိ၊ ဒေသနာမဥ္ဇူရီ၊ အနန္တစက္ခု) ရေးသားပြုစုခဲ့သည်။

လယ်တီပဏ္ဍိတဦးမောင်ကြီးသည် ဘဝတစ်သက်တာတွင် စာအုပ်ပေါင်း (၄၀၀) နီးပါး ရေးသားပြုစုခဲ့သည်။ (စာအရေးသားနိုင်ဆုံး ပညာရှိကြီးတစ်ယောက်သာမက၊ ကဗျာအဖွဲ့နိုင်ဆုံးသော စာဆိုကြီးတစ်ယောက်လည်း ဖြစ်သည်) ဟု ဒဂုန်ဦးထွန်းမြင့်က ရေးသားခဲ့ပါသည်။ ဆရာဦးမောင်ကြီးကိုယ်တိုင်ကလည်း (စာရေးမယ်လို့ စက္ကူပေါ် ကလောင်တင်လိုက်ရင် စာလုံးကလေးတွေက သူ့အရင်ရေးပါ၊ ငါ့အရင်ရေးပါ ဆိုပြီး စုရုံးဝိုင်းအုံလာကြတယ်။ အဲဒီအထဲက လိုချင်တဲ့ စာလုံးကလေးတွေကို ဆွဲယူလိုက်ရုံပဲ) ဟု ပြောဆိုခဲ့ရသည်။

ဆရာဦးမောင်ကြီးသည် အသက် ၅၅ နှစ်အရွယ်တွင် အမူးရောဂါစွဲကပ်လာ၍ ၁၉၃၃ ခုနှစ်တွင် မုံရွာသို့ ပြောင်းရွှေ့နေထိုင်ရင်း သက္ကရာဇ် ၁၃၀၁ – ခုနှစ် ကဆုန်လဆန်း ၄ ရက် (၂၁.၄.၁၉၃၉) နေ့တွင် ကွယ်လွန်သွားခဲ့သည်။ ပထမဇနီး ဒေါ်မမကြီးနှင့်သား (မောင်တင်ဦး) နှင့် ဒေါ်မမကြီးကွယ်လွန်ပြီး ဒေါ်အေးနှင့်သမီး (မတင်ဦး) တို့ ကျန်ရစ်ခဲ့ပါသည်။

# အလင်းနှင့်အမှောင်

တက္ကသိုလ်ဆရာတစ်ဦးကမှာဖူးတဲ့ နုတ်ချည်၊ အိမ်ထောင်ဘက် ဘုရားတည်၊ ဆေးမှင်ရည်စုတ်ထိုး၊ သည်သုံးခုချက်မပိုင်လျှင် နောင်ပြင်နိုင် ခဲတဲ့အမျိုး . . .

သြော် ဦးပုည ကိုယ်တော်ကြီးရေးတဲ့ သည်တေးထပ်ဟာ တယ်မှန် ပါလားနော်၊ မင်္ဂလာဆောင်၍ အိမ်ထောင်ပြုတဲ့အရာ၊ ဘုရားတည်တဲ့အရာ၊ မှင်ကြောင်ဆေးနီ ထိုးနှံတဲ့အရာ၊ သည်အချက်သုံးချက်မှာ ဦးစွာအစက မှား သွားပြီဆိုမှဖြင့် ပြင်လို့မရနိုင်တဲ့ မှားလက်စ တန်းလန်းကြီးနဲ့ မချမ်းမသာ ခေါင်းငုံ့ပြီး ခံနေတော့တာပဲ။ ကိုယ်ကိုယ်တိုင် အမှားကြုံနေလို့ အပုံကြီး စိတ် မချမ်းမသာမှန်းကို သိရတော့တယ်။ ကိုယ့်လက်ထဲ ရောက်နေတဲ့ သည်မျောက် အိုမကြီး မျက်နှာကို မြင်ရလေလေ၊ ဦးပုညစာကို သတိရလေလေ ဖြစ်တော့ တာပဲ။ ကံများနယ် သည်တောရုပ် တောရည်နှင့် အနေအထိုင် မယဉ်ကျေး အမူအရာကလေး နည်းနည်းမလုပ်။ သစ်သားရုပ်ကြီးလို မတုန်မလှုပ် မှုန် ကုပ်ကုပ်နှင့် စုတ်စုတ်ပွဲ့ပွဲ့ဟာကြီးကို ရအောင်စီမံတာကို အံ့ဩပါရဲ့။ 'စေ့စေ့ တွေး ရေးရေးပေါ်' ဆိုတာကို ပြောရင်းဆိုရင်း သူ့ရုပ်ကြီးကို နှလုံးနာလာ တာပဲ။

သြော် ဟိုတစ်နေ့က ရွှေတိဂုံဘုရားပွဲအခါမို့ ကုန်းတော်ပေါ် သွား တော့ တနင်္ဂနွေထောင့်မှာ ကနေတဲ့ အငြိမ့်ထဲက ရတနာစိန်ခင်ဆိုတာကို မြင်ရ တော့ အင်မတန် မျက်စိအရသာ ရှိပါကလား၊ အယဉ်ရော၊ အလှရာ၊ အမူအရာ တွေက ပေါလိုက်တာ။ ပြောလိုက်၊ ဆိုလိုက်၊ ဘဝင်ခိုက်အောင် အရှိုက်အနွဲ့ ချစ်စရာနယ်ကို ချဲ့ပြီး တကယ့်ကို . . . မပြောချင်ပါဘူးလေ။ သူ့မျက်နှာက

လေးစွဲပြီး မျက်လုံးထဲမှာ ဓာတ်ပုံရိုက်ထားသလို ဖြစ်နေတာပဲ။ သူ့အာရုံပေါ် လေလေ အိမ်က ကျုပ်တို့ ကတော်ကို မြင်းပြင်းကပ်လေလေ။ ပိုက်ဆံကုန်ဖြင့် ခံနိုင်ပါရဲ့။ ဘယ်လိုကြံပြီး ရွှေမျက်မှန်ကလေးကို မျက်စိနားမှာ ကပ်ထားရ ပါမလဲဟု ပက်လက်ကုလားထိုင်ကြီးပေါ်မှာလှဲပြီး အစွဲရှိရင်း ဥပါဒါန်အဟုန် ဖြင့် ကြံပုံထုတ်၍ နေတုန်းမှာ ဖြူန်းခနဲ လူပျိုကြီးမောင်ထွန်းခင် ရောက်လာ လေ၏။

"အို မိတ်ဆွေကြီး မောင်ဘသီ၊ ဓာတ်မီးတွေဖွင့်ပြီး တစ်ယောက် တည်း ပက်လက်ကုလားထိုင်ပေါ်မှာ မှိုင်ငေးငေးကြီးနှင့် ဘာများ တွေးနေပါ သလဲ"

"စိတ်မအေးလေတော့ ကြိတ်တွေးတွေးပြီး အဆွေးကို ဖြေနေရတာပ။ မိတ်ဆွေနှင့် တိုင်ပင်စရာရှိလို့ မျှော်နေဆဲမှာ ဖြူန်းခနဲ ရောက်လာတာ အလွန် ဝမ်းသာပါတယ်"

"လူတစ်လူ အပူတစ်မျိုးဆိုတဲ့ စကားလို လူ့ပြည်လောကမှာ ဘယ် အခါမှ အပူအေးတယ်လို့ မရှိကြဘူး။ အတွင်းပူကလေးတွေ ကိုယ်စီကိုယ်င နှင့် တစ်ဘဝလုံး အလိုမပြည့်စုံဘဲ ရှိစမြဲမွေတာပါပဲ။ တိုင်ပင်စရာ ဘယ် ဟာ ပူစရာက ဘယ်နည်းဟု မိတ်ဆွေကြီး ဖွင့်ပြောမှ သိရပါမယ်"

မောင်ဘသီက သူ့အကြောင်းကို ဖွင့်ပြောမည်ဟု ကြံစည်နေရင်း ယခု ရုတ်တရက် ပြောဖို့ အချိန်စောသေးသည်ဟု တွေးမိသဖြင့်

"အို ယနေ့ည မပြောသေးပါဘူးလေ။ နောက်မှ ပြောပါတော့မယ်။ အပုံကြီး အရေးကြီးတာကလား"

"ဒါဖြင့် မိတ်ဆွေပြောချင်တဲ့အခါမှ ပြောပါ၊ အို စကားမစပ် ဟို အနောက်က ဝီလျှံလမ်းမှာ ဆွမ်းကြီးလောင်းပွဲတစ်ခု လုပ်တာနှင့် ယခုည အငြိမ့်ပွဲကြည့်လာပါလို့ မိတ်ဆွေတစ်ယောက်က ဖိတ်ကြားထားတယ်။ ကဲ စိတ်မကြည်တဲ့အခါ အကြည်ဆေးကလေး ဖော်ရအောင် အငြိမ့်ပွဲကို သွားချည့် ကြစို့ရဲ့"

"အငြိမ့်မင်းသမီးနာမည်က ဘယ်သူတဲ့လဲ"

"ရန်ကုန်တစ်မြို့လုံး ကျော်နေတဲ့ ရတနာစိန်ခင်ဆိုတာလေ"

မောင်ဘသီသည် ရုတ်တရက် ငေးသွားပြီး လက်ညှိုးကို ကိုက်၍

"ကဲ ယခုလိုက်မယ်"

ဆိုပြီး အဝတ်အစားလဲလေ၏။

http://www.cherrythitsar.org



"အို နေပါဦး၊ မစောတို့ကို မမြင်ပါပဲကလား၊ ဘယ်ကိုသွားကြသလဲ"

"ကျုပ် ရုံးက ပြန်လာတဲ့အခါ သူ့ကို မြင်ရတာ မျက်နှာကြောမတဲ့တာနှင့် ခပ်ထန်ထန် မောင်းမဲကြိမ်းဝါးလို့ ထမင်းစားပြီးလျှင်ပြီးချင်း သူ့အမေတိုက်ကို ခေတ္တဆင်းသွားတယ်။ တန်ပါဗျာ၊ သူ့အကြောင်းကိုတော့ မပြောပါနှင့်"

မောင်ထွန်းခင်က ပြုံးပြီးလျှင်

"သူတို့နှစ်ယောက်ဖြင့် ရန်မီးတောက် ကြတော့မယ်ထင်တယ်။ တောမီးလောင် ကြောင်လက်ခမောင်းခတ်ဆိုသလို မောင်ထွန်းခင်ဆိုတဲ့ အိမ်ကြောင်မှာ တဖြောင်းဖြောင်း လက်ခမောင်း လက်ခမောင်း ခတ်ရချည်သေးရဲ့"

ဟု တွေးတောပြီး သူငယ်ချင်းနှစ်ယောက် အငြိမ့်ပွဲသို့ ထွက်သွားကြလေ၏။ အငြိမ့်ပွဲသို့ ရောက်လျှင် ဂုဏ်သရေရှိသူများ ကြည့်ရှုရန် သီးသန့်ထားသော နေရာက ထိုင်၍ ကြည့်နေစဉ် ရတနာစိန်ခင် ထွက်လာသည်နှင့် တစ်ပြိုင်နက် မောင်ဘသီ၏ မျက်ခွက်သည် ရုတ်တရက် ငေးသွားပြီးလျှင် မျက်တောင်ခတ်ခြင်းများလည်း တဖြည်းဖြည်း နှေး၍သွားလေ၏။

ရတနာစိန်ခင်က အမူအရာအမျိုးမျိုးဖြင့် ယောကျ်ားတို့၏ စိတ်နှလုံးကို ဆွလျက် ကခုန်သီဆိုသောအခါ မောင်ဘသီ၏ နှလုံးသားသည် မူလအခြေအနေမှ ပြုတ်ထွက်သွားမလောက် မရပ်မတည်နိုင်ရှိ၍ မျက်စိက္ခန္ဓေမရဘဲ ထမလို ထိုင်မလို ကမန်းကတန်းနှင့် ငန်းဖမ်းသကဲ့သို့ ဖြစ်နေလေ၏။

မောင်ထွန်းခင်က အသာလက်တို့ပြီးလျှင်

"ခင်ဗျားကို လူတွေက ပြုံးပြီး ကြည့်နေကြတယ်၊ အငြိမ့်သမထက် ခင်ဗျားဟန်ပန်က ပွဲကျနေပြီ။ က္ခန္ဓေနှင့် ငြိမ်ငြိမ်နေစမ်းပါ"

ဆိုသော်လည်း အတွင်းစိတ်ထကြွလျှင် အပြင်ဗန်းက အမူအရာများကို တားဆီး၍နိုင်သောအရာမဟုတ်သဖြင့် မောင်ထွန်းခင်၏ သတိပေးစကားများကို နားမဝင်နိုင်ဘဲ

"ကျုပ် ဆုချချင်တယ်။ လူပျက်ကို ခေါ်ပေးစမ်းပါ"

ဆိုလျှင် မောင်ထွန်းခင်က

"က္ခန္ဓေခပ်နည်းနည်းနှင့် အတော်ကဲတဲ့လူပဲ၊ သူသဘောကျသလိုသာ ရှိပါစေတော့"

ဟု တွေးပြီးလျှင် အငြိမ့်လူပျက်ကို ခေါ်ပေးရာ သူ့လက်တွင် ဝတ်ဆင်လာသော ရွှေလက်ပတ်နာရီကို ဖြုတ်၍ အငြိမ့်မင်းသမီးပေးပါ။ လက်စွဲ

http://www.cherrythitsar.org



နှစ်ယောက်မှာ ငွေ ၃ ကျပ်စီဟု ဆို၍ ပေးလိုက်ပြီးလျှင် စဉ့်အိုးတန်းစာရေး ကြီး ကိုဘသီက ပေးကြောင်းနှင့် ဆုတောင်းသီချင်းတစ်ပုဒ်ကို ဆိုစေရန် မှာ ထားလိုက်လေ၏။

အငြိမ့်လူပျက်ကလည်း ထုံးစံရှိသည့်အတိုင်း မောင်ဘသီကို ချီးမွမ်း ပြောဆိုလျှင် ရတနာစိန်ခင်က မောင်ဘသီ၏ ဂုဏ်ကျေးဇူးကို ဖွဲ့၍ သီချင်း ဆိုလေ၏။

ပွဲကြည့်သူများကလည်း မောင်ဘသီကို ကြည့်ရှုပြီးလျှင်

"သည်လို ကိုယ်တော်မြတ်တွေရှိပေလို့ အငြိမ့်သမများ တန်ခိုးကြီး ကြပေတာကိုး"

ဟု ပြုံးရယ်ကြလေ၏။ ရတနာစိန်ခင်က ဂုဏ်ကိုဖွဲ့၍ သီချင်းဆို သောအခါ

"ကဲ ပြန်ကြစို့ရဲ့၊ သို့ရာတွင် ငါလိုလူ ဇမ္ဗူမှာ ကြံဖူးစ ဂုဏ်ထူးတဲ့ ယောကျာ်းဟု စိတ်ထဲက သံချပ်ထိုးပြီးလျှင် (ဥပမာ တစ်ဦးတစ်ယောက်က မိမိဂုဏ်ကျေးဇူးကို ချီးကျူး၍ ရေးသားထားသော သတင်းစာကို မိမိတွေ့မြင် ရာ ဝမ်းသာလုံးတက်သထက်) မောင်ဘသီမှာ အဆများစွာ ဝမ်းသာလုံး ရင်ဝ ကို ဆို့၍နေလေ၏။

ရတနာစိန်ခင်အခန်း ပြီးသောအခါ မောင်ဘသီက

"ကဲ ပြန်ကြစို့ရဲ့။ သို့ရာတွင် သူနှင့်နည်းနည်း စကားပြောချင်သေး တယ်။ အခွင့်ရနိုင်ပမလား"

ပြောရာ မောင်ထွန်းခင်က

"အမယ်လေးရဲ့ လူပဲဟဲ့။ နေစမ်းပါဦး၊ ခင်ဗျား သည်လောက် စကား ပြောချင်သေးလျှင် တနင်္ဂနွေကျတော့ သူ့အိမ်ရောက်အောင် ပို့ပေးပါမယ်။ သူ့အမေကို ကျွန်တော်နိုင်ပါရဲ့"

"ခင်ဗျား အဟုတ်ပြောတာလား"

"အို ခက်လိုက်တာ၊ ခင်ဗျားကို ကျုပ် လိမ်နေရဦးမှာလား"

"ကဲ ဒါဖြင့် ခင်ဗျားစကား မြဲမြဲမှတ်ထား၊ သန်ဘက်ခါ တနင်္ဂနွေ နေ့ပါပဲ၊ တွေ့ဖို့ကို စီမံပါတော့"

ဆိုပြီးလျှင် အငြိမ့်ပွဲမှ အသီးသီးအိမ်သို့ ပြန်ကြလေ၏။

အိမ်သို့ ရောက်သောအခါ မောင်ထွန်းခင် ဆင်ခြင်စဉ်းစားသည်မှာ 'မိတ်ဆွေကြီး ကိုဘသီဖြင့် အငြိမ့်သမအပေါ်မှာ မျက်စိလယ် လမ်းမှားနေပြီ။

http://www.cherrythitsar.org



မယားကြီးမစောအပေါ်မှာ တော်တော်မေတ္တာကင်းတဲ့ လက္ခဏာပဲ။ သည်မစော ကလေးဟာလည်း ကိုယ့်အပေါ်မှာတော့ တော်တော်အချစ်သားကလား။ သူနှင့် သမီးရည်းစား ဖြစ်နေချိန်မှာ ဖြုန်းခနဲ သူ့မိဘများက ငွေမျက်နှာကို ကြည့် ပြီး မောင်ဘသီနှင့် ပေးစားလို့သာ သဘောမတူဘဲနှင့် ယူရရှာတယ်။ သည် အကြောင်းကို မောင်ဘသီကလည်း မရိပ်မိ။ နှစ်ယောက်တည်းသိတာမို့ ပိပိ ရိရိ ဣန္ဒြေရရ နေနိုင်ကြတယ်။ ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာဆိုတာလို မစောကလည်း အချစ်ပြယ်မှာ မဟုတ်ပါဘူး။ မိတ်ဆွေဝတ္တရားနှင့် ညီစွာ မောင်ဘသီကိုဖြင့် တစ်ချက်တွန်းလိုက်ရဦးမှာပဲ။ သူ့အကျိုးလိုလိုနှင့် ကိုယ့် အကျိုးဆောင်ဆိုတဲ့ စကားလို အငြိမ့်သမနှင့် ဖြားယောင်းပြီး အချစ်ဟောင်း မစောနှင့် မေတ္တာချင်းပြန်ပြီး နှောရချည်သေးရဲ့။ ဥစ္စာရင်းမှန်တော့ ပြန်ရဆို တာ တယ်မှန်ပါကလားနော်။

ဩော် အိုရချည်သေးရဲ့။ 'အနိစ္စ အနိစ္စ' ဟု စိတ်ကတွေးရင်း အိပ် ပျော်လေ၏။

နောက်တစ်နေ့ ၁၂ နာရီလောက်တွင် မောင်ဘသီ ရုံးကမပြန်ခင် မစောအိမ်သို့ သွားပြီးလျှင် မောင်ထွန်းခင်က ပြောသည်မှာ

"မင်းကို သတိပေးစကား တစ်ခုပြောချင်တယ်"

"အရေးကြီးတဲ့အချက်လား ကိုထွန်းခင်"

"မင်းတို့မိန်းမများမှာ သည့်ထက် အရေးကြီးတာ မရှိဘူး"

"အလို လန့်စရာကြီးပါလား၊ ကျွန်မ ကြားစမ်းပါရစေ"

"ကုန်းတိုက်တယ်လို့များ ထင်သွားမှာလား၊ ပြောရမယ့်စကားက အရေးကြီးလို့ မပြောဝံ့အောင် ရှိနေပါတယ်"

"ပြောသာပြောပါ၊ ကျွန်မသဘောကို ရှင်သိတယ်မဟုတ်လား"

"တစ်ခု မေးစမ်းပါရစေ၊ မောင်ဘသီနှင့် မင်း ယခုတလော ကောင်း ကောင်းသင့်မြတ်ကြရဲ့လား"

မစောက ရုတ်တရက် ငေး၍ ၂ မိနစ်လောက် တွေပြီးလျှင်

"ကျွန်မတို့ သင့်သင့်မြတ်မြတ်ပါပဲ"

ဟု အလိမ္မာသဘောနှင့် ပြောလေ၏။

"သင့်မြတ်လျှင် သဘောကျတာပါပဲ။ ပြောပြမယ့်စကားကို နားမ ထောင်ချင်ပါနှင့်တော့"

ဟု နေရာမှ ထ၍ ပြန်သွားရန် ပရိယာယ်ဆင်သောအခါ မစောက

http://www.cherrythitsar.org



"ရှင် ပြောမယ်ဆိုတာကို မကြားရလျှင် ကျွန်မ စိတ်ဖြောင့်မှာ မဟုတ်ပါ။ ပြောမပြမချင်း ရှင် အိမ်ပေါ်က ဆင်းဖို့ အခွင့်မပေးနိုင်ဘူး ကိုထွန်းခင်"

"ရတနာစိန်ခင်ဆိုတဲ့ အငြိမ့်သမကလေးကို မြင်ဖူးရဲ့လား"

"သူ့သတင်းတော့ ရန်ကုန်မြို့ပေါ်မှာ ကျော်နေတာပါပဲ။ ကျွန်မ ပွဲ ဝါသနာမပါလို့ တစ်ခါမှ မမြင်ဖူးပါ"

"မင်းအကျိုးလိုလို့ ပြောတာနော်၊ မိတ်ဆွေမောင်ဘသီကဖြင့် ရတနာစိန်ခင်ကို မမြင်ရ မနေနိုင်အောင် စွဲပြီး သရဲစီးသလို သဲသဲမဲမဲကြီး ပိုးနေပြီ။ ရတနာစိန်ခင်ကလည်း ခပ်ပါပါမို့ မကြာမီ အကြောင်းဆက်ပြီး ပေါင်းဖက်ဖို့ ကြံစည်နေကြပြီ။ သည်က စာရေးကြီးကတော်ဟောင်းကိုတော့ အကောင်းကြံလိုက်မယ် မထင်နှင့်။ မယုံလျှင် သူရုံးက ပြန်လာတဲ့အခါ ကြည့်စမ်း။ သူအမြဲဝတ်တဲ့ ရွှေလက်ပတ်နာရီကလေးတစ်လုံး ပြုတ်ပါပကော။ မနေ့ညကပဲ ငွေရော နာရီရော စေတနာဗောသန်သန်နှင့် နိဗ္ဗာန်ကို ရည်မှန်းပြီး ရတနာစိန်ခင်ဆိုတဲ့ ကိုယ်တော်မကလေးကို လှူဒါန်းလိုက်တယ်။ စာရေးကြီးတို့ သူဌေးကြီးတို့ကို မက်တဲ့ မင်းတို့လို မိန်းမများဟာ မကြာမကြာ ဒုက္ခရောက်တတ်တာမျိုးကလား။ ကြပ်ကြပ်သာ သတိထားပါတော့"

မစောသည် လွန်စွာ ရုပ်ဆင်းလှပသည့်အပြင် လိမ္မာယဉ်ကျေး၍ စိတ်သဘောနူးညံ့လျက် သစ္စာကတိရှိသော မိန်းမဖြစ်သည့်အတိုင်း သူ့ယောကျ်ားအမူအရာကို သိပြီးဖြစ်သည်နှင့် မောင်ထွန်းခင်၏စကားကို ယုံကြည် သော်လည်း အမူအရာကို များစွာ မပြောင်းလဲဘဲ

"ကိုထွန်းခင်ရယ်၊ သူကျွေးမွေးနိုင်မယ်ဆိုလျှင် ဆယ်မယားပဲယူယူ၊ ကျွန်မတော့ စိတ်မပူပါဘူး၊ ကျွန်မသည်းခံနိုင်သမျှတော့ ခန္တီစတရားနှင့် ကြိတ်ပြီး မျိုသိပ်ထားရတာပ။ ယခုလို ပြောပြတာကိုလည်း ကျေးဇူးတင်ပါတယ်။ ရှင်ကလည်း ဆုံးမနိုင်သမျှ ဆုံးမပါ။ ကျွန်မလည်း သူ့အရိပ်အကဲကို ကြည့်ပြီး သတိပေးရဦးမှာပဲ"

"မင်းစိတ်သဘောဟာ အလွန်တော်ပါပေတယ်။ သည်လို အရာမျိုးမှာ သည်းခံနိုင်တယ်ဆိုတာ ပါရမီ အတော်ရင့်ပေတာပ။ သည်လို သဘောကောင်းပုံကို တွေးမိလေလေ ရှေးက မင်းနှင့်ကျုပ် . . ."

"ရှေးဇာတ်ဟောင်းကို မလှန်ပါနဲ့တော့ ကံကြိုးဆွဲတိုင်း ကကြတဲ့ သတ္တဝါတွေပါ။ 'မကြံဘဲမြောက်၊ ကြံရင်းမှောက်' ဆိုတဲ့ စကားလို ကြံသော်

http://www.cherrythitsar.org



လဲမှောက်၊ မကြံဘဲနှင့်လည်း မြောက်တတ်ပါတယ်။ နောက်ကို ဘယ်အကျိုးပေးကြဦးမယ်လို့ မသိသေးပါဘူး။ ကိုဘသီ၏ အကြံအစည် ထူးခြားလျှင် ကျွန်မ သိပါရစေ"

ဆိုပြီး ကာဖီပွဲများ ပြင်၍ ညှဲ့ခံလေ၏။

"အကြောင်းရှိတိုင်း သိပါစေ့မယ်။ ခင်ဗျားနှင့် ကျုပ်တော့ ငယ်ငယ်ကစပြီး တစ်ဦးတစ်ဦး အထူးမေတ္တာ . . ."

"သည်ယနေ့ နာရီပြန် ၂ ချက်လောက်မှာ ကိုဘသီ ပြန်လာလိမ့်မယ်၊ သူပြန်လာတော့ ရှင်နှင့် တွေ့နေတာကိုလည်း စိုးရိမ်မိပါတယ်။ ယောကျ်ားများဆိုတာ အထင်တစ်ခါ လွဲမိလျှင် ဖြေရှင်းဖို့ ခက်ခဲတာမို့ ရှင့်ကို နှင်တယ်လို့လည်း အထင်မလွဲပါနှင့်။ သို့ရာတွင် မကြာမကြာ လာပြီး ရတနာစိန်ခင်နှင့် ကိုဘသီအကြောင်းကို ပြောပါ"

ဆိုရာ မောင်ထွန်းခင်က

"ကောင်းပါပြီ၊ မင်းပြောတာလည်း အဟုတ်ပေပဲ။ သတိတမန် ဉာဏ်မြေကတုတ်ဆိုတာလို ပေါ့ပေါ့လျော့လျော့ဖြင့် မနေပါနဲ့။ နောက်ဆုံးစကားမှာတော့ မင်းလည်း စိုးရိမ်စရာ မရှိပါဘူးကွယ်။ သူမကောင်းလျှင် မပေါင်းဘဲ ပစ်လိုက်တာပ။ လောကမှာ သူလိုယောကျ်ားတွေ အများကြီးကလား"

ဆိုပြီးလျှင် ဆင်းလာခဲ့လေ၏။

မစောက စဉ်းစားသည်မှာ ကိုဘသီရဲ့ စိတ်များ ပြောင်းလွဲပုံနှင့် ထောက်ထားတော့ ယခု ပြောသွားတဲ့စကားဟာ အမှန်ဖြစ်လိမ့်မယ်။ လွန်ခဲ့တဲ့ ၁၅ ရက်လောက်ကစပြီး ကိုဘသီဟာ သဘောထား ခပ်ဆိုးဆိုး မျက်နှာကြီး အောက်သိုးသိုးနှင့် အလကား ညှိုးနေတာပဲ။ လောကွတ်ပျူငှာနှင့် အမူအရာ တစ်မျိုးသုံးပြီး ခပ်ပြုံးပြုံးနှင့် ချစ်အောင်ချော့သော်လည်း မပျော့မပျောင်း ဖယောင်းကို ရေစိမ်သလို ဣန္ဒြေကြီးနှင့် ထန်ပြီး အလကား မာန်မဲနေတာပဲ။ သည့်အရင်ကတော့ ယုယုယယနှင့် သည်ကမျက်နှာကြည့်ပြီး အလိုက်သိအလို ပါ၍ ချိုချိုသာသာ မျက်နှာထားနှင့် စကားတောင်မှ လေပြင်းပြင်း မပြောဘဲ သဘောရှိချော့ပါရဲ့။

ယခုတော့ ရတနာစိန်ခင်အပေါ်မှာ မေတ္တာစိတ်လမ်း ကောက်လို့ သည်က မယားကြီးအပေါ်မှာ မော်တော်တော် မောက်တောက်တောက်နှင့် ငေါက်ချင်ငေါက် ဆဲချင်ဆဲ မဲချင်မဲ မာန်ချင်မာန် အခံရခက်အောင် လုပ်နေတာတော့ အမှန်ပဲ။

http://www.cherrythitsar.org



သို့ရာတွင် သူ့အကဲကို ခတ်ပြီး တတ်နိုင်သမျှ သည်းခံရဦးမှာပဲ။ ယဉ်ကျေးတဲ့ ဆင်ပေမယ့် မုန်ကျတဲ့အခါတော့ ချွန်းပြသော်လည်း မနိုင်ဘဲ ကြမ်းတမ်းမြဲ ဓမ္မတာပေဘဲ။ သြော် ယောကျ်ားတို့မေတ္တာဟာ နက်နဲစွာ မရှိ။ မျက်စိအပေါ်ယံကလေးမှာသာ တည်နေလို့ အရုပ်အရည် ချောမော အမူအယူ ပေါပေါနှင့် ကြာတောကို မြင်မှဖြင့် ယခင်က အချစ်ဟောင်းကိုမေ့ပြီး ကောက်ကွေ့တဲ့သဘောနှင့် မုန်ကျသော ဆင်ကြီးလို ဖြစ်တော့တာပဲ။ မိန်းမဆိုတာ မျက်နှာများသင့်တဲ့ အမျိုးအစားမဟုတ်လို့ ချုပ်နိုင်သမျှ စိတ်ကိုချုပ်၊ အုပ်နိုင်သမျှ ကိုယ့်လင်ကို အုပ်ပြီး ခပ်ကုပ်ကုပ်နေနိုင်မှ ကောင်းပေတယ်။ ကို . . . တစ်ယောက်လည်း ယခင်က စိတ်ကိုပဲ မဖျောက်နိုင်ရှာသေးဘူး။

ဤသို့ တွေးတောနေစဉ် မောင်ဘသီ ရုံးက ပြန်လာလေ၏။ မစောက မျက်နှာချိုသာစွာနှင့် ပီယဝါစာပြောသော်လည်း မျက်နှာကြောခပ်မာမာနှင့်

"ရုံးက ပြန်လာတဲ့အခါ ဖိနပ်ကို ချွတ်ပေးရမှန်း မသိဘူးလား"

ဟု ခပ်ထန်ထန် ပြောဆိုလျှင် မစောက မျက်နှာထား မပြောင်းလဲဘဲ ကောင်းမွန်ရိုသေစွာ ဖိနပ်ကို ချွတ်၍ ပေးလေ၏။

ထို့နောက် လက်ဖက်ရည်နှင့် မုန့်များကို ပြင်၍ပေးသောအခါ

"ဟင် ယခုလောက်ကြာတောင်မှ ကောင်းမွန်စွာ လက်ဖက်ရည် မဖျော်တတ်သေးဘူး။ နို့ကနည်းနည်း၊ အရည်တွေ ခပ်ကြဲကြဲနှင့် မုန့်ကင်တာကလည်း မည်းလို့၊ ရန်ကုန်မြို့ထဲမှာ မွေးပေတဲ့ တောသွေးတောမူနှင့် တောသူမကြီးလို ကြာလေကြာလေ နှလုံးနာစရာကြီး ဖြစ်လာတာပဲ"

ဟု လက်ဖက်ရည်ပွဲကို လက်နှင့် တွန်းဖယ်၍ ပြောလေ၏။ မစောက

"ကျွန်မပြောရန် အခွင့်ပေးပါ၊ ကိုဘသီဟာ ရှေးအခါနှင့်မတူဘဲ အမူတစ်မျိုး ပြောင်းပြီး ကျွန်မကို မကောင်းထင်နေတာပဲ။ ကျွန်မကဖြင့် ဘယ်နေရာကမှ ပြောင်းလွဲခြင်းမရှိပါ။ ရှင့်စိတ်က မျက်စိလည်တာလို ဖြစ်နေပြီ ထင်ပါတယ်။ အရုပ်လေးမျက်နှာကတော့ သူ့နဂိုအတိုင်းရှိရာ မျက်စိလည်တဲ့သူကတော့ အရှေ့ကို အနောက် ထင်ချင်ထင်နေတတ်တာမျိုးပဲ။ သည်ဟာ မျက်စိလည်သူရဲ့ တာဝန်ဖြစ်ပါတယ်။ အရုပ်မျက်နှာကို အပြစ်မဆိုထိုက်ပါဘူး။ ကျွန်မတစ်ခု မေးစမ်းပါရစေ။ ရှင့်လက်မှာ အမြဲဝတ်ဆင်ထားတဲ့ ရွှေလက်ပတ်နာရီကလေးကို မမြင်ပါပဲကလား"

"လက်ပတ်နာရီ မင်းနဲ့ဘာဆိုင်သလဲ။ ရေထဲကို လွှင့်ပစ်လိုက်ပြီ။ ကဲ မင်းဘာပြောချင်သေးသလဲ"

http://www.cherrythitsar.org



မောင်းမဲပြောဆိုပြီးလျှင် မောင်ဘသီအိမ်ပေါ်က ဆင်းသွားလေ၏။

မောင်ထွန်းခင်လည်း နက်ဖြန် တနင်္ဂနွေနေ့မှာ မောင်ဘသီကို အလိုပြည့်စေရန် ရတနာစိန်ခင်အိမ်သို့ သွား၍ အမျိုးမျိုးအကြောင်းဖြင့် ဖြားယောင်းသွေးဆောင်လျက် စာရေးကြီးဂုဏ်ပုဒ်ကို ဖော်ထုတ်ပြီးလျှင် တနင်္ဂနွေနေ့မှာ ခေတ္တအတွေ့ခံရန် ပြောဆို၍ ထားလေ၏။

တနင်္ဂနွေနေ့တွင် မောင်ဘသီသည် အဝတ်အစား ကောင်းမွန်စွာပြင်ဆင်ပြီးလျှင် မောင်ထွန်းခင်နှင့်တကွ အငြိမ့်သမအိမ်သို့ သွားကြလေ၏။ ရောက်လျှင် ရတနာစိန်ခင်၏ အမေက ချိုသာစွာ နှုတ်ခွန်းဆက်သပြီးလျှင်

"အို ကြွတော်မူလာကြသကိုး၊ သည်မှာ ထိုင်ပါ"

ဆို၍ နေရာထိုင်ခင်း ပေးပြီးလျှင် ဧည့်ခံလေ၏။ မောင်ဘသီက

"ဘယ့်နှယ်လဲ မိတ်ဆွေ၊ ဟန်မှ ဟန်ပဲ့မလား။ တုံးတင်က ပြန်သွားရမလိုလို ဖြစ်နေပြီ"

ဆိုလျှင် မောင်ထွန်းခင်က

"ဒေါ်ဒေါ် မစိန်ခင်တို့ကော"

ဟု မေးရာ

"ရှိပါတယ်၊ မနေ့ညက အငြိမ့်ကရလို့ အခန်းထဲမှာ အိပ်နေပါတယ်။ ခေတ္တဆိုင်းပါဦး"

ဆိုပြီးလျှင် သူ့သမီးကို ထွက်လာရန် ခေါ်လေ၏။

ရတနာစိန်ခင်သည် အိပ်ရာထကာစ မျက်နှာမျိုးနှင့် ဖဲကြိုးကို ခေါင်းမှာစီး၍ ဆံပင်ကို ဖားလျားချပြီးလျှင် နှင်းဆီပန်းတစ်ပွင့်ကို ကိုင်လျက် အခန်းထဲက ထွက်လာလေ၏။ (မောင်ဘသီ ဆုချသော ရွှေလက်ပတ်နာရီကလေးလည်း လက်မှာ ဝတ်ဆင်လျက်ပါလာသည်။)

ရတနာစိန်ခင်၏ မျက်နှာသည် ဇာခန်းဆီးကိုဖွင့်၍ ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် မောင်ဘသီ၏ စိတ်နှလုံးသည် ပြုန်းခနဲ လျှပ်စီးပြက်လိုက်သောအခါ ထိတ်ခနဲ လန့်သွားသောသူကဲ့သို့ ဖွင့်၍နေသော မျက်စိကို မျက်တောင်ခတ်ခြင်းအားဖြင့် ပြန်၍မမှိတ်နိုင်ဘဲ ကြိုက်မရှက် အကြည့်မျိုးနှင့်ကြည့်ပြီးလျှင်

"ဩော် အငြိမ့်ကနေခိုက်တွင် ပြင်ဆင်ခြယ်လှယ်ထားတဲ့ ရုပ်ထက်ပဲ ဟန်ပါသေးကလားနော်။ ဘီးမပြင် မှန်မသသော်လည်း နဂိုနေရင်းက ဟန်ရတော့ အမျိုးမျိုး လှနေပါကလား"

http://www.cherrythitsar.org



ဟု စဉ်းစား၍ ငေးနေသည့်အခါ ရတနာစိန်ခင်က

"အစ်ကိုတို့ မျက်နှာကို မြင်ရတာ မင်္ဂလာရှိတယ်လို့ ကျွန်မ ထင်ပါတယ်။ အို ကျွန်မသတိရပြီ။ ရွှေလက်ပတ်နာရီ ဆုချတဲ့ အစ်ကို ကိုဘသီဆိုတာ ရှင်ပဲ မဟုတ်လား။ နာရီကလေးဟာ ကျွန်မလက်မှာ ရှင့်ကိုယ်စားလှယ်ဖြစ်ပြီး ချပ်ချပ်ချပ်ချပ်နှင့် စက္ကန့်သံကို ကြားရတိုင်း သတိရနေပါတယ်"

ဟု ချိုချိုသာသာ ကြာဝိဇ္ဇာမကလေးက ချွဲလိုက်လျှင် ငနဲကြီး မောင်ဘသီ၏ ရင်ထဲမှာ ရေခဲတုံးကြီးကို ဌာပနာထားသလို ဖြစ်သွားပြီးလျှင် (Personal magnetism) ခေါ် လောကဓာတ် မှော်ပညာဖြင့် ညို့၍ထားသောသူကဲ့သို့ ငေးတေးတေးကြီးနှင့် တစ်စုံတစ်ရာ စကားပြန်မပြောနိုင်ဘဲ ရှိလေ၏။

ရတနာစိန်ခင်က မောင်ဘသီ၏ အကဲကို ရိပ်မိသဖြင့် 'နတ်ရှူးပုံနှင့် မြှောက်၊ ခြေထောက်က' ဆိုတာလို စိတ်ကြွအောင် အမျိုးမျိုးပြောဆိုသော်လည်း တေမိမင်းသားကို အလိုစမ်းသလို မတုန်မလှုပ်နှင့် စကားပြန်မရဘဲ မှင်သက်မိ၍နေလေ၏။ မောင်ထွန်းခင်ကလည်း ရတနာစိန်ခင်ကို 'ဆွနိုင်သမျှ ဆွပေးပါ' ဟု မျက်ရိပ်ပြ၍ ပြောလေ၏။ အတန်ကြာမှ မောင်ဘသီ၏ နှုတ်ခမ်းများသည် တုန်တုန်လှုပ်လှုပ်နှင့်

"ကျုပ်ကလည်း ဟုတ်ကဲ့ မစိန်ခင်ကို . . ."

ဟု စကားဆုံးအောင် မပြောနိုင်ဘဲ ရပ်ဆိုင်း၍ လေပြတ်သွားလေ၏။

ဤသို့ ပြောဆိုနေစဉ် စိန်ခင်ကို ပိုးနေသော ကျောင်းသားတစ်ယောက် တက်လာသောကြောင့် စိန်ခင်၏အမေက ဉာဏ်တစ်မျိုးဆင်ပြီးလျှင် မောင်ထွန်းခင်နားကပ်၍

"ယခုလာတာ မစိန်ခင်ရဲ့ မောင်ဖြစ်ပါတယ်။ အပြောအဆို သတိထားပါ။ ကောင်ကလေးက ခပ်မိုက်မိုက်နှင့် အလိုက်မသိဘူး"

ဟု တိုးတိုးပြောလျှင် ၎င်းအကြောင်းကို မောင်ဘသီသို့ ပြန်ကြားလေ၏။ မောင်ဘသီလည်း ခပ်ရှက်ရှက်ရှိသည်နှင့်

"ကဲ ကိုထွန်းခင်၊ ပြန်ကြဦးစို့ရဲ့၊ တစ်နေ့လောက် ကောင်းကောင်းတွေ့ရအောင် ရက်တောင်းခဲ့ပါ"

ဟု ပြောရာ၊ မောင်ထွန်းခင်က

"ကောင်းပါပြီ၊ ခင်ဗျားအလိုအတိုင်း ပြည့်စုံပါစေ့မည်"

ဆို၍ ပြန်သွားကြရန် ထကြသောအခါ မောင်ဘသီက

"သူ့အမေကြီးနှင့် ခေတ္တတွေ့ချင်ပါသေးတယ်"

ဟု ပြောသဖြင့် မောင်ထွန်းခင်က မျက်ရိပ်ပြ၍ ခေါ်သဖြင့် စိန်ခင်၏ အမေလည်း အမှတ်တမဲ့ ထ၍ လိုက်လာလေ၏။

အိမ်လှေကား အဆင်းနားမှာ စိန်ခင်၏အမေကို မောင်ဘသီက ငွေစက္ကူ ၅ ချပ် ထုတ်ပေးပြီးလျှင်

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ဟု စကားမှား ပြောမိရာ မောင်ထွန်းခင်က

"ဟိုက ကျေးဇူးတင်တယ်လို့ ပြောရမှာ ခင်ဗျားကြီးရဲ့၊ ခင်ဗျားက ပြောမှာမဟုတ်ဘူး။ ငွေပေးတဲ့လူက ကျေးဇူးတင်ရဦးမှာလား"

ဟု ဆိုလျှင် မောင်ဘသီက

"ခင်ဗျားပြောတာက တစ်မျိုး၊ ကျွန်တော်ပြောချင်တာက တစ်မျိုးပါ၊ ရတနာစိန်ခင်ကို မွေးမှ မွေးတတ်ပေတယ်လို့ ကျေးဇူးတင်ပါတယ်"

ဟု ပြန်ပြောလေ၏။ မောင်ထွန်းခင်က စိန်ခင်၏မိခင်နားသို့ ကပ်ပြီးလျှင်

"နောက်စနေနေ့ ညပွဲများ လက်ခံမထားပါနှင့်။ အကော်တစ်ချက်တွေ့ပါလိမ့်မယ်၊ သည်စာရေးကြီးဟာ အင်မတန်ပစ္စည်းချမ်းသာတာကလား"

ဟု တိုးတိုးပြောလေရာ

"အဒေါ် နားလည်ပါပြီ၊ သောကြာနေ့ကျတော့ အသေအချာ စကားပြောရအောင် တစ်ခေါက်လာခဲ့ပါဦး"

ဟု မှာထားလိုက်သည်ကို ဝန်ခံပြီးလျှင် မောင်ဘသီနှင့် မောင်ထွန်းခင်တို့ ပြန်လာကြလေ၏။

"ခင်ဗျားဟာ နေရာတိုင်းမှာဖြင့် လူလည်ကြီးရယ်လို့ ကျွန်တော်တို့က ဆရာတင်ထားတာ ရတနာစိန်ခင်နှင့်တွေ့တော့ ခင်ဗျား နှုတ်က အာစေးထည့်ထားတဲ့ မြွေလို ဖြစ်နေရတာ ဘာကြောင့်လဲ"

"မပြောတတ်အောင် ရှိနေတာပါပဲ၊ ကျွန်တော်က နှစ်ယောက်ထဲတွေ့မှ ရဲတာကလား၊ ဘယ်တော့ သူနှင့် ဆိတ်ဆိတ်ငြိမ်ငြိမ်တွေ့ဖို့ ခင်ဗျားကြံစည်နိုင်မလဲ။ ကျေးဇူးရှင်ကြီး သည်ကိစ္စကိုဖြင့် ထမြောက်အောင် ရွက်ဆောင်တော်မူစမ်းပါ။ တစ်သက်လုံး ကျေးဇူးတင်စမ်းပါရစေ"

"ယခုလာမယ့် စနေနေ့ကို ခင်ဗျားအလိုရှိသလို တွေ့ရပါစေ့မယ်။ ကျုပ်ကတော့ သူများအကျိုးကို သယ်ပိုးတဲ့အရာမှာ ပါရမီဖြည့်မယ်လို့ မိဋ္ဌာန်ပြီးသားပါပဲ"

"သူတို့အိမ်မှာလည်း မတွေ့ချင်ဘူး၊ နေရာတစ်ခုကို ခင်ဗျားကြံစည်ပါ"

မောင်ထွန်းခင်သည် ငါးမိနစ်လောက် စဉ်းစားပြီးနောက်

"အို ကျွန်တော် အကြံရပြီ လာမယ့်စနေနေ့မှာ ကျုပ်တို့အိမ်က ဆွေမျိုးတစ်စု ပဲခူးရွှေမော်ဓောတို့ ဘုရားဖူးသွားကြလိမ့်မယ်၊ သည်အခါ အိမ်မှာကျွန်တော်တစ်ယောက်တည်း ကျန်ရစ်မှာပဲ၊ စနေနေ့ည ၉ နာရီလောက်မှာ ရတနာစိန်ခင်နှင့်တွေ့ဖို့ အိမ်ကိုသာ လာခဲ့ပါတော့၊ အလိုရှိသမျှ ပြည့်စုံပါစေ့မယ်၊ မစောကိုဖြင့် နည်းနည်းမှ မသိပါစေနှင့်၊ ခင်ဗျားနဲ့ကြံရပါဆိုပြီး အငြိုးထားတဲ့အပြင် ကျုပ်ကို လူချင်းကွဲအောင် ခွဲတတ်တဲ့ လူယုတ်မာကြီးထင်မှာ စိုးရိမ်ပါတယ်"

"အို သည်ကောင်မကို စာရင်းထဲသွင်းလို့ မပြောပါနှင့်၊ မသိစေရပါဘူး၊ နို့ နေပါဦး၊ တွေ့ဖို့ကြံစည်ရာ စရိတ်ငွေများ ဘယ်လောက်ယူမလဲ"

"အို ကျွန်တော်က ခင်ဗျားတို့နှစ်ယောက် မင်္ဂလာဆောင်ရာ ဒါယကာ လုံးလုံးခံပါမယ်၊ ပို့မယ့်ပို့ ကတို့ကျအောင်ပို့ ဆိုတာလို ပြီးငြိမ်းသည်တိုင် အောင် ကျုပ်စရိတ်နှင့် ရွက်ဆောင်ပါ့မယ်"

"သာဓုပါဗျာ သာဓု၊ သည်ကောင်းမှုကြောင့် ယခုဘဝမှာပဲ ခင်ဗျားလူပျိုကြီးဘဝက ကျွတ်လွတ်ပါစေဗျာ"

"ကျုပ်ကလည်း ခင်ဗျားတို့နေရာကျလျှင် လူပျိုကြီးဘဝက ကျွတ်လွတ်ဖို့ ရည်မှန်းရင်းပါပဲ"

ဤသို့ ပြောရင်းဆိုရင်း လန်ချားနှင့် ရောက်လာကြရာ အသီးသီး အိမ်သို့ ရောက်ကြလေ၏။

မောင်ထွန်းခင်က အိပ်ရာပေါ်မှာ စဉ်းစားသည်မှာ လူများဟာ ထူချင်တော့ တည့်တည့်ပြောတာတောင် သဘောမပေါက်ဘဲကိုး၊ ပျားရည်နဲ့ ဝမ်းချ ဆိုတာလို ရတနာစိန်ခင်နှင့်မျှားပြီး သူ့မယားကို ချူနေတာ မသိရှာဘူး။ ဩော် ပေါင်းရချည်သေး၊ ပေါင်းရချည်သေး၊ လူပျိုကြီးဘဝက ကျွတ်မှဖြင့် လွတ်ပြီး ပျော်ရချည်သေးရဲ့နော်၊ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ ဆိုတဲ့စကားလို တဖြည်းဖြည်း ကြံစည်လာခဲ့တာ တစ်ခါဖြင့် စောစောကလေး ငါ့လက်ထဲက ထွက်ပြေးနိုင်ပါဦးမလား၊ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုတဲ့စကားလို သည်က မေတ္တာရှိတာလို စောစောကလည်း မေတ္တာမရှိဘဲ နေနိုင်ပါ့မလားဟု စဉ်းစားရင်း အိပ်ပျော်လေ၏။

http://www.cherrythitsar.org



မောင်ဘသီမှာလည်း စနေနေ့တွေ့ရတော့မည်ဆို၍ ဝမ်းသာအားရနှင့် မိမိ၏ ဒိုင်ယာရီစာအုပ်မှာ "စနေနေ့သည် မင်္ဂလာအရှိဆုံးသောနေ့ဖြစ်၏" ဟူ၍ ကြိုတင်ရေးမှတ်လေ၏။ တွေ့လိုသောဆန္ဒ အရေးကြီးသည်နှင့် တနင်္ဂနွေနှင့် စနေ စပ်ကြားက ရှိသော နေ့များသည် ငါ့ကို ကြာမြင့်အောင်ပင် နှောင့်ယှက်သော နေ့များဖြစ်သည်ဟု အပြစ်တင်ပြီးလျှင် ထိုနေ့များကို ချေဖျက်၍ ပစ်လိုသော စိတ်ဖြစ်လေ၏။ သွားမြဲဖြစ်သော နေလများကို နှေးလွန်းသည်ဟု အပြစ်တင်မိလေ၏။

မစောမှာလည်း မောင်ဘသီ၏ အမူအရာနှင့် မိုးမှောင်ကျတဲ့ပမာ လွန်စွာညှိုးပုပ်သော မျက်နှာများကို မြင်ရခြင်း၊ ဓားသွားပမာ လွန်စွာထက်မြက်သော စကားသံတို့ကို ကြားရခြင်းတို့ကြောင့် တစ်နေ့တခြား စိတ်မချမ်းမသာဖြစ်ပြီးလျှင် ဘယ်လိုကြံ၍ ကိုဘသီ၏ မှားယွင်းခြင်းကို ပယ်ဖျောက်ရမလဲ။ ကိုထွန်းခင်တစ်ယောက်လည်း မပေါ်လာတာ အတော်ကြာသွားပြီ။ ဘယ်လိုများ ကြံစည်နေမှန်းလည်း မသိရဟု တွေးတောပြီးလျှင် "ဟယ် မတတ်နိုင်ပါဘူး၊ ကံစီမံရာဖြစ်လိမ့်မပ။ ငါ၏ ဖြောင့်မှန်သောသစ္စာနှင့် တည်ကြည်သောသမာဓိဂုဏ်ကြောင့် လူ့ဘုံကို စောင့်တဲ့ နတ်များဟာလည်း ကြည့်နေကြမယ် မဟုတ်ပါဘူး၊ မှန်ရာတော့ စီရင်ကြမှာပါပဲ" ဟု စိတ်ကို ဖြေ၍ နေလေ၏။

သောကြာနေ့ကျလျှင် မောင်ထွန်းခင်သည် စိန်ခင်တို့အိမ်သို့ သွားပြီးလျှင် အကျွမ်းတဝင်ရှိပြီးဖြစ်သည်နှင့်

"နက်ဖြန်ည ၈ နာရီခွဲလောက်တွင် ရထားလွှတ်လိုက်တဲ့အခါ လိုက်လာပါ၊ တစ်နေ့က မောင်ဘသီဆိုတာ ကျုပ်လိုပဲ သားမယားမရှိသေးဘူး၊ အတည်ကြံမှာကို အမှန်သိလို့ ပြောရဲပါတယ်၊ တကယ် သူက မေတ္တာရှိရိုးမှန်ပါရဲ့၊ လခကလည်း ခပ်ကြီးကြီး နဂိုပစ္စည်းလည်း ခပ်ပေါပေါ၊ ရုပ်ကလည်း ခပ်ချောချောမို့ ပြောစရာမရှိပါ။ ကျုပ်နှမကလေးဖြင့် စာရေးကြီးကတော် ဇာတာပါတာ အမှန်ပါပဲ"

ဟု သဘောပါလွယ်တဲ့ အမေကြီးကို နားချသဖြင့် စနေနေ့ညလာရန် အာမခံချက်ကို ရရှိ၍ ပြန်လာပြီးလျှင် မောင်ဘသီရုံးက မပြန်ခင် မစောထံသို့ သွားပြန်လေ၏။

"အို မျှော်နေလိုက်ရတာ ယခုမှ ပေါ်လာတော့သကိုး၊ သတင်းထူးများ ကြားသိရပါသေးသလား"

"သတင်းထူးလို့ လာခဲ့ပါတယ်"

http://www.cherrythitsar.org



"အကြောင်းကို ပြောစမ်းပါဦး"

"နက်ဖြန်ည ၉ နာရီလောက်မှာ သူတို့နှစ်ယောက် တွေ့ဆုံပြီး အကြောင်းမျိုးစုံ တိုင်ပင်ကြပါလိမ့်မယ်၊ တိုင်ပင်ပြီးတော့ မစောကို ကွာဖို့ စီမံလိမ့်မယ်၊ မစောတော့ မသိရှာသေးဘူး၊ အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် ခမ်းခမ်းနားနား နောက်မယားနှင့် စံစားရအောင် အိမ်တစ်ဆောင် ငှားပြီးပြီ၊ အဲသည်အိမ်မှာပဲ သူတို့တွေ့ဆုံဖို့ ချိန်းထားကြတယ်"

"အမယ်လေး အများကြီး ခရီးလွန်ကုန်ပါပကော၊ သူတို့ တွေ့မယ့် အချိန်မှာ သည်အိမ်ကို သတင်းပို့နိုင်ပါ့မလား"

"သူတို့နှစ်ယောက် ဖြစ်နေပုံကို ပြောချင်လွန်းလို့ မစောထံ ပြေးလာတာပါ၊ သူတို့ကိုတွေ့လျှင် ဘယ်လိုစီရင်ချက်ချမလဲ"

"ကျွန်မ မှန်တာကို ပြောရလျှင် လင်ဇောနှင့် အဆိပ်တတ်မှုဖြင့် အရှက်အကြောက်ကို မငဲ့ဘဲ ထင်တဲ့အတိုင်း ပြုလုပ်တတ်ပါတယ်။ ဘယ်လို စီရင်ရမယ်လို့တော့ မပြောနိုင်သေးပါ။ မတွေ့မမြင်ရသေးတဲ့အခါ ကျွန်မစိတ် ဟာ နူးညံ့စွာ ရှိပေမယ့် သူတို့နှစ်ယောက် ဖောက်ဖောက်ပြန်ပြန်နှင့် ဒေါသမာန် ထွက်လောက်အောင် တွေ့မြင်လျှင် အရှင်လိုက် အစိမ်းဝါးပြီး ကျားစားတာ ထက် ဆိုးချင်ဆိုးရပါလိမ့်မယ်"

"တကယ်လို့ ဒိဋ္ဌတွေ့မြင်လျှင် သည်လိုရက်စက်တဲ့ ယောက်ျားကို အားကိုးအားထားပြုပြီး ပေါင်းသင်းထိုက်တယ်လို့ ထင်သင့်သေးရဲ့လား"

"ကျွန်မ ပြောရင်းဆိုရင်း ဒေါသထွက်လာပြီ၊ တကယ်လို့များ တွေ့ နေလျှင် သင်းတို့နှစ်ယောက်စလုံးကို လက်စတုံးအောင် သတ်၍ သွေးနှစ်ရပ် ကို လက်ထပ်ပေးလိုက်မယ်၊ မသတ်နိုင်လျှင် တွေ့တဲ့နေရာမှာ ဖြတ်စာရေးပြီး အပြတ်ကွာရှင်းလိုက်မှာပေါ့"

သည်စကားကို ကြားရာ များစွာ အားရနှစ်သက်သည်နှင့် "လုံထမ်း လာတာကို မြင်ရတယ်၊ ကံထမ်းလာတာကို မမြင်ရ ဆိုတဲ့ စကားဟာ တယ် မှန်ပါကလား၊ ထွန်းခင်တို့များ ကံကောင်းချင်တော့ များများအဆင်းရဲမခံရဘဲ လွယ်လွယ်ကလေးနှင့် ရည်ရွယ်ရင်း အချစ်ဟောင်းကို ပေါင်းသင်းရတော့မှာ ပါကလား" ဟု စဉ်းစားပြီးလျှင်

"သတ်တော့ သတ်မပစ်လိုက်ပါနှင့် သနားစရာ၊ မင်း လူသတ်မှု ရောက်သွားမှာကိုလည်း စိုးရိမ်ရသေးတယ်၊ ကွာချင်လျှင် ကွာပစ်လိုက်တာပ၊ တကယ်လို့ သူနှင့်ကွာရင် ဘယ်ကဟာများကို မှန်းပါသလဲ"

http://www.cherrythitsar.org



"ကျွန်မမှန်းတဲ့ဟာကို ရှင်အသိဆုံးဖြစ်မှာပါပဲ"

ဟု မောင်ထွန်းခင် သဘောကျအောင် ပြောရာ အဲဒါမှ ငါ့ကို တည့်တည့်ပြောတဲ့စကားပဲ သည်လိုစကားရလျှင်ဖြင့် စိတ်ချရပါပြီခင်ဗျာ။ ကျေးဇူးရှင်မကလေး တယ်အလိုက်သိတတ်ရှာတယ်ဟု တွေးပြီးလျှင်

"ကဲ ဒါဖြင့် နက်ဖြန်ခါ ည ၈ နာရီလောက်မှာ ရထားနှင့်လာကြို ပါမည်၊ ရတနာစိန်ခင်နှင့် မင်းသားမောင်ဘသီတို့ နှစ်ပါးသွားစခန်းကို ဆန်းဆန်းကြယ်ကြယ် ကြည့်ရှုရတော့မှာပဲ"

ဟု မှာထားပြောဆိုပြီးလျှင် မောင်ထွန်းခင် ပြန်သွားလေ၏။

မစောက ကိုထွန်းခင်ဟာ ကြံ့ခွဲသမျှမှာဖြင့် လူရိုးကြီးအစစ်ပေပ၊ မတော်မတရား လှည့်စားပြီး ငါ့ကို ခေါ်မယ့် လက္ခဏာတော့ မဟုတ်ပါဘူး၊ သူက တစ်ဘီးလိမ့်ကြိုက်နေတာတော့ အမှန်ပဲ၊ နက်ဖြန်ညဖြင့် လုလုပပ အမှု သည်နှစ်ယောက်ကို ဖမ်းပြီး အစွမ်းရှိသမျှ တရားပြ၍ ဆုံးမရဦးမည်ဟု ကြံ စည်လေ၏။

စနေနေ့မှာ မောင်ထွန်းခင်အိမ်တွင် လူများမရှိသဖြင့် အခန်းများကို ပြင်ဆင်စီမံ၍ ထားလေ၏။

မောင်ဘသီမှာလည်း ယနေ့ညဖြင့် တွေ့ရတော့မည်ဟု စိတ်က တရွှင်ရွှင်နှင့် ရုံးတွင် အချိန်ကုန်အောင် စောင့်၍ အိမ်သို့ ပြန်လာပြီးလျှင်

"မစော ယနေ့ည အာရုံတော်ဝတ်အသင်းက ကုန်းတော်ပေါ်မှာ အစည်းအဝေးရှိတယ်၊ စည်းဝေးပြီးလျှင် ဝတ်တက်၍ နံနက်အာရုံတော်ကပ်ဖို့ အသင်းသားအားလုံးလာရန် ဖိတ်ကြားထားတယ်၊ ဒါကြောင့် ယနေ့ညဖြင့် မမျှော်နှင့်တော့၊ မင်းတို့ သတိဝီရိယနှင့် အိပ်ရစ်ကြ"

ဟု မှာထားပြီးလျှင် အဝတ်အစားကောင်းမွန်စွာ ဆင်ယင်နေသည်တွင် မစောက အာရုံသွားတဲ့အခါ ဝတ်နေကြဖြစ်သော ပိတ်ပုဆိုးနှင့် လောပတ်တင်ရန် ပိတ်ပုဝါကြီးများကို ယူလာပြီးလျှင်

"ကိုဘသီ ယခုဝတ်ဆင်တာက ဝတ်အသင်းလူကြီးနှင့် မတူပါဘူး သည်ဟာကို ဝတ်ဆင်ပါ"

ဟု ပေးလေ၏။

"အို မင်းက အရာရာမှာ တယ်ပြီး ဆရာလုပ်ချင်တာကိုး၊ ယခု သြဇာသီးပေါ်တဲ့ ကာလမဟုတ်ဘူး၊ အထူးအစည်းအဝေးမို့ အထူးဝတ်ဆင်ရတာ သြဇာတယ်ပြီး မပေးချင်ပါနှင့်"

http://www.cherrythitsar.org



ဆိုပြီး ဆင်းသွားလေ၏။

ရတနာစိန်ခင်နှင့် ပျော်ပျော်ရွှင်ရွှင်စားရအောင် သစ်သီးဈေးမှာရှိတဲ့ အသီးအနှံအမျိုးမျိုး မုန့်တိုက်ကြီးတွေက မုန့်အမျိုးမျိုးနှင့် နွားနို့ပုလင်းများကို ရထားတစ်စီးနှင့် လျှောက်၍ဝယ်ရာ ရှစ်နာရီရောက်လာ၏။ ထို့နောက် ဆံပင်ညှပ်ဆိုင်တစ်ဆိုင်သို့ ဝင်ပြီးလျှင် ရှေ့မှန်နောက်မှန်နှင့် ဟန်ဓာတ်ခုတ်ရင်း ဆံပင်ညှပ်၍ နေလေ၏။

မောင်ထွန်းခင်သည် ၈ နာရီထိုးသောအခါ ရထားတစ်စီးနှင့် မစောထံသို့ လာ၍ ခေါ်လေ၏။ ရတနာစိန်ခင်ထံသို့လည်း ရထားတစ်စီး လွှတ်လိုက်လေသည်။

မစောသည် ချိန်းချက်သောနေရာသို့ ရှေးဦးစွာရောက်လျှင် တွေ့ဆုံမည့်အခန်းနှင့် ကပ်လျက်အခန်းထဲက တံခါးကို ကလန့်မချဘဲ စောင့်နေလေ၏။ ထိုအခန်းများသည် ဓာတ်မီးရောင် တထိန်ထိန်နှင့် အလွန်ပျော်မွေ့ဖွယ်ကောင်းလေသည်။ မောင်ထွန်းခင်လည်း အိမ်ပေါ်ကဆင်းပြီး မင်းသမီး မင်းသားနှစ်ယောက်ကို မျှော်၍နေလေ၏။

မစောက သူတို့နှစ်ယောက်တော့ အမှန်လာကြမှာပဲ၊ အမှုမှုကို အနုနှင့်သာ အောင်စေရာဆိုတဲ့ စကားအတိုင်း ရိုင်းရိုင်းစိုင်းစိုင်း ကြမ်းကြုတ်တဲ့ အလေ့ကို မသုံးဘဲ မေတ္တာနှလုံးဖြင့် အောင်မြင်ဖို့ ကြိုးစားရတော့မှာပဲဟု စဉ်းစားပြီးလျှင် အောက်ပါအတိုင်း စာတစ်စောင် ရေးသားလေ၏။

*မြို့ပေါ်မှာ သတင်းကြီးပြီး အငြိမ့်မင်းသမီးတို့၏ဘုရင် ရတနာစိန်ခင် အစည်ပါရစေတဲ့ ညီမ ချစ်ပန်းဝင်းလေးရှင့်။*

*မိန်းမတို့မှာတော့ ယခုကြုံသော်တဲ့အရာမှာ မျက်နှာ ဆင်ခြင်ထိုက်ပါတယ်။ မိန်းမချင်း စာနာ၍ ညှာတာရမယ့် အမျိုးရှာချင်း ဖြစ်တဲ့အတိုင်း အစ်မကြီး သဘောအရှိန်းသလို ခလေးကလေးဆိုင်းပြီး မှုန်မှိုင်းမှောင်မဲနေမှာတဲ့ လောဘမောစိတ်ထဲမှာ မေတ္တာကလေး နည်းနည်းသာလိုသေးပါ။ အစ်မကြီးမှာ ကိုယ်သိမယ်ကြီးအမှန်ပါ။ မိန်းမတို့ဝေ့ အချစ်ဝေ့ တလှိုင်လှိုင်နှင့် သက်ဆုံးတိုင်ကြောင်မယ် လင်သားကို တစ်ပါးသောမိန်းမက လက်ရသိမ်းပိုက်သည်ကို မဆိုသာ။ မျက်နှာကလေးဖြိုးဖြိုးနှင့် မျက်လုံးဖွင့်ကြည့်တာရှုနှင့် ရင်ကို လှံနှင့် ထောက်သလို ပေါက်ခနဲ စိတ်ထ၍ ဒေါသရော၊ ဒုက္ခရော အရှုပ်ရှုပ်အထွေးထွေး ဖြစ်လာတတ်ပါတယ်။ သူတစ်ဦးကို ဒုက္ခပေး၍ ကိုယ့်ချမ်းသာရွှေမယ်ဆိုတာလည်း "မိုးလေကာမ်ကြာ၊ ရေမြော်တစ်ပယ်" ကဲ့သို့ နှစ်သက်ဖွယ်မ*

*ဖြောက် အားကိုးလောက်သောအရာ မဟုတ်ပါ။ နှင်းသေအရှည် ချစ်ကြည်ခိုင်မြဲလာတဲ့ မေတ္တာသန့်ပင်ကြီးကိုလည်း အသီးရော အပွင့်ရော ခုတ်ချိုင်၍ နိုင်တဲ့အလှည့်မို့ အရွဲ့တိုက်ပြီး လှဲပစ်မယ်ဆိုလည်း သဘောမထားသင့်ပါ။ ကိုယ်ချင်းစာတရားနှင့် အသနားခံလိုတဲ့အရေးကြောင့် ဤစာကလေးဖြင့် တောင်းပန်ရပါတယ်၊ ရတနာအစဉ် ညီမချစ် မစိန်ခင်ရှင့်။*

**မစော**

ဤစာကို ရေးသားပြီးလျှင် ရတနာမစိန်ခင်ပေးရန်ဟု လိပ်စာတပ်၍ တွေ့ဆုံကြမည့် အခန်းစားပွဲခုံပေါ်မှာ တင်ထားပြီးလျှင် တစ်ဖက်အခန်းမှ စောင့်စား၍နေစဉ် ရတနာစိန်ခင်၏ရထား ဆိုက်ရောက်လာသောအခါ မောင်ထွန်းခင်က ခရီးဦးကြိုဆို၍ ရတနာစိန်ခင်ကို အခန်းထဲသို့ ပို့လေ၏။ အတူပါလာသော အမေကြီးကို အိမ်အောက်ထပ်အခန်းတစ်ခုမှာ ထားလေ၏။ မစောက အခန်းထဲသို့ ဝင်လာသော ရတနာစိန်ခင်ကို ချောင်းကြည့်ပြီးလျှင် 'သြော် ထင်သလောက်လည်း မလှဘဲနှင့် အိမ်က စာရေးကြီးဟာ ဘာကြောင့် သည်လောက် စွဲလမ်းရပါလိမ့်မလဲ။ ရှမ်းကြိုက်နွားချော ဆိုတဲ့ဟာလို ကြိုက်စိတ်ကပြုပြင် တဏှာက ဆင်ယင်တော့ ဘီလူးမပင် နတ်သမီးဖြစ်ရပေမှာပဲ' ဟု တွေး၍ကြည့်နေရာ ရတနာစိန်ခင်သည် မောင်ဘသီကို မျှော်ရင်း ဟိုဟိုသည်သည် ကြည့်ရှုရာ စားပွဲပေါ်မှာ မိမိနာမည် လိပ်တင်လျက် ရှိသော စာကို တွေ့ရှိလေ၏။

အလို မိန်းမလက်ရေးနှင့် စာကလေးတစ်စောင်ပါကလားဟု အံ့အားသင့်စွာနှင့် ဖွင့်၍ဖတ်ကြည့်ရာ သြော် ကိုဘသီဟာ ကိုထွန်းခင်ကို ဒလံထားပြီး အလကား ငါ့ကို ညာကြတာပါကလား၊ ပြောတော့ မယားမရှိဘူး၊ မယားမရှိဘူးနှင့် ယခုတော့ မယားကြီးကိုယ်တိုင် ရေးတဲ့စာကို ဖတ်နေရပြီ။ စာရေးပုံက သနားစရာ လွန်စွာ နူးညံ့သိမ်မွေ့တဲ့ သူတော်ကောင်းဖြစ်ရှာမှာပဲ။ တကယ်လို့သာ ရတနာစိန်ခင်တို့ စိတ်များနှင့် မယားကြီးဖြစ်လို့ ရေးရလျှင် အညစ်အကြေးတွေကို ထည့်၍ဆဲပြီး စာထဲမှာ ရန်ဖြစ်သံတွေပါတဲ့ပြင် တစ်ခါတည်း သတ်ပစ်လို့ ကြံစည်မှာပဲ။ မိန်းမဆိုတာ ထမင်းကို ဝေစားလို့ ရတယ်၊ လင်ကိုတော့ ဝေနိုင်တဲ့အရာမဟုတ်လို့ စုတ်စုတ်ပြတ်ပြတ် အသေသတ်ချင်တဲ့စိတ် ရှိကြတာမျိုးပေပဲ၊ သူတော်ကောင်းကို ပြစ်မှားလျှင် ဘွားခနဲ ဒုက္ခ



http://www.cherrythitsar.org

http://www.cherrythitsar.org



တွေ့တတ်သတဲ့၊ ယခုလာပုံဖြင့် မှားနေပြီဟု စာကိုကိုင်လျက် တွေးတောငေး မှိုင်၍ နေသည်ကို မစောမြင်ရာ ရုတ်တရက်ထွက်လာပြီးလျှင်

"ညီမချစ်ကလေး ယခုမှ ရောက်လာသလား၊ အစ်မမျှော်နေတာ ကြာလှပြီ။ မကြီးစောဆိုတာ ကျွန်မပါပဲ"

ဟု ပြုံး၍ ပြောလေ၏။

ရတနာစိန်ခင်က ရုတ်တရက် အံ့အားသင့်သွားပြီးလျှင် . . .

"ကျွန်မမှားပုံကိုတော့ ပြန်မပြောပါရစေနှင့်တော့။ ယနေ့ည ကိုယ်တွေ့ဒိဋ္ဌ သက်သေပြ၍ ကျွန်မ ဆုံးမပြီးလျှင် တစ်သက်လုံး မစောကို မလှန်ဝံ့အောင် ကြံစည်ပါမယ်။ (ယခု သူလည်း ရောက်ခါနီးပါပြီ၊ တိုတိုပြောကြစို့) သူနှင့်ကျွန်မ ဆယ်မိနစ်လောက် စကားပြောပြီးလျှင် ကျွန်မက အမူအရာဆောင်၍ ဓာတ်မီးကို ငြိမ်းလိုက်မယ်။ သည်အခါ မမစော ရုတ်တရက် ထွက်လာပြီး ရတနာစိန်ခင် အယောင်ဆောင်ပေတော့။ ကျွန်မက မမစောနေတဲ့ အခန်းထဲသို့ သွားပြီးနေမယ်။ အတန်ကြာမှ ဓာတ်မီးကို ဖွင့်လိုက်ပါ"

ဟု ပြောဆိုနေကြစဉ် အိမ်ရှေ့က မြင်းရထားတစ်စီး ဆိုက်သည်နှင့် မစောသည် မူလအခန်းထဲသို့ သွား၍ ဣန္ဒြေရစွာ နေလေ၏။

မောင်ထွန်းခင်က အိမ်ရှေ့လှေကားအတက်တွင်

"ခင်ဗျား တစ်နေ့ကလို ကြောက်မနေပါနှင့်။ သည်လိုနေရာမှာ နှုတ်ရောလက်ရော ရဲရတယ်"

ဟု မှာထားလျှင်

"ခင်ဗျားလို လူပျိုကြီး မဟုတ်ပါဘူး"

ဟု ပြန်ပြောပြီး မောင်ဘသီသည် တောင်းရွက်ကူလီ ကုလားကြီးတစ်ယောက်နှင့် အိမ်ပေါ်သို့ တက်လာပြီးလျှင် ရတနာစိန်ခင်နှင့် စားသောက်ရန် ဝယ်ခြမ်းလာသော ပစ္စည်းများကို စားပွဲမှာ တင်၍ အဝင်တံခါးကို ပိတ်လေ၏။

"ကိုဘသီကို တွေ့ချင်အားကြီးနှင့် စောစောစီးစီး ကျွန်မလာတာ ရောက်နေတာ ကြာလှပြီ။ ရှင့်မှာတော့ နှုတ်ဆက်မှာထားစရာ အချစ်ဟောင်းတွေနှင့် ကိစ္စများနေလို့ ယခုလောက် ကြန့်ကြာနေတယ်ထင်ပါရဲ့"

"စိန်စိန်မှတစ်ပါး (သိကြားစူးရပါစေရဲ့၊ အို ယောင်လို့ ဘုရား...) ဘယ်မှာမှ ချစ်ဟောင်းမရှိပါဘူး၊ သည်တစ်သက်မှာ တစ်မျက်နှာပြင် နှစ်မျက်နှာမြင်တဲ့ လူစားထဲက မဟုတ်ပါဘူး"

http://www.cherrythitsar.org



"ကျွန်မကို မေတ္တာရှိတယ် အတည်ပေါင်းမည်ဆိုတာ အမှန်ပဲလား"

"အို သည်ဟာကို မေးစရာ မရှိပါဘူး၊ အိမ်တစ်ဆောင်တောင် ငှားပြီးပါပြီ" (လက်ကိုင်ပုဝါနှင့် မျက်နှာသုတ်ရင်း ပြောသည်။)

"အစ်ကိုတို့လို စာရေးကြီးဆိုတော့ မျက်နှာက ကြီးပါဘိသနှင့်။ မယားကြီးမရှိဘူးဆိုတာကို ကျွန်မ တယ်မယုံနိုင်ဘူး"

"မယုံဘူးဆိုတာလည်း ဟုတ်တန်ရာပါရဲ့။ ယုံအောင် သစ္စာဆိုပြီး ကျိန်ပြရမလား"

"ရွှေတိဂုံကိုယ်တော်ကြီးကို သည်နေရာက ဝပ်ချ ရှိခိုးပြီး ကျိန်ပြစမ်းပါ"

မောင်ဘသီက ရုတ်တရက် ကုလားထိုင်မှဆင်းပြီး ရွှေတိဂုံဘုရားဆီသို့ ဦးချ၍ သူတတ်သမျှ ကျိန်လေ၏။ မစိန်ခင်က

"အလို ဘုရားရှိခိုးတာက ဖိနပ်မှ မချွတ်ဘဲ ရှိခိုးခြင်းမြောက်မယ် မထင်ဘူး"

ဟု ဆိုရာ

"အို ယောင်သွားလို့ပါ၊ ယခု ဖိနပ်ချွတ်၍ ရှိခိုးပါ့မယ်"

ဆိုပြီး ဖိနပ်ချွတ်၍ ထပ်မံရှိခိုး သစ္စာပြုပြန်လေ၏။

"အိမ်စောင့်နတ်များလည်း သိရအောင် ဟိုအခန်းဘက်ကို လှည့်ပြီး အိမ်တွင်း မင်းမဟာဂီရိနတ်သမီးကို ရှိခိုးတိုင်တည်ပါဦး"

မောင်ဘသီက ပြောတိုင်း နားထောင်ပြီးလျှင် မစောပုန်းနေသော အခန်းကို လှည့်ရှိခိုး သစ္စာပြုပြန်လေ၏။

မစောက ကိုဘသီ ဖြစ်ရပုံများနှယ် နွားကို ရိုက်ပြီး မောင်းတာထက်ပဲ ကဲနေပြီဟု ရယ်ချင်သော်လည်း အောင့်၍သာ ချောင်းကြည့်နေလေ၏။

"ကျွန်မ စုံထောက်ချက်ရတာကို မေးစမ်းပါရစေ"

"စစ်လိုသမျှ စစ်ဆေးတော်မူပါ"

"ယခုလက်ရှိလား၊ ရှေ့ကအဟောင်းလားဖြင့် မသိဘူး။ အစ်ကို့မှာ မယားကြီးရှိတယ်လို့ သတင်းကြားတယ်။ သေသေချာချာ နာမည်မှာတော့ မမစောတဲ့"

မောင်ဘသီက ခေါင်းကိုကုပ်ရင်း လေခပ်ထန်ထန်နှင့် ပြောသည်မှာ

"အို ဘယ်ကတိုင်ချက် ပေးပါလိမ့်မလဲ။ မိစောဆိုတာ ကျောင်းသားဘဝက အပျော်အပါး ကလေးကစားသလို ဖြစ်မိတာပါ။ မယားအရာမရောက်

http://www.cherrythitsar.org



ပါဘူး။ ဘောက်ထော်က တောသူအရိုင်းကြီးပဲ။ အဲဒီ မိစောဟာလည်း သေသွားတာ ကိုးနှစ်လောက်ရှိပြီ။ အရိုးတောင်မှ ရှာမရပါဘူး။ သည်လို ကောင်မကို (အလကား) လူထဲသူထဲ စာရင်းသွင်းလို့”

“သည်အတိုင်း မှန်လျှင်ဖြင့် ကျွန်မ ချစ်ရဲမှာပဲ။ အို အစ်ကို ဆေးလိပ်သောက်တာက ကျွန်မ ခြေထောက်ပေါ်ကို မီးဖွားကျတယ်”

ဟု ပူချင်ဟန်ဆောင်၍ ပြောရာ မောင်ဘသီက ရုတ်တရက် ရတနာစိန်ခင်၏ခြေကို အင်္ကျီအိတ်ထဲက ရေမွှေးနှင့် လောင်း၍ မှုတ်ပေးမည်ပြုရာ

“သက်သာသွားပါပြီ”

ဟု ရယ်၍ ပြောလေ၏။

“ကျွန်မအသားနှင့် မထိရအောင် သည်လက်ပတ်နာရီကို ဖြုတ်ပေးပါ”

ဆိုလျှင် မောင်ဘသီက

“အသားနှင့် မထိအောင်တော့ ခပ်ခက်ခက်ပဲ၊ ဖြုတ်တော့ ဖြုတ်ပေးရမှာပ”

ဆို၍ ရွှေနာရီကို ဖြုတ်ပေးနေရင်း မောင်ဘသီ၏ အမူအရာက နည်းနည်းပျက်လာသောကြောင့်

“ကျွန်မရှက်တယ်၊ အစ်ကို့မျက်နှာက ကြောက်စရာပုံပန်းပေါ်လာပြီ”

ဆို၍ နေရာမှထပြီး မမြန့်တမြန်ဟန်လုပ်၍ အခန်းထဲမှာ လျှောက်ပြေးရာ မောင်ဘသီက မစိန်ခင်ကိုလိုက်၍ဖမ်းလေ၏။ မစိန်ခင် ရှောင်ထွက်ပြီးလျှင်

“သည်ဓာတ်မီးကြီးရှိတာ ကျွန်မ မျက်နှာမရဲဘူး”

ဆိုပြီး ဓာတ်မီးခလုတ်ကို ပိတ်လိုက်၍ မှောင်မိုက်သွားသောအခါ စိန်ခင်သည် မစော၏ အခန်းထဲသို့ ဝင်သွားလေ၏။

မစောက ရုတ်တရက် ထွက်လာပြီးလျှင် မှောင်မိုက်ထဲမှာ ရတနာစိန်ခင်ကဲ့သို့ မဖမ်းမိအောင် ပြေးရှောင်တိမ်းဖယ်၍ နေလေ၏။

တစ်ခါတစ်ရံ လက်နှင့် မစောကို ထိလိုက်ရာ မောင်ဘသီ၏ စိတ်ထဲတွင် ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားပြီးလျှင် ဒါကြောင့် ရတနာစိန်ခင်ကို လူတိုင်းမက်ကြတာကိုး။ အသားကလေးကိုက ဝါဂွမ်းဆိုင်ကျနေတာပဲ။ အိမ်က မိစောနှင့်တော့ ကွာချင်တိုင်း ကွာနေတာကလားဟု စဉ်းစားရင်း လိုက်ဖမ်းပြန်ရာ အတန်ကြာ၍ ခပ်မောမောရှိတော့မှ

http://www.cherrythitsar.org



"ခက်လိုက်တာ ရတနာမစိန်ခင်ရယ်၊ ကျုပ်တွေ့ဖူးတဲ့ မိစောလို မဟုတ်ဘဲကိုးကွယ့်"

ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် မစောသည် ရုတ်တရက် ဓာတ်မီးကို ဖွင့်လိုက်လေ၏။ မောင်ဘသီက ဓာတ်မီးဖွင့်နေဆဲမှာ

"ကဲ မိပြီ၊ မင်းရှောင်နိုင်သေးရဲ့လား"

ဆို၍ ရတနာခင်စိန် အထင်နှင့် ဖမ်း၍ ပွေ့လိုက်ရာ မျက်နှာချင်း သေသေချာချာ ဆိုင်တော့မှ မစောမှန်း သိလေသဖြင့်

"ဟိုက် ဆယ်ပါးကြီးမှောက်ပေါ့"

ဟု ဆိုပြီးလျှင် တစ်စုံတစ်ရာ စကားမဆက်ဘဲ မတ်တပ်ကြီး ငေးနေလေ၏။ မစောက

"ရွှေတိဂုံဘုရားကို ညအိပ်သွားတဲ့ အရဏ်တော်ဝတ်သမားကြီး၊ ယနေ့ညဖြင့် တယ်ကုသိုလ်ရတယ်ပေါ့လေ"

ဟု ပြုံး၍ပြောနေစဉ် ရတနာစိန်ခင် ထွက်လာပြီးလျှင်

"ယခု ပြတဲ့ ဓာတ်လမ်းဟာ (မယားကြီးကို လိမ်တဲ့ဉာဏ်၊ ကြံကြံဖန်ဖန် ရက်လိမ့်ငနဲ) ဆိုတဲ့ သံချပ်အတိုင်း ဖြစ်ပါတယ်။ ကဲ မစောကလည်း ဗွေမယူပါနှင့်။ မမှားတဲ့လူ မရှိပါဘူး။ 'အမှားတွေ့က အမှန်ရ' ဆိုတာလို နောင်တစ်သက်လုံး မှန်ကြပါလိမ့်မယ်။ ရော့ ဟောသည်မှာ မမစောရဲ့ စာရေးကြီးက အပိုးကြေးနှင့်ပေးတဲ့ ရွှေနာရီကလေး။ သည်နာရီကို မြင်တိုင်း ကျွန်မ ပြုံးရယ်မနေပါရစေနှင့်"

ဆို၍ နာရီကို ပြန်ပေးပြီးလျှင်

"ကိုဘသီကလည်း သတိထားပါ။ မှောင်ထဲကျတော့ မိန်းမတိုင်း အတူတူပါပဲ။ ဘယ်သူကမှ မသာကြပါဘူး၊ သည်ပုပ်ထဲက သည်ပဲဆိုတာ လိုပဲ၊ ကိုဘသီ ထပ်၍မမှားပါစေနှင့်"

ဆို၍ အိမ်ပေါ်က သုံးယောက် ဆင်းလာကြပြီးလျှင် အသီးအသီး ရထားစီး၍ အိမ်သို့ ပြန်ကြလေ၏။

စောင့်စားနေသော မောင်ထွန်းခင်က မစောနှင့် မောင်ဘသီ လက်တွဲ၍ ရထားပေါ်သို့ တက်စီးသွားကြသည်ကို မြင်လျှင် အတန်ငယ် ငေးကြည့်ပြီးမှ (အကော်ပဲလို့ ဉာဏ်နီဆင် မောင်ထွန်းခင် အူနှင့်ဟောင်းလောင်း) ဟု တိုးတိုးဆိုပြီးလျှင် တစ်နေ့လုံး အားထုတ်ရတာ မောသဖြင့် ချွေးဇောကြီး ယိုစီးလျက် ညှိုးငယ်စွာ အိပ်လေ၏။

http://www.cherrythitsar.org



## ဥပဒေသ

"စက္ခုမာ အန္ဓတာ ဟောန္တိ၊ ယေ ဣတ္ထီနံ ဝသံဂတာ။"
(ပါဠိဇာတ်ပါဠိတော်)

ယေ – အကြင်သူတို့သည်၊ ဣတ္ထီနံ – မိန်းမတို့၏။ ဝသံ – အလိုနိုင်ငံသို့။ ဂတာ – လိုက်စားကြလေကုန်၏။ တေ – ထိုသူတို့သည်၊ စက္ခုမာ– မျက်စိရှိကြကုန်သော်လည်း၊ အန္ဓတာ – သူကန်းတို့သည်၊ ဟောန္တိ – ဖြစ်ကြကုန်၏။

"ကိလေသေ နတ္ထိ လောစနံ"

ကိလေသာ–ကိလေသာတရား၌၊ လောစနံ–မျက်စိသည်၊ နတ္ထိ–မရှိ။

**ပညာဒ္ဒအလင်းမဂ္ဂဇင်း ၊ အတွဲ (၁) ၊ အမှတ် (၁)**
**၁၉၁၇ – ခုနှစ် ၊ နိုဝင်ဘာလ။**



## ဇေယျ (၁၉၀၀–၁၉၈၂)

ဇေယျ၏ အမည်ရင်းသည် ဦးယောဖြစ်၍ ၁၉၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၌ မွေးဖွားခဲ့သည်။ အဖ သစ်တောဝန်ထောက်ဦးခလယ်နှင့် အမိ ဒေါ်ရွှေကြိုးတို့မှ မွေးဖွားခဲ့ပြီး ငယ်စဉ်က ဇီးကုန်းမြို့၊ အေဘီအမ်ကျောင်းတွင် စတင် ပညာသင်ကြားခဲ့သည်။ နောက် သာယာဝတီမြို့၊ ကရင်အထက်တန်းကျောင်းတွင်လည်းကောင်း ၁၉၁၉ ခုနှစ် တွင် ပြည်မြို့ အစိုးရ အထက်တန်းကျောင်းတွင်လည်းကောင်း ပညာဆက် လက်သင်ကြားရင်း ၁၉၂၀ ခုနှစ် တက္ကသိုလ်စာမေးပွဲကို အင်္ဂလိပ်၊ ပထဝီ၊ ကျန်းမာရေး သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

၁၉၂၀ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ရန်ကုန်မြို့ ပြောင်းရွှေ့ခဲ့သည်။ မြန်မာအဆွေတိုက်တွင် အလုပ်ဝင်လုပ်သည်။ နောက် ဒဂုန်မဂ္ဂဇင်း၌ တွဲဖက်အယ်ဒီတာ ဖြစ်လာသည်။

ဒဂုန်ဇေယျ ကလောင်အမည်ဖြင့် ဗိုလ်ရန်အောင် ဝတ္ထုတို့ကို စတင် ရေးသားခဲ့သည်။ မြန်မာအဆွေ (အေဝမ်းရုပ်ရှင်) ကုမ္ပဏီအတွက် ဝတ္ထု ဇာတ်ညွှန်းများ ရေးသားရင်း၊ လုံးချင်းဝတ္ထု မြတ်လေးရွှေဓားဗိုလ် စာအုပ်ဖြင့်

http://www.cherrythitsar.org



ထင်ရှားလာသော ဝတ္ထုရေးဆရာ (Novelist) ဖြစ်လာပါသည်။ ဒဂုန်လန်ဒန်အတ် ဗြိတိသျှဘားမားရှုဝံ၊ ရွှေဓားမိုလ်စာအုပ်များဖြင့် ထင်ရှားကျော်ကြားလာခဲ့ပါသည်။ (သူကြီးဂေဇက်တွင်လည်း 'မင်းလကျ်ာ' အမည်ဖြင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။) ဆရာဇေယျသည် ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

# ဗိုလ်ရန်အောင်

နိဒါန်း တေးထပ်။

'ဗိုလ်ရန်အောင်' အမည်သစ်။ ပြည်ချစ်တဲ့ နာမံ။ သည်တစ်ခေတ် မြန်မာယံဝယ်။ မဟာဆန်ပေကြောင်း။ ဆက်ပါဦး – ပူဆာသည်။ လူတကာ ခွန်းမြွက် ပန်တောင်း။ 'ဒဂုန်' က – ကိုဇေယျာမှာ။ စေတနာ လက်ဟောင်း။ ဆွေသဟာ မပျက်ကောင်းပြီလို့။ အကွက်ကောင်းရည်သန်။ ။ရိပ်သင်မှာ စိတ် တွင်နှံ့ရှာမဲ့။ ထိပ်တင်ရဲ့ သောကပူတန်။ ။ မန်းဌာန ဗဟိုရ်ထံမှာ ဟိုယမန် ခေတ်ဦးက။ ဖြစ်ဖူးတဲ့ ထုံးနှင့်ရာဇဝင်။ ကုံးဖွဲ့စာဆင်။ သုံးရွေမယ့်ကလျာခင် ကို။ (အို) စာသဘင်ဆက်ကြောင်းဖျလေး။

"ဒီလို ဒီလို နားထောင် ဦးလေးရဲ့။ ဦးလေး ပုပ္ပားတောင်ကို ဆေးဝါး များရှာရအောင် ထွက်သွားကတည်းက ကျွန်တော်လည်း 'လောကလူ့ဘောင် အိမ်ထောင်သားမွေး၊ ခြနှယ်မြွေးသား၊ လူရေးကျယ်စွာ။ အဖြာဖြာဟု' သို့ကလို ဆိုတဲ့အတိုင်း ဟာ ဒီလောကမှာ အိမ်ထောင်ရက်သားပြုဖို့ အင်မတန် ဝန်ကြီး ပါကလားလို့ တရားကျပြီး သားမယား မယူတော့ဘူးလို့ သန္နိဋ္ဌာန်ချလို့ လူပျို ကြီးအဖြစ်နဲ့ နေခဲ့တယ်။ နောက် တစ်နှစ်လောက်ကြာတော့ နေပြည်တော်မှာ မြင်းစိုင်းမြို့စားရဲ့ နှမ၊ မြင်းစိုင်းထိပ်တင်နဲ့ တွေ့တော့ လေ့လာခဲ့သမျှ တရား တွေ အကုန်လျော့ကျပြီး သဘောကောင်းကောင်းကြီးကျတာနဲ့ မေတ္တာစာများ ကမ်းလှမ်းလိုက်တယ်"

ဟု ပြောပြသောအခါ အင်းဝမြို့စား မောင်တုတ်၏ စကားစိုက်၍ နားထောင်နေသော ဦးလေးဖြစ်သူ ပထမံ မောင်ညြက ဖြတ်၍

"ဒီဟာ ဘာဖြစ်သလဲ။ မြင်းစိုင်းထိပ်တင်က ခိုးလှဲ့ပါဆိုသလား"

http://www.cherrythitsar.org



"အမယ်လေး၊ ဒီလိုဆိုဖို့ ဝေးရော။ ကျွန်တော် သလိုက်တဲ့ မေတ္တာစာကို ခြေနဲ့တောင် မတို့ဘူး၊ သူက ဒီလိုလုပ်လေ ကျွန်တော်က ဝမ်းထဲက မေတ္တာလုံးကြီးက ပွထလေပဲ။ ဒီဟာနဲ့ အရင်မင်းသားကြီး အရေးတော်ပုံမှာ သူ့မောင်တော် မြင်းစိုင်းစားကလေး ပါတယ်ဆိုပြီး ကျွန်တော်က ကြံဖန်လည်ဆယ်ပြီး လွှတ်တော်မှာ စာရင်းသွင်းလိုက်တာကိုး" ဟု ဆိုလျက် မြင်းစိုင်းမြို့စား ထွက်ပြေးတိမ်းရှောင်နေရခြင်း။ မိမိကပင် ကွယ်ကာ၍ မြင်းစိုင်းထိပ်တင်ကို မောင်တော်အတွက်နှင့် ချောက်လှန့်ပြီးလျှင် မိမိအား မေတ္တာရှိရန် ပြောကြားခြင်း။ မြင်းစိုင်းမြို့စားကို မိ၍ သူသတ်ကုန်းသို့ ထွက်၍ သုတ်သင်ကာနီးတွင် ဗိုလ်ရန်အောင် ဆိုသူက မည်ကဲ့သို့ ကယ်ဆယ်ပြီးလျှင် တော်ကြီးဘုရားက မည်ကဲ့သို့ အသက်ဘေးမှ ချမ်းသာပေးကြောင်းများနှင့် မိမိအကြံပျက်စီးသည့် အကြောင်းအရာများကို ပြန်လှန်၍ စေ့စုံအောင် ပြောပြလေ၏။

ထိုအခါ မောင်သြသည် မျက်မှောင်ကြီးကြုတ်လျက် ဒီတော့ မင်းရှုံးသွားတာပေါ့လေ။

"ဟုတ်ကဲ့ ဦးလေးရဲ့၊ ကျွန်တော် ရှုံးသွားတာပါ။ ဒီဗိုလ်ရန်အောင်ဆိုတဲ့ လူဆိုးကလည်း နောက်တော့ မောင်မောင်ဦးဆိုတဲ့ အမြင့်မြို့စားဖြစ်နေရော။ အခုတော့ မြင်စိုင်းထိပ်တင်က သူ့မောင်ကို ကယ်ဆယ်တဲ့အတွက် ဒီအကောင်ကို မေတ္တာသက်နေတယ်လေ။ ကျွန်တော်လည်း 'ယောကျ်ားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း' ဆိုသလို ဒီထိပ်တင်မှ မရရင် ငါ ဒီဘဝမှာ မနေဘူးဟဲ့လို့ ခဲထားတာပဲ။ ဒီဟာကြောင့် ဒီအကောင်မရှိရင်ဖြင့် ကြံလို့ ရကောင်းရလိမ့်မယ် ထင်တယ်။ အကြံပေးစမ်းပါဦး ဦးလေးရဲ့"

"ဟော ဦးလေးကြံရရင် ဒီလိုဟာမျိုးကို မဆိုထားနဲ့ဦး။ သိကြားမင်းကြင်ယာတော် သုဇာတာတောင် ရအောင် ကြံနိုင်ပါရဲ့။ နို့ပေမယ့် ဦးလေးအကြံအောင်လို့ မင်းလိုတာကိုရရင် ငါ့ကို ကျေးဇူးတစ်ခု ပြန်ဆပ်စေချင်တယ်"

"အို ဘာပြောစရာ ရှိသလဲ။ ကျွန်တော် မြင်းစိုင်းထိပ်တင်ကို ရရင်တော့ ကျွန်တော့်ရှိသမျှ ကြွယ်ဝသမျှ ပစ္စည်းတွေကို ယူပါတော့။ မြင်းစိုင်းထိပ်တင်ကိုရရင် ကျွန်တော် ဒီဟာတွေကို မမက်တော့ပါဘူး"

"အမယ် ဒီပစ္စည်းတွေ ငါ ဘာလုပ်ဖို့တုန်းကွ။ ငါ အဂ္ဂိယထိုးတုန်းကသာ အလိုရှိတာ၊ အခု မလိုချင်တော့ဘူး။ ငါ တစ်ခုပြောမယ်။ ငါ့မှာ အစတုန်းက တူကလေး တစ်ယောက်ရှိတယ်။ မင်းညီပေါ့ကွာ။ မင်းက ဆယ်နှစ်

http://www.cherrythitsar.org



သား။ သူက ရှစ်နှစ်သား အရွယ်ရောက်တော့ ပျောက်သွားတယ်။ မင်းတော့ မှတ်မိမှာ မဟုတ်ပါဘူး။ သူ့အမည်က မောင်ဘိုးအောင်တဲ့။ သူ့လက်ပြင်မှာ ငါထိုးပေးထားတဲ့ ဆေးနီနဲ့ ဇော်ရုပ်ကလေး တစ်ရုပ်ရှိတယ်။ ဟော ငါ့လက်ပြင်မှာလည်း တစ်ရုပ်ရှိတယ်။ အဲဒီဟာနဲ့ တစ်ဆင်ထဲပဲ"

"ဟာ ဦးလေးရဲ့ အခုထက်တိုင် ဘယ်မှာမှ သတင်းမကြားဘဲ၊ ဘာရှိတော့မလဲ၊ သေရောပေါ့"

"မဟုတ်ပါဘူး။ ငါ့စိတ်ထဲမှာ မသေသေးဘူး။ ရှိသေးတယ်လို့ အောက်မေ့တယ်။ အဲ ဘိုးအောင်ကို တွေ့အောင် ရှာပေးရမယ်"

ဟု ပြောသောအခါ မောင်ဘိုးအောင်ဆိုသူ၊ သူ ငယ်စဉ်အခါကပင် ပျောက်ဆုံးသွားသဖြင့် ရှာဖွေ၍ တွေ့ရန်မှာ အလွန်ခဲယဉ်းသော်လည်း မြင်းစိုင်းထိပ်တင်ကို ရရန်အကြောင်းနှင့် ဖြစ်လျှင် ကောင်းကင်က အာသာဝတီနတ်ပန်းကိုပင် ရအောင် ဆောင်ကြဉ်းမည်ဟု စိတ်တွင်ခဲ၍ ထားသောသူ ဖြစ်သဖြင့် ဤမျှလောက်ကို ပမာမပြုဘဲ တွေ့အောင်ရှာဖွေ၍ ပေးပါမည်ဟု ဝန်ခံလေ၏။

ထိုအခါ မောင်သြလည်း

"ကိုင်း ဒီဟာဖြင့် ကောင်းပြီ။ ဒီနားအတိုးခဲ့၊ သူများကြားသွားမယ်"

ဟု ဆို၍ တူဝရီးနှစ်ယောက်တို့သည် ခေါင်းချင်းဆိုင်ကာ အကြံပေးစကား ပြောကြားတိုင်ပင်ကြလေ၏။ ဤကဲ့သို့ အတန်ကြာ ပြောဆိုကြပြီးလျှင် မောင်သြက

"ကိုင်း မင်း ရွှေနန်းတော်ကြီးကို သွားပြီး ဒီအကောင် အရိပ်အခြေကိုသာ ကြည့်နေပေတော့။ ဘယ်နေရာမှာမဆို လုံခြုံအောင်လုပ်ထား။ မင်းအသတ်ခံနေရမယ်။ ငါ့ဆီကိုလည်း ခဏခဏ ဘယ်အခြေအနေ ဖြစ်တယ်ဆိုတာကို အကြောင်းကြား။ အရေးရှိရင် ဆိုင်းမနေနဲ့။ တစ်ခါထဲ လူလွှတ်လိုက်"

ဟု မှာထား ပြောကြားလိုက်သောအခါ မောင်တုတ်လည်း

"ကောင်းပါပြီ၊ အရာရာမှာ မလစ်လပ်ရပါဘူး"

ဟု ဆို၍ ထိုနေ့ညနေပင် ရွှေမြို့တော်သို့ ရုတ်တရက် မဝင်သေးဘဲ မြို့စွန်နားရှိ ပြုလုမတတ်ရှိသော တဲအိုပျက်ကလေး တစ်ခုရှေ့တွင် ရပ်လျက် –

"ဟေ့ ငတေကြီး ငတေကြီး မရှိဘူးလားဟဲ့"

ဟု ခေါ်လိုက်သောအခါ တဲထဲမှ

http://www.cherrythitsar.org



"ဟဲ့ ဘယ်က အကောင်တွေလဲ၊ ငတေကြီးကို ခဏခဏ လာမေးကြတာ အိပ်ရတယ် မရှိဘူး။ သွားကြ၊ သွားကြ။ နင်တို့ကို အရေးလုပ်ပြီး ပြောမနေနိုင်ဘူး"

ဟု ပြောဆို၍ တဲအတွင်းက ကလေးသိပ်ရင်း ပြန်၍ အသံတိတ်ပြီးလျှင် အိပ်သွားလေ၏။

မောင်တုတ်လည်း ပြုံးလျက်

"ဟဲ့ မိချေး၊ အိမ်ထဲကထွက်ပြီး ကြည့်စမ်းပါဦး။ ငါပါဟဲ့"

ဟု ပြောဆိုသောအခါ အိမ်အတွင်းမှ မိမိအိပ်နေသည်ကို လာ၍နှောင့်ယှက်သောကြောင့် မြည်တွန်တောက်တီးလျက် အိမ်ပြင်ဘက်သို့ ထွက်လာ၍ မောင်တုတ်ကို မြင်လျှင်

"အလို မြို့စားမင်းပါလား၊ သည်းခံပါဘုရား၊ ကျွန်တော်မျိုးမ မြို့စားမင်းမှန်း မသိလို့ပါ၊ ကိုတေကြီး ထန်းတောကို သွားပါတယ် ဘုရား။ ကျွန်တော်မျိုးမ လိုက်ခေါ်ရမလား ဘုရား"

ဟု ကတုန်ကရင် ပြောသောအခါ မောင်တုတ်လည်း

"နေပစေ။ ငါလိုက်သွားမယ်"

ဟု ဆို၍ ထန်းတောသို့ ရှေ့ရှုသွားလေ၏။ ထန်းတောသို့ရောက်လျှင် ငတေကြီးဆိုသူနှင့် တွေ့၍

"ဟော့ ဗိုးသမား၊ လာပါဦးကွ။ ထန်းတောထဲမှာချည်း ပျော်ပါးနေတာပဲ။ အကြောင်းရှိရင် အိမ်မှာ ရတ်တရက် မတွေ့နိုင်ဘူး။ အိမ်က နှမတော်ကလည်း ဗိုးသမား ကြင်ယာတော်ရယ်လို့ မပြောရဘူး။ သွားခေါ်တာ အိပ်ရာထဲကတောင် မထဘူး။ စည်းစိမ်တော်ကြီးနေလိုက်တာ"

ဟု ဆိုသောအခါ ဗိုးသမား ငတေကြီးက ပြုံးလျက်

"မယ်ချေးလား၊ ကျွန်တော်က အလိုလိုက်ထားတာကလား ဆရာရဲ့၊ ကျွန်တော့်တောင် တစ်ခါတလေ ရိုက်သေးတယ်"

"အင်း တယ်လဲ မောင်နှံစုံပါပဲ။ ကိုင်း မင်း ငါ့စကား နားထောင်"

ဟု ဆို၍ တီးတိုးအတန်ကြာ ပြောကြားပြီးလျှင်

"အဲဒီဟာကို အထမြောက်အောင် ကြံနိုင်ရင် ငွေငါးပိဿာ ဆုချမယ်"

"အို ဟာ ဆရာနှယ် ဒီလောက်မှ ကျွန်တော် ဖြစ်မြောက်အောင် မကြံနိုင်ရင် ကျွန်တော် ရွှေမြို့တော်မှာ ဗိုးသမား လူမိုက်ငတေကြီးနဲ့ အကျော်ဇေယျ ဖြစ်နေပါ့မလား၊ စိတ်သာချပါ"

http://www.cherrythitsar.org



"အမယ် ပေါ့ပေါ့ရော့ရော့ မလုပ်နဲ့နော်ကွ၊ အားလုံးကုန် ခေါင်းပြုတ်ကုန်လိမ့်မယ်၊ အရာရာမှာ လုံခြုံအောင် လုပ်ထား၊ ငါအလိုရှိမှ ခေါ်လိုက်မယ်၊ တခြားသွားပြီး ထန်းရည်တွေသောက်ပြီး မူးလဲမနေနဲ့။ ဒီအကြံမမြောက်လို့ ငါ ဒုက္ခရောက်ရင် ဟောဒီဟာကြည့်"

ဟု ဆို၍ လက်သုံးတော်ဓားကြီးကို ပြပြီးလျှင် တဲအိမ်သို့ ပြန်သွားလေ၏။

နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ ရွှေနန်းတော်ကြီးသို့ ဝင်ပြီးလျှင် ဘုန်းတော်ကြီးဘုရားရှေ့တွင် ခစား၍ အမေးတော်ရှိသည်များကို ကုန်စင်ကြေလည်အောင် လျှောက်ထားရလေ၏။ မင်းပွဲသိမ်းသောအခါ တံခါးမှူးတစ်ယောက်အား ငွေငါးဆယ်ပေး၍ အမြင့်မြို့စား မောင်မောင်ဦး၊ တိတ်တဆိတ် ရွှေမြို့တော်မှ ထွက်သွားလျှင် ရုတ်တရက်လာ၍ပြောဟု မှာထားပြီးလျှင် မောင်မောင်ဦး၏ အသွားအလာ အနေအထိုင်များကို အမှတ်မဲ့စောင့်ရှောက်ကြည့်ရှုလျက် ရွှေနန်းတော်ကြီးသို့ နေ့စဉ်ဝင်၍ ခစားလျက်နေလေ၏။ များမကြာမီ ရက်အတွင်းပင် ငတောကြီးက ပြင်ဆင်၍ ထားရန်ရှိသော ကိစ္စအလုံးပြီးစီးကြောင်းကို လာ၍ သတင်းစကား ပြောကြားလေ၏။ တံခါးမှူးထံမှ လည်းမကြာမကြာ မောင်မောင်ဦး၏ သွားလေရာနေရာအရပ်များကို သတင်း ရ၏။ ၎င်းဆရာတို့သည် မလုံလောက်သဖြင့် အမှတ်မဲ့သာ လိုသောအချက်ရောက်အောင် စောင့်ဆိုင်းနေလေ၏။

*

"မျှော်ရသူပန်းလှပေါ့ နှမ်းလျှလျှခွေယိုင် ပန်းကြာကြွေဘွေဆိုင်မှာ မပြေနိုင်စိတ်ဇော။ နှင်းသတ်တဲ့ ရဝေဆောင်တွင် တဖေမောင်ဖုံးသုတွက်မော။ လာနိုးနှင့်မြကတီမှာ လှမဒီနုချော။ ကျနာရီချိန်စောလို့ သဘောကမထင်။ ရွှေ ဗဟိုရ်နှစ်ချက်တီး။ ပျို့မောင်ကြီး ကြွခဲ့ပါရှင် စိန်ချူးကြော့မှန်တင်မှာ နံဆင် ကာ ဟန်ကြွားလို့ စကားခြေခြေလယ်လယ် ပြောချင်လှတယ်။ နှစ်ကိုယ်တွေ့ မှ မေ့မျက်ခြယ်ရယ် ပွေ့လျက်တကယ် စံစားမယ်ပလေး"

ဟု အမျှော်စိုက် တေးထပ်ကလေးကို ခပ်တိုးတိုးဖွဲ့၍ တနွဲ့နွဲ့ဆိုရင်း အထက်ကောင်းကင် အာကာခွင်တွင် ထိန်လင်းကြည်လင်စွာ သာ၍နေသော သီတဂူ ယုန်ဖြူငွေလမင်းကြီးကို တစ်ခါတစ်ခါ မော်၍ကြည့်လျက်၊ မြင်းစိုင်း

http://www.cherrythitsar.org



ထိပ်တင်သည် ရွှေမြို့တော်ကြီးမှ မောင်မောင်ဦးလာမည့်လမ်းကို တမ်းမှန်းကာ အမျှော်စိုက်၍ နေရှာလေ၏။

မောင်မောင်ဦးနှင့် မြင်စိုင်းထိပ်တင်တို့သည် တစ်ယောက်ကိုတစ်ယောက် တွေ့မြင်စကပင် မေတ္တာသက်ဝင်ချစ်ခင်ကြပြီးဖြစ်၍ မောင်တော်မြို့စားကလေး၌ အမှုအခင်းဖြစ်ပွား၍ သေကွင်းမှ လွတ်ကင်းလာကြပြီးနောက် များမကြာမီပင် မောင်မောင်ဦးနှင့် ချစ်ပန်းနှစ်ခိုင် မေတ္တာပြိုင်၍ ပွင့်ကြလေ၏။ မောင်မောင်ဦးမှာ ရွှေမြို့တော်၌ တပ်တော်များကို အုပ်ချုပ်၍ ကြည့်ရှုပြသနေရသော်လည်း မြင်စိုင်းမြို့ကို မကြာမကြာ လာရောက်၍ လည်ပတ်လေ့ရှိ၏။ ယခုတစ်ခါ၌မူကား နောက်ဆုံးတစ်ခေါက် လာရောက်သည့်နေ့မှစ၍ တစ်လကျော်ခန့် ရှိသွားပြီဖြစ်သော်လည်း မလာရောက်ဘဲ နေသောကြောင့် 'ရွှေလည်တိုင်ဖော့ရိုး ကြိုးမတတ်မျှော်' ဟု ဆိုဘိသကဲ့သို့ လည်တိုင်ကလေးများ ညောင်းညာသည့်တိုင်အောင် နေ့တိုင်းထွက်၍ စောင့်စားမိလေ၏။ အကြိမ်ကြိမ်အဖန်ဖန် စာထောက်၍မေးသော်လည်း လူမရောက်သေးသဖြင့် ရောဂါဝေဒနာများ ကပ်ငြိကာ မကျန်းမမာ ရှိလေရော့သလားဟု တွေးတော၍ ပူပင်မိလေ၏။

ယခုနေ့ညသည်၌မူကား အဇ္ဈောကောင်းကင် ဝေဟင်အလုံး၌ တိမ်မင်းမဖုံးဘဲ စင်ကြယ်လျက်နေသောကြောင့် ပုဏ္ဏမီယုန်စန်းလပြည့်ဝန်းကြီးသည်လည်း အကွယ်အကာ အဆီးအတား မရှိသောကြောင့် အားကုန်လွှတ်ကာ သာလျက်နေသည်က တစ်ကြောင်း။ ဂိမ္ဟန္တရာသီ ရှက်ဟောင်းကြွေ၍ ရွက်သစ်လောင်းသော တပေါင်းလအခါဖြစ်သဖြင့် အလွန်ပူအိုက်လှသောကြောင့် တစ်ကြောင်း။ အပြင်လေသာဆောင်သို့ ထွက်၍နေရာ၊ လေရူးကလေးက တသုန်သုန် တိုက်ခတ်ကာ အရပ်ရှစ်မျက်နှာမှ လာနေသောကြောင့် အပူမှ သက်သာရာ ရလေ၏။ ခြံအတွင်းရှိ အင်ကြင်းရွှေဖီ အစရှိသော ပန်းတို့ကလည်း ရာသီလိုက် ပင်လုံးကျွတ်ပွင့်ဖူး၍ နေကုန်သဖြင့် တသင်းပျံ့ပျံ့ ပန်းရနံ့တို့သည် မွှေးကြိုင်လျက်ရှိကုန်၏။ ထိုကဲ့သို့ တပေါင်းလ၏ လုပတင့်ဆန်း လွမ်းဖွယ်ရာ ပြည့်စုံသော အရာတို့ကို မြင်လျှင် မြင်စိုင်းထိပ်တင်မှာ ချစ်သူ မောင်မောင်ဦးကို သာ၍ အလွမ်းပိုလျက် အောက်မေ့တန်းတမိလေ၏။

ထိုကဲ့သို့ လသာဆောင်သို့ ထွက်၍နေစဉ် အတန်ကြာကာလ အိမ်ဝင်း၏တံခါးအနီးမှ မြင်းခွာသံများကို ကြားရလေ၏။ ထိုအသံတို့ကို ကြားလျှင် ကြားခြင်း မိမိတမျှော်လျက်နေသော အသံများဖြစ်သဖြင့် မြင်စိုင်းထိပ်တင်၏ မျက်နှာသည် မှိုရသောသူ မျက်နှာကဲ့သို့ ပြုံးရွှင်လာပြီးလျှင် လေ့ကား

http://www.cherrythitsar.org



ဦးသို့ သွား၍ စောင့်နေလေ၏။ အတန်ကြာသောအခါ မောင်မောင်ဦးလည်း ကသောကမျောနှင့် အမောမှ မဖြေနိုင်ဘဲ လေသာဆောင်သို့ တက်လာလေ၏။ ထိပ်တင်လည်း လှေကားဝမှ ဆီး၍ . . .

"အမယ်လေး ကိုကိုဦးရဲ့ အခုမှပဲ ပေါ်လာတော့တယ် ထိပ်တင်မှာ မျှော်လိုက်ရတာလေ လည်ပင်းများကို ရှည်လို့"

ဟု ဆိုသောအခါ မောင်မောင်ဦးသည် ထိပ်တင်၏ လရောင်အောက်တွင် လှပစွာ ပြုံး၍နေသော မျက်နှာကလေးကို ကြည့်လျက် . . .

"ဒီလောက်ပဲလား တင်တင်ရဲ့"

ဟု ဆို၍ လက်ကလေးကို အသာဆွဲလျက် ကွပ်ပျစ်ဆီသို့ သွားလေ၏။

ထိုင်မိကြလျှင် –

"အဟုတ်ပါပဲ မောင်မောင်ရယ်၊ ထိပ်တင်မှာ နေ့တိုင်းနေ့တိုင်း ထွက်ပြီး လာမလားလို့ မျှော်ရတယ်၊ ညတိုင်း ညတိုင်းလည်း နှစ်ဗဟိုရ်ကျော်လို့ သုံးဗဟိုရ်နီးနီးများတောင် မအိပ်ဘဲ မျှော်မိတယ် တစ်နေ့ပြီးတစ်နေ့ ဆက်မျှော်လို့ ရက်တွေကုန်တော့ မမာဘဲ နေလေသလားလို့ တွေးပြီး စိတ်ပူမိတယ်၊ အမယ်လေး ဆံပင်တွေကလည်း တခါခါနဲ့ သိမ်းစမ်းပါဦး"

"အမယ်လေး တင်တင်ရဲ့၊ စကားတွေတတ်တိုင်း တတွတ်တွတ်နဲ့ ပြောလိုက်တာ ကိုကိုဦးမှာ လှေတစ်တန်၊ မြင်းတစ်တန်နဲ့ မြန်မြန်မှရောက်ပါစေတော့လို့ မနက်ထမင်းမှ မစားခဲ့နိုင်ဘူး၊ မောလိုက်တာ တင်တင်ရယ်၊ ဒီရောက်တော့ တင်တင့်မျက်နှာကလေးကို ရတ်တရက် မြင်ရပေလို့သာ မမြင်ရရင် ရင်ကွဲသေမှာ ရေကလေးတစ်ခွက်ပေးစမ်းပါ"

ဟု တောင်းသောအခါ ထိပ်တင်သည် အစေအပါးများကိုမှ မခိုင်းနိုင်ဘဲ မိမိကိုယ်တိုင်ထ၍ ငွေဖလားနှင့် ခပ်ပြီးလျှင် ယူခဲ့လေ၏။ မောင်မောင်ဦး ရေသောက်နေသည်ကို စိမ်းစိမ်းစားစားကြည့်လျက်

"အမယ်လေး သူ့ဆံပင်တွေကလည်း ရှုပ်လိုက်တာ ဖလားထဲဝင်ကုန်ပြီ၊ သိမ်းပါဦး"

ဟု ပြောဆိုလေ၏။

ထိုအခါ မောင်မောင်ဦးက

"ပြောမနေပါနဲ့ တင်တင်ရယ်၊ မြင်မကောင်းရင် သိမ်းလိုက်ပါ၊ ကိုယ့်ပစ္စည်းပဲ ဘယ်သူ့ကို ခွင့်ပန်နေရဦးမှာလဲ"

"အင်း သူ့ပြောမှဖြင့် ရိသဲ့သဲ့ချည်းပဲ ကတော့ပါရဲ့ မောင်မောင်"

ဟု ဆို၍ မောင်မောင်ဦး၏ယောင်မှ လွတ်၍ကျနေသော ဆံစကလေးများကို သိမ်း၍ ရွှေကျင်ခတ်ပုဝါကြားထဲသို့ ထိုး၍ပေးရင်း . . .

"မောင်မောင်ဦး ဒီတစ်ခါ ဘာဖြစ်လို့ ဒီလောက်ကြာကြာ မလာဘဲ နေသလဲ"

"အမယ်လေး တင်တင်ရယ်၊ ကိုကိုဦးက ဒီလို ခဏခဏမပြောနဲ့ တစ်သက်ပန်လုံးလာပြီး အနားမှာ နေချင်ပါတယ်၊ နို့ပေမယ့် မင်းမှုထမ်း ယောကျ်ားဖြစ်နေတော့ မနေသာဘူး ထင်ပါရဲ့၊ အလုပ်ဝတ္တရားကို သိပ်ပြီး လွတ်လပ်ဝံ့တာမဟုတ်ဘူး၊ အခုတောင်မှ အားလပ်တာမဟုတ်ဘူး၊ တင်တင်ကို အောက်မေ့လွမ်းဆွတ်လွန်းလို့ အတင်းဇွတ်နှစ်ပြီး လာခဲ့ရတာပါ။ အို တင် တင် ကွန်းစင်နဘေးက မြက်ခင်းကလေးကို ကြည့်စမ်းပါဦး၊ ဒီမြက်ခင်းကလေးကိုမြင်တော့ ဟို ဗိုလ်ရန်အောင်ဘဝတုန်းက တင်တင်ကို လှည်းပေါ်က ထားပြေးပြီး ခေါ်သွားတဲ့ မြက်ခင်းကလေးကို တွေးမိသေးတယ် တင်တင်၊ အဲဒီတုန်းကများ အမိန့်တော်ပြန်တမ်းတွေနဲ့ လမ်းတကာမှာ ဖမ်းစေဆိုတဲ့ စာတွေကို ကပ်ပြီး မလပ်ရအောင် တစ်တောတစ်တောင် နင်းရှာတာတွေကိုမှ သတိမရဘဲ မေ့ပြီး ယနေ့ပဲ သေချင်ရင် သေပါစေတော့ဟဲ့၊ သည်လောကမှာ ငါကျေနပ်ပြီလို့များ ထင်မိတယ်။ ဟော အခုတော့ တင်တင်နဲ့ ပေါင်းရတော့ မယ်လို့ သေချာပြီးတာတောင် စိတ်မကျေနပ်နိုင်ပြန်ဘူး။ လောကမှာ လောဘသားတွေမို့ ဘယ်လောက်ပင် လိုတာကို ရနေဦးတော့ ကျေနပ်တယ်ပဲ မရှိနိုင်ဘူး။ အခု ကိုကိုဦးလည်းပဲ လောကသားမို့ ဒီသဘောတရားကို မလွန်ဆန်နိုင်ဘူး၊ ဒီဟာကြောင့် တင်တင် ဘယ်တော့ . . ."

"ဟာရှင် . . . ဒီလောက်တောင်လည်း အရင်မလိုပါနဲ့ ဖြည်းဖြည်းမှ ပြောကြတာပေါ့၊ မောင်မောင်မှာလည်း ဘုန်းတော်ကြီးဘုရား အမှုတော်ထမ်းရတာက မပြီးပြတ်သေးဘူး၊ ထိပ်တင်မှာလည်း မောင်မောင်လေး အိမ်ထောင်ရက်သားမပြုခင် မပြုပါဘူးလို့ မောင်နှမနှစ်ယောက်သား သဘောတူကျိန်စာပြုထားကြပါတယ်။ နောင် အမှုအခင်းတွေ ပြီးပြတ်လို့ အားလပ်တဲ့အခါကျတော့မှ ပြောဆိုကြတာပေါ့မောင်မောင်ရဲ့၊ ဘာမှတွေးပြီး မစိုးရိမ်ပါနဲ့။ ထိပ်တင်ကို ပိုင်ပြီလို့ ခိုင်ခိုင်ကြီး သဘောထားလိုက်ပါတော့"

"ဒီလိုထိပ်တင် နားထောင်၊ မင်းခစား ယောကျ်ားဆိုတာ ကမ်းနားသစ်ပင်လို နေ့ပြီမလား ညပြီမလားမသိနဲ့ အင်မတန် အန္တရာယ်များတဲ့

http://www.cherrythitsar.org



အလုပ်ဖြစ်တယ်ဆိုတာကို ပြောစရာမလိုပါဘူး၊ တင်တင်သိပါတယ်၊ စိုးမိုးအုပ်ချုပ် မင်းလုပ်တဲ့ ဘုရင်ဆိုတာ ယခုအခါ ဘယ်လိုပင် လိုလား၍နေပေတယ်လို့ တော်တော်ကြာ အမျက်တော်ထပြီး ရာဇအောဇာရှုတတ်တယ်။ အဲဒါကြောင့် အခု တင်တင်နဲ့ မပေါင်းရခင် ဘုရင့်အမျက်တော် . . .”

“အို တော်ပါတော့၊ နိမိတ်မင်္ဂလာမရှိတဲ့ စကားတွေ ပြောမနေပါနဲ့၊ မောင်မောင် ဒီမှာ ဘယ်လောက်ကြာကြာနေမလဲ၊ ဒီတစ်ခါတော့ ကြာကြာနေရမယ်၊ မောင်လေးလည်း နက်ဖြန်ခါ ပြန်လာလိမ့်မယ်၊ သူက မောင်မောင့်ကို တွေ့ချင်တယ်လို့ပြောတယ်”

“အမယ်လေး တင်တင်ရဲ့၊ ဒီလောက်ကြာကြာ နေနိုင်ပါ့မလဲ၊ အခုတိတ်တိတ်ခိုးလာခဲ့ရတာ၊ ဘယ်သူမှသိတာမဟုတ်ဘူး၊ ဘုန်းတော်ကြီးဘုရားကလည်း တပ်တော်အခင်းအကျင်း မပြီးသေးခင် ဘယ်ကိုမှ မသွားရဘူးလို့ အမိန့်တော်မြွက် မှတ်ထားတယ်၊ အခုနေများ သိသွားရင် ဒုက္ခရောက်မှာပေါ့၊ နက်ဖြန်မနက်တော့ ဆက်ဆက်ကြီးပြန်ရမယ်”

ဟု ဆိုသောအခါ ထိပ်တင်သည် မကြည်သာသောမျက်နှာကလေးနှင့် နှုတ်ခမ်းကလေးကို အနည်းငယ်စူလျက် . . .

“ဒီဘုန်းတော်ကြီးဘုရားကလည်း တခြားလူပဲ မစေခိုင်းနိုင်ဘူးတဲ့လား”

“အမယ်လေး တင်တင်ရဲ့ မောင်မောင့်ကို ယုံကြည်အားထားလို့ခိုင်း တော်မူတာကပဲ ကျေးဇူးတောင်တင်ရသေးတယ်၊ ရွှေမြို့တော်ကြီးမှာ ဒီလို တပ် တော်ကို အုပ်ချုပ်လို့ အမှုလုပ်ရတယ်ဆိုတာ အင်မတန်တန်ခိုးကြီးတာက လား တင်တင်ရဲ့ . . .”

“ဒီဟာဖြင့် မောင်မောင် ဘယ်တော့ လာခဲ့ဦးမှာလဲ”

“အခု ဘယ်လောက်ရှိပြီလဲ၊ လပြည့်နေ့နော်၊ နောက်ကို ဟော . . . နားထောင်”

ဟု ဆို၍ ဖြတ်၍ ထားလိုက်ရာတွင် အဝေးမှ . . . ဆန်းတစ်ဆယ့်ငါးရက်ဆီ နေရီရီဖန်ရောင်ပပါလို့ ဖိုးရွှေလထိန်ထိန်သာတော့ ရွှေမျက်နှာနှစ်ကိုယ်ဆုံရအောင် ငွေယုန်ကို မိတ်ဆွေဖွဲ့ပါလို့ လှမ်းခဲ့မည် ယဉ်ကေပွင့်ရဲ့ ခင်ခင့်မောင် လာချိန်နီးပြီမို့ ကြိုနှင့်တော်မူတော့ကွယ် . . .။

ဟု အလွန်သာယာနာပျော်ဖွယ် ကြည်အေးသော အသံကလေးနှင့် သီဆိုလာသော တေးချင်းသံလည်း ဆုံးသောအခါ . . .

http://www.cherrythitsar.org



"အို နည်းနည်းကလေးလိုသွားတယ်၊ 'ခင်ခင့်' အစား 'တင်တင့်' ကို ထည့်ပြီး ဆိုလိုက်ရင်ပြီးရော၊ အဲဒီ ဂေါ်ဖီဖူးတဲ့ တန်ရူးလပြည့်နေ့ကို ကိုကို ဦး အရောက်လာခဲ့ပါမယ်"

*

အင်းဝမြို့စား မောင်တုတ်သည် ရွှေမြို့တော်၌ မိမိလိုသော အချက် ကောင်းကို စောင့်ဆိုင်းနေရာ ရက်သတ္တတစ်ပတ်မျှ လည်ပြီးဖြစ်သော်လည်း မအောင်မြင်ဘဲ ရှိနေသေးလေ၏။

တစ်နေ့သ၌ နန်းတော်ကြီးသို့ နံနက် ညီလာခံတွင် ဝင်၍ ခစားမြဲ အတိုင်း ခစားရန် သွားသောအခါ မိမိငွေပေး၍ထားသော တံခါးမှူးသည် ဆီး၍ . . .

"မြို့စားမင်း ကံထောက်လို့ အချိန်တော့ရောက်ပါပြီ။ မနေ့ညနေက ဘုရားကျွန်တော့်ညီရဲ့ တပ်တော်သားတစ်ယောက်ကို မေးတော့ ဗိုလ်ကြီးမောင် မောင်ဦး ယနေ့ည မြင်စိုင်းကို သွားမယ်လို့ တပ်တောင်သားတွေကို ကောင်း ကောင်းနေကြလို့ မှာထားတယ်တဲ့"

ဟု ပြောပြလေ၏။ ထိုအခါ မောင်တုတ်သည်

"ကောင်းပြီ"

ဟု ဆို၍ လက်ပါးစေတစ်ယောက်အား စာတစ်စောင်ရေး၍ ဖိုးသမား ငတေကြီးထံသို့ အလျင်အမြန် လွှတ်လိုက်ပြီးလျှင် မြေနန်းသို့ အခစားဝင် လေ၏။

ဘုန်းတော်ကြီးဘုရားသည် နံနက်ညီလာခံတွင် တိုင်းရေးပြည်မှုနှင့် စပ်ဆိုင်သော အကြောင်းအရာများကို မေးမြန်းတိုင်ပင် ဝေဖန်ခန့်ခွဲပြီးလျှင် တပေါင်းလရာသီဖြစ်သဖြင့် နှစ်စဉ်ကဲ့သို့ သဲပုံစေတီများ တည်ကြရန်ကို တိုင် ပင်နေစဉ် တံခါးမှူးများက လူတစ်ယောက်သည် အလွန်အရေးကြီးသောကိစ္စ တစ်ခုရှိသဖြင့် ရှေ့တော်တွင် ခစားလိုကြောင်းနှင့် ရောက်နေကြောင်းကို လျှောက်ထားကြလေ၏။ ဘုန်းတော်ကြီးဘုရားထံမှ ဝင်စေ အမိန့်တော်ရသော အခါ တံခါးမှူးလည်း ထိုသူကို သွင်း၍ ရှေ့တော်မှောက်၌ ခစားမိသောအခါ ဘုန်းတော်ကြီးဘုရားက

"ဟဲ့ မောင်မင်းနာမည်ဘယ်သူလဲ"

http://www.cherrythitsar.org



"မှန်လှပါ၊ ကျွန်တော်မျိုးနာမည်က ငတောကြီးလို့ ခေါ်ပါသဘုရား"

"အလို ငတောကြီးဆိုပါကလား မင်းကြီးများရဲ့၊ အရင်မင်းသားကြီးများ အရေးတော်ပုံတုန်းက အမှုတော်ထမ်းဆောင်ခဲ့ဖူးတဲ့ ငတောကြီးမှတ်တယ်၊ ဘာကိစ္စနဲ့ အခစားဝင်လာသလဲ ဆုတော်လာဘ်တော်များ အသနားခံချင်လို့လား"

"ဒီအကြောင်းနဲ့ မဟုတ်ပါဘုရား၊ ယခု ကျွန်တော်မျိုးကြီး လာခဲ့ရတာက တိုင်းတော်ပြည်တော်အကြောင်းနဲ့ ပတ်သက်၍ ဘုန်းတော်ကြီးဘုရား ကျေးဇူးတော်ကို ထောက်ထားလို့ လျှောက်ထားသံတော်ဦးတင်ရန် ရှေ့တော်မှောက်သို့ ရောက်လာခဲ့ပါသည်"

"အလို မင်းကြီးများရဲ့ တိုင်းတော်ပြည်တော်၏ အရေးဆိုပါကလား၊ ဟဲ့ ငတောကြီး ရှင်းလင်းအောင်လျှောက်စမ်း"

"မှန်လှပါ ဘုရား၊ ကျွန်တော်မျိုးကြီးများ မကြာမီက မြင်စိုင်းမြို့မှာရှိတဲ့ ဆွေမျိုးများထံ သွားရောက်လည်ပတ်စဉ်အခါက တစ်နေ့သောညအခါတွင် ဗိုလ်ကြီးမောင်မောင်ဦးသည် မြင်းကြီးကို အပြင်းစိုင်း၍ မြင်စိုင်းမြို့စားရဲ့ အိမ်ကို လာပါသည်ဘုရား၊ အဲဒီအခါတုန်းက ကျွန်တော်မျိုးကြီးလည်း အခြားကိစ္စရှိလို့ လာတယ်မှတ်ပြီး သတိမပြုမိပါဘုရား၊ နောက်ငါးရက်လောက်ကြာတော့ သန်းခေါင်ကျော်လောက် ကျွန်တော်မျိုးကြီး အမဲစောင့်ရာက အပြန်မှာ မြင်စိုင်းမြို့စား အိမ်နောက်ဘေးမှာ လူတွေတရုံးရုံးနဲ့ မြင်လို့ ကျွန်တော်မျိုးကြီး သွားပြီး ချောင်းမြောင်းကြည့်တော့ သေနတ်လက်နက်၊ ဓားလှံလက်နက်များနဲ့တကွ ခဲယမ်းအစုံတွေကို ရွေးချယ်နေကြသည်ကို မြင်ရပါသည်ဘုရား၊ ထို့နောက် ယခင်က လက်နက်တွေကို တွင်းကြီးတစ်တွင်းတူးပြီး မြှုပ်ထားကြပါသည်ဘုရား၊ ဒီဟာကြောင့် ကျွန်တော်မျိုးကြီးလည်း မသင်္ကာတာနဲ့ လိုက်လံစုံစမ်းကြည့်တော့ မြင်စိုင်းမြို့စားနဲ့ ဗိုလ်ကြီးမောင်မောင်ဦးတို့သည် လက်နက်အပြည့်အစုံနဲ့ ဘုရားရွှေနိုင်ငံတော်ကြီးအတွင်းမှာ ထကြွသောင်းကျန်းပုန်ကန်ပြီး အထမြောက်ခဲ့လျှင် ဗိုလ်ကြီးမောင်မောင်ဦးက တိုင်းပြည် ကြီးကို အုပ်ချုပ်မင်းလုပ်မယ်လို့ ကြံစည်ပါသည်ဘုရား၊ နောက် . . . မြင်စိုင်းမြို့စားကိုတော့ အိမ်ရှေ့ဥပရာဇာအဖြစ်ကို ချီးမြှောက်ပြီးသကာလ၊ နှမဖြစ်သူ မြင်စိုင်းထိပ်တင်ကိုတော့ မောင်မောင်ဦးက ရွှေလက်ဆွဲ၍ နန်းပွဲခံပြီးလျှင် မိဖုရားခေါင်ဒေဝီ မဟေသီမြှောက်စားဖို့ စီစဉ်ထားကြောင်းကို သတင်းကြားခဲ့ပါသည် ဘုရား"

ဟု ငတေကြီးက ဝံ့ဝံ့စားစား လျှောက်ထားသံတော်ဦးတင်သောအခါ အခါ ဘုန်းတော်ကြီးဘုရားသည် မျက်နှာတော်များ ပျက်လျက် . . .

"ဟဲ့ ငတေကြီး မင်းလျှောက်တာကို မင်းနားလည်ရဲ့လား၊ ဘယ် လောက်အရေးကြီးတယ်ဆိုတာ သိရဲ့လား"

"မှန်လှပါ ကောင်းကောင်းကြီးသိပြီးဖြစ်ပါကြောင်းပါ ဘုရား"

"မောင်မင်းစကား မောင်မင်း ကောင်းကောင်းမှတ်ထား၊ နောင်အခါ မောင်မင်းစကား မမှန်ခဲ့လျှင် ရင်ခွဲပြီး အသည်းနေပူလှမ်းခံရမနော် . . . မင်းကြီးများ"

ဟု ဒူးတုပ်၍ မတုန်မလှုပ် ခစားနေသော မှူးကြီးမတ်ကြီးများ ဘက် သို့ လှည့်၍ခေါ်လိုက်သောအခါ အမတ်ကြီးများက

"ဘုရား"

"အခု ငတေကြီး လျှောက်ထားချက်ကို ကြားကြရဲ့နော်၊ ဒီအတိုင်း မှန်လျှင်ဖြင့် ကိုယ်တော်မြတ်ကြီးရဲ့ အသက်တော်နှင့်တကွ တိုင်းသားပြည်သူ ရှင်လူရဟန်းတို့ကို ရန်ရှာတာပဲ၊ သို့အတွက် လွှတ်တော်က အမိန့်တော်စာချွန် များ ထုတ်ပြီး ဒီအမှုကို တစိုးတစိ မလွတ်လပ်ရအောင် စစ်ဆေးရမယ် မလစ် ကြစေနဲ့ ဟဲ့ ငတုတ်"

"ခစားလျက်ရှိပါဘုရား"

"မောင်မင်း ငဦးတပ်ကို မောင်မင်းကိုယ်တိုင်အုပ်ပြီး မြင်စိုင်းမြို့ကို အလျင်အမြန်သွားပြီး မြို့ကိုဝိုင်း၊ သင်းတို့သုံးယောက်ထဲက တစ်ယောက်မျှ မလွတ်စေနဲ့၊ အကုန်လုံးဖမ်းပြီး ရွှေမြို့တော်အရောက် ဆောင်ကြဉ်းခဲ့ရမယ်၊ သေနတ်လက်နက်ခဲယမ်းတို့ကိုလည်း အကုန်လုံး တွေ့အောင်ရှာရမယ်၊ မလစ် လပ်စေနဲ့နော်၊ မင်းအသက်နဲ့ လဲရလိမ့်မယ်"

ဟု အမိန့်တော်များ မှတ်ပြီးလျှင် အတွင်းဆောင်သို့ ဝင်တော်မူလေ ၏။

*

"အို နည်းနည်းကလေး လိုသွားတယ်၊ 'ခင်ခင့်' အစား 'တင့်တင့်' ကို ထည့်ပြီး ဆိုလိုက်ရင် ပြီးရော၊ အဲဒီ ဂေါ်ဖီဖူးတဲ့ တန်ခူးလ လပြည့်နေ့ကို မောင်မောင် ရောက်လာခဲ့ပါ့မယ်"

http://www.cherrythitsar.org



ဟု ပြောၡနေစဉ် 'တစ်တီတူး' ဟု အော်လျက်၊ တစ်တီတူးငှက် သတ္တဝါတစ်ကောင်သည် ထိပ်တင်နှင့် မောင်မောင်ဦးတို့ ထိုင်နေသောကြားမှ ဖြတ်သန်း၍ ပြန်သွားလေ၏။ ထိုအခါ ထိပ်တင်မှာ "အမယ်လေး" ဟု အော်လျက်၊ မောင်မောင်ဦး၏ အနီးသို့ ထိုးသွားရာ၊ မောင်မောင်ဦးလည်း တဆတ်ဆတ် တခါခါ တုန်လှုပ်နေသော လက်ကလေးများကို ကိုင်၍

"အမယ်လေး လန့်တတ်လိုက်တာ တင်တင်ရယ်၊ မောင်မောင် အနားမှာ အရှိသားကပဲ၊ ဘာမှ ကြောက်နေစရာမရှိပါဘူး"

"အို မောင်မောင်၊ ခုတင်ကတည်းက တစ်တီတူး ထိုးသွားတာကို မသိလိုက်ဘူးလား"

"သိလိုက်ပါတယ် တင်တင်ရဲ့၊ ငှက်ကလေးက တင့်တင့်ကို ကိုက်မသွားပါဘူး"

"အို တင်တင် ဘာမှ ကြောက်စရာမရှိပါဘူး၊ ဒီလို တစ်တီတူး ငှက်စုန်း ဇီးကွက် ဆိုတဲ့ ငှက်မျိုးတွေက ညဥ့်အခါမှထွက်ပြီး ကျက်စားတတ်ကြတာကို သူ့ဘာသာသူ စရိုက်ပျော်ပိုက်ကြလို့ အော်ကြကြွေးကြတာကလား"

"မောင်မောင်ရဲ့ ဒီငှက်အတွက် ထိပ်တင်တော့ စိတ်မသက်သာဘူး အခုည မသွားပါနဲ့"

ဟု ဆိုနေစဉ် အိမ်ရှေ့မှ မြင်းခွာသံနှင့် လူတို့၏ "ဝိုင်းကြ၊ ဝိုင်းကြ၊ အိမ်ပေါ်မှာရှိတယ်" ဟု ဆိုသော အသံတို့ကို ကြားရလေ၏။ အိမ်အောက်တွင် နေကြသော အစေအပါးတို့၏ အော်သံတို့ကိုလည်း ကြားရလေ၏။

ထိုအခါ မောင်မောင်ဦးနှင့် ထိပ်တင်တို့သည် ရုတ်တရက် ထ၍ အိမ်ရှေ့သို့ ကြည့်လိုက်သောအခါ သစ်တိုင်များကို စီတန်း၍ စိုက်ထားသကဲ့သို့ မှောင်ထဲတွင် စီတန်း၍ ရပ်နေကြသော တပ်တော်သားများနှင့် ၎င်းတို့၏ လက်တွင် ကိုင်ထားသော ဓားလှံအစရှိသော လက်နက်တို့ကိုလည်း အိမ်အောက်တွင် ထွန်းထားသော မီးတိုင်မှ အရောင်လျှပ်သဖြင့် တဖျတ်ဖျတ် တလက်လက် တောက်နေသည်ကိုလည်း မြင်ရလေ၏။ ထို့နောက်

"ဟေ့ အိမ်အောက်က အကောင်တွေကို အကုန်ဖမ်းပြီး လက်ပြန်ကြိုးတုပ်ထားကြ၊ တစ်ယောက်မှ မလွတ်စေနဲ့နော်။ ဟေ့ ငတောကြီး အိမ်ဝင်းထဲမှာ နံ့အောင်လိုက်ရှာ၊ ဟဲ့ အကောင်တွေ လူငါးဆယ်လောက် ငတောကြီးနောက်လိုက်သွား၊ ဟဲ့ ငမိုး၊ အောင်ပန်း၊ ရွှေကြုတ်၊ မင်းတို့သုံးယောက် ငါ့နောက်ကို လိုက်ခဲ့"

ဟု ဆို၍ အိမ်ပေါ်သို့ တက်လာသံကို ကြားသောအခါ မောင်မောင်ဦးသည် ထိပ်တင်၏ တုန်လျက်နေသော ကိုယ်ကာယကလေးကို ပွေ့ပိုက်ခြင်းအားဖြင့် သက်သာစေပြီးသော်

"တင်တင် ငတုတ်ဟာ မောင်မောင်တို့ကို ကြံပြုန်ပြီ၊ သို့သော်လည်း မကြောက်ပါနဲ့ မိမိပြုသော အမှုအတွက်ကိုသာ မိမိခံရမြဲဖြစ်ပါတယ်၊ မောင်မောင်တို့ကို ဘုရားသိကြားများလည်း ကြည့်နေမှာမဟုတ်ပါဘူး"

ဟု ဆို၍နေစဉ် မောင်တုတ်လည်း နောက်ပါလူသုံးယောက်နှင့် အိမ်ပေါ်သို့ တက်လာလေ၏။

မောင်မောင်ဦးလည်း မောင်တုတ်ကိုမြင်လျှင် ထိပ်တင်ကို ဖက်ထားရာမှ လွှတ်လိုက်၍ ရှေ့သို့ သုံးလှမ်းမျှ သွားပြီးလျှင်

"မြို့စားမင်း ဘာကိစ္စများနဲ့ အိမ်ကို ဝိုင်းထားတာလဲ"

ဟု မေးသောအခါ မောင်တုတ်သည် ရှေ့သို့ သုံးလှမ်းမျှတိုး၍ မျက်နှာချင်းဆိုင်မိသောအခါ

"ခင်ဗျားတို့ကို သူပုန်အဖြစ်နဲ့ ရွှေနန်းတော်ကြီးက ဖမ်းဆီးမယ့် အမိန့်တော်မှတ်လိုက်တယ်၊ အခု ခင်ဗျားကို ဖမ်းပြီး ရွှေမြို့တော်ကြီးကို ဆောင်ယူသွားရမယ်တဲ့၊ ဟဲ့ ငမိုး ဘာကြည့်နေသလဲ၊ ဒီအကောင်ကို နှောင်ကြိုးတဲပြီး ခေါ်သွား"

ဟု ပြောဆိုသောအခါ မောင်မောင်ဦးသည် လက်ထဲရှိ ဆောင်ဓားနှင့် ပြင်းစွာအားယူ၍ မောင်တုတ်၏ လည်ဆီသို့ ရွယ်လိုက်လေ၏။ ထို့နောက်မှ သတိရသဖြင့် ဓားကို လက်က လွှတ်ချပြီးလျှင်

"မြို့စားမင်း၊ ဒီအကြောင်းတွေကို ကျွန်တော်သိပါတယ်။ သို့ပေမယ့် ခင်ဗျားဟာနဲ့ ခင်ဗျား သွားပါလိမ့်မယ်။ ကျွန်တော် မစီရင်ပါဘူး"

ဆိုသောအခါ မောင်တုတ်သည် ထိုစကားကို ကြားသည့် လက္ခဏာမရှိဘဲ မိမိ၏ လူများဘက်လှည့်၍

"ဟဲ့ ခွေးမသားတွေ ငါ့စကားမကြားသေးဘူးလား၊ ဘာရောင်တောင်တောင်လုပ်နေရသလဲ။ အခုဖမ်းပြီး နှောင်ကြိုးချီ"

ဟု အလွန်ကြမ်းကြုတ်စွာ ဆိုသောအခါ တပ်တော်သား သုံးယောက်တို့လည်း မောင်မောင်ဦးအား နှောင်ကြိုးတဲ၍ ပြီးသောအခါ မောင်တုတ်က

"ဟေ့ ငမိုး၊ မြောက်ဘက်က တပ်ကိုသိမ်းပြီး ဒီအကောင်နဲ့ သွားနှင့်ကြ။ ငါနောက်က လိုက်ခဲ့မယ်"

http://www.cherrythitsar.org



ဟု ဆို၍ ငမိုးနှင့် ကျန်နှစ်ယောက်တို့သည် မောင်မောင်ဦးကို ဆွဲငင်ခေါ်ဆောင်၍ သွားကြလေ၏။ လှေကားအနီးသို့ ရောက်သောအခါ မောင်မောင်ဦးသည် မိမိအား မျက်ရည်များလည်လျက် ကြည့်နေသော ထိပ်တင်ကို သုံးခါတိုင်တိုင် လှည့်၍ ကြည့်ပြီးလျှင် သက်မပြင်းစွာချ၍ လိုက်ပါသွားရလေ၏။ ထို့နောက်မှ မောင်တုတ်သည် မတုန်မလှုပ်နေသော ထိပ်တင်၏ အနီးသို့ ကပ်ပြီးလျှင်

"သြော် ထိပ်တင်၊ မင်းတို့မောင်နှမမှာ မပေါင်းထိုက်သောသူနှင့် ပေါင်းသင်းမိတာနဲ့ ဒုက္ခရောက်ကုန်ကြပြီ။ အခု ထိပ်တင်တို့ မောင်နှမတို့လည်း ဒီငဦးဆိုတဲ့ အကောင်နဲ့ ပေါင်းသင်းလို့ သူပုန်ထဲပါတယ် အထင်တော်ရပြီး မင်းတို့ကိုလည်း ဖမ်းဆီးရမယ်လို့ အမိန့်တော်ပါလာတယ်။ မင်းတို့ မိုက်မိတဲ့အစား ကိုကိုတုတ် စိတ်ရှုပ်လိုက်တာ ထိပ်တင်ရယ်"

ဟု ဆို၍ လက်ကလေးကို လှမ်း၍ကိုင်မည်အပြုတွင် ထိပ်တွင်လည်း နောက်သို့ဆုတ်၍

"အို ရှင် ထိပ်တင်ကို မထိပါနဲ့၊ ရှင်က ဘာလာပြီး လိမ်နေရပြန်သတုံး။ ဒီဟာတွေ ရှင့်အကြံဆိုတာကို ထိပ်တင်သိပါတယ်။ ရှင် သနားနေဖို့ မလိုပါဘူး"

"မဟုတ်ပါဘူး ထိပ်တင်ရဲ့။ တယ်အပြောရခက်လိုက်ပါကလား။ ထိပ်တင်ကို ကိုကိုတုတ်က ဒီမဟုတ်တဲ့ အမှုထဲက ကယ်ဆယ်ချင်လွန်းလို့ ပြောတာပါ၊ ကိုကိုတုတ်ကို တဆိတ်လောက် အားကိုးလိုက်စမ်းပါ။ ထိပ်တင်တို့ မောင်နှမမှာ ဒုက္ခဆိုလို့ မြူမျှ မသန်းရတဲ့ပြင် ဘုန်းတန်ခိုး စည်းစိမ်သာပြီး တက်သွားမှာပေါ့"

"အို ဘာမှမပြောပါနဲ့တော့၊ ရှင် ဒီလိုလှည့်လို့ ရမတဲ့လား။ ရှင့်မှာ ကျွန်မကို ဖမ်းဖို့ အမိန့်တော်ပါလာရင် ဖမ်းပါ"

ဟု ပြောနေကြစဉ် ငတေကြီးသည် အိမ်ပေါ်သို့တက်လာ၍ မောင်တုတ်က

"ဘယ်နှယ့်လဲ တွေ့ခဲ့သလား"

"လက်နက်တွေ အိမ်နောက်ဖေးတွင်းကြီးတစ်ခုထဲက တွေ့ခဲ့တယ်"

"ဘာလက်နက်တွေ တွေ့ခဲ့သလဲ"

"သေနတ် အစင်း ၂၀၊ ဓားအစင်းတစ်ရာ၊ လှံအစင်း ၇၅၊ ခဲယမ်းအမြောက်အမြားတို့ကို တွေ့ခဲ့ပါတယ်"

http://www.cherrythitsar.org



ဟု ပြောသောအခါ မောင်တုတ်သည် ထိပ်တင်၏ဘက်သို့ လှည့်၍

"ဟော ထိပ်တင်၊ ဘယ့်နှယ်လဲ မင်းတို့အိမ်နောက်ဖေးမှာ တိုင်းပြည်ကြီးရဲ့ ရန်စွယ်ရန်ဆူးတွေကို ကုန်ပါပကော။ ဒီအကြောင်းတွေကို ထိပ်တင်သိပါသလား"

"ဘယ်တုန်းကမှ ထိပ်တင်တို့အိမ်မှာ ဒီလိုလက်နက်တွေ မရှိဖူးပါဘူး"

"ကိုင်း ဘယ့်နှယ်လုပ်မလဲ၊ ထိပ်တင်တို့ကို အယုံသွင်းပြီး ဒီအကောင်ဒီနေရာမှာ လာတာပဲ။ ထိပ်တင်တို့ မသိရပေမယ်လို့ လာပြီး သတင်းပေးတဲ့လူက ထိပ်တင်တို့လည်း ကြံရာပါတယ်ဆိုလို့။ ဘုန်းတော်ကြီးဘုရား အမျက်တော်ပွားပြီး မင်းတို့ပါ ဖမ်းဆီးရမယ်လို့ အမိန့်တော်ထားလိုက်တယ်။ ကိုကိုတုတ်လည်း ဘယ်နှယ့်မှ မလုပ်နိုင်တော့ဘူး။ ဖမ်းခဲ့ဆိုရင် ဖမ်းသွားရမှာပဲ။ သို့ပေမယ့် ကိုကိုတုတ်က မင်းတို့မောင်နှမများအတွက် ဘာကိုမှ မငဲ့ကွက်ဘဲ အသက်ပါပုံရပေစေတော့ ကြိုးစားပေးမယ် ဘာမှမကြောက်နဲ့"

ဟု ဆို၍ ငတေကြီးအား လှည်းတစ်စီး အပြင်ခိုင်းလိုက်လေ၏။ အတန်ကြာ၍ အရန်သင့်ရှိသောအခါ အိမ်နောက်ဘေးတွင် တွေ့သော လက်နက်များနှင့် ထိပ်တင်တို့ကို လှည်းပေါ်တင်၍ တပ်တော်သားငါးဆယ်လောက် ကို ရှေ့ရောနောက်ပါ ဝိုင်းရံစေပြီးလျှင် ၎င်းညပင်ရွှေမြို့တော်ဘက်သို့ ရှေ့ရှု မောင်းနှင်သွားကြလေ၏။

အင်းဝမြို့စားမောင်တုတ်သည် မိမိ၏ အကြံအောင်သောအခါ ဦးလေးဖြစ်သူ မောင်ဩထံသို့ အကြောင်းကြားစေသဖြင့် မောင်ဩလည်း ရွှေမြို့တော်သို့ လာရောက်၍

"ဘယ်နှယ့်လဲ ငတုတ်ရဲ့၊ မင်းအကြံတော့ အောင်မြင်တော့မယ်။ ငါ့အလိုတော့ ဘယ်တော့ဖြည့်မလဲ"

"ဟာ ဦးလေးကလည်း နောင်တော့ ပြည့်ပါစေမယ့်။ သို့ပေမယ့် ဦးလေးအကြံက ကျွန်တော်လိုတဲ့အချက်ကို မရောက်သေးဘူး"

"ဘယ့်နှယ်လဲ၊ မင်းလိုတဲ့အချက်ကို မရောက်သေးဘူး၊ အခု ငဦးကို ရာဇဝတ်သင့်ပြီး မဟုတ်လား။ အဲ ရာဇဝတ်သင့်ရင် မင်းက ရွှေလွှတ်တော်ဝန်များကို ဒီအကောင့်ကို သတ်စေအမိန့်ချအောင် တိုက်တွန်းရမယ်ကွဲ့"

"ဟုတ်ပါပြီ၊ ဒီအကောင်တော့ ဘယ်နည်းနဲ့မှ မလွတ်နိုင်ပါဘူး။ နို့ပေမယ့် ကျွန်တော်ချစ်တဲ့ ထိပ်တင်တို့ပါ ဒီအမှုထဲမှာ ရောပြီးပါနေတယ်

http://www.cherrythitsar.org



မဟုတ်လား။ ကျွန်တော်ကတောင် ဒီအထဲဝင်ပြီး မင်းတို့လွတ်အောင် ဒီပုံ၊ ဒီနည်း လွတ်တော်မှာလျှောက်၊ ငါကလည်း ထောက်ခံပေးမယ်လို့ ပြောပေမယ့် ငဦးသေရင် သူတို့လည်း အတူတူသေပြီး လိုက်မယ်တဲ့။ လွှတ်တော်မှာ သူတို့ကို အပြစ်ရောက်အောင်ချည်း လျှောက်နေတယ်"

"ဟာ ဒီဟာတော့ မင်းကိုယ်က အင်မတန် ဖျင်းတာပဲ။ ဒီ ငဦးဆိုတဲ့အကောင်ဟာ ထိပ်တင်တို့ကို အပြစ်ရောက်အောင် ဒီလက်နက်တွေကို အိမ်နောက်ဖေးမှာ လာထားတယ်လို့ သူ့အကြောင်း မကောင်းမှန်သမျှ လျှောက်ပြောတာပေါ့"

"အမယ်လေး ဦးလေးရဲ့။ လောကမှာ ဒီအကောင့်အပေါ် မကောင်းသမျှကို ကျွန်တော့်စိတ်က တွေးမရလို့ စာတွေ ပေတွေထဲ လိုက်ရှာပြီး ပြောတာတောင် နည်းနည်းလေးမှ မယုံကြည်ကြဘူး။ သူက ဒီအမှုဟာ ကျွန်တော်ကြံတဲ့ အမှုလို့ချည်း ပြောတယ်။ ထောင်မှူးများ ကြားသွားမှာ စိုးလို့ များများတောင် မပြောဝံ့ဘူး"

"အင်း . . . ဒီလိုဖြင့် အခက်သားကပဲ။ သို့သော် ဒီရေနဲ့ ဒီကမ်း၊ ဒီအခြေ ဒီလမ်းတောင် ရောက်မှပဲ။ ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ ဆိုတာမျိုးလို ဒီအကြံကို မအောင်မခြင်း လက်မလွှတ်ဘူး။ ကိုင်း . . . တစ်မျိုးပြီး တစ်မျိုး ကြံရတာပေါ့ကွာ"

ဟု ဆို၍ အကြံအမျိုးမျိုးထုတ်၍ ရွှေလွှတ်တော်က အမိန့်ကို စောင့်ဆိုင်းနေကြလေ၏။

ရွှေလွှတ်တော်ဝန်များလည်း မောင်မောင်ဦးကို စစ်ဆေး၍ ရာဇဝတ်သား၏ ထွက်ချက်များကို သေချာစွာ ရေးသား၍ ဘုန်းတော်ကြီးဘုရားထံသို့ ဆက်သွင်းကြလေ၏။ ဘုန်းတော်ကြီးဘုရားသည် နာခံတော်အား အဖတ်ခိုင်းတော်မူ၍ အမှုသွားကို ကြားတော်မူပြီးသောအခါ ရုတ်တရက် အမိန့်တော်မြွက် မမှတ်ဘဲ နေတော်မူလေ၏။ ဥပုသ်တစ်ပတ်မျှ ကြာသောအခါ တစ်နေ့သော နံနက်ညီလာခံစဲသောအချိန်တွင် အင်းဝမြို့စား မောင်တုတ်ကို ခေါ်ပြီးလျှင် . . .

"ဟဲ့ . . . ငတုတ်၊ အခုမြို့စား ငဦးတို့ အခင်းသွားကို စဉ်းစား၍ မရအောင် ရှိတော့တယ်။ ဒီအကောင်ကို အမျိုးမျိုး အဖုံဖုံ စစ်ဆေးမေးမြန်းစေသော်လည်း နည်းနည်းကလေးမျှ မပေါ်ဘူး။ လူဆိုတာ တစ်ပါးသောသူက မနာလိုလို့ ဒုက္ခရောက်အောင် ကြံဖန်လည်ဆယ်ပြီး မဖွယ်မရာ အမှုများလည်း

http://www.cherrythitsar.org



ရှာတတ်တယ်။ ဒီအကောင်ကို ငါက မြှောက်စားလို့၊ ကံကျွေးများ ပေးထားတာကို မနာလိုလို့ ကြံကြသလား မသိဘူး။ ငဦးလည်း ငါမြှောက်စား သနားချီးမြှင့်ထားတဲ့ ကျေးဇူးသစ္စာကို ထောက်ပြီး ဒီလောက်မိုက်မယ် မဟုတ်ပါဘူး။ ယုံရမှာကလည်း အခက်၊ ထီးနန်းစည်းစိမ်အတွက် ဖြစ်နေပြန်တော့ အရေးတော်ယူရဦးမှာပဲ။ ဒါကြောင့် အခု မင့်ကို ငါတိုင်ပင်ချင်တယ်။ ဒီအမှုကို ယုံ ကြည်ရဲ့လား"

ဟု မေးမြန်းတိုင်ပင်တော်မူသောအခါ မောင်တုတ်သည် မိမိလိုသော အချက်ကို ရောက်ပြီဖြစ်၍

"မှန်လှပါဘုရား၊ ကျွန်တော်မျိုးကြီးလည်း အမှုသွား မှန်မမှန်ကို အတန်စုံစမ်းတော့ မြင်စိုင်းမြို့စားများမှာ ဒီအကြောင်းနဲ့ပတ်သက်၍ တစ်စုံတစ်ရာ မသိကြောင်းကို သိရပါသည်ဘုရား။ မြို့စားငဦးသည် မြင်စိုင်းမြို့စားများနှင့် ပေါင်းသင်းပြီးသကာလ ၎င်းတို့မသိဘဲလျက် လက်နက်အမြောက်အမြားတို့ကို ၎င်းတို့၏ အိမ်နောက်ဖေးမှာ တိတ်တဆိတ် ဝှက်ထားသည်နှင့် တူပါသည်ဘုရား။ ယခု ရွှေလွှတ်တော်မှာ စစ်ဆေးမေးမြန်းတော့ ငဦးသည် မိမိအမှုမဟုတ်ကြောင်းကို တစ်စုံတစ်ရာ ခုခံပြောဆိုခြင်းငှာ မတတ်နိုင်တော့ပါဘုရား။ ၎င်း၏ အကြံအစည် ဖြစ်ကြောင်းကား ငတေကြီးမှ အစရှိသော သက်သေတို့ လုံခြုံအောင် ထွက်ဆိုပါသည်ဘုရား။ သို့အတွက် ကျွန်တော်မျိုးလည်း ဝေခွဲရှင်းလင်း၍ မရနိုင်သဖြင့် ရဲဝံ့စွာ မတင်လျှောက်ဝံ့ကြောင်းပါဘုရား"

ဟု လိမ္မာရေးခြားစွာ လျှောက်ထားသံတော်ဦးတင်လေ၏။

ထိုအခါ ဘုန်းတော်ကြီးဘုရားက

"အင်း . . . သင့်အမှု ထင်ရှားရင်ဖြင့် တရားနဲ့ညီအောင် စီရင်ရမယ်။ ဟဲ့ နာခံတော်ကို ဆင့်လိုက်"

ဟု အမိန့်တော်ရှိ၍ နာခံတော်ရှေ့တွင် ခစားမိသောအခါ ဘုန်းတော်ကြီးဘုရားက ဆက်၍

"နာခံတော်ကြီး၊ ယခု ငဦးရဲ့ အမှုသွားသည် ထင်ရှားသဖြင့် ယနေ့ ခုနစ်ရက်ကြာသကာလ တရားဓမ္မသတ်နှင့်အညီ သုတ်သင်မြဲ သုတ်သင်စေလို့ လွှတ်တော်မှာ အမိန့်တော်ပြန်ရမယ်"

ဟု အမိန့်တော်မှတ်၍ အတွင်းဆောင်သို့ ဝင်တော်မူလေ၏။ နာခံတော်လည်း ကောင်းစွာရေးသားလျက် လွှတ်တော်တွင် အမိန့်တော်ပြန်၏။

http://www.cherrythitsar.org



မောင်တုတ်လည်း နေအိမ်သို့ ရောက်သောအခါ မောင်ဩက

"ဟေ့ ငတုတ်၊ ဘယ်နဲ့များ အမိန့်တော်ချလိုက်သလဲ"

"ငဦးကို ယနေ့က ခုနစ်ရက်ကြာရင် သုတ်သင်မြဲ သုတ်သင်စေတဲ့"

"မြင်စိုင်းတို့ကိုကော"

"အလို အဲဒီဟာ ကျွန်တော်မေ့နေတယ်။ ဘုန်းတော်ကြီးဘုရားလည်း သူတို့အတွက်နဲ့ ဘာမှ အမိန့်တော် မှတ်မသွားဘူး။ ငဦးအတွက် အမိန့်တော် မှတ်ပြီးတော့ ရွှေမျက်နှာတော် တယ်မသာချင်ဘူး"

"အဲ . . . ငါမပြောဘူးလား၊ မြင်စိုင်းတို့ကိုတော့ ဘယ်နဲ့မှ အမိန့်တော်ချတော်မူမယ် မဟုတ်သေးဘူး။ ဒီအတွင်းမှာ တို့ကောင်းကောင်းသတိထားပြီး ကြံမှပဲ"

ဟု ပြောဆိုတိုင်ပင်၍ မောင်မောင်ဦးကို သုတ်သင်မည့်နေ့ကို စောင့်ဆိုင်းနေကြလေ၏။

မြင်စိုင်းထိပ်တင်သည် မိမိကို ဘုန်းတော်ကြီးဘုရား အမိန့်တော်နှင့် မောင်တုတ် လာဖမ်းစဉ်က များစွာ ကြောက်လန့်ခြင်းမရှိချေ။ မိမိတို့ပြုသောအမှုမဟုတ်၍ မိမိတို့ ရာဇဝတ်ဘေးကို ခံရလိမ့်မည်မဟုတ်ဟု တွေးတောသဖြင့် စိတ်သက်သာရ၏။ သို့သော်လည်း ယခုအခါ ထောင်အတွင်း၌ အကျဉ်းထား ခံရသည့်ပြင်၊ မိမိ၏ မောင်တော်နှင့် မောင်မောင်ဦးတို့အကြောင်းကို ဘာမျှမကြားရဘဲ ရှိနေ၏။ ထောင်မှူးကို များစွာမေးမြန်းသော်လည်း မထေမဲ့မြင်ပြု၍ မပြောဘဲသာ နေကြလေ၏။ တစ်ခါတစ်ရံ မောင်တုတ်သည် ထောင်တွင်းသို့ဝင်၍ မိမိအား သူ၏အလိုကို သဘောတူရန် ပြောသော်လည်း ငြင်းပယ်လျက် မောင်တော်နှင့် မောင်မောင်ဦးတို့၏ အကြောင်းအရာများကို မေးမြန်းသောအခါ မောင်တုတ်ကလည်း အနည်းငယ် တစိုးတစိမျှ မသိကြောင်းကိုသာ ပြောပြလေ၏။ ရံဖန်ရံခါ ထောင်မှူးများနှင့် မောင်တုတ်တို့သည် မောင်တော်များ၏ အကြောင်းကို သိလျက် မိမိတို့ထံမှ ကွယ်ဝှက်ထားခြင်းသည် ၎င်းတို့သည် ရာဇဒဏ်ထိ၍ ဘဝတစ်ပါးသို့ ပြောင်းသွားကြလေပြီလောဟု တွေးတောလျက် စိတ်မသက်မသာ ရှိရရှာလေ၏။

ထို့အပြင် မိမိကို အခြားသူများတို့ကဲ့သို့ လက်ထိပ်ခြေကျဉ်းများ ခတ်၍ မထားဘဲ လွတ်လပ်စွာ သွားလာနေထိုင်ရသည်များကိုလည်း တွေးတောမရနိုင်အောင် ရှိလေ၏။ အရင်တစ်ခါက မောင်မောင်ဦးသည် မောင်တော်မြင်စိုင်းမြို့စားအား သေမည့်ဘေးက ကယ်ဆယ်နိုင်ပြားသော်လည်း ယခု

မူကား သူ၏ကိုယ်တိုင် အသေနှင့်အရှင် ချိန်ခွင်တွင် တင်ထား၍ ထားသကဲ့သို့ ဖြစ်နေသောကြောင့် တစ်ပါးသူကို ကယ်ဆယ်နိုင်ဖို့ ဝေးစွ။ မိမိကိုယ်တိုင်ကိုမျှ မိမိလွတ်အောင် မရုန်းနိုင်ဖြစ်၍ နေသဖြင့်၊ မိမိတို့မှာ မရဏာသေမင်း၏ လက်တွင်းမှ ကင်းလွတ်ရန် အခွင့်မရှိတော့ပြီဟု တွေးတောပူပင်မိလေ၏။

ထိုကဲ့သို့ တစ်ယောက်တည်း ထိုင်လျက် စဉ်းစားနေရာ အထက်ကောင်းကင်လဟာပြင်ကို ဖြတ်သန်း၍ သွားလာနေသော နေဗိမာန်ကိုမြင်လျှင် အလိုလို သွေးထိတ်၍ စိတ်ထဲက တဖျတ်ဖျတ်နှင့် သွေးခြောက်ခြားလျက်ရှိလေ၏။ ဤနေမင်းကို မြင်လျှင် ထိတ်လန့်သောကြောင့် မကြည့်ဘဲ နေအံ့ဟု ခေါင်းကို ငုံ့၍နေသော်လည်း အမှတ်တမဲ့ မော့၍သာ ကြည့်မိလေ၏။ ကြည့်မိ၍ မြင်တိုင်းလည်း ထိတ်လန့်လေ၏။ စိတ်တွင်းက အလိုအလျောက် မသိုးမသန့်ဖြစ်လျက် စိတ်နှလုံးလည်း အစဉ်တုန်လှုပ်လျက် ရှိလေ၏။ ဤကဲ့သို့နေ၍ အတန်ကြာသောအခါ မိမိအနီးရှိ အကျဉ်းသားတို့သည် မိမိအား ကြည့်လျက် တီးတိုးပြောဆိုနေကြသည်ကို သိရလေ၏။ ထိုအခါမှသာ၍ ပူပန်လျက် မိန်းမအကျဉ်းသားတစ်ယောက်အား မေးမြန်းသောအခါ ထိုအကျဉ်းသားက

"အလို ညည်းအခုတိုင် မသိသေးဘူးလား။ ကျုပ်တို့ ဗိုလ်ကြီး မောင်မောင်ဦးကို အခု တောင်စွယ်မှာ နေကွယ်ရင် မြို့ပြင်ကို ထုတ်ပြီး သုတ်သင်တော့မတဲ့အေ။ ကျုပ်တို့ သူတော်ကောင်း ဗိုလ်ကြီးကို ငတုတ်ဆိုတဲ့ အကောင်က မကောင်းကြံပြီး အတွင်းတော်မှာ တိုက်တာနဲ့ ဘုရင်ဓမိုက်က လူမသမာ့အလိုကို လိုက်ပြီး အမိန့်တော်မှတ်လိုက်တယ်။ ဗိုလ်ကြီးအစား ကျုပ်တို့ကိုသာ သတ်လိုက်ပါတော့။ ဆယ်ခါတောင် အသတ်ခံဝံ့ပါတယ်။ စစ်ကိုင်းတောင်က ဘုန်းတော်ကြီးများကလည်း ဒကာတော် ဒုက္ခရောက်နေတာကိုမှ ပြန်မကြည့်ကြတော့ဘူး"

ဟု ပြောသောအခါ မြင်စိုင်းထိပ်တင်မှာ ရင်ထဲ၌ ထိတ်ခနဲ အလုံးကြီးဆို့၍ မျက်ရည်တွေ ဝဲလည်သကဲ့သို့ လည်ပြီးလျှင် အတန်ကြာ စကားမပြောနိုင်ဘဲ ကျောက်တိုင်ကျောက်ရုပ်ကဲ့သို့ မလှုပ်မရှားနေလေ၏။

ထို့နောက်မှ မည်မျှလောက် မေ့၍နေသည်မသိ။ သတိရ၍ နေမင်းကို ကြည့်လိုက်ရာ တောင်စွယ်တွင် ကွယ်လုနီးနီး ရှိနေသည်ကို တွေ့ရလေ၏။ ထိပ်တင်သည်လည်း ကြံရာမရဘဲ စိုက်၍ကြည့်နေရာ နေမင်းလည်း တောင်တစ်ဖက်သို့ တဖြည်းဖြည်း အပူရှိန် ဥုံဏှာဓာတ်တို့ကို သိမ်းရုပ်လျက်

http://www.cherrythitsar.org



ဆင်းသွားရာ နောက်ဆုံး တောင်စွယ်တွင် ရုတ်တရက်ပျောက်၍သွားသည်ကို မြင်ရသောအခါ၊ ရင်ထဲ၌ ကမ္ဘာပျက် မီးလောင်ပြီးလျှင်၊ ဝင်းခနဲ ဝေါခနဲ တစ်ချက်တစ်ချက် ပြိုးပြိုးပြက်သော အရောင်တို့ကို မြင်ရပြီးနောက် သတိမေ့လျော့ပြီးလျှင် ပျော့ခွေယိုင်၍ အမှီအတွယ်မရှိသဖြင့် မြေပေါ်သို့ ပုံလျက်လဲလေ၏။

တစ်နေ့ပတ်လုံး ကောင်းကင်ပြင်၌ ဖြတ်သန်းလျက် သွားနေသော သူရိယဒေါင်းရဝိန်သည် အပူရှိန်များကို သိမ်းရုပ်၍ အနောက်သို့ ဝင်၍ သွားသောအခါ နေ့လည်အခါ ဥုံဖျာဓာတ်ကို ပြင်းစွာခံနေရသော သတ္တဝါအသီးသီးတို့သည် အပူတည်းဟူသော ဒုက္ခမှ ကင်းလွတ်ပြီဖြစ်၍ ညနေချမ်းအခါ သာယာကြည်လင် စိတ်ရွှင်လန်းဖွယ်ကောင်းသော လဟာပြင်ကြီးများကို ဖြတ်သန်း၍ တိုက်ခတ်သော လေသာလေညှင်းများကို ခံစားရတော့မည်ဖြစ်သဖြင့် အနောက်ဘက်သို့ နေစောင်းသွားသည်ကို မြင်လျှင်ပင် များစွာ ဝမ်းမြောက်တတ်ကြ၏။

သို့သော်လည်း မောင်မောင်ဦးမှာ ထိုနေဝင်ခြင်းသည် မိမိ၏အသက်ဤလောကမှ ထွက်မြောက်ရမည်ဖြစ်သောအချိန်ကို သတ်မှတ်သော အခိုက်ဖြစ်သဖြင့် အနောက်သို့ နေစောင်းသွားသည်ကို မြင်ရလျှင်ပင်၊ စိတ်ထဲ၌ မခံမရပ်နိုင်အောင် ပူပင်သောက ဖြစ်ရလေ၏။ 'ဟယ် တစ်လောကမှာ တစ်ခါသေမြဲ၊ မလွဲမဖွဲတာကပဲ။ ငါ ဘာကြောက်ရမလဲ၊ ငါ သူ့ရဲဘောနည်းလို့ သေခါနီးတောင် ကြောက်ရွံ့သွားတယ်လို့ ဒီကမ္ဘာမှာ ဥဒါန်းမကြေရှိရော့မယ်' ဟု စိတ်ကိုတင်းသော်လည်း ရွံ့ရှာစက်ဆုပ်အကောင်ပုပ်တို့တွင် သံသေဒဇဝင်သော ပိုးလောက်လန်းပင် ဖြစ်စေကာမူ မိမိ၏ဘဝကို နှမြောစုံမက်မြဲဖြစ်သဖြင့် မောင်မောင်ဦးမှာကား ထိုပိုးလောက်လန်းတို့ထက် အဆရာအထောင်မျှမက မြင့်မြတ်သော လူ၏ဘဝကိုကား၊ အဘယ်သို့သောနည်းဖြင့် စွန့်ပစ်၍ သွားနိုင်ပါအံ့နည်း။ ဤလောကသည် မစင်ဘင်ပုပ်တို့ကဲ့သို့ စက်ဆုပ်ရွံ့ရှာဖွယ် ကောင်းသော်လည်း မိမိ၏ဘဝကိုကား အမှန်စင်စစ် နှမြောမြဲအတိုင်း နှမြောသဖြင့် မရဏသံသေမင်း၏ နိုင်ငံသို့ ကူးခါနီးသောအခါ ကြီးစွာသော ပရိဒေဝမီးလောင်ကျွမ်းခြင်းကို ခံစားရပေ၏။

နေမင်းသည်လည်း တဖြည်းဖြည်း အနောက်သို့ ဆင်း၍ တောင်စွယ်တွင် ကွယ်လုနီးသောအခါ အမိဝမ်းတွင်းမှ သက်ဆင်းသည့်အခါကစ၍ ယခုတစ်ခဏတိုင်အောင် အနှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်တိုင်တိုင် နေထိုင်ခဲ့သော လောကကြီးကို ကြည့်ပါဦးအံ့ဟု လှည့်၍ ကြည့်လိုက်ရာ မိမိ၏ရှေ့

တွင် ဓားကို တဝင့်ဝင့်ကစားနေသော ပါးကွက်ကိုလည်းကောင်း၊ မိမိ၏ လည်ကုတ်ရှိ ဆံစတို့ကို အထက်သို့ သပ်၍တင်နေသော ပါးကွက်၏ ခြေများကိုလည်းကောင်း၊ အဝေးရှိ ဝင်ခါနီးနေရောင်လျှင်သဖြင့် တဖျတ်ဖျတ် တောက်နေသော ရွှေနန်းတော်ကြီး၏ ပြဿဒ်ဆောင်များကိုလည်းကောင်း မြင်ရသောအခါ အလွန်လွမ်းဆွတ် တမ်းတမိလေ၏။ တစ်ဖက်ဘေးသို့ စောင်း၍ ကြည့်လိုက်သောအခါ မောင်တုတ်နှင့် မောင်ညြတို့ကို မြင်ရ၍

"ညြော် ငါကား ငါ၏ရန်သူရှေ့၌ပင် အသတ်ခံရတော့အံ့။ ငါ၏ရန်သူသည် ငါ၏ပျက်စီးခြင်းကို ကြည့်လျက် မည်မျှဝမ်းမြောက်လိမ့်မည်နည်း၊ ငါ့ကံနှယ် ဆိုးလိုက်လေခြင်း"

ဟု စဉ်းစား၍ ဝမ်းနည်းမိလေ၏။ ထို့နောက် အနောက်ဘက်သို့ ကြည့်လိုက်ပြန်ရာ နေမင်းသည် ရုတ်တရက် ပျောက်လျက် ထိပ်တင်၏ မျက်နှာကလေးကို ရုတ်တရက် မြင်လိုက်ရပြီးလျှင် မေ့လျော့၍ သွားလေ၏။

မောင်ညြသည် မိမိ၏အကြံဖြင့် ပျက်စီးခါနီးသော မောင်မောင်ဦးကို မြင်လျှင် ထိုသူ၏ အပေါ်၌ အလိုအလျောက် ကရုဏာသက်လေ၏။ စိတ်ထဲ၌ ထိုသူအား သနားကရုဏာကင်းမဲ့ရန် အဖန်ဖန်အားထုတ်သော်လည်း မရနိုင်ဘဲ ရှိပြီးသော ကရုဏာသည် သာ၍ တိုးပွားလေ၏။ ထို့နောက် နေကွယ်ခါနီး၍ သုတ်သင်ရန် အချိန်ရောက်လုမတတ်ရှိသောအခါ မောင်တုတ်နှင့် မောင်ညြတို့သည် အနီးသို့ တိုး၍ကြည့်ရှုကြလေ၏။ ထိုအခါ ပါးကွက်က

"မြို့စားမင်းရဲ့ သွေးပန်းမိမယ် သိပ်မတိုးပါနဲ့"

ဟု ပြောသော်လည်း

"ကိစ္စမရှိဘူး"

ဟု ဆို၍ ကြည့်ရှုတိုင်း ကြည့်နေကြလေ၏။

လူ့ဘဝတွင် အလွန်မိုက်မဲခဲ့သော မောင်တုတ်သည် ရဟန်းဘဝ၌ မိမိပြုမိခဲ့သော အပြစ်တို့ကို မြင်၍ သတိနောင်တများစွာ ရရှိပြီးလျှင် မဂ်ဖိုလ်နိဗ္ဗာန်ရရာ အကြောင်းတရားဖြစ်သော ကမ္မဋ္ဌာန်းဘာဝနာများကို စီးဖြန်းလျက် ရဟန်းဘဝတွင် ပျော်ပါးစွာ နေလေ၏။

ရာသီမိဿ။ ဂိမ္ဟန္တဟု။ နွေလခါးကြူး၊ တန်ခူးမာသ။ ခါသမယတွင်။ လုပဆန်းကြယ်။ ဂနိုင်လယ်၌။ အသွယ်သွယ်ရောပြွမ်းလျက်။ ရာသီပန်းတို့သည်။ တောလုံးပြည့်မျှ။ ဖူးပွင့်ကြ၍။ မာဂဓကျေးငှက်အပေါင်းတို့လည်း။ ဘာဝအလိုက် တစ်ပင်မှတစ်ပင်သို့ ပြောင်းလျက်။ မသံဖိုသံ တညံညံအော်

http://www.cherrythitsar.org



ကြသော အခါကာလဖြစ်သဖြင့်။ သာယာပြန့်ပြူး စိတ်ရွှင်မြူးဖွယ်ကောင်းလှ၏။ အသူရိန်နေမင်းသည် အနောက်သို့ဆင်း၍။ ညနေခင်းအခါသို့ ရောက်သောအခါ။ လေပြေလေညှင်းများ တိုက်သွင်းသဖြင့်။ သင်္ဂီရင်ခတ်အစရှိသော ပန်းဖူးပန်းပွင့်တို့သည်။ ထိုသို့ ဤသို့ ညွှာတံတန့်ခ့နွဲ့ ပြောင်းလျက်ရှိကြကုန်၏။ အထက်အာဇမ္ဗာဝေဟင်၌လည်း။ မိုဃ်းသားတိမ်မြောက်ကလေးတို့သည် တရွေ့ရွေ့ တဖြည်းဖြည်း လွင့်ပါးလျက်ရှိကုန်၏။ ထိုအချိန်၌ မြင်စိုင်းထိပ်တင်သည် အိမ်ရှေ့ပန်းခြံအတွင်းရှိ ကွပ်ပျစ်ကလေးတစ်ခုပေါ်တွင် ထိုင်လျက်။ တန်ခူးလရာသီ၏ ဆန်းကြယ်လာခြင်းများကို ကြည့်ရှုကာ နေလေ၏။

ထိုကဲ့သို့ ထိုင်နေရာ အတန်ကြာကာလ၊ ပန်းရုံတစ်ရုံမှ ပန်းပွင့်ကလေးတစ်ပွင့်သည် ထိပ်တင်၏ဘက်သို့ လွင့်လာ၍ လက်မောင်းကလေးကို မှန်သောအခါ ရုတ်တရက် ထိတ်လန့်လျက် ပန်းရုံဘက်သို့ လှည့်၍ကြည့်သော်လည်း လူတစ်စုံတစ်ယောက်ကိုမျှ မမြင်ဘဲ ပန်းရုံကလေး လှုပ်၍နေသည်ကိုသာ မြင်ရလေ၏။ ထိုပန်းရုံဘက်သို့ စိုက်၍ကြည့်နေရာ အခြားတစ်ဖက်မှ ပန်းတစ်ပွင့်သည် ကျောဘက်ကို မှန်ပြန်လေ၏။ ထိုပန်းရုံဘက်သို့ လိုက်ကြည့်သောအခါ အနည်းငယ်ကြောက်လန့်သောကြောင့် ထ၍သွားတော့မည်အလုပ်တွင် အနီးရှိ ပန်းရုံမှ လူတစ်ယောက်သည် ရုတ်တရက် ထွက်လာ၍ ထိပ်တင်၏ လက်ကလေးတို့ ဆွဲလိုက်ရာ

"အမယ်လေး . . . အို . . ."

ဟု ဆို၍ ထိုလူ၏မျက်နှာကို သေချာစွာ မြင်သောအခါ

"အမယ်လေး ဒီလူကြီးလာမှဖြင့် ဒီလိုချည့်ပဲ၊ ဖယ် လွှတ်ပါ"

ဟု ဆို၍ လက်ကလေးကို ပြန်၍ရုန်းလေ၏။

မောင်မောင်ဦးလည်း ထိပ်တင်၏ တုန်လျက်ပင်နေသေးသော လက်လေးကို မလွှတ်ဘဲ

"ဒီလောက်တောင်ပဲ အသဲငယ်ရသလား တင်တင်ရဲ့၊ ကိုကိုဦးပါ။ ဗိုလ်ရန်အောင်ကြင်ရာတော်ဆိုပြီး ဒီလောက်တောင် ကြောက်တတ်ရသလား"

"အို တစ္ဆေလို ချောက်တာကိုး၊ ကြောက်မှာပေါ့ လွှတ်ပါတော့ရှင်"

"မလွှတ်ပါဘူးဗျာ၊ ဆွဲတုန်းက လွှတ်မယ်လို့ ဆွဲတာမှ မဟုတ်ဘဲ ခဏပြန်ထိုင်စမ်းပါဦး။ စကားကလေးတစ်ခွန်း ပြောစရာရှိသေးလို့"

"အို မထိုင်တော့ဘူး၊ တစ္ဆေယောင်ဆောင်တဲ့ လူစကား နားမထောင်ချင်ပါဘူး၊ ထိပ်တင် စိတ်ဆိုးနေပြီ၊ လွှတ်ပါတော့"

http://www.cherrythitsar.org



ဟု နှုတ်ခမ်းကလေးကို လက်တွင် ကိုင်ထားသော ပန်းခက်ကလေးနှင့်ပုတ်၍

"အမယ် စိတ်လဲ မဆိုးဘဲနဲ့ စိတ်ဆိုးချင်ယောင်ဆောင်နေလိုက်တာ၊ ဟော အခုပြုံးတော့မယ်၊ ပြုံးတော့မယ်ကွယ့်"

ဟု ဆိုသောအခါ ထိပ်တင်မှာ စိတ်ကိုချုပ်တည်း၍ မရဘဲ လွန်စွာရယ်မောပြီးလျှင် မောင်မောင်ဦးနှင့်အတူ ကွပ်ပျစ်ပေါ်သို့ ပြန်၍ထိုင်ကြလေ၏။ ထိုအခါ မောင်မောင်ဦးက

"တင်တင် ဘုန်းတော်ကြီးဘုရားက ကိုကိုဦးနဲ့ တင်တင်နဲ့ လက်ဆက်ကြမယ် ကြားတော်မူလို့ ကိုကိုဦးကိုခေါ်ပြီး ဆုလာဘ်တော်များ ပေးတော်မူလိုက်တယ်။ တင်တင်ဖို့လည်း ကြိုးကြီးချိတ်ထမီတစ်ထပ်နဲ့ ဖဲပုဝါတွေ သနားတော်မူလိုက်တယ်"

"အနို့ ကိုကိုဦး၊ စစ်ကိုင်းကို ဝင်ခဲ့သေးသလား"


"ဝင်ခဲ့ပါတယ် ထိပ်တင်ရဲ့၊ ခဲအိုတော်ကြီးအတွက် မစိုးရိမ်ပါနဲ့။ အခုများ တရားနဲ့မွေ့လို့ ဈာန်ရတဲ့ ထေရ်ကြီးလို ကြည်ညိုစရာ အင်မတန်ကောင်းနေတယ်။ ကိုကိုဦးက ပစ္စည်းလေးပါး ဒါယကာ ခံတော်မူပါလို့ လျှောက်ထားတော့ ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံလိုက်တယ်"

"ဝမ်းသာလိုက်တာရှင် ဒီလိုတရားနဲ့ ပျော်မွေ့နေရင် နောင်ဘဝမှာ ကောင်းရာရောက်ဖို့ပေါ့၊ ကျွန်မလည်း တစ်ခေါက်လောက်သွားပြီး ကန်တော့ရဦးမယ်"

"သွားပါခင်ဗျာ။ ကိုကိုဦး မကြာခင် လိုက်ပို့လိုက်ပါ့မယ်။ နို့ပေမယ့် နက်ဖြန်ခါ မင်္ဂလာဆောင် အခမ်းအနားဖို့ ပြင်ဆင်ကြဦးစို့ရဲ့ တင်တင်ရဲ့"

ဟု ဆို၍ ချစ်သူနှစ်ယောက် လက်တွဲခါ အိမ်ပေါ်သို့ တက်သွားကြလေ၏။

http://www.cherrythitsar.org



## ဒဂုန်ခင်ခင်လေး (၁၂၆၅–၁၃၄၁)

ဒဂုန်ခင်ခင်လေးသည် ၁၂၆၅ ခုနှစ်၊ တပေါင်းလဆန်း (၆) ရက်နေ့တွင် မန္တလေးမြို့၌ မွေးဖွားခဲ့သည်။ အဖ ကျောက်ပန်းတောင်းမြို့အုပ် ဦးမြတ်ကျော်နှင့် အမိ ဝက်မစွပ် ခင်ခင်လတ်တို့မှ ဖွားမြင်ခဲ့ပြီး ငယ်စဉ်က အင်္ဂလိပ်မြန်မာ ခုနစ်တန်းအထိ ပညာသင်ကြားခဲ့သည်။

အသက် (၁၂) နှစ်အရွယ်မှာပင် နွဲ့နွဲ့ဝတ္ထု၊ အလင်းရောင်ဝတ္ထုတို့များ စတင်ရေးသား စမ်းသပ်ခဲ့သည်။ အသက် ၁၆ နှစ်အရွယ်တွင် မန္တလေးမြို့မှနေ၍ အမျိုးသမီးများ ဦးစီးသော ပြည်တော်ဆက်၊ ရွှေလိပ်ပြာဝတ္ထုမဂ္ဂဇင်းများ ထုတ်ဝေခဲ့ပါသည်။ ၁၉၂၀ ပြည့်နှစ်တစ်ဝိုက်က ဖြစ်သည်။ တစ်မတ်တန်ဝတ္ထုမဂ္ဂဇင်းများ ဖြစ်၍ ထိုအချိန်က မန္တလေးမှ ဦးဆောင်ထုတ်ဝေခဲ့ရာ တစ်မတ်တန်ဝတ္ထုတို တစ်ခေတ်ဆန်းသစ်ပေါ်ထွန်းခဲ့ပါသည်။ အသက် ၂၀ အရွယ်တွင် ခင်ခင်လေးအမည်ဖြင့် ‘ရွှေဒေါင်းညို’ ဝတ္ထုတစ်ပုဒ်ရေးသား၍ ဒဂုန်မဂ္ဂဇင်းသို့ ပေးပို့ရာမှ ဒဂုန်ခင်ခင်လေးအမည်ရ၍ ဝတ္ထုစာပေလက်ရာများ ဆက်လက်ရေးသားလာရင်း မြန်မာအမျိုးသမီး စာရေးဆရာတစ်ယောက်အဖြစ် ထူးထူးခြားခြား ထင်ရှားကျော်ကြားလာခဲ့ပါသည်။

http://www.cherrythitsar.org



ထိုခေတ်က အမျိုးသမီးစာရေးဆရာဟူ၍ ရှားပါးနေရာ စိတ်ကူးယဉ် စာပေလက်ရာ (Romantic Literary) နိဒါန်းကာလလည်း ဖြစ်နေရာ ဒဂုန်ခင်ခင်လေးသည် ယင်းသို့သော ဝတ္ထုတိုများ (အတွင်းမီး၊ ချစ်တော့မလိုလို၊ ကော်တစ်ရာ၊ ညတစ်ည၊ နှမလင်၊ မိန်းမပေါ့၊ လှသက်တင် (ပထမပိုင်းနှင့် ဒုတိယပိုင်း)၊ ချစ်မာန အစရှိသော အချစ်၊ အလွမ်း၊ သဘာဝပြဇာတ်လမ်းများဖြင့် မြန်မာစာပေလောကတွင် နေရာတစ်နေရာ ရလာခဲ့ပါသည်။ ဒဂုန်မဂ္ဂဇင်းမှာပင် ယုဝတီစက္ကူ၊ အမျိုးသမီးရေးရာ ကဏ္ဍတွင်လည်း အခြား ကလောင်အမည်များဖြင့် ဆောင်းပါးများ ရေးသားခဲ့သည်။ စာဖတ်ပရိသတ် အထူးသတိထားမိသော 'ကိုကိုလေး' ကလောင်အမည်ဖြင့် မော်ဆရာမှတ်တမ်း ဇာတ်လမ်းများလည်း ရေးသားခဲ့ပါသည်။

စစ်ကြိုခေတ်မှာပင် လုံးချင်းဝတ္ထုများ ရေးသားခဲ့သည်။ အထူး ထင်ရှားခဲ့သည်။ 'ဂုဏ်မြင့်သူ၊ ဂုဏ်နိမ့်သူ၊ ငယ်ကျွမ်းခင်၊ ရွှေစွန်ညို၊ သားရွှေစွန်ညို၊ မိန်းမဘဝ' . . . စသဖြင့်၊ နောက် . . . အေဝမ်းကုမ္ပဏီအတွက် ရုပ်ရှင်ဇာတ်ညွှန်းများ ရေးသားခဲ့လေသည်။ 'တောမြိုင်စွန်းက လွမ်းအောင်ဖန်၊ မြိုင်ယံဘွား၊ ရည်းစားဓားပြ၊ မြားနတ်မောင်' . . . စသဖြင့်။

စစ်အတွင်း 'ဗမာ့ခေတ်' သတင်းစာကို ထုတ်ဝေခဲ့သည်။ စစ်ပြီးခေတ်တွင် ယုဝတီဂျာနယ်ကို ဦးစီးထုတ်ဝေပြီး ယုဝတီကလောင်ရှင်အသင်းကို ဖွဲ့စည်းခဲ့ရာ မြန်မာအမျိုးသမီး စာရေးဆရာများ ပေါ်ပေါက်ထင်ရှားလာခဲ့ကြသည်။ ယုဝတီခင်ဦး၊ ယုဝတီကြည်ဝေ၊ ယုဝတီခင်စိန်လှိုင်၊ ယုဝတီမာလာသိန်းတို့ ဖြစ်ကြပါသည်။ နောက် . . . ဗမာ့ခေတ် သတင်းစာတိုက်မှ နေ၍ 'ဝတ္ထုတိုညွှန့်ပေါင်း' (၁) (၂) (၃) . . . စသဖြင့် စုစည်းထုတ်ဝေခဲ့ပါသည်။

ဒဂုန်ခင်ခင်လေး၏ 'နှစ်ပေါင်း (၆၀)' ဆိုသော ကိုယ်ရေးအတ္ထုပ္ပတ္တိမှာ အထူးထင်ရှားခဲ့သည်။ ခရီးသွားစာပေလက်ရာအနေဖြင့် ပြည်တွင်းခရီးသွား ဆောင်းပါးပေါင်းချုပ်နှင့် ဗမာ့ခေတ် ဦးအုန်းခင်၊ (နောင် မိုးကြိုးဦးအုန်းခင်) နှင့်အတူ ကမ္ဘာလှည့်ခဲ့သော ကမ္ဘာလှည့်ဆောင်းပါးပေါင်းချုပ်တို့ ထင်ရှားခဲ့သည်။ အခြားအတ္ထုပ္ပတ္တိစာပေအနေဖြင့် ဝက်မစွပ်ဝန်ထောက်မင်းကြီး၏ အတ္ထုပ္ပတ္တိလည်း ရေးသားခဲ့သည်။ (မိုင်းကိုင်းမြို့စား ဦးရန်၊ ဦးနု အစရှိသော ပုဂ္ဂိုလ်များအကြောင်းလည်း ရေးသားခဲ့သေးသည်။) အခြား ရတနာပုံ နိဒါန်းနှင့် နိဂုံးစာမျက်နှာများလည်း ရေးသားထုတ်ဝေခဲ့သေးသည်။ ကျွန်းဦးတည့် သန်လျက်ခုံ စာအုပ်လည်း ထုတ်ဝေခဲ့သည်။

http://www.cherrythitsar.org



ကုန်းဘောင်ခေတ် နောက်ခံသမိုင်းကို အခြေခံရေးသားသော 'စာဆိုတော်' ဝတ္ထုစာအုပ် အတွဲများ ထုတ်ဝေခဲ့ရာ အထူးထင်ရှားခဲ့ပါသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းတွင်လည်း အမှုဆောင်အဖွဲ့ဝင်အဖြစ် ပါဝင်လုပ်ဆောင်ရင်း စာရေးဆရာအသင်းမှ တင်ဆက်ပြသသော ပြဇာတ်များတွင် ကိုယ်ပိုင်ပါဝင်ကပြခဲ့သည်။ စာရေးဆရာ၊ အယ်ဒီတာ၊ သတင်းစာဆရာမအဖြစ် နှစ်ပေါင်း (၆၂) တိုင် ဝတ္ထုစာပေနှင့် ဆောင်းပါး အထွေထွေများ အများအပြား ရေးသားပြုစုခဲ့သော ၂၀ ရာစု မြန်မာဝတ္ထုစာပေလောက၏ ရှေ့ဆောင်ရှေ့ရှုက်ဖြစ်သော မြန်မာစာရေးဆရာမကြီးသည် ၁၃၄၃ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက် (၂၃.၆.၁၉၈၁) နေ့တွင် ရန်ကုန်မြို့၊ သိမ်ဖြူလမ်းနေအိမ်၌ ကွယ်လွန်ခဲ့ပါသည်။ ထိုအချိန်အထိ ယုဝတီဂျာနယ်တွင် အခန်းဆက် ဆောင်းပါးများနှင့် ယုဝတီလေနီကဏ္ဍတွင် ပါဝင်သော အမျိုးရေးရာ ဆောင်း ပါးများ အဆက်မပြတ် ရေးသားသွားခဲ့လေသည်။

http://www.cherrythitsar.org

# နဲ့.နဲ့.ဝတ္ထု

ဧရာဝတီမြစ်ကမ်းဖူးတွင် အထူးပင် လျောက်ပတ်တင့်တယ်ပေသော စစ်ကိုင်းမြို့ကြီး၏ အရှေ့ဘက်တွင် နိဗ္ဗာန်ခွင်သောင်ကမ်းသို့ လက်လှမ်းရန် ကြိုးပမ်းအားထုတ်လျက် ရက္ခမူနှင့် ရူတင်ဆောင်တော်မူကြသော ဂူပျော်ဝင် ရဟန်းတော်များနှင့်တကွ သူတော်ကောင်းတို့ ကိန်းအောင်းစံရာ ချောင်အလျှို လျှို ဂူအသီးသီးနှင့် လူသူမနီးတဲ့တောင်ရိုးကြီးတစ်ခွင်မှာတည်ရှိသော ပတ္တမြား စေတီဘုရားအတွင်း တရုတ်စကားပင် တစ်ပင်အောက်မှာ အသက် ၂၀ စီ လောက်ရှိသော သနားကမား သူငယ်မ ၂ ယောက်တို့သည် အောက်၌ မြင်ရ သော ဧရာဝတီမြစ်ပြင်ပေါ်မှာ မြူးပျော်ကာ နေကြသော ဇင်ယော်၊ ရေကြက်၊ ဝမ်းဘဲငှက်တို့ မြူးလျက်လို မဖိုယှဉ်တွဲ၍ ရစ်ဝဲတူစုံ၊ ငွေသဲခုံတွင် ရန်ကာ၊ ‘က’ ကာ သွားလားပျော်ရွှင်နေ၍ နေကြပုံကို အလုံးစုံမြင်ကြရလေ၏။

ထိုမှ တစ်ဖန် မြစ်ကမ်းတစ်ဖက်က လှမ်းကြည့်လိုက်ပြန်သော် ရတနာပုံ ရိပ်မြုံကြွင်းနန်း ထီးနန်းစိုက်ထူ ရိပ်ဖြူနှင်းကာမိုး၍၊ စိုးစံတော်မူခဲ့ ကြပေ၍၊ မြေမှာကြွင်းနန်း မန္တလေးရွှေမြို့တော်ကြီးကိုလည်းကောင်း၊ တောင်ရိုး တောင်တန်းအများနှင့်။ လွမ်းကားကို ရေသည့်နှယ်၊ မှိုင်းညို့စိုပြေသော သစ် ပင်တောပင်များကိုလည်းကောင်း။ နေ့ပင်ဖြစ်သော်လည်း နေလုံးလုံးမပူဘဲ မှိုင်းအုံ့မှောင်ဆိုင်း ကောင်းကင်ပိုင်းမှာ ရှုတိုင်းသာယာ ရှိန်ဖြာမကန်း တိမ် ဖြာသန်းလျက် လျှပ်ပန်းရောင်စုံနှင့် မိုဃ်းအမွှန်ဆင်နေခိုက် အလိုက်သင့် လေ ငင်သဖြင့် ကလင်ကလင်နှင့် တချွင်ချွင်မြည်သော ဆည်းလည်းသံတို့ဖြင့် လွမ်း ဖို့ရန် အလွန်ကောင်းသောအခါမှာ အဆိုပါတည့် ဟိုခမျာ သူငယ်မ ၂ ယောက် အနက် တစ်ယောက်သောသူငယ်မ၏ မျက်နှာသည် လွန်စွာ ကြည်လင်ပျော်

http://www.cherrythitsar.org



ရွှင်မျက်နှာမျိုးနှင့် သူနှင့်အတူ ကြည့်လျက်ရှိသော မိန်းကလေးဘက်သို့ လှဲ့ကြည့်လိုက်တော့ နေထိတဲ့ပန်း အသွင်နွမ်း မရွှင်မျက်နှာမျိုးနဲ့ လွမ်းကြိုးတင်၍ လွမ်းပင်စည်ပြီး လွမ်းဒီကရီတိုး လွမ်းတန်ခိုး မောက်ခါ ကြွယ်လို့ထင့်။ သောကြာကြယ်နဲ့တူတဲ့ မျက်လုံးမှာ ငွေနှင်းရည် အပြည့်ဖုံးလျက်နေတာကို မြင်တော့ အလိုနွဲ့နွဲ့၊ ဘာပြုလို့ ငိုနေသလဲ။ မျက်ရည်တွေရွဲလို့ ဘယ်အသဲစွဲများကြောင့်တုန်းလို့ မေးလိုက်တော့ ယဉ်ကျေးတဲ့ ကိုယ်ဟန်မဟာဆန်သည့် မျက်နှာကလေးနှင့် မခင်ညွန့်ရယ် ငိုတာ တခြားကြောင့်မဟုတ်ဘူး။ ခုဖြစ်ပုံ အနေကလေးဟာ ရွှေပေးပြီး ဝယ်သော်လည်း ရမယ်ဖြင့် မထင်ဘူး။ ကြည့်စမ်းပါလား။ ဖြစ်နေလိုက်တာ၊ အုံမှိုင်းရီပြာ။ နီလာအသွေး ဟိုအနားကတော့ တစ်ခြမ်းမှောင်ပြီး မရမ်းရောင် အသွေးလိုပဲ။ ဒါကြောင့်မို့ ကွဲနေတဲ့လူတွေ အောက်မေ့ပြီး ငိုမိပါတယ်။

"ဟုတ်ပါတယ်။ နွဲ့နွဲ့ရယ် ညွန့်တို့ အလွန်ပျော်တတ်တဲ့ သူတောင်ပဲ ဟိုလွမ်းရမလို ဒီလွမ်းရမလိုနဲ့ နေတာပဲ"

"လူဖြစ်ရတာများ မကောင်းပါဘူး မခင်ညွန့်ရယ်။ သေသူတွေ့အောက်မေ့၊ မသေဘဲ ရှိသေးရဲ့လား။ သေများသေမလားလို့ ထွေထွေရာရာ စိတ်ကစားပြီး ရှင်ကွဲကွဲသူကြောင့် ဒုက္ခရောက်တာတစ်မျိုး၊ အမျိုးမျိုး တရားကျစရာတွေကြောင့် နွဲ့နွဲ့ဖြင့် ဘာမှ ပျော်ဖို့ ကြည့်ဖို့ စိတ်မရှိဘဲ ယခုလို စစ်ကိုင်းချောင်မှာ ကသိဏ်းဆောင်ခါ ဂူဝင်ပြီး လူမမြင်အောင် နေချင်တော့တာပဲ"

"ဟုတ်ပါရဲ့ နွဲ့နွဲ့ကြည့်ရတာ စိတ်မချမ်းသာပုံတွေနဲ့ ဘယ်အကြောင်းဆိုတာ ခုမှ တွေ့ရပေတဲ့။ ညီအစ်မအရင်းမျှမက ချစ်ကြတာမို့ နွဲ့နွဲ့ပြောရင်တော့ ကြားရမှာပါပဲ"

"ဟုတ်ပါတယ်။ ကျွန်မလည်း ဒီလိုသဘောထားပြီး ရှင့်တစ်ယောက်ကိုဖြင့် ပြောကြားတော့မယ်ဆိုတာ စိတ်ထဲမှာ ဆုံးဖြတ်ထားပါတယ်။ နောက်နောင်ကဖြင့် ဒီအကြောင်းကို ပြောဖို့နေနေသာသာ ကိုယ့်ဘာသာကိုယ် စဉ်းစားတာတောင်ပဲ ဆုံးအောင် မစဉ်းစားဝံ့ဘူး"

"အို ဘာကြောင့်လဲ နွဲ့နွဲ့ရယ်"

"ဒီလိုရှင့်၊ ဒီအကြောင်းဟာ နွဲ့နွဲ့စိတ်ထဲက အပြင် ဘယ်သူမှ မသိဘူး၊ သိအောင်လည်း ကျွန်မက မပြောပြဖူးသေးဘူး၊ ယခု မခင်ညွန့်နဲ့ ကျွန်မမှာ ဒီစစ်ကိုင်းချောင်ကျမှ တစ်အိမ်ထဲ တည်းခိုကြတဲ့အတွက် သိကျွမ်းပြီး မိတ်ဆွေဖြစ်ကြတာပါနော်။ သို့သော်လည်း ရှင်နဲ့ကျွန်မ ဘဝရေစက်မို့ထင်ပါ

ရဲ့ မြင်လျှင်မြင်ခြင်းပဲ ညီမအရင်း တစ်ဝမ်းတည်းဆင်းကဲ့သို့ များစွာ ချစ်ခင်ကြလေတယ်၊ ဟုတ်စ။ မခင်ညွန့်၏ မိဘ၊ နေရပ်၊ ဆွေမျိုးညာတိနှင့်တကွ ကျွန်မကို ရှင်ပြောလို့ သိရပါပြီ၊ သို့ရာတွင် ကျွန်မကတော့ ဘယ်သူ့သားမြေး ဘယ်အရေးကြောင့် တစ်ယောက်ထဲ ဒီစစ်ကိုင်းချောင်မှာ လာနေတယ်ဆိုတာ တစ်ခါဖူးမှ မပြောပြဘူးပါ”

“ကျွန်မလည်း နွဲ့နွဲ့မြင်ကာမျှနှင့် သနားပြီး မမေးရက်ပါဘူး။ သို့အတွက် မသိဘဲ နေတာပါ”

“သည်လိုပါ နားထောင်ရှင့် မခင်ညွန့်၊ ကျွန်မဟာ ပဲခူးဇာတိ ဖြစ်ပါတယ်၊ ကျွန်မဖေဖေကတော့ ပုသိမ်သားဇာတိရှင့်၊ ဆွေမျိုးရယ်လို့လည်း ခုတော့ မရှိဘူးရှင့်၊ သေကြေပျက်စီး အနိစ္စတရားအတိုင်း သခ်ၤါရဖိစီးလို့ လုံးလုံးကြီးကို တစ်ယောက်မှမရှိဘူး၊ မေမေကတော့ ပဲခူးသူဇာတိရှင့်၊ ပဲခူးမြို့မှာ အခြေအနေတော်တော်ကောင်းပါရဲ့၊ ကျောင်းကန်ဘုရားနဲ့ တရားအားထုတ်နေတဲ့ ပွဲစားကြီး ဦးဘိုးခိုင်တဲ့ရှင်၊ သူ့မိန်းမကတော့ ကျွန်မမေမေ ၇ နှစ်သမီးက သေဆုံးရှာတယ်။ နောက်အိမ်ထောင်ရယ်လို့မပြုဘဲ ဒီသမီးသယ်ကလေးနဲ့ နေရှာတယ်ပဲရှင့်။ ဒီလိုနေတော့ ကျွန်မဖေဖေက ငွေတိုက်ဝန်ထောက်အဖြစ် နဲ့ မေမေနှင့် တွေ့ကြတာကိုး၊ ဒါနဲ့ လူကြီးများစေ့စပ်ပြီး လက်ထပ်ပေးကြ တယ်။ ဒီလိုနဲ့ တစ်နှစ်လောက်ရှိတော့ မေမေရဲ့ အဖေ ဦးဘိုးခိုင်ဆုံးရော၊ နောက်များမကြာမီ ကျွန်မကို မျက်နှာမြင်တဲ့ရောဂါနဲ့ ဆုံးပြန်ရော။ ဒီတော့ ကျွန်မမှာ သေမလို ရှင်မလိုနေတဲ့အထဲက ဒီအရွယ်ကျအောင် အသက်နဲ့ကိုယ်နဲ့ မြဲနေတာပေါ့။ ဖေဖေကလည်း နောက်ထပ် သားမယားမယူဘူး၊ မေမေ့ညီမ နှစ်ဝမ်းကွဲတော်သူ ဒေါ်ရင်ကို ခေါ်ပြီး ထားရှာတယ်၊ ဒီလိုပဲနေတုန်းမှာ ကျွန်မဖေဖေနဲ့ အလွန်ချစ်ခင်တဲ့ ရာဇဝတ်ဝန် ဦးဘထူးနှင့် သူ့မိန်းမ မကြီးတို့မှာ တစ်ယောက်ပြီးလျှင်တစ်ယောက် ဆက်ခါဆက်ခါ သေဆုံးကြတာကြောင့် သူတို့မှာလည်း ဆွေမျိုးနီးစပ်သူများမှ မရှိတော့ ကျွန်မဖေဖေက သနားလှချီရဲ့ဆိုပြီး ကျန်ရစ်တဲ့ သားကလေးကို . . . ”

ဆိုပြီး ဆုံးအောင်မပြောနိုင်ဘဲ မျက်ရည်တွေ ကျလာသောကြောင့် လက်ကိုင်ပုဝါနှင့် တို့နေတာကို မခင်ညွန့်မြင်ရာ ကြင်နာသော အမူအရာနှင့် ကြည့်ရှုလျက် သနားခါ နေလေ၏။

ထိုအတောအတွင်း မိုဃ်းသက် လေညှင်းညှင်းတွင် ငွေအဆင်းပမာ ဖြူဝင်းစွာသော ထက်ကောင်းကင်တိမ်တိုက်မှာ ညိုမည်းမှိုင်းပြာသော မိုဃ်းခဲ

http://www.cherrythitsar.org



တို့ဖြင့် ပြည့်လျက် တဂျိုးဂျိုး တဂျုံးဂျုံးနှင့် အမွှန်ထစ်ချုန်းပြီးလျှင် မိုဃ်းရွာစပြုလာသဖြင့် ဘုရားအာရုံခံ ဇရပ်တွင်းသို့ နှစ်ယောက်သား ဝင်သွားကြလေ၏။ တစ်ချက်ချက် လျှပ်စီးလက်လိုက် မိုဃ်းခြိမ်းသံများကို ကြားမြင်ရသောအခါ သူငယ်မနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် ဖက်၍ထားရမလောက် ကြောက်ဖွယ်ကောင်းလေ၏။

နွဲ့နွဲ့က ဆက်လက်၍ ပြောပြန်သည်မှာ

"ဒါနဲ့ပဲ ကျန်ရစ်တဲ့သားကလေး မောင်ဖေသိန်းဆိုတာ အိမ်မှာ ခေါ်ပြီး သားအရင်းကလေးများကဲ့သို့ ကြည့်ရှုထားရှာပါတယ်။ သူ့မှာလည်း ကျန်ရစ်တဲ့ အမွေ ငွေငါးသောင်းလောက်ပဲ ရှိပါတယ်။ ဒီအခါမှ ကျွန်မတို့မှာလည်း မေမေ့အဖေများက ကုန်သည်ဘာဝမို့ ပစ္စည်းအတော်ပေါများသူ သေတော့ တခြားသားသမီး အမွေဆိုင်သူ မရှိလို့ ကျွန်မတို့ပဲ အားလုံးရလိုက်ပါတယ်။ ဖေဖေ့ရှာဖွေလုပ်ကိုင်ရရှိတဲ့ ပစ္စည်းများပါ ပေါင်းလိုက်ရင်တော့ သုံးသိန်းလောက်ဖြင့် ရှိပါရဲ့။ ဒီလိုနဲ့ပဲ မောင်ဖေသိန်းနဲ့ ကျွန်မကို ဗုဒ္ဓဘာသာမြန်မာတို့ ထုံးစံရှိသည့်အတိုင်း နားထွင်းရှင်ပြု အလှူအတန်းများ ပေးပြီးတော့ နှစ်ယောက်စလုံးကိုပဲ အင်္ဂလိပ်ကျောင်းမှာ ထားတယ်။ ဒီလိုနဲ့ တစ်နှစ်လောက်ရှိရင်ပဲ ကျွန်မဖေဖေမှာ ရုတ်တရက် အဖျားရောဂါနဲ့ သေမင်းနိုင်ငံသို့ လိုက်ပါသွားရပါရော။ ဒီတော့ မိဘမရှိတဲ့ ကလေးနှစ်ယောက်မှာ ဒေါ်ရင်ကိုပဲ အဖေအမေမှတ်ပြီး နေရတော့တာပဲ။ ဒီတုန်းအခါက နွဲ့နွဲ့မှာ ၅ နှစ်သမီးသာ ရှိသေးတယ်။ ကိုဖေသိန်းကတော့ ၇ နှစ်သားလောက်ပေါ့။ အဲဒါလို နေကြလို့ ကြီးပြင်းပြီး လူမှန်းသိလာကြတော့ သူ အလွန်လည်တာကိုး . . . မခင်ညွန့်ရဲ့။ တွေ့ကရာလူတွေနဲ့ ပေါင်းလားပေါင်းရဲ့၊ ဘိန်းစားနဲ့ ပေါင်းလားပေါင်းရဲ့။ အရက်သမားနဲ့ ပေါင်းလားပေါင်းရဲ့၊ အဲဒါလို မကောင်းတဲ့ အကျင့်တွေ တတ်နေတာကိုး၊ ကလေးဆိုတဲ့ အနေနဲ့ ကစားသလို ပြောင်သလိုနဲ့ လူကြီးတွေ ဘိန်းရှူရာမှာ ဝင်ရှူလား ရှူရဲ့။ နောက် ရှူပါများတော့ ဘိန်းစားကလေး ဖြစ်နေရောရှင့်။ အဒေါ်ဖြစ်သူကလည်း သနားတာနဲ့ပဲ သိပ်မဆုံးမဘူး။ ဒီတော့ သူကလည်း ဇက်ရဲပြီး အရက်သောက်သင်၊ ဖဲရိုက်ဝင်နဲ့ တစ်နေ့တခြား အတတ်မျိုးစုံလာပါရော။ ကျောင်းတော့ဖြင့် မှန်မှန်တက်ပါရဲ့။ စာကျက်ဖို့ဆိုတော့ ကျောင်းမှတစ်ပါး အိမ်မှာတော့ ဘယ်တော့မှ စာကျက်ရိုး ထုံးစံမရှိဘူး။ ဒီလို စာမကျက်ဘဲ မကြိုးစားပေမယ့် သူ့ကုသိုလ်က ကောင်းတော့ တစ်နှစ်တစ်တန်းကျ အောင်လာရတာပဲ။ အတတ်မျိုးကလည်း ဘိန်းစား

http://www.cherrythitsar.org



ဖဲရိုက်။ ကြက်တိုက် မြင်းလောင်း အရက်သမားတွေနဲ့ ပေါင်းပြီး မကောင်းသမျှ စုံပြီး အကုန် ကန်တရိုက်တာပေါ့။ အိမ်ကတော့ ကလေးရယ်လို့ အပိုပိုက်ဆံမပေးဘူး။ မုန့်ဖိုးလောက်သာ ပေးထားတယ်။ သူကတော့ ဘာဟုတ်မလဲ။ အိမ်မှာရှိတဲ့ ရွှေထည် ငွေထည်နှင့် အဝတ်အစားအဖိုးတန်များကို သယ်ပြီး ဘိန်းစရိတ်၊ အရက်စရိတ်တို့မှစ၍ ရောင်းချပေါင်နှံပြီး အဆမတန် သုံးစွဲနေတာကို။ ဒေါ်ဒေါ်ကတော့ ဘာသိမလဲ ကျွန်မက နည်းနည်းရိပ်မိလို့ ကိုဖေသိန်းရယ် ဒီလိုမလုပ်ပါနဲ့၊ အလိုရှိရင် ကျွန်မဆီမှာ တောင်းပါလို့ အကြောင်းပြပြီး ပြောတော့၊ ကောင်းပါပြီလို့ သူအာမခံတယ် မခင်ညွန့်ရဲ့။ ဒါနဲ့ သူကလည်း ၁၇ နှစ်လောက်ရှိပြီ . . . ကျွန်မကတော့ ၁၅ နှစ်လောက်ပဲ ရှိသေးတယ်။ ကျွန်မတော့ ၇ တန်းအောင်လို့ ကျောင်းထွက်ခဲ့ရော။ သူတော့ ရှစ်တန်းမှာ ကျန်ရစ်ခဲ့သေးတယ်။ ညမှာဆိုရင် အိမ်ကိုတောင် မကပ်ဘူးရှင့်။ တစ်ခါတလေများ သူက နွဲ့နွဲ့ရေ ငွေသုံးရာလောက် ပေးစမ်းပါ။ မြင်းလောင်းချင်လို့ ပြောတာက မကြာကြာ၊ ဖဲရိုက်ဖို့ဆိုတာကလည်း နေ့တိုင်းတောင်း။ အရက်ဖိုး၊ ကဇော်ဖိုး ဆိုတာတော့ မရပ်မနားတောင်း၊ အဝတ်အစားကောင်းကောင်းဆင်ပေးပေမယ့် ပေးချင်ပေး၊ ရောင်းချင်ရောင်း၊ ပေါင်ချင်ပေါင်။ မနိုင်နိုင်အောင် ဆိုးရှာတယ်။ ဒေါ်ဒေါ်ကလည်း ရိပ်မိပါရဲ့။ သို့ပေမယ့် အပြစ်မထားဘူး၊ ဒီလိုနဲ့ မိုက်မိုက်ဆိုးဆိုး နေလို့ အားမရတော့ ဘယ်နေရာမှာ ရိုက်ခဲ့တယ်။ ဘယ်နေရာမှာဖြင့် လုခဲ့တယ်နဲ့ ကြားရ။ အမှုများပေါ်သွားမှဖြင့် ဒုက္ခ ရောက်တော့မယ်လို့ ပူရတာက တစ်မျိုး။ ကျွန်မကိုတော့ ချစ်လဲချစ်တယ် ပြောရင်ဆိုရင်လည်း နည်းနည်းတော့ နားထောင်ပါရဲ့။ ကျွန်မက ကိုဖေသိန်းရယ် ဒီအလုပ်တွေကို ဖြတ်ပစ်လိုက်ပါလို့ ပြောတော့ နွဲ့နွဲ့ရယ် ချက်ချင်းဖြတ်လို့တော့ ရမှာမဟုတ်သေးဘူး။ ဖြည်းဖြည်းတော့ ဖြတ်ပါ့မယ်တဲ့။ ကျွန်မကိုတော့ အလွန်ပဲ ချစ်ရှာပါတယ်ရှင့်။ ချစ်ပေတဲ့ သူ့ဝါသနာတွေ မဖျောက်နိုင်လို့ ချစ်ရာမရောက်ဘူး။ နွဲ့နွဲ့ကလည်း မှန်တဲ့အတိုင်း ပြောရမယ်ဆိုရင် သဒ္ဓါလွန်တော့ တဏှာဆိုတာလို ဖြစ်နေတာပဲရှင့်။ ဒီလိုနဲ့ တဖြုံးထဲဖြုံး တသုံးထဲသုံး နေထိုင်စားသောက်နေရတာကလည်း နှစ်လလောက်ကြာတော့ ရှိတဲ့ ပစ္စည်း လေးပုံတစ်ပုံလောက်သာ ကျန်တော့တယ် မခင်ညွန့်ရဲ့။ ကျွန်မလည်း သူ့အတွက်နဲ့ နည်းနည်းမှ စိတ်မကောင်းဘူးရှင့်။ စာတော့ ကောင်းကောင်း သင်ပါရဲ့။ ဒီဝါသနာတွေ ဖြတ်ပါလို့ ပြောသော်လည်း မောနေရုံပဲ ရှိတယ်ရှင့်။ ဒီတော့ ကိုဖေသိန်းရယ် တယ်ပြီး မလည်ပါနဲ့။ အိမ်မှာ မိန်းမသားကြီးမို့

http://www.cherrythitsar.org



ကြောက်တယ်လို့ ပြောတော့ဖြင့် အခန်းထဲမှာ ၁ ရက် ၂ ရက်အောင်းပြီး ဘိန်းရှူနေတာပဲ။ ပြီးတော့လည်း ပြန်ပြီး လည်တာပါပဲ မခင်ညွန့်ရဲ့။ တစ်ခါတလေ နွဲ့နွဲ့နေမကောင်းဘူးဆိုမှဖြင့် ခြေမကိုင်မိ လက်မကိုင်မိနဲ့ ပြာနေတာပဲ။ ဒီလိုလုပ်ပေမယ့် လူမိုက်တွေနဲ့ပေါင်းပြီး မကောင်းပုံတစ်ခု တိုးလာတာပဲ။ တစ်နေ့တော့ နွဲ့နွဲ့ရေ တောင်ပြုံးပွဲသွားချင်လို့ ငွေ ၁၀၀ လောက် ပေးစမ်းပါဦး လို့ ငွေ ၁၀၀ ပေးလိုက်ရတယ်ရှင့်။ ကျွန်မကလည်း သူတောင်းရင် မပေးဘဲ မနေနိုင်ဘူး။ သူက တစ်ရာလောက် တောင်းရင် နှစ်ရာလောက် ပေးချင်တာပဲရှင်။ သူတင်မက သူ့သူငယ်ချင်းများတောင်ပဲ မပြတ်ပေးတာပါပဲရှင့်။ အဆုံးမတော့ ကျွန်မဖျက်လို့ ပျက်တာပါပဲ ထင်ပါရဲ့။ ဒါနဲ့ တောင်ပြုံးပွဲက ပြန်လာတော့ တခြားကာလသားတွေနဲ့ ရန်ဖြစ်လို့ အရိုက်ခံခဲ့ရလို့ အတော်ကုယူရသေးတယ်။ အဲဒီအခါတုန်းက တရားများရမလားလို့ ကိုဖေသိန်းရယ် ဥပုသ်ကလေးများ လူဖြစ်ကတည်းက တစ်ခါတလေ စောင့်စမ်းပါ။ မသေမပျောက်ဘဲ ပြန်လာနိုင်တာ ရှင့်ကုသိုလ်ကြီးလွန်းလို့ ကျွန်မတို့နဲ့ ပြန်ပြီး တွေ့တာပဲလို့ ပြောတော့ စောင့်တာပေါ့ နွဲ့နွဲ့ရယ် မင်းနဲ့အတူတူမှ စောင့်ချင်တယ်ဆို လို့ ကျွန်မပါလိုက်သွားပြီး ရွှေမော်ဓောဘုရားမှာ ဥပုသ်တစ်ရက်ထဲ သွားစောင့်တဲ့အခါ သူပြောရှာတဲ့ စကားတွေ ခုထက်တိုင် ကြားပါသေးရဲ့”

“ဘယ်လိုပြောသလဲ နွဲ့နွဲ့ရဲ့”

“ကျွန်မကစပြီး ပြောတယ်၊ ကိုဖေသိန်းရယ် ဒီလို တစ်နေ့ထဲ ဥပုသ်စောင့်တာ မြင်ရတော့ နွဲ့နွဲ့ဖြင့် တစ်သက်လုံးပြင်လိုက်ပြီလို့ ထင်တာပဲ။ ဒီလိုမြင်ရတော့ အင်မတန် ဝမ်းသာပါတယ်။ သေသေချာချာ တွေးကြည့်လိုက်တော့ နက်ဖြန်ဥပုသ်ထွက်ရင် ဆက်ပြီး ဒီဝါသနာတွေကို လုပ်ဦးမှာမို့ တွေးကြည့်တော့လည်း ဝမ်းနည်းစရာပဲလို့ ပြောတော့ နွဲ့နွဲ့ရယ် ဒါလောက် မပူပါနဲ့ ဖြတ်နိုင်အောင် ကြိုးစားဖြတ်ပါ့မယ်တဲ့။ ရုတ်တရက်ဖြတ်လိုက်ပြီဆိုမှဖြင့် ဘိန်းပြတ် အရက်ပြတ်ရောဂါနဲ့ သေလိမ့်မယ်တဲ့၊ ဒါကြောင့် ဖြည်းဖြည်းတော့ ပြတ်အောင် ဖြတ်ပါ့မယ်တဲ့။ ခုလည်း ၉ တန်းအောင်လို့ ဆယ်တန်းထဲမှာ ရောက်ပါပြီတဲ့။ ကောလိပ်ကျောင်းမပြောင်းခင် ကောင်းကောင်းကြီးပြတ်အောင် ဖြတ်လိုက်ပါမယ်တဲ့။ ဒီတော့ ကျွန်မက ဝမ်းသာလွန်းလို့ ဒါဖြင့် ကိုဖေသိန်း ကောလိပ်ကျောင်းကထွက်ရင် ဘာအလုပ်များ လုပ်မှာတုန်း။ ဘယ်ဘက်က လုပ်မလဲ။ သူဌေးဘက်က လုပ်မလား၊ အစိုးရဘက်မှာ လုပ်မလား မေးတော့ သူက ရယ်ပြီး မင်းက ခုကပဲ အလုပ်မေးနေပြန်ပြီ၊ မုန့်ဆီကြော်နဲ့

http://www.cherrythitsar.org



ပါးစပ်နာလို ကျနေတာပဲ။ ဒီတော့ ကျွန်မက ရှင်ပြောတဲ့စကား ဒီတစ်ချက် တော့ဖြင့် ကောင်းကောင်းမှတ်ထားမှာပဲ။ နောက်တစ်ခါ အပြောနဲ့မညီရင် ဟောဒီ နွဲ့နွဲ့ဆိုတဲ့ ကောင်မလေးဟာ ရှင်မြင်ရတော့မှာ မဟုတ်ဘူးလို့ ပြော တော့ သူက သဘောမကျတဲ့ပုံနဲ့ နေတယ်။ ကျွန်မက ဆယ်ရက်လောက် ထပ် ပြီး ဥပုသ်စောင့်ဖို့ပြောတော့ လုံးလုံးကြီးလည်း မငြင်းဘူး။ ရီးတီးရားထား နဲ့ စကားဖာပြီး ကျောင်းတက်ရမှာကြောင့်လေး ဘာလေးနဲ့ ပြောတယ်။ ဒီကျ တော့ ကျွန်မက ကျောင်းမှာ ခွင့်ယူထားပါ။ ၁၀ ရက်မယူနိုင်ရင် ၅ ရက်လောက် ယူ။ စနေ တနင်္ဂနွေ ပေါင်းလိုက်တော့ ၇ ရက်လောက်တော့ ရပါသေးရဲ့လို့ ပြောပြန်တော့ ဆေးရုံကဆင်းစမို့ ကောင်းကောင်း နေထိုင်မကောင်းသေးပါဘူး ကွယ်။ နောက်တော့ စောင့်သေးတာပေါ့တဲ့။ ကျွန်မကလည်း အဟုတ်ပဲများ လားလို့ ထပ်ပြီးမပြောဘူး။ ဒါနဲ့လိုနဲ့ သူ့ဝါသနာ စွန့်တယ်လို့ မရှိဘဲ ‘ဆိုလေ သဲလေ၊ မန်းလေကဲလေ’ ဆိုတာလို အရင်ကထက်ပဲ ဆိုးလာပြန်သေးတယ် ရှင့်။ တစ်ခါတလေများ ၂ ရက် ၃ ရက် မပေါ်လာဘူး။ သူ့အကျင့်အကြံတွေ သိကြတော့ ကြံချင်တဲ့သူကလည်း ပစ္စည်းဥစ္စာကို လိုချင်တော့ အမျိုးမျိုး ကြံ စည်ကြတယ်။ တစ်နေ့ဟာတော့ ဒီလိုပဲ ၂ ရက် ၃ ရက် ပြန်မလာဘဲ နေတော့ အိမ်ကလည်း သူ့အတွက် ပူလိုက်ရတာလည်း လွန်လို့။ လာနိုးလာနိုးနဲ့ အိမ် အောက်ထပ်မှာဆင်းပြီး မျှော်နေတုန်း လူတစ်ယောက်က ဘယ်မှန်းလဲ မသိ ဘူး။ စာကလေးတစ်စောင် ကိုဖေသိန်းက ပေးခိုင်းလို့ပါဆိုပြီး ပေးသွားတယ်။ ကျွန်မကလည်း သူ ဒီလို သွားလည်ပတ်တဲ့အခါ စာရေးလေ့မရှိပါဘူး။ ဘာ များအကြောင်းထူးလို့ ပါလိမ့်မလဲလို့ စာဖောက်ကြည့်လိုက်တော့

နွဲ့နွဲ့

*ဒီကနေ့ ညနေ ၆ နာရီလောက်မှာ မင်းတစ်ယောက်ထဲ ရွှေ သာလျှောင်းဘုရားနားကို လာခဲ့ပါ။ အရေးပြောစရာ ကိစ္စတစ်ခုရှိ သည်။*

**ကိုဖေသိန်း**

ဒီလိုပါလာတော့ ဘယ်အကြောင်းရယ်လို့လည်း သေချာစွာ မသိ တော့ အတွေးရကြပ်နေတာပေါ့။ ကိုယ့်အိမ်ကို ပြန်မလာဘဲ တခြားကနေပြီး စာတွေပေတွေနဲ့ ဘယ်လိုအကြောင်းဆိုတာ သိချင်ဇောနဲ့ ဒေါ်ဒေါ်ကို ခွင့် တောင်းပြီး ညနေစောင်းတော့ သွားရော၊ သွားတော့ လူလည်းမတွေ့ တစ်

http://www.cherrythitsar.org



ယောက်ထဲ ရောင်လယ်ရောင်ပတ်နဲ့နေတုန်း နောက်က လူသံလိုကြားလို့ လှည့်ကြည့်လိုက်တော့ မခင်ညွှန့်ရယ် ခုထက်ထိ ကြောက်ပါသေးရဲ့"

"ဘာတုန်း နွဲ့နွဲ့ရ"

"နောက်လှည့်ကြည့်လိုက်တော့ လူ ၃ ယောက် အရွယ်အလတ်စားပဲ။ မျက်နှာတစ်ဝက်မှာ လက်လေးသစ်လောက် အနက်ကလေး ဖုံးထားလို့ ၃ ယောက်စလုံး အတူတူပဲ။ ကျွန်မကလည်း အနီးအနားမှာ လူမရှိ၊ သူတို့ကိုလည်း မသိတော့ ခပ်ကြောက်ကြောက်မို့ ရှေ့ဆက်သွားတော့မလေလို့ ခြေလှမ်းပြင်ရင်ပဲ . . . 'ရပ် မသွားနဲ့' လို့ ဓားကြီးနဲ့ ရွယ်ထားသော ကျွန်မမှာလည်း အသက်မရှူဝံ့အောင် ကြောက်ပြီး မျက်စိများကို ပြာခနဲ ဖြစ်သွားတာပဲ။ ဒါနဲ့ တစ်ယောက်က 'တိတ် မအော်နဲ့' ဆိုတာ ကြားလိုက်ရရဲ့။ နောက်လည်း အိပ်ပျော်သလို ဖြစ်သွားပြီးတော့ သတိမရဘူး"

"မေ့ဆေးထင်ပါရဲ့"

"ဟုတ်ပါလိမ့်မယ် မခင်ညွှန့်ရယ်၊ နောက်လည်း ဘယ်နေရာသွားတယ်မသိ။ သတိရလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ မှောင်အတိကျနေတဲ့ အခန်းကြီးနဲ့ တူလို့ စမ်းလိုက်တော့ မြေတိုက်ကြီးထဲ ရောက်နေမှန်း သိရတယ်။ ဝတ်ဆင်လာတဲ့ လက်ဝတ်လက်စားတွေလည်း တစ်ခုမကျန် အကုန်ချွတ်ယူသွားကြတယ်ရှင့်။ အသက်ချမ်းသာရင် ပြီးရောပဲလေလို့ အောက်မေ့ရတာပဲ။ အစကလည်း ကျွန်မတွေးမိသားပဲ။ ကိုဖေသိန်းတော့ စာမပေးဘူးလို့ အောက်မေ့ရက်နဲ့ လူဆိုးများ လက်ရောက်ရတာ ကံကြမ္မာမကောင်းလွန်းလို့ပဲ။ ခုနှယ် အိမ်က ဒေါ်ဒေါ်ဖြင့် ဘယ်လောက်ပူရှာမယ်မသိ။ ကိုဖေသိန်း အိမ်ရောက်လို့ ကျွန်မကို မတွေ့ရင် အလွန်စိတ်ပူရှာလိမ့်မယ်နဲ့ တစ်ယောက်ထဲ ဝမ်းနည်းပက်လက် ရှိုက်ကြီးငင်ကြီး ကြောက်ကြောက်လန့်လန့်နဲ့ ငိုနေတာပါပဲ။ တော်တော်ကလေး ကြာတော့ မြေတိုက်ကြီးထဲမှာ မှောင်နေရာက ရုတ်တရက် လင်းလာသဖြင့် အပေါ်မော့ကြည့်လိုက်တော့ ကြောက်ကြောက်လန့်လန့်နဲ့ ဒီတစ်ခါဖြင့် ငါ့ကို အဆုံးစီရင်တော့မှာ ထင်ပါရဲ့လို့ အသက်ကို ချမ်းသာပေးရန် ရှိခိုးပြီး တောင်းပန်တော့ တစ်ယောက်က နင်သေရမှာကြောက်ရင် ငါတို့ခိုင်းတာလုပ်ရမယ်ဆိုပြီး စက္ကူနှင့် ဖောင်တိန်ပေး၊ သူတို့ပြောတာ တုန်တုန်ရီရီနဲ့ အောက်ပါစာကို ရေးရတယ်ရှင့်။

*နွဲ့နွဲ့ စာရေးလိုက်ပါသည် ကိုဖေသိန်းနှင့် ဒေါ်ဒေါ် . . . နွဲ့နွဲ့ကို*
*မသေသေးဘဲ တွေ့ချင်တာဖြင့် ငွေ ၂၀၀၀ နှင့် ကိုဖေသိန်းထံ*

http://www.cherrythitsar.org



*ယောက်ထဲ ရွှေသာလျောင်းဘုရားထဲကို လာခဲ့ပါ။ တစ်ယောက် ဆောင့်မေ့နေပါလိမ့်မည်၊ ပေါ်သောအခါ လူအများနဲ့ စုဖို့ပါခဲ့လျှင် နှံ့နှံ့ကို တွေ့ရသော်လည်း အသေအချာရှိတော့မယ် မဟုတ်ပါ။*

**ဈ.ဆ.**

"အဲဒီစာကို ရေးပြီး ပေးလိုက်တယ်။ နောက် သူတို့ထွက်သွားပြီး တံခါးကို ပိတ်ထားခဲ့တယ် မခင်ညွန့်ရဲ့"

"အဲဒီ မြေတိုက်ခန်းထဲမှာ ဘယ်နှစ်ရက်နေခဲ့ရသလဲ"

"နှစ်ရက်လောက် ကြာမယ်ထင်တယ်ရှင့်။ ဒါနဲ့ စာကို စာတိုက်က ထည့်လိုက်ကြတာကို။ အိမ်မှာလည်း ဘယ်လိုအပူမျိုး ပူနေတယ်ဆိုတာ အထူး ပြောဖို့ မလိုပါဘူး။ ဒေါ်ဒေါ်တစ်ယောက်ထဲ မီးတောက်မီးခဲပူပန်နေတုန်း ကို ဖေသိန်း လည်ရာက ပြန်လို့ ကျွန်မကို မမြင်လို့ ဒေါ်ဒေါ့်ဆီ သွားမေးတော့ ဒေါ်ဒေါ်က အလို မောင်ဖေသိန်း စာပေးခိုင်းလိုက်လို့ မင်းဆီလိုက်သွားတယ်၊ မင်းနဲ့ မတွေ့ဘူးလားလို့ အူရားဖားရားမေးတော့ သူလည်း ငေးပြီး အံ့အား သင့်နေသတဲ့။ ဒေါ်ဒေါ်က တစ်ခါ ဟိုစာလေးပြတော့ ကျွန်တော်မရေးရပါဘူး လို့ ပြောတာနဲ့တစ်ပြိုင်နက် ဒေါ်ဒေါ်က အော်ငိုလိုက်ပါရော၊ အရပ်ကလူတွေ ငိုသံကြားလို့ လာကြည့်တော့ ဒေါ်ဒေါ်က အကြောင်းပြောတော့ တစ်ရပ်လုံး မောင်းသံရော ခရာသံရော ဆူညံသွားတာပဲတဲ့။ ဒီတော့ ဒေါ်ဒေါ် မောင်ဖေသိန်း မင်းအဟုတ်မဟုတ်လို့ ဒီလိုဖြစ်ရတာ မင်းမိုက်လွန်းလို့ တကယ်ဆို မင်း ကောင်းကောင်းမွန်မွန်နေရင် ဒီလိုဖြစ်မှာမဟုတ်။ ယောကျ်ားရယ်လို့ မင်းတစ် ယောက်ထဲရှိတယ်။ မင်းလည်လွန်းလို့ ဒီလိုဖြစ်ရတာနဲ့ အပြစ်တင်တော့ ဘာမှ မပြောဘဲ ခေါင်းငုံ့ပြီး သူ့ကိုယ်သူ မှားတဲ့အကြောင်းသာ တက်ခေါက်စုပ်သပ် ညီးညူနေတာပဲတဲ့။

မနက်လင်းလို့ ၉ နာရီခွဲသာသာလောက်မှာ အောက်ထပ်က 'ပို့ စမင်း' အသံကြားလို့ ဆင်းပြီးတော့ ပေးသွားတဲ့စာ ဖောက်ကြည့်လိုက်တော့ ကျွန်မလက်ရေးနဲ့ ပေးလိုက်တဲ့စာကို မြင်တော့ မခင်ညွန့်ရယ် . . . ဒီတော့ ဘာမှမပြောနဲ့ ဒေါ်ဒေါ်က ဒရေသောပါးနဲ့ ကျွန်မဆွဲတဲ့ စိန်လည်ကပ်ကြိုးကို ရောင်းနေတော့ ကြာမှာစိုးလို့ ကပြာကရာသွားပေါင်ပြီး ငွေ ၂၀၀၀ ကိုဖေသိန်း လက်အပ်ပြီး သွားပေတော့ဆို လွှတ်လိုက်ရော၊ ဒါနဲ့ သူလည်း ခပ်ကြောက် ကြောက်နဲ့ စိတ်ကို အရဲစွန့်ပြီးလာရာ ဘုရားထဲရောက်တော့ လူတစ်ယောက်က

"ဟော့ ဖေသိန်းဆိုတာ မင်း မဟုတ်လား"

လို့ ခပ်ထန်ထန်မေးလိုက်တော့ ကြောက်သွေးတွေ တုန်လာလို့ ဟုတ်ပါတယ်အစ်ကိုရဲ့လို့ ပြောရမယ့်အစား စကားမှားပြီး ဟုတ်ပါတယ် အတိုရဲ့လို့ ယောင်ထွက်သွားသတဲ့။ ဘိန်းစားတဲ့လူများဟာ အလွန်ကြောက်တတ် သတဲ့ မခင်ညွန့်ရဲ့။ ဒီတော့ ဟိုလူက ရယ်ပြီး မင်းကြောက်သလား မေးသတဲ့။ သူက ကြောက်ပါတယ်ခင်ဗျလို့ ဆိုတော့ ဟိုလူက ငွေပါရဲ့လားလို့ မေးတော့ ပါပါတယ်ခင်ဗျာ။ ဒါဖြင့် ပေးဆို၍ ငွေ ၂၀၀၀ ယူပြီး ကိုင်း မင်းသွားတော့ ငါလွှတ်လိုက်မယ်လို့ဆိုတော့ ကျွန်တော် အခုပဲ ခေါ်သွားပါရစေတော့လို့ ပြောတော့ စကားမများနဲ့ကွာ၊ ငါလွှတ်လိုက်မယ်ဆိုတာ မပြီးရသေးဘူးဆိုပြီး ထွက်သွားရောတဲ့။ သူလည်း အိမ်ပြန်သွားရရောတဲ့၊ ကျွန်မလည်း ည ၉ နာရီလောက်မှ အိမ်ပြန်၊ ဘယ်အနားကလာလို့ အိမ်ကို ရောက်တယ်ဆိုတာလည်း မသိဘူး။ အစကတော့ သည်လိုရှင့် ကျွန်မလျှောင်ထားတဲ့ မြေတိုက်ထဲကို အရင်လူဆိုးတွေ ဆင်းလာကြပြီး လက်ကိုင်ပုဝါနဲ့ ကျွန်မမျက်နှာ နှာခေါင်းကို ပိတ်လိုက်တော့ အိပ်ငိုက်တဲ့လူလို သတိမရဘဲ အိပ်ပျော်သွားပြန်တယ်။ မကြာခင် သတိရလို့ ဖွင့်ကြည့်လိုက်တော့၊ စက်ကုန်မောင်းနေတဲ့ မော်တော်ကားပေါ် ရောက်နေမှန်းသိရတယ်။ မော်တော်ကားပေါ်က အဆင်းခိုင်းပြီး ကိုင်း ဟိုရှေ့နားက နင့်အိမ်ပဲ သွားတော့ဆိုပြီး ကျွန်မကို လွှတ်လိုက်တယ်။ ဒါနဲ့ ကျွန်မလည်း လမ်းရှိရာကိုသာ ဒယီးဒယိုင်နဲ့ လျှောက်လာရတာပဲ။ နောက်တစ်အိမ်၌ မီးရောင်အောက်က ကုလားထိုင်ပေါ်မှာ မှိုင်ပြီး ထိုင်နေတဲ့ လူတစ်ယောက်ကို မြင်တော့မှ သတိရပြီး အမယ်လေး ကိုသိန်းရဲ့ လာကြိုဖော်တောင် မရဘူးဆိုပြီး အိမ်ပေါ်ပြေးတက်သွား သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး ငိုလိုက်ကြတာ မောများနေတာပဲရှင့်။ နောက် ကျွန်မမှာ အဖြစ်အပျက်တွေကို ပြန်ပြောရတယ် မခင်ညွန့်ရဲ့။

နောက် ဒီလိုပဲ ၃ ဦးသား ကောင်းကောင်းမွန်မွန် နေထိုင်ပြီး ကိုဖေသိန်းလည်း အရင်က အကျင့်တွေကို နည်းနည်းဖြတ်ပစ်လိုက်တာ လုံးလုံးကြီး မပြတ်တပြတ်မှာ ရန်ကုန်ကောလိပ်ကျောင်း ရောက်သွားပါရော။ ဒီတော့ ကျွန်မကလည်း သူ့အတွက် စိတ်အေးရပြီလို့ စိတ်နှလုံးကြည်ကြည်လင်လင်နဲ့ နေရပါတယ်။ သူ့အတွက်လည်း အချိန်မှန်မှန် ငွေပို့။ အဝတ်အစား မပြတ်တင်။ ကောင်းကောင်းမွန်မွန် သင်ပါစေတော့လို့ သူ့စိတ်ကြိုက် လုပ်တာပါပဲ။ ဒီလိုနေတုန်းမှာပဲ သူနဲ့ အရင်က သောက်ဖော်စားဖက်ဖြစ်တဲ့ မောင်စိန်ဆိုတဲ့ လူက မကြည်ဖြူနှလုံးသားနဲ့ ကုန်းစကား သွားပို့ပါရောရှင့်။ ဘာကြောင့်

http://www.cherrythitsar.org



သူက တိုက်ရသလဲဆိုတော့ ကျွန်မတို့မှာ ထက်အခါကလို သူတောင်းသမျှ မပေးနိုင်ဘူးရှင့်။ အရင်တုန်းကတော့ ကိုဖေသိန်းက တစ်ရာတောင်းရင် သူ့ကို ၁၀ လောက်ပေးရတယ်ရှင့်။ နောက် ကိုဖေသိန်းက ဝါသနာဖျောက်သော်လည်း သူက မဖျောက်ဘဲ ကျွန်မတို့ဆီမှာချည်း ငွေလာလာအလှူခံတော့ တောင်းတိုင်းလည်း မပေးနိုင်ဘူးရှင့်။ မပေးတစ်လှည့် ပေးတစ်လှည့် ဆိုတာလို့တော့ ပေးသမျှကိုတော့ မမြင်၊ မပေးမိတဲ့ အချက်ကို မြင်သွားတာပေါ့။ ဒီတော့ ကိုဖေသိန်းထံမှာသွားပြီး မကောင်းသတင်း၊ အယုတ်အမာနှင့် မဟုတ်တာတွေ ပြောလိုက်တော့ ဒရေဝသောပါး လူကြီးများ မစဉ်းစားနိုင်ဘဲ ဒေါသမီးတွေ ပွားနေပါရော။ တိုက်ပုံကလည်း ဒေါသဖြစ်စရာ၊ ကောလိပ်ကျောင်းမှာ သူ တစ်နေ့လာတော့ စပ်မိစပ်ရာ လျှောက်ပြော၊ အိမ်က ကျွန်မတို့ အကြောင်းရောက်သွား၊ စကားစရလို့ သူက ပြောရတာမတော့ ကိုဖေသိန်း ခင်ဗျား စဉ်းစားကြည့်စမ်းပါ။ ခင်ဗျားနဲ့ နွဲ့နွဲ့တို့ဟာ ဘာမျှ ဆွေမျိုးတော်တာမဟုတ် မိတ်ဆွေမျှသာဖြစ်တယ်၊ သူတို့မှာ အစက ဒီလောက် ပိုက်ဆံရှိတာမဟုတ်ဘူး၊ ခင်ဗျား ပစ္စည်းကြီးပဲ၊ ခင်ဗျားငယ်လို့ မမှတ်မိတာ၊ ဒါကြောင့်မို့ ဆွေမတော်မျိုးမတော်နဲ့ ခင်ဗျား ဆိုးချင်သလောက် ဆိုးတာကို သည်းညည်းခံတာပေါ့၊ သူတို့အကျိုးရှိလို့ ခင်ဗျားကို ဒါလောက် ပြုစုတာပေါ့၊ ယခုလည်း နွဲ့နွဲ့ဟာ ခင်ဗျားရန်သူအစစ်ဖြစ်နေပါပကော၊ ပဲခူးဈေးနားက စာရေးကြီးဦးဘလှိုင်သား ၁၀ တန်းသမား ဘရွှေနဲ့ တိတ်တဆိတ် ချစ်ကြိုက်နေကြကြောင်း ကျွန်တော် အကုန်သိတယ်၊ ကြိုက်တာတင်မကသေးဘူးဗျ၊ ခင်ဗျားပါ အတူပိုင်တဲ့ အမွေဆိုင်ပစ္စည်းတွေကို သူက လက်ဝါးကြီးအုပ်ချင်လို့ ဘရွှေနဲ့ ၂ ယောက် တိုင်ပင်ပြီး ခင်ဗျားကို လုပ်ကြံလိမ့်မယ်၊ သတိသာထားပါတော့။ ဘရွှေက ကျွန်တော့်ကို အပေးခိုင်းလို့ ရေမွှေးတစ်ပုလင်းနဲ့ စာတစ်စောင် အပို့ခိုင်းလို့ ကျွန်တော် သွားပို့ရတယ်။ အဲဒီစာတောင်ပဲ ကျွန်တော်ကူးယူထားသေးတယ်ဆိုပြီး သူဟာသူ ညဏ်ဆင်ပြီး ရေးတဲ့စာရှင့်၊ နောက် ကိုဖေသိန်းက ပြလို့ ကျွန်မဖတ်ရပါတယ်၊ ခုထက်ထိ မှတ်မိပါသေးရဲ့၊ စာမှာပါတဲ့ စကားက

*"နွဲ့နွဲ့ ခင်သုံးဖို့ ရေမွှေးတစ်ပုလင်း ပေးလိုက်ပါသည်၊ ဖေသိန်း လာသောအခါ အရင်မင်းပြောတဲ့အတိုင်း ပေါ်ညီပါမည်၊ ခင်းကသော ငယ်ချစ်လေး အနမ်းတစ်ရာလေး ပေါ်မနေပါနဲ့"*

အဲဒီအခါတုန်းကလည်း မခင်ညွှန့်ရယ်၊ သူ ရန်ကုန်က ပြန်လာခဲ့ပါသတဲ့။ ကိုဖေသိန်းနဲ့ တွေ့ခဲ့လို့ နွဲ့နွဲ့ကို ပေးလိုက်တယ်ဆိုပြီး အဲဒီရေမွှေး

http://www.cherrythitsar.org



ပုလင်းကလေး ပေးသွားတာရှင့်၊ သူကလည်း ကျွန်မ ကြိတ်ပိုးနေတာ၊ သူ့ဘက် လုံးလုံးမပါမှန်းသိတော့ မစားရတဲ့အမဲမို့ သဲနဲ့ ပက်သွားတာပဲရှင့်၊ ဒါနဲ့ သူပြောတာ အဟုတ်ထင်ပြီးသွားတော့ ဒေါသတကြီး ရှူးရှူးရှဲရှဲ ပြန်လာတာကို အိမ်ကိုလည်း လာမယ့်အကြောင်း ခါတိုင်းလို စာမရေးဘူးရှင့်၊ ကျွန်မကလည်း အဲဒီနေ့တုန်းက အခန့်သင့်ပဲ၊ အဲဒီ ရေမွှေးပုလင်းကလေး ယူပြီး လက်ကိုင်ပုဝါတစ်ထည်မှာ ဆွတ်နမ်းနေရင်း အထက်က ရဖူးတဲ့ ရေမွှေးတေးထပ်ကလေး သံနေသံထားနှင့် ဆိုနေတာကိုးရှင့်၊ ဆိုလို့အဆုံးမှာ ဖြုန်းခနဲ လှေကားက အသံကြားလို့ လှည့်ကြည့်လိုက်တော့ မျက်နှာထားဆိုးကြီးနဲ့ ရပ်ပြီးနေတဲ့ ကိုဖေသိန်းကို မြင်တော့ အံ့အားသင့်ပြီး အို ကိုဖေသိန်းပါကလား၊ လာမယ်ဆိုတာ စာလည်းမရေးဘူးဆိုပြီး ရယ်မောကာ နှုတ်ဆက်သော်လည်း ရတ်တရက် စကားမပြန်ဘဲ မျက်နှာကြီး ခပ်ထန်ထန်ထားပြီး ဖြုန်းခနဲ ပက်လက်ကုလားထိုင်ပေါ်မှာ လှဲပြီး အိပ်လိုက်တယ်၊ နွဲ့နွဲ့ နှုတ်ဆက်သံကို အခန်းတွင်းက ဒေါ်ဒေါ်ကြားလို့ ထွက်ကြည့်တော့လည်း မရယ်မပြုံး၊ စကားတစ် လုံးမှမပြောဘဲ သုန်သုန်မှုန်မှုန်လုပ်နေတော့ ကျွန်မတို့မှာလည်း အံ့ဩတဲ့ မျက်နှာနဲ့ ဒီလိုမဖြစ်ဘူးလို့ အထူးစဉ်းစားနေတဲ့အတွင်း နွဲ့နွဲ့လာခဲ့စမ်းဆိုလို့ ကျွန်မအနားသွားပြီးထိုင်တော့ မင်းကောင်းကောင်းနေပါ၊ မင်းသတင်းကြား ရတာမကောင်းဘူး၊ ခုနတုန်းက ဆိုတဲ့သီချင်းနဲ့ ရေမွှေးအကြောင်းကို မပြော ဘဲသိပြီးသားကွ၊ ငါ့ကို မသိစေဘဲ ခုမှတွေ့တဲ့ ငနဲနဲ့ ကြိုက်နေတယ်ဆိုတာသိတယ်ကွ ဆိုပြီးတော့ ကျွန်မကို အနားမှာရှိတဲ့ ကြိမ်လုံးနဲ့ သုံးချက်လေးချက်ရိုက်တော့ ဒေါ်ဒေါ်က ဝင်ပြီး မောင်ဖေသိန်း ဘယ့်နှယ်ကြောင့် ဒါလောက်ရမ်းရသလဲ၊ နွဲ့နွဲ့မှာ ဘာအပြစ်ရှိလို့ ရိုက်တာလည်းဆိုပြီး ကြိမ်ကို လုယူတော့ အဒေါ်ကြီး ဝင်မရှုပ်နဲ့၊ ခင်ဗျားလည်း တစ်ဉာဏ်ထဲသမားပဲဆိုပြီး ကုလားထိုင်ပေါ်မှာ ပြန်ပြီး ထိုင်ပါရော၊ ကျွန်မကလည်း ကိုဖေသိန်း ကျွန်မမှာ ဘာအပြစ်ရှိလို့ ရိုက်ရသလဲ၊ ရှင့်ပုံကို မြင်ရုံနဲ့ပဲ ရိပ်မိပါရဲ့။ ကျွန်မအပြစ်ရှိရင် သတ်ပစ်တာတောင် ခံဝံ့ပါတယ်။ ခုလို အပြစ်မရှိဘဲနဲ့ ဒီလိုလုပ်တာ မကောင်းပါဘူး၊ ရှင့်ကို တိုက်တဲ့သူ နာမည်ပြောရင် ကျေနပ်ပါပြီဆိုတော့ ကိုဖေသိန်းကဟေ့ တခြားသူက ပြောတာမဟုတ်ဘူး၊ မောင်စိန်ပြောတာ၊ သူကိုယ်တိုင်တောင် စာရေးဦးဘလှိုင်သား ဘရွှေဆီက စာနဲ့ ရေမွှေးအပေးခိုင်းလို့ သွားပေးရသတဲ့၊ ဟိုအနားက ရေမွှေးပုလင်းဟာ မောင်စိန်လာပို့တာ မဟုတ်လား၊ စာတောင် ငါ့ဆီမှာ ရှိသေးတယ်ဆိုပြီး အရင်က လိမ်ပြီး တိုက်တဲ့စာကို ထုတ်

http://www.cherrythitsar.org



ပြတော့ ကျွန်မမှာ အသားဆတ်ဆတ်များတုန်ကာ အမယ်လေး မဟုတ်ရပါ ကလား၊ လွန်ခဲ့တဲ့ ၇ ရက်လောက်က ငစိန်ဟာ အိမ်ကိုလာပြီး သူ ရန်ကုန်က ပြန်လာလို့ ရှင်နဲ့တွေ့ခဲ့တော့ ရှင်က ကျွန်မဖို့လို့ ပေးလိုက်တာဆိုပါကလား။ ဘရွေဆိုတာ ကျွန်မ ကြားလည်း မကြားဖူးပါဘူး၊ မြင်လည်း မမြင်ဖူးပါဘူး ဆိုပြီး သူက ကျွန်မအပေါ် မုန်းတဲ့အချက် ဖော်ပြတော့ အသာငေးနေသေး တယ်၊ ဒီလိုပြောနေကြတုန်း မောင်စိန်ရောက်လာရော ဒီတော့ အားလုံးကုန် ကျွန်မက ဆုံရှင်းလိုက်တော့ မောင်စိန်က ဘာမျှ ပြန်မပြောဘဲ ငုံ့ပြီး ကျွန်တော် လည်း နွဲ့နွဲ့ဆီက ငွေတောင်းလို့မရတာနဲ့ စိတ်ဆိုးပြီး စိတ်ဆိုးရင်လည်း ခံရ တော့မှာပဲနဲ့ ပြောရင်းဆိုရင်း ဆင်းသွားရော၊ ဒီတော့မှ မှားမုန်းသိလို့ နောင်တ ရပြီး ဒီအကောင်ပြောတာ မဆင်မခြင်ယုံမိတဲ့အတွက် ငါးပါးမှောက်အောင် မှားပါပေါ့ဆိုပြီး ဒေါ်ဒေါ်ကို ရှိခိုးဦးတင် ကန်တော့ဝန်ချ၊ ကျွန်မကိုလည်း များစွာတောင်းပန်ရှာတယ်၊ ဒေါ်ဒေါ်ကလည်း မတော်တဆဖြစ်ရတာ စိတ်မရှိ ပါဘူးလို့ပြော ကျွန်မလကည်း ကိုဖေသိန်းမှားတဲ့အလုပ်ကို စိတ်မရှိပါဘူး လို့ ပြောပေမယ့် ကိုဖေသိန်းမှာ မျက်ရည်တွေ တွေတွေဆင်းလျက် ငွေနှင်း ကျသကဲ့သို့ မြင်သူတိုင်း သနားစဖွယ် အားငယ်တဲ့သဘောနဲ့ ဆက်လက်၍ ပြောပြန်သည်မှာ ကျွန်တော့်ဖြင့် ငယ်စဉ်ကစပြီး အားထားရတဲ့ ကျေးဇူးရှင် မိခင်တို့ကို ယခုလို ပြစ်မှားမိသမျှ တစ်သက်လုံး နောင်တရလို့ မဆုံးနိုင်ပါ ဘူးဆိုပြီး ဒေါ်ဒေါ်ကို အကြိမ်ကြိမ်ဝန်ချပြီး ရှိခိုးတောင်းပန်၊ ကျွန်မလည်း ဝန်ချနေတော့ ကျွန်မက ကိုဖေသိန်းရယ် ကျေနပ်ပါတယ်လို့ ပြောပါရဲ့။ ကျွန်မ မိုက်ရင် ရှင်ဆုံးမရမှာပေါ့၊ ခုလည်း တကယ်ထင်လို့ ဆုံးမသင့်လို့ ဆုံးမတာ ပဲ စိတ်မရှိပါဘူး၊ ကိုဖေသိန်းအပေါ်မှာ အမှတ်မထားပါဘူးလို့ အခါခါပြော ပါရဲ့။ ဒါကိုပဲ သူ့စိတ်ထဲမှာ ကျွန်မတို့မျက်နှာကို မကြည့်ဝံ့လောက်အောင် အားနာလို့ထင်ပါရဲ့။ မနက်လင်းလို့ နေအတော်မြင့်တော့ ကိုဖေသိန်း အိပ်ရာ က မနိုးသေးဘူးလို့ ထင်ပြီး အမှတ်တမဲ့နေ။ ဒါလို့နေလို့ ၉ နာရီခွဲလောက် တောင် မနိုးသေးဘဲဆိုလို့ သူ့အိပ်ခန်းထဲ သွားကြည့်တော့ . . .”

ရင်ထဲမှာ ဆို့လာသဖြင့် လက်နှင့်ဖိကာ ဆက်လက်၍ ပြောပြန်သည် မှာ . . .

“မရှိတော့ဘူး မခင်ညွန့်ရဲ့၊ အဲဒီကတည်းက ကွဲသွားလိုက်တာ၊ ခု ထက်သာတိုင်ပါရော မိတ်ဆွေအသိအကျွမ်းများနဲ့ သူသွားတတ်တဲ့နေရာကို သံကြိုးရိုက်၊ ကျောင်းများ ပြန်သွားသလားလို့ ဒေါ်ဒေါ်ကိုယ်တိုင် သွားရှာ

http://www.cherrythitsar.org



တော့လည်း မတွေ့ဘူး၊ ဒီလိုနဲ့ပဲ သူသွားလာတတ်တဲ့နေရာများကို လိုက်လံစုံစမ်းပြီး နေရတာလည်း နှစ်ပေါင်းအတော်ကြာတော့ ဒေါ်ဒေါ်မှာလည်း အနိစ္စတရား မမြဲတတ်တဲ့ သဘောမို့ သေမင်းလက်တွင်းသို့ သက်ဆင်းသွားရှာရော။ ဒီတော့ ကျွန်မမှာ 'မပဋ္ဌာ' ရှူးသလို ကျနေတာပဲ။ ပစ္စည်းဥစ္စာ လက်ရှိကျန်ရစ်တာ ပေါင်းလိုက်မှ ၃ သောင်းလောက်ကျန်တယ်။ ကိုဖေသိန်းတို့နဲ့ အတူနေကြတဲ့ အိမ်ရယ်၊ ခြံရယ်ရောင်း၊ သူတို့တွေကို သတိရလွန်းလို့ ဒုက္ခမှ အေးပါစေတော့လို့ ဒီစစ်ကိုင်းချောင်ပြေးပြီး အလှူအတန်းနှင့် ဆွမ်းကွမ်းစရိတ်ကျောင်းဆောက်၊ ဂူထွင်းနှင့် အလှူအတန်း လုပ်နေတာပဲ။ ဒေါ်ဒေါ်ဆုံးတာနဲ့ အမျှပဲ ကိုဖေသိန်းနဲ့ ကွဲခဲ့တာလည်း ၅ နှစ် ၆ နှစ်လောက်ဖြင့် ရှိပေါ့။ သေတယ်ရှင်တယ် မသိဘဲ ခုလောက်ကြာ ကွဲနေတာ ဝဋ်လို့ပဲ ထင်တာပါပဲ။ အဝေးကသာ နေ့စဉ် မေတ္တာပို့ရတော့တာပဲ။ သူ့မျက်နှာကလေးမြင်မှဖြင့် အင်မတန် လွမ်းစိတ်တွေ ပေါ်ပြီး အော်သာငိုလိုက်ချင်တာက တစ်မျိုး၊ ကျွန်မပုံပန်းများလည်း မခင်ညွန့်မြင်တဲ့အတိုင်း အသားအရေများတောင် ခြောက်ခမ်းပြီး မသေခင် ခံရတဲ့ ဒီစိတ္တဇဟာကြောင့် တဆိတ်မှ မအေးရဘူး။ လူမှာလည်း အရိုးပေါ် အရေမေးပြီး မသေသေးသမျှ ဝဋ်ခံရတော့မှာ ထင်ပါရဲ့။ တစ်ခါတလေများ ပြန်လှန်တွေးလိုက်မယ်ဆိုရင် ရင်တွင်းက မအေး။ အပူခဲက တစ်ဆူထဲဆူနေလို့ လူမမြင်တဲ့တောင်တန်းမှာ ယောင်ရမ်းလို့ ခေါ်ပြီး ဆွေးရတာက်ကြွယ်။ အေးကွက်ဖြင့် မလယ်ဘူး၊ ထွေးသက်လှယ် ရတနာသဇင်ဖူးကြောင့် မကြခင် ရှူးရတော့မှာထင်ပါရဲ့"

"တွေ့ဆုံဖို့ အကြောင်းပါရင်လည်း မသေမပျောက်ဘဲ ကောင်းမွန်စွာ တွေ့ရပါလိမ့်မယ် နွဲ့နွဲ့ရယ်"

ဟု ပြောသောအခါ နွဲ့နွဲ့က –

"ဒီဘဝမှာဖြင့် တွေ့ရလိမ့်မယ် မထင်ပါဘူး ညွန့်ညွန့်ရဲ့"

ဟု ပြောနေစဉ် ဦးပဥ္စင်းတစ်ပါးသည် ဘုရားရင်ပြင်တော်မှာ တံမြက်စီးလှဲရန် လာတာမြင်လျှင် ယခင် နွဲ့နွဲ့က

"အလို မခင်ညွန့် ကြည့်စမ်းပါ၊ ကြည်ညိုစရာကောင်းလိုက်တာ ကိုယ်တော်ကလေးက ငယ်ငယ်ပါပဲ။ ကာလဘုန်းကြီးများလို ရွှေမျက်မှန်မတပ်၊ နာရီလည်း မပတ်ရှာဘူး။ သင်္ကန်းမှာလည်း ပေရေညစ်ညမ်း၊ အလွန်နွမ်းတဲ့ ဖျင်ကြမ်းကြီးရုံပြီး တရားအားထုတ်ပုံ အတော်ရတယ်ရှင့်။ မျက်နှာတ္တန္တြေ တော်ကလည်း ကောင်းလိုက်တာ၊ ကျွန်မတို့မှာလည်း ဖယောင်းတိုင်များ

မုန့်များ လှူရအောင် သူတော်ကောင်းဆိုတာ ဘယ်အခါမှာပဲ တွေ့တွေ့ လှူဒါန်းစရာပါရင် လှူတာ မြတ်ပါတယ်"

ဆို၍ ၂ ယောက်သားတို့မှာ ပါလာတဲ့ လက်ဆွဲခြင်းကလေးထဲက ဖယောင်းတိုင် ၅ ထုပ်၊ မီးခြစ် ၂ ထုပ်နှင့် တခြားမုန့်များပါ ကပ်လှူကြလေ၏။

ထိုအခါ နွဲ့နွဲ့က

"အရှင်ဘုရား ဘယ်ချောင်မှာ သီတင်းသုံးပါသလဲ ဘုရား"

"ဦးဇင်းနေတာကတော့ နာမည်ရတဲ့ ချောင်တွေမှာ မနေပါဘူး။ လူသူအရောက်အပေါက်နည်းပါးတဲ့ ဟောဒီ ပတ္တမြား စေတီတောင်စောင်းမှာ ချောင်ကောင်းတဲ့ နေရာတစ်ခုမှာ သရက်မြို့က ရဟန်းဒါယကာ ဦးကြာတို့ လှူဒါန်းတဲ့ နှစ်ခန်းကျောင်းကလေးနဲ့ တရားအားထုတ်နေတာပါပဲ။ ဒကာမ ကလေးများတော့ ဘယ်အရပ်ကလဲ ဘုရားဖူးလာကြသလား"

"မှန်ပါတယ် ဘုရား၊ တပည့်တော်မကတော့ မန္တလေးကပါ ဟို ဒကာမကလေးကတော့ အောက်ပဲခူးကပါ"

"တပည့်တော်မက ပဲခူးက ဆိုပေမယ့်လို့ ပဲခူးမှာ မနေပါဘူး၊ ဒီစစ်ကိုင်းချောင်ကိုလာပြီး ဥပုသ်ရက်ရှည်စောင့်ပြီး အလှူအတန်းကလေးများ တတ်အားသမျှ ပြုလုပ်နေပါတယ်။ အရှင်ဘုရားအတွက်လည်း ပစ္စည်းလေးပါး ဒါယကာမ ခံပါရစေ။ အလိုရှိရာ အလှူခံကြွတော်မူပါ၊ မောက္ခသီဝံချောင်မှာ ဥပုသ်ဆောက်တည်လျက် ရှိပါသည်။ အမည်မှာ နွဲ့နွဲ့ပါတဲ့ ဘုရား"

ထိုအခါ ဦးပဥ္စင်းက မျက်လုံးနှင့်လှန်၍ ကြည့်မိရာ

"အရှင်ဘုရားကတော့ ဘယ်မြို့ကလာပြီး သီတင်းသုံးနေတော်မူပါသလဲ ဘုရား"

"ဦးပဥ္စင်းကတော့ အောက်နယ်ဇာတိပါပဲ"

"ဝါတော် ဘယ်လောက်ရပါသလဲ ဘုရား"

"ဘုန်းကြီးလုပ်တာ တယ်ပြီး မကြာသေးဘူး၊ ၆ နှစ်လောက်ရှိသေးရဲ့"

"မိဘများကကော ဘုရား"

"ဦးပဥ္စင်းငယ်စဉ်ကပဲ ဆုံးကြတယ်"

"ဆွေမျိုးညာတိများကော ရှိသေးရဲ့လားဘုရား"

"မရှိပါဘူး တကာမကလေး၊ ဦးပဥ္စင်းတောင်ပဲ ရင်းနှီးတဲ့ မိတ်ဆွေများလက်ထဲက ကြီးပြင်းလာရတယ်။ ဦးပဥ္စင်းငယ်ငယ်တုန်းက အလွန်ဆိုး

http://www.cherrythitsar.org



တာ တေတာကလား။ ဒါနဲ့ . . . ကိုယ့်ကိုယ်ကို ဆုံးမပြီး တရားအားထုတ်နေတယ်”

ထိုအခါ နွဲ့နွဲ့သည် ဦးပဥ္စင်းကလေးမျက်နှာကို စေ့စေ့ကြည့်လျက်

“ကိုယ်တော်ဘွဲ့တော့ ဘယ်လိုခေါ်ပါသလဲ ဘုရား”

“ဘွဲ့ကတော့ ဦးပညာတဲ့”

“လူအမည်ကကောဘုရား”

“လူအမည်ကတော့ မောင်ဖေသိန်း”

ဤကဲ့သို့ ပြောလိုက်သည်နှင့် တစ်ပြိုင်နက်၊ နွဲ့နွဲ့သည်

“အမယ်လေး ကိုဖေသိန်းရဲ့ ခုမှပဲ တွေ့ရတော့ပါကလား”

ဆိုပြီး ခြေကိုဖက်၍ ငိုလေ၏။

ဦးပဥ္စင်းမှာလည်း အံ့အားသင့်နေပြီး မျက်လုံးတွင်းမှ ဒီးကင်းမှျသော မျက်ရည်ပေါက်တို့သည် ကျောက်စက်ရေကျသကဲ့သို့ တစ်စက်တစ်စက်ကျနေရာ ခြေကိုဖက်၍ ငိုလျက်ရှိနေသော နွဲ့နွဲ့၏ ကျောပြင်မှာ ရေစင်နှင့် ပက်ဖြန်းထားသကဲ့သို့ ရွှဲရွှဲစိုလျက် ရှိလေ၏။ နောက်အတော်ကြာငိုနေပြီးမှ တစ်ယောက်တစ်ယောက် ဖြစ်ပျက်ခဲ့တဲ့ အကြောင်းကို ပြန်ပြောလျက် နွဲ့နွဲ့သည် အရှင်ဘုရား ဒီတစ်ခါဖြင့် ဘယ်မှ မသွားရဘူးဘုရား။ အရှင်ဘုရားအတွက် တပည့်တော်မမှာ ဘယ်လောက်ဒုက္ခရောက်တယ်ဆိုတာ ဟောဒီက မခင်ညွန့် သိပါတယ်ဘုရား၊ အရှင်ဘုရားက ရက်ရက်စက်စက်ပစ်ပြီး ထွက်သွားပေမယ့် တပည့်တော်မက မစိမ်းပါဘူးဘုရား၊ ဒီတစ်ခါဖြင့် မလွှတ်နိုင်ဘူး ဘုရားနော်။ ချွတ်လိုက်ပါ ဒီသင်္ကန်းတွေကို ဟု ပြော၍ သင်္ကန်းကို အတင်းချွတ်မည်ကဲ့သို့ ပြုလေ၏။

“အို နွဲ့နွဲ့ သတိထားပါ၊ သင်္ကန်းကို မကိုင်ပါနဲ့။ မာတုကာမလက်နဲ့ သင်္ကန်းမထိအပ်ပါဘူး။ ငရဲကြီးပါလိမ့်မယ်”

“အို ကြီးချင်းကြီးပါစေတော့၊ ကျွန်မဖြင့် မလွှတ်ဘူးရှင့်”

နောက် များမကြာမီ ပဲခူးမြို့တွင် မောင်ဖေသိန်းနှင့် နွဲ့နွဲ့တို့သည် မြန်မာတို့ ထုံးစံအလျောက် ခမ်းနားတင့်တယ်စွာ ထိမ်းမြားလက်ထပ်ပြီးလျှင် အတူတကွ ပေါင်းသင်းနေထိုင်ကြလေသတည်း။

http://www.cherrythitsar.org

